www.burmeseclassic.com

# ကလျာ (ဝိဇ္ဇာ/သိပ္ပံ)

# ကျွန်မဘဝ၏အလင်းရောင်



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

ထိုနေ့က ညနေမှစပြီး ညဆယ်နာရီထိတိုင်အောင် မိုးသည် ခပ်စိပ်စိပ်နှင့် သိပ်သိပ်သည်းသည်း ရွာနေသည်။ မိုးလယ်ကာလ ဖြစ်သော်လည်း ခါတိုင်းလို တစ်မိုးလုံးပြိုကျမတတ် သည်းထန်စွာ ရွာသွန်းခြင်းမျိုး မဟုတ်ပါ။

သို့သော်လည်း ညနေကတည်းက ယခုအချိန်အထိ ဆက်တိုက် ရွာသွန်းနေသဖြင့် ဆိုင်မှာ လူပါးနေသည်... ဆိုင်ရှင် ဦးကျင်ဝင်းပင် မျက်နှာမကောင်းလှ...။

"စိတ်ဖြေရာ" စားသောက်ဆိုင်ဖွင့်စက စားပွဲပြည့်အောင် လူတွေ စည်ကားလှသော်လည်း ယခုနောက်ပိုင်းမှာ ဆိုင်တွေကလည်း များလာ၊ စီးပွားရေးတွေလည်း ကျဆင်းစပြုလာသဖြင့် ဆိုင်မှာ တနေ့တခြား လူပါးခဲ့ပြီ...။

"ခု ဆက်လက်ပြီးတော့ တေးသံရှင် "မဒီနွယ်"...က သူ့ရဲ့ ကိုယ်ပိုင်တေးဖြစ်တဲ့ "စိတ်ဖြေရာ"သီချင်းနဲ့ ဖျော်ဖြေပါဦးမယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဂျက်စမင်ဟု အမည်ယူထားသော မသန်းအေးက ကြေညာလိုက်သဖြင့် ကျွန်မ ထိုင်နေရာမှထပြီး စင်မြင့်ပေါ်သို့တက်ခဲ့ရသည်။

မဒီနွယ်ဆိုသော ကျွန်မသည် ဂျက်စမင်လောက်၊ ပပစန္ဒီလောက် ဆွဲငင်ညှို့ယူအားကောင်းသော မိန်းကလေးမျိုး မဟုတ်ပါ…၊ ဆိုင်၌ ထားရှိသော ထောင်ကျော်တန် သရုပ္ပမပြောနဲ့ သုံးလေးရာတန် ပန်းကုံးများကိုပင် နေ့စဉ် မရတတ်သော စားသောက်ဆိုင်မှ ခပ်ညံ့ညံ့အဆိုတော်တစ်ယောက် ဖြစ်ပါသည်…။

သို့သော်…

ဤဆိုင်မှာ ဦးကျင်ဝင်း ဆက်လက် လက်ခံထားသောအကြောင်းအရာမှာ…မဒီနွယ်၏ သာယာနာပျော်ဖွယ်ကောင်းလှသော"အသံ"ကြောင့် ဖြစ်လေသည်…။

ဤစိတ်ဖြေရာ တေးသီချင်းကို ကျွန်မကိုယ်တိုင် ရေးစပ်သီကုံးခဲ့သည်လေ…

စောစောဆီက အနောက်တိုင်း တေးဂီတကို မြန်မာစကားလုံးများ သွင်း၍ ဆူဆူညံညံ တက်တက်ကြွကြွနှင့် သွေးဆူလာအောင် အော်ဟစ်သီဆိုခဲ့ကြသော တေးသံရှင်များအပြီးမှာ… ခပ်ညက်ညက် ခပ်ပြေပြေလေး တီးခတ်လိုက်သော အော်ဂင်နှင့်အတူ ကျွန်မ မဒီနွယ်၏ "စိတ်ဖြေရာ"တေးသံသာက ငြိမ့်ညောင်း ညက်ညော ညင်သာစွာ စီးမြော ပျံ့လွင့်သွားသည်။

အရက်ခွက်ကိုင်ထားသူများ၊ စကားပြောနေဆဲ ယောကျ်ားများ အသည်းတုံးလေးကို တူနှစ်ချောင်းဖြင့် ညှပ်၍ ပါးစပ်နားတွေ့ထားဆဲ လူဝဝကြီး အပါအဝင် စားပွဲမှာ ရှိနေသမျှသူများ



အားလုံး ခေတ္တမျှ ငြိမ်ကျသွားပြီး မဒီနွယ် ရှိနေရာ စင်မြင့်ပေါ်သို့ တညီတညွတ်တည်း လှည့်ကြည့်ဖြစ်ကြသည်။

သို့ပါသော်လည်း…

လူကြီးလူကောင်းများ၏ အလယ်မှာ ဣန္ဒြေရှိစွာ သီဆိုနေသော အဆိုတော် အစ်မကြီးများ၏ ကျက်သရေမျိုးကို ဆောင်ထားသော မဒီနွယ်၏ ငြိမ်သက်မှုကို သူတို့ ကြာရှည်စွာ ခံစား၍မရကြ…

သီချင်းတစ်ဝက်လောက် အရောက်မှာပင် ကိုယ့်အရက်ကိုယ် ဆက်သောက်ကြ၊ ကိုယ့်အစားကိုယ် ဆက်စားကြ ကိုယ့်စကားကိုယ် ဆက်ပြောကြနှင့် ဖြစ်ကုန်တော့သည်…

စားသောက်ဆိုင်လာ ပရိသတ်ဆိုသည်က အနုပညာခံစားချင်သူ မပါသလောက် ရှားသည်…

မြူးကြွဟစ်အော်သော သံစဉ်အတိုင်း လှုပ်ရှားနှစ်ပေါက်မှုကို ကြည့်ရှုနားဆင်ကာ သူတို့ပါ တက်ကြွလှုပ်ရှား သွေးဆူလာသည်ကို ပို၍ နှစ်သက်တတ်ကြသည်…သို့သော်လည်း မဒီနွယ်၏ တေးသံကဖြင့် မိုးစက်ကြွေသံများနှင့်အတူ လိုက်လှဲလှိုင်းခတ်နေဆဲပင်။

"စိတ်ဖြေရာ"

သောဓကအမောတွေ×× ဒေါသအမောတွေ×× ဘဝအမောတွေ ပြေပျောက်ကြပါစေ…

ဤကမ္ဘာမြေသည်…

www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံပန်းများ × တစ်ရာ ×နှစ်ရာ × ကုဋေကုဋာမက××
ပွင့်ကြလေသည် × × ×

ဤမြေမှ × ×

သီးနှံများစွာ × × စားစရာ ×သုံးစရာ × ပဒေသာရှိနေ ××

လူသားတို့ × သောက်ရန် × သုံးရန် × စိမ့်ရေ ×စမ်းရေ
ထာဝရ × စီးဆင်းနေ × ×

ဤမျှ × လှပ ×ပြည့်စုံသော × ကမ္ဘာမြေပေါ်မှာ အေး
ငြိမ်းချမ်းသာ ×× နေကြစေ × × နေနိုင်ကြစေ × ×

လောကအလှကို ခံစားစေ ×

သောကဟူသမျှ ပြေပျောက်စေ × ×

လူသားတို့၏ ×နှလုံးအိမ်မှာ×× မေတ္တာတရားနှင့် × စိတ်
ထားဖြူစင် × အေးမြကြည်လင် × ပျော်ရွှင်ကြပါစေ × × ×
(လူကြီးမင်းများအားလုံး ပျော်ရွှင်ချမ်းမြေ့ကြပါစေရှင်)

တေးသီချင်းအဆုံးမှာ နှုတ်ဆက်စကားကို ဆိုရင်း...ဦး
ညွှတ်အလေးပြုပြီး စင်မြင့်ပေါ်မှ ဆင်းသက်ခဲ့ရသည်။

မဒီနွယ်၏ အလှည့်အပြီးတွင် ညဆယ်နာရီကျော်သွားပြီ...

ဇာလေးဝိုင်းသာ ရှိသည့်အနက်က သုံးဝိုင်းမှ ဧည့်သည်များ
ပြန်ရန် ပြင်ဆင်နေကြပြီ...

မဒီနွယ်တို့လို အဆိုတော်များ ထိုင်ရသည့် နေရာနှင့် နီး
သော ထိပ်ဆုံးဝိုင်းမှ ယောကျ်ားသားကြီးလေးယောက်က...စား
မဆုံး အရက်သောက်၍ ကောင်းကြတုန်း...

သူတို့၏စကားများအရ မော်လမြိုင်ဘက်မှ ကားနှင့် ရောက်



လာသော သူတစ်ယောက်ကို ရန်ကုန်မှ အိမ်ရှင်က ဧည့်ခံနေခြင်း
ဖြစ်လေသည်။

"မပြန်လို့ မဖြစ်ဘူးဗျ...ကျွန်တော့တပည့်က ကောကရိတ်
က စောင့်နေမှာ မြဝတီကတဆင့် မဲဆောက်အထိ သွားမှာ..."

"ဒီတချီတော့ အပွဲပဲလား..."

"မပွနိုင်ပါဘူးဗျာ စီးပွားရေးတွေက ဟိုမှာလဲ မကောင်းကြ
ဘူး။ အိမ်က မသွားနဲ့တော့လို့ ပြောတာ ကျွန်တော်က ကိစ္စလေး
တွေ မပြတ်တာရှိလို့ သွားမှာ"

"ကြာမှာလား"

"အခြေအနေအရပဲ"

"ကျွန်တော်တို့နဲ့ ဘယ်တော့ ကွန်တက်(က်)လုပ်မလဲ"

"မလုပ်ဘူးဗျာ ပြန်လာမှပဲ တွေ့တော့မယ်။ အိမ်ကိုတောင်
လုံးဝ အသိမပေးဘူး။ ယောက်ဖပါလာလို့ ရန်ကုန် မောင်းချ
ခဲ့ရတာ အရင်တခေါက်က အတော်လေး ရှုံးသွားတယ်။ အမျိုး
တွေဆီကတောင် ငွေတွေ ချေးခဲ့ရတယ်၊ ဒီတခေါက်ပြီးမှ ပြန်
ဆပ်ရမှာ"

အသံက ခပ်ဝဲဝဲ...

သူတို့ဝိုင်းနားသို့ ဂျက်စမင်နှင့် နှင်းဆီဖူးတို့ ကပ်သွား
ကြသည်။

"ဒီနေ့ မိုးတအားရွာလို့ ကားပျက်သွားပြီတဲ့... အဲဒါ
အစ်ကိုကြီးတို့ လိုက်ပို့ပေးပါလားဟင်"

"တို့နဲ့လိုက်ရင် ငရဲပြည်ခေါ်သွားမှာ မကြောက်ဘူးလား"

www.burmeseclassic.com



"မကြောက်ပါဘူး တာဝတိံသာ နတ်ဘုံနတ်နန်းကိုပဲ ပို့ပေးမှာလို့ ယုံကြည်ပြီးသား..."

ရယ်မော်သံများက ဝက်ဝက်ကွဲမျှ။

ကျွန်မ၏ ဘေးမှ ဟန်နီချစ်က နားနားကပ်ပြီး...

"ကားပျက်တယ်ဆိုတာ တကယ်မဟုတ်ဘူး သိလား...မဒီနွယ် မိုးတွေရွာတော့ ဦးကျင်ဝင်းက သူ့ကားစုတ်ကြီး ပျက်မှာစိုးလို့..."

"ချစ်က ဘာနဲ့ ပြန်မှာလဲ"

"ကိုကို လာခေါ်မယ်လေ"

"သြော်...ဟုတ်သားပဲ"

ဟန်နီချစ်၏ ချစ်သူက...တက္ကစီမောင်းသည်၊ သူက ညဆယ်နာရီခန့်မှာ ကားသိမ်းပြီး သူ့ချစ်သူကို လာခေါ်ကာ အတူပြန်ကြသည်။

ကားကို တောင်ဥက္ကလာပမှ ကားအုံနာ(ပိုင်ရှင်) အိမ်ဝိုဒေါင်ထဲထည့်ကာ သူတို့နှစ်ယောက်က နှစ်လမ်းကျော်မှ အိမ်ကို အတူပြန်ကြသည်...ဟန်နီချစ်ကို ပို့ပေးပြီးမှ ကိုဟန်သိန်းက နောက်ဘက်လမ်းမှ သူ့အိမ်သို့ ပြန်သည်။

ကိုဟန်သိန်းနှင့် ဟန်နီချစ်ဟု အမည်ယူထားသော မြင့်မြင့်စိန်တို့ နှစ်ဦးကို နှစ်ဘက်မိဘများကလည်း သဘောတူထားကြပြီးသား ဒီတစ်မိုး ငွေစုပြီး သီတင်းကျွတ်လျှင် လက်ထပ်ကြမည်၊ လက်ထပ်ပြီးလျှင် ဤစားသောက်ဆိုင်မှ သီချင်းဆိုသော အလုပ်မှ နုတ်ထွက်မည်။



နှစ်ကိုယ်တစ်ဘဝ ထူထောင်ရေးအတွက် ရိုးရိုးသားသား ကြိုးစားနေကြခြင်း ဖြစ်လေသည်။

မဒီနွယ်တို့ ဟန်နီချစ်တို့လို မဟုတ်သော ဂျက်စမင်နှင့် နှင်းဆီဖူးတို့က ငွေကို ရသလို ရှာမည်။ ကိုယ်ခန္ဓာကာကွယ်မှု တံတိုင်းကိုလည်း သော့ခတ်ထားခြင်း မရှိကြသူများပါ...

"မဒီနွယ် ဘယ်လိုလုပ်မလဲ...ကိုယ်တို့ကလဲ လမ်းမကြုံလို့ပါ...သမိုင်းနဲ့ ဥက္ကလာက တခြားစီလေ"

"ရပါတယ် သွားကြပါ။ အရင်တခါတုန်းကတော့ ကားငှားပြန်ဖူးတယ်။ ဒီနေ့သာ ကားငှားရရင်တော့ မွဲပြီ"

"အင်းလေ...ဒီနေ့က လူလာနည်းတော့ တို့လဲ လက်ချည်းပဲ ပြန်ရမှာ"

ဤဆိုင်တွင် စဝင်စက ကိုယ့်စားရိတ်နှင့် ကိုယ်လာကြပြန်ကြ ထမင်းမကျွေး တစ်လတစ်ထောင်ပေးသည်၊ ပန်းကုံးရလျှင် ထက်ဝက်စီယူ...။

နောက်ပိုင်း ဦးကျင်ဝင်းက မူပြောင်းလိုက်သည်။ ကိုယ့်စားရိတ်နှင့်ကိုယ်လာ ညစာထမင်း တစ်နပ်ကျွေးမည်၊ အပြန်ကားနှင့် လိုက်ပို့မည် လခမပေး၊ ပန်းကုံးနှင့် သရုပ်များပေါ်မှလည်း လေးဆယ်ရာခိုင်နှုန်းသာ ပေးမည်ဟု ဖွဲ့စည်းပုံ ပြင်သည်။

အားလုံး သဘောတူကြပါသည်။

တူရမည်လေ တစ်ညတည်းနှင့် ရှစ်ရာ တစ်ထောင် ရကြသည်ချည်း...

ယခုနောက်ပိုင်းမှာတော့ ဆိုင်သို့ လာသူနည်းသွားသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဦးကျင်ဝင်းလည်း ဝင်ငွေလျော့ ကျွန်မတို့လည်း တစ်ခါတစ်ရံ လမ်းစားရိတ်ပင် မကြေ။

"ဟေး မဒီနွယ်...ယူ...အိုင်တို့နဲ့ လိုက်မလား...၊ ဒီ အစ်ကိုကြီးက ကြို့ကုန်းအထိ ပြန်မှာတဲ့"

"နေပါစေ...နှင်းဆီ"

ကျွန်မ မဒီနွယ်က ကောင်တာဘေးမှာ ရှိနေဆဲ ဦးကျင်ဝင်းဆီသို့ လျှောက်သွားပြီး...

"ကားပျက်တယ်ဆို...ကျွန်မ ဘယ်လို ပြန်ရမလဲ"

"ဘာလဲ မာစီဒီးနဲ့ လိုက်ပို့ပေးရဦးမှာလဲ...နှင်းဆီဖူးက ခေါ်နေတာပဲ လိုက်သွားပေါ့"

ယနေ့ ဆိုင်မှာ လူနှစ်ဆယ်လောက်သာ လာသဖြင့် အလုပ်သမားစရိတ်ပင် မကျေ၍ မျက်နှာကြီး နီပြီး အလကား နေရင်း စိတ်တိုနေသော ဦးကျင်ဝင်းကို ဘာမှ ထပ်မပြောရဲ တော့ပါပဲနှင့်...

သူတို့တတွေနှင့် လိုက်ဖြစ်ဖို့ အကြောင်းဆုံခဲ့လေပြီ...

ဆိုမိုးညသည်

မဒီနွယ်ဟု အမည်ခံယူထားသော ကျွန်မအတွက် နိမိတ်ဆိုးည၊ အန္တရာယ်ဆိုးည...ကံဆိုးမိုးမှောင်ည။

❀

မော်လမြိုင်ဘက်မှ ညွှန်းသည်ဆိုသော အသက်လေးဆယ် ကျော်အရွယ် ဦးလေးကြီးက သူ၏ ဗန်ကားကို သူကိုယ်တိုင်



မောင်းသည်။ သူ့ဘေးမှာ ကမာရွတ်၌ နေသည်ဆိုသော လူကြီးတစ်ယောက်။

နောက်ခန်းမှာက နှင်းဆီဖူးနှင့် ကျွန်မ။

ပပစနီက အမျိုးသားနှစ်ယောက် ပါရှိသော သူမ၏ အသိမိတ်ဆွေကားနှင့် ပါသွားသည်။

နှင်းဆီဖူးကဖြင့် ယခုမှ တွေ့ရသော အမျိုးသားကြီးများကို သူ၏ ငယ်ပေါင်းကြီးဖော်ပမာ ရောရောဝင်ဝင် ရင်းရင်းနှီးနှီး ရှိလှသည်။

သူတို့၏ စကားများထဲတွင် အစ်ကိုကြီးက ဘယ်မှာနေ လဲ ဘာအလုပ်လုပ်လဲ...၊ ညီမလေး ဒီလို အဆိုတော်ဖြစ်အောင် ဘာတွေနဲ့ ရင်းနှီးခဲ့ရသလဲ ဘယ်လိုကျော်ဖြတ်ခဲ့ရသလဲ ဆိုတာ တွေ လုံးဝ မမေးကြ၊ မပြောကြ။

လက်ရှိ အခြေအနေပေါ်မှာပင် သွယ်သွယ်ဝိုက်ဝိုက် 'ရိ' နေကြတော့သည်...။

"ဟေး ဟိုဘက်က မဒီလေး ငြိမ်လှချည်လား"

ရှေ့ခန်းမှ ဦးလေးကြီးက နောက်လှည့်မေးလိုက်ချိန်မှာ အရက်နံ့က လှိုင်လာ၏။

"မငြိမ်ပါဘူး ပြောစရာ စကားမရှိလို့ပါ"

"ဘာအကြောင်းအရာကိုပဲ ဖြစ်ဖြစ် ပြောလိုက်ရင် စကား ဖြစ်တာပေါ့"

"အဲဒီလို ပြောစရာကို အကြောင်းအရာ မရှိလို့ပါ"

"မဒီကလဲဟယ် လိုက်ပို့ခလေး ကြေအောင်ပေါ့ အစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြီးတို့အကြိုက်…”

“ဆောရီးမဲ့ နှင်းဆီ ကိုယ် ဘာမှ မပြောချင်လို့ပါ”

“ကဲ…ကြားကြတယ်နော် နှင်းဆီကပဲ နှစ်ယောက်စာ ပြောမယ် ဟား…ဟား…ဟဲ”

နှင်းဆီဖူးတို့က အမြဲပျော်နေပုံရသည် တစ်ချိန်လုံး လှုပ်ရှားလာတိုက်နေတတ်သည့် မိန်းကလေး…

“အို”

ကျွန်မက နောက်သို့ ဝဲလာသော လက်ကြီးကို အလန့်တကြား ရှောင်ပြီး ကားဒေါင့်ဘက် တိုးကပ်ရင်း အပြင်ဘက်သို့ မျက်နှာလွှဲထားရ၏။

မိုးသည် သည်းလည်းမသဲ၊ စဲလည်းမစဲပေ…။

မိုးစက်ပွင့်တို့သည် ကားမှန်ဆီသို့ ပြေးဝင်လာပြီး ချက်ချင်းပင် ရေစီးချောင်းလေးအဖြစ်နှင့် လျှောကျသွားသဖြင့် မှန်သည် မှုန်ဝါးနေ၏။

လမ်းဓာတ်မီးတိုင်နှင့် ကားလုံးများ၏ အလင်းရောင်တို့သည် လင်းလက်ဖြာထွက်နေသဖြင့် ဝန်းကျင်ကိုပင်–သဲကွဲစွာ မမြင်ရ ဘယ်ရောက်နေမှန်း မသိ။

စကားသံတွေ ကြားနေရပြီး နောက်မှာ ကားသည် လမ်းခြိုးတစ်ခု ထိပ်မှာ ထိုးရပ်၏။

“ခင်ဗျားတို့ကလဲဗျာ မိုးထဲလေထဲမှာ”

ရှေ့မှ လူကြီး၏ ရယ်သံက ကျားဟိန်းသံကြီးလိုပါပဲလား…။



“ဟင်…နှင်းဆီက ဘယ်လဲ”

“ကိုယ် ဆင်းနေရစ်တော့မယ်လေ၊ မဒီကို ဒီအစ်ကိုကြီးက အိမ်အထိ လိုက်ပို့ပေးမှာပါ သွားတော့နော်…”

“ဟာ…မဟုတ်ဘူး…နေ…နေဦးလေ…အို…”

“နှင်းဆီဖူးက ဘာမှ ပြန်မပြောပဲ၊ တံခါးကို ဆောင့်ပိတ်လိုက်ပြီး စောစောက လူကြီး၏ လက်မောင်းကို ပြေးဖက်လိုက်ချိန်မှာ…”

စက်ရပ်ထားခြင်း မရှိသော ကားက အရှိန်နှင့် ထွက်လိုက်သဖြင့် ကျွန်မ၏ ဟန်ချက်လွတ်က ကားထဲမှာပင် နောက်သို့ လန်ကျသွား၏။

“ရပ်… ရပ်ပေးပါ…ကျွန်မ နှင်းဆီဖူးနဲ့အတူ နေခဲ့တော့မယ်…”

“သူတို့လမ်း သူတို့ သွားကြပါစေကွယ်၊ မင်းအိမ်ရောက်အောင် ဦးလေး လိုက်ပို့ပေးပါမယ်”

“ဦးလေး”ဆိုသော စကားတစ်ခွန်းပါလာသဖြင့် ကျွန်မသည် သူတော်ကောင်းကိုများ ပစ်မှားမိသလားဆိုသော ယုံကြည်ချင်စိတ်ကြောင့် စိတ်အနည်းငယ် သက်သာရာရခဲ့သည်။

နှင်းဆီဖူးတို့ ပပစန္ဒီတို့ ဗွတွေက လာသမျှလူအပေါင်းကို ကိုယ့်အဖိုးအရွယ်ပဲ ဖြစ်ဖြစ် “ဦး” “ကိုကြီး” တစ်ခါတစ်ရံများ “ကိုကို”အထိ ခေါ်လေ့ ရှိကြသည်…။

ဤကားဗိုင်ရှင်မှာ စားသောက်ဆိုင်မှ အဆိုတော်လေးများနှင့် သိပ်ပြီး ကျွမ်းဝင်ပြီးသား ဖြစ်ပုံမရ…

www.burmeseclassic.com

www.burmeseclassic.com



အသက်လေးဆယ်ကျော် ငါးဆယ်နီးပါးအရွယ် နယ်မှရောက်လာသော ဧည့်သည်တစ်ဦး ဖြစ်သည်ကဖြင့် သေချာပြီ…

"မိန်းကလေးသွားမှာ ကြို့ကုန်း သုံးလမ်းနော်…"

"ဟုတ်…ဟုတ်ပါတယ်ရှင် နည်းနည်းတော့ ဝေးတယ်၊ ခုရောက်ခါနီးပြီလားဟင်"

"အခု ဘယ်နေရာရောက်နေမှန်းတောင် မသိဘူး"

"ဘုရားရေ"

"မကြောက်ပါနဲ့ကွာ… မိုးလင်းရင်တော့ ရှာတွေ့မှာပေါ့"

"ဦးလေးရယ် မနောက်ပါနဲ့ရှင် ကျွန်မ တကယ်ကြောက်လို့ပါ…"

"မကြောက်ပါနဲ့ကွာ"

"ကားခဏရပ်ပြီး တစ်ယောက်ယောက်ကို မေးရအောင်လေ…"

တစ်စုံတစ်ယောက်သော လူသား၏ အကူအညီကို ရချင်နေမိသည်…

"မင်းတို့ ခါတိုင်း ဘယ်လိုပြန်ကြလို့လဲ"

"ဆိုင်က ဖယ်ရီနဲ့ အဆောင်ရှေ့အရောက် လိုက်ပို့တာပါရှင်"

"အသွားအပြန်လား"

"ဟင်အင်း အသွားက ညနေဆိုတော့ ကိုယ့်ဘာသာသွားရပါတယ်။ အပြန်…အပြန်ကျမှ လိုက်ပို့တာ…။

"ဒါဆို ဒါ ပထမဆုံး တစ်ယောက်ထဲ ပြန်ရတာလား…"



"ဟုတ်"

အမှန်က ဒါ ဒုတိယအကြိမ်ပါ၊ ရှင်းမနေချင်၍ ဟုတ်တစ်လုံးပဲ ပြောလိုက်ရသည်။

ပထမတခါ ပြန်ရစဉ်က… ကား တကယ်ပျက်သဖြင့် ဆိုင်ကကို စီစဉ်ပေးသည်။ ကစ်ချင်း (မီးဖိုဆောင်) ထဲမှ အလုပ်သမားတစ်ယောက်၏ အသိမိတ်ဆွေကားဖြင့် ကျွန်မ တစ်ယောက်တည်း ပြန်ဖူးသည်။

ထိုညက ခုလောက်လည်း နောက်မကျ၊ ခုလိုလည်း မိုးမရွာ။

"အိမ်မှာ မိဘတွေ ရှိလား"

"ဟုတ်ကဲ့"

စကားကြော ရှည်မှာစိုး၍ လိမ်ညာပစ်လိုက်ရသည်။

မိဘက ဘာလို့ ဒီအလုပ် လုပ်ခိုင်းတာလဲ"

"ကျွန်မ…ကျွန်မ ဒီအလုပ်ကို ကောင်းကောင်းမွန်မွန် လုပ်စားတာပါရှင်…သိချင်းဆိုရုံပဲ ဆိုပြီး ရိုးရိုးသားသား လုပ်စားကြတဲ့ ကျွန်မလို မိန်းကလေးတွေ အများကြီးပါ ဦးလေးရယ်"

အသံက တုန်ပြီး မျက်ရည်တွေ ဝဲတက်လာသည်။

ကားမောင်းနေရင်း နောက်ကြည့်မှန်ကို လှမ်းကြည့်နေကြောင်း ရှေ့မှ ဖြတ်သွားသော ကားမီးရောင်နှင့် သူ့မျက်နှာကို လျှပ်တပျက် မြင်လိုက်ရသည်။

ကျွန်မကိုဖြင့် သူ မြင်ရမည် မထင်။ ကားနောက်ခန်းမှ မှောင်မိုက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကားသည် ပိုမို၍ အရှိန်ပြင်းလာသည်...။

လမ်းကျယ်မဟုတ်တော့...

လမ်းက ကျဉ်းမြောင်းပြီး လမ်းဘေးမှာ မီးရောင် လက်လက်ပင် မမြင်ရသဖြင့် လူနေရပ်ကွက် မဟုတ်တော့ပြီဟု တုန်လှုပ်ချောက်ချားစွာ သိလိုက်ရပြီး မကြာမီမှာပင်...

ကားကို လမ်းဘေးသို့ ရုတ်တရက် ထိုးချပြီး ရပ်တန့်လိုက်သဖြင့်...

"ဟင်...ဘာ ဘာဖြစ်လို့လဲရှင်"

"ခဏပါ မိုးရေဝင်လို့ ဆီပိတ်သွားတယ် ထင်တယ်"

ဆီပိတ်လျှင် ကားက တုန့်တုန့်၊ တုန့်တုန့် ဖြစ်တတ်၏။ ယခု ဘာမှ မဖြစ်ပဲနှင့် ရပ်ပြစ်လိုက်သဖြင့်... ထိတ်ထိတ်ပြာပြာ ဖြစ်နေဆဲမှာ...

ဦးလေးကြီးက သူ့ကားမှန်ကို ဒင်ပြီး...ကားရှေ့ဘက်သို့ သွားကာ ကား၏ ဘောနပ်စ်အဖုံးကို ဖွင့်လိုက်သဖြင့်...

"ကား တကယ်ပျက်တာများလား"

ဟူသော ယုံကြည်စိတ်နှင့် သံသယစိတ်တို့ ရောထွေးကြောက်ရွံ့နေဆဲမှာ ကျွန်မ၏ ဘေးမှ တံခါး ဝုန်းဆို ပွင့်သွားသဖြင့်...

"အ မယ် လေး"

လန့်ဖြန့်ပြီး ကြုံးအော်ချိန်မှာ သူက ကားထဲသို့ သူ့ကိုယ်ကြီး ကုန်းညွှန်လာကာ...



"မင်း...အော်လဲ ဘယ်သူမှ မကြားနိုင်ဘူး မရုန်းနဲ့နော်"

"ဟင်...ဟင်...ရှင် လူယုတ်မာကြီး ခွေးကြီး"

ခြေထောက်နှင့် သူ့ရင်ဘတ်ကို စုံကန်ထည့်လိုက်သဖြင့် သူက "အင့်"ကနဲ တချက်ယိုင်သွားပြီးနောက်မှာ...ဒေါသစိတ်နှင့် သူက ပို၍ ခက်ထန်ကြမ်းတမ်းလာတော့သည်။

ကျွန်မက ကူရှင်ပေါ် လန်လဲကျသွားချိန်မှာ လက်တစ်ဖက်က ကားကြမ်းပြင်ပေါ်ကျပြီး... တစ်စုံတစ်ခု တွေ့နိုးနိုးဖြင့် စမ်းရင်း – ရုန်းရင်း – အော်ရင်း ရှိနေချိန်မှာ...

ကျွန်မ၏ လက်ထဲသို့ ကားပစ္စည်းအိတ်ထဲမှ ဝက်အူလှည့် ခပ်ရှည်ရှည်တစ်ချောင်းကို မိမိရရ ဆုပ်ကိုင်လိုက်မိပြီ...။

"ဖယ်...ဖယ်...လွှတ်... ကဲ...ဟာ"

ခြေထောက်ကလည်း ကန် လက်တစ်ဘက်က သူ့ပခုံးကို ဆုပ်၍ ဝက်အူလှည့်ကို တင်းတင်းမြဲမြဲ ဆုပ်ကိုင်ပြီး သူ၏ ရင်ဘတ်တစ်ဝိုက်ကို အားနှင့် ထိုးစိုက်လိုက်သည်။ ရုန်းကန်ရင်း အကျီလန်သွားသဖြင့် သူ့ဝမ်းဗိုက်သားက ဟင်းလင်းပွင့်နေ၏။

ဝက်အူလှည့်သည် ထိပ်က ချွန်ထက်ခြင်း မရှိသဖြင့် ပထမထိုး၍ မဝင်။

လက်တဘက်က သူ့ပခုံးကို မလွှတ်တမ်း ဆွဲထားမိသဖြင့် သူက တဖန် ပြန်ရုန်းရာမှ ငိုက်ကျလာသဖြင့် ဝက်အူလှည့်သံချောင်းသည် သူ့ရင်ကို ပေါက်ဝင်သွားပြီဆိုသော အသိဝင်လာသည်နှင့် မျက်စိစုံမှိတ်ပြီး အားကုန်ထိုးထည့်လိုက်ချိန်မှာ...

"အင့်...အ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော ဝမ်းခေါင်းသံကြီးဖြင့် မချိမဆန့်အသံကြီးကို အနီးကပ် ကြားလိုက်ရပြီးနောက်မှာ...

ထိုလူကြီးက ပိကျလာတော့သည်။ ပိကျလာလေ ပို၍ ရှုံ့နစ်စိုက်ဝင်လေ...

"အ...မယ်...လေး"

မေ့မြောလဲကျမသွားအောင် မနည်းစိတ်ကို တင်းပြီး ရှိ သမျှသော ခွန်အားကို စိုက်ထုတ်ကာ သူ့ကိုယ်လုံးကြီးကို တွန်းချလိုက်သည့်အခါ... နောက်ထိုင်ခုံနှင့် ရှေ့ထိုင်ခုံကြား သို့ သူ့ခေါင်းကြီး ထိုးစိုက်ကျသွားသည်။ ကျွန်မက ရှိသမျှ သော အားကို အစွမ်းကုန်သုံး၍ ကြုံးထပြီး ကားအပြင်သို့ ထွက်လိုက်ရာ သူကိုယ်တိုင်လည်း မြေကြီးပေါ်သို့ ပုံလျက် လဲကျ၏။

ထိုလူကြီး၏ ခြေထောက်က တဆတ်ဆတ်တုန်နေသည် မြင်လိုက်ရသည်နှင့်...

"အသက်ငင်နေပြီ"

ဆိုသော အသိကြောင့် လမ်းဘေးက ကြုံးထလိုက် သည်...။

ကျွန်မ၏ ကိုယ်ပေါ်မှာ သဲတွေ သွေးတွေနှင့်...

မိုးသည် ပို၍ သည်းထန်လာ၏။

ကျွန်မသည် ကားဦးတည်ထားသော အရပ်နှင့် ဆန့်ကျင် ဘက်ဖြစ်သော လမ်းအတိုင်း အားကုန် ပြေးတော့သည်။

ပြေးရင်း နောက်တစ်ချက် လှည့်ကြည့်လိုက်ချိန်မှာ...



အဖြူရောင် ဗဲန်ကားကို ခပ်ပျပျပင် ငြိမ်သက်စွာမြင်လိုက်ရ သဖြင့်–

"သူ လိုက်မလာနိုင်တော့"

ဟူသော အသိက ဆတ်ဆတ်ခုန်နေသော နှလုံးသားကို အနည်းငယ် သက်သာရာရစေသည်။

ကျွန်မ ဆက်လက် ပြေးနေပါ၏။

ကိုယ်ပေါ်မှ သဲတွေ၊ သွေးတွေကို မိုးရေက ဆေးကြော ဆေးနေသလို တစ်ကိုယ်လုံး ရွှဲနစ်နေလေပြီ...

ကြောက်လန့်လွန်းအားကြီးခြင်းနှင့် ခရီးရှည်ကြီးကို အား ကုန် ပြေးနေခြင်းကြောင့် ဟပ်ထိုးလဲတော့မည်...။

ထိုအချိန်နှင့် တည့်တည့်မှာပင် ကားမီးလုံးကြီးနှစ်ခုမှ အလင်းတန်းက ရှူးရှူးရှရှ ကျွန်မကိုယ်ပေါ်သို့ ထိုးကျလာချိန် မှာ...

ကျွန်မသည် ကားရှေ့တည့်တည့်သို့ လူမှောက်လျက် လဲကျသွားတော့သည်...။

ထိုမိုးသည်းည သန်းကောင်ယံကာလသည် ကျွန်မအဖို့ ငရဲကြီးရှစ်ထပ်သို့ အရှင်လပ်လပ် တစ်ထပ်ပြီးတစ်ထပ် ဆင်း သွားရသည်သို့ ရှိပါချေပြီ...

"အား...တိုက်ပြီ"

"လူ...လူ ရှေ့မှာ လူ"

ကားဘရိတ်အုပ်သံနှင့် လူသားနှစ်ယောက်၏ အော်သံ ကို ကျွန်မ နောက်ဆုံးကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်မှာ…

ကားထဲမှ လူများထင်သလို ကားနှင့်တိုက်မိခြင်းမဟုတ်…

လမ်းကွေ့မှာ ဘွားကနဲထွက်လာသော ကားရှေ့တည့်တည့်မှာ ကျွန်မဘာသာ ဝမ်းလျားထိုး လဲကျသွားခြင်းသာ ဖြစ်သည်…။

မိမိဝန်းကျင်သာမက ကမ္ဘာကြီးတစ်ခုလုံးပါ ပိန်းပိတ်နေသော အမှောင်ထုထဲသို့ ဝင်ရောက်ပျောက်ဆုံးသွားပြီဟု ကျွန်မသိလိုက်ရပြီးနောက်မှာ…

❁ ❁ ❁

အခန်း ၂

တောင်စောင်းတစ်ခုကို ခက်ခက်ခဲခဲ ကုပ်တွယ်ထားရသည်။ အောက်ခြေ၌ မြင့်မားမတ်စောက်ပြီး ချွန်မြသော ကျောက်တုံးကျောက်ဆိုင်များက ထိုးထိုးထောင်ထောင်။

လက်အံသေလှပြီ။

လွှတ်ကျသွားသည်နှင့် အသက်နှင့် ခန္ဓာ သီးခြားစီ ဖြစ်တော့မည်ဟူသော အသိဖြင့် စိတ်က ကြောက်ရွံ့ခြင်း၏ အထွတ်အထိပ်မှာ ရှိနေသလို။

ကိုယ်ခန္ဓာတစ်ခုလုံးလည်း နေရာမလပ် နာကျင်ကိုက်ခဲနေ၍ စက္ကန့် သို့မဟုတ် မိနစ်ပိုင်းအတွင်းမှာ ပြုတ်ကျတော့မည်ဟူသော အသိဖြင့် အားစိုက်၍ တွယ်တက်ရင်း…

"အင်း"

ဟူသော အသံထွက်သွားမိသည်နှင့်…

"ဟော…ဟော…အသံထွက်လာပြီ သတိရပြီထင်တယ် ဒေါက်တာ…"

www.burmeseclassic.com

www.burmeseclassic.com



မိမိသည် တောင်စွန်းတစ်ခုမှာ တွယ်ကပ်နေခြင်းမဟုတ် လူတွေသူတွေရဲ့အလယ်မှာ ရောက်နေခြင်း…

ဟူသော အသိဖြင့် မျက်စိကို အားယူ၍ ဖွင့်ကြည့်လိုက်ချိန်မှာ မိမိကိုယ်ပေါ်မှ အုပ်မိုး၍ မိမိကို ဝိုင်းကြည့်နေကြသော–

"မျက်နှာစိမ်း မျက်နှာများ"

အားလုံးငါးယောက်…ယောကျ်ားကြီးငယ် ရွယ်စုံ သုံးယောက်၊ မိန်းမကြီးတစ်ယောက် ကောင်မလေးတစ်ယောက်…

"ဟဲ့…မိန်းကလေး သတိရပြီလား"

"မင်းကလဲကွာ ဖြေးဖြေးသာသာမေးပါ"

ဩော်…သူသတိရလာလို့ ဝမ်းသာလို့ မေးတာပါ၊ ရှင်ကလဲ"

"အန်ကယ်…သူ့အခြေအနေ…"

စိုးရိမ်မျက်နှာနှင့် လူငယ်တစ်ယောက်၏ မေးခွန်း…

"အင်း…နှလုံးခုန်တာလဲ မှန်သွားပါပြီ၊ ပရက်ရှာ နည်းနည်းလေးကျတာကလွဲရင် ဝမ်းထဲမှာတော့ သိပ်စိုးရိမ်စရာ မရှိတော့ပါဘူး"

ဆရာဝန်ပါလားဟူသော အသိဖြင့် နားကြပ်လွယ်ထားသော သူကို ကြည့်လိုက်မိသည်။

ခုလောလောဆယ်၌ ကျွန်မစိတ်၊ ကျွန်မအတွေး၊ ကျွန်မ၏ခံစားမှုများသည် ကွက်လပ်…

ဘယ်ရောက်ပြီး ဘာတွေဖြစ်နေတာလဲဟု ဘာကိုမှ မသဲကွဲသေး၊ ဆရာဝန်က ဆက်လက်၍…



"အင်းနားအင်ဂျူရီ(Inner injury)တော့ ဘာမှမရှိဘူး…။ နဖူးက ဒဏ်ရာပဲ စောင့်ကြည့်ရမှာပဲ။ သူ့မှာ ပုံမှန် သတိမရှိရင်တော့ နျူရိုဝဒ် (Neuro Ward) တင်သင့်ရင် တင်ရမှာပေါ့"

"အင်းနားအင်ဂျူရီဆိုတဲ့ ကိုယ်တွင်းမှာ ဒဏ်ရာမရှိလို့ ဘယ်ဒွာရကမှ သွေးမထွက်တာပေါ့။ ဆေးရုံတော့ တင်လို့မဖြစ်ပါဘူးကွယ်။ အိမ်မှာပဲ ဘယ်လောက်ကုန်ကုန် ကုပေးလိုက်ပါမယ်။ ဆေးရုံဆိုရင် ကားတိုက်တယ် ဘာတယ်နဲ့ ပုံကြီးချဲ့နေကြဦးမယ်။ ခုဟာက သူ့ဟာသူ ကားရှေ့မှောက်လျက် လဲတာပဲလေ"

"ကားရှေ့ မှောက်လျက်လဲတာ"ဆိုသော အဘွားကြီး၏ စကားတစ်ခွန်းကြောင့် အလုံးစုံသော ဖြစ်ပျက်ခဲ့မှုများကို ကျွန်မ ချက်ချင်းပင် ပြန်လည် သိရှိခွင့် ရလိုက်တော့သည်။

"ဟိုလူကြီး သေပြီထင်တယ်"

"ငါ လူသတ်ခဲ့ပြီ"

စောစောဆီက ဘာခံစားမှုမှ မရှိသေး၍ တည်ငြိမ်နေသော နှလုံးသားသည် အကြောက်တရားများ အဟုန်ပြင်းစွာ စီးဆင်းဝင်လာသဖြင့် ရင်ခုန်နှုန်း အဆမတန် မြန်လာသည်။

"ခင်ဗျား သတိရပြီနော်"

သက်တူရွယ်တူ လူငယ်တစ်ယောက်၏ အကြင်နာပါသော အမေးစကားကို ဆက်လက်ကြားနာရ၏…။

"ခင်ဗျား ဘာဖြစ်လာတာလဲဟင်…ညကြီးမင်းကြီး မိုးထဲရေထဲမှာ တအားစွပ်ပြေးပြီး ကားရှေ့မှာ လဲကျသွားတာ ကျွန်

www.burmeseclassic.com



တော် ဘာရိတ်ဖမ်းမြန်လို့ မဟုတ်ရင် ခင်ဗျား ကားဘီးအောက် ရောက်ပြီ”

“ရှင်”

“မကြောက်ပါနဲ့ ခင်ဗျားကြည့်ရတာ သိပ်လန့်နေသလို ပဲ…၊ ဆေးကုပေးမယ်၊ ပြီးတော့ အိမ်ပြန်ပို့ပေးပါမယ်။ ခင်ဗျား ဘယ်မှာနေသလဲ၊ ဖုန်းဆက်ပေးလို့ ရမလား”

“အိမ်”

ကျွန်မမှာ အိမ်မရှိ…မိဘမရှိ၊ အဆောင်မှာနေသော မိန်းကလေးဖြစ်၏။

ပြီးတော့ လူသတ်ခဲ့တဲ့ မိန်းမ။

“ဟုတ်တယ် ခင်ဗျားအိမ် ဘယ်မှာလဲ…အိမ်က စိတ်မှ နေမှာပေါ့… ကျွန်တော်တို့ ကူညီပြီး လိုက်ပို့ပေးပါမယ်၊ ပြော နိုင်မယ်ဆိုရင် ခင်ဗျား ဘာဖြစ်လာတာလဲဆိုတာပါ ပြောပြ ပါလား”

သူမပြောနေခြင်း မရှိ၊ သူ၏ဦးနှောက်နှင့် သူ၏ အသိ ဉာဏ်သည် ပုံမှန်ပြန်ဖြစ်ခဲ့ပြီ… အရာခပ်သိမ်းကို ပြန်လည်သတိ ရခဲ့ပြီ…

ကျွန်မ ဘာပြောရမလဲ၊ အဖြစ်မှန်တွေကို ကျွန်မကိုယ်တိုင် ကဖြင့် ကျွန်မ၏ အသက်နှင့်အမျှ ဘယ်သူ့ကိုမှ မပြောပြနိုင်ပါ…

ကျွန်မကို လူသတ်သမားအဖြစ်နှင့် သူတို့ရှာဖွေတွေ့ရှိ မှသာ “မိမိကိုယ်ကို ခုခံကာကွယ်ခြင်း”ဟူ၍ သူ လျှောက်လဲ ရမည်။



“ခု…ဘာပြောရမလဲ”

ကျွန်မ မျက်စိတစ်ချက်မှိတ်ပြီး စဉ်းစားလိုက်ချိန်မှာပင်…

မယုံနိုင်စရာကောင်းလောက်အောင် အံ့သြချီးမွမ်းရလောက် အောင် တခ်ဏာပွတ်တိုတည်းဟူသော ရုတ်တရက် တမုဟုတ်ခြင်း အသိဉာဏ်တစ်ခုက လင်းလက်လာသည်။

ဒါသည်ပင် ယောကျ်ားသားတို့ထက် သာလွန်သော မိန်းမ သားတို့၏ ဖြတ်ထိုးဉာဏ်ပင် ဖြစ်ပါ၏…။

“အိမ်…အိမ်…ကျွန်မအိမ် ဟုတ်လား…၊ ကျွန်မ မသိ ဘူး…၊ အို ကျွန်မ ဘာမှ စဉ်းစားလို့ မရတော့ပါလားရှင်…”

“အို…မိန်းကလေးနယ်”

“ကျွန်မကိုယ် ကျွန်မတောင် ဘယ်သူမှန်း မသိတော့ပါ လား… ကျွန်မကို ဘယ်က တွေ့ခဲ့ကြတာလဲ…ကျွန်မ ဘယ် သူလဲ”

“ကျွန်မ ဘယ်သူလဲရှင်…”

မြည်မာပြည်မှာ ယခုကဲ့သို့ အလုံးစုံ မေ့သွားသော လူနာ မတွေ့ဘူးသေးပါဟု စိတ်ရောဂါကု ဆရာဝန်တစ်ဦး၏ဆောင်းပါး ကို မဂ္ဂဇင်းထဲမှာ ကျွန်မ ဖတ်ဖူးသည်။ သို့သော် ဖရန်တယ်လု Frontal lobe ခေါ်သော နဖူးထိပ်မှ ဦးနှောက်နေရာကို ထိခိုက် မိလျှင် အတိတ်မေ့နိုင်သည်ဟု အဆိုရှိ၏။

ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်လမ်းများစွာတွင် အတိတ်မေ့ပြီး ကိုယ့်ကိုယ်ကိုပင် ဘယ်သူမှန်း မသိသော ဇာတ်လမ်းများစွာ ကြည့်ခဲ့ဖူး၍ ထိုဇာတ်ဝင်ခန်းများမှ မင်းသမီးများအတိုင်း ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



က ခေါင်းနှင့် နဖူးကို လက်နှင့် အုပ်ကိုင်ကာ–

"အို…ခေါင်းထဲက နာပြီး အုံခဲနေတာပဲ"

ဆရာဝန်က မျက်နှာတစ်ချက် ပျက်သွားပြီး–

"အံချင်သလားဟင် ရင်ထဲကရော ဘယ်လိုနေလဲ"

ဦးနှောက်နှင့် အာရုံကြောထိပြီး ဦးနှောက်တွင်း သွေးယိုစီးလျှင် ခက်ပြီဟု ဆရာဝန် ထင်သွားပုံရသည်။

ဤရောဂါကလည်း နားကြပ်နှင့် ဘယ်လိုမှ စမ်း၍မရသဖြင့် ကျွန်မ၏ အိုက်တင်များကို ကြည့်ပြီး ဆရာဝန်ကိုယ်တိုင်ပင် စိုးရိမ်နေရှာသည်။

"ဟင်အင်း မအံချင်ပါဘူး…ခေါင်းထဲက နာပြီး မူးနောက်နောက် ဖြစ်နေတာကလွဲရင် ကျွန်မ နေကောင်းပါတယ်"

"ဒါဆို ပြန်စဉ်းစားကြည့်စမ်းပါဦး ညက ဘာဖြစ်ခဲ့သလဲ"

"ညက"

"ဟုတ်တယ်လေ ညက မင်္ဂလာဒုံက လမ်းကြားတစ်ခုထဲမှာ ခင်ဗျားကို တွေ့ခဲ့ကြရတာ အဲဒီမှာ နေသလား"

ကျွန်မက နက်ရှိုင်းစွာ စဉ်းစားဟန်ဖြင့် မျက်လုံးကိုမှေး မျက်ခုံးကို ရှုံ့၍ ခေတ္တမျှ စဉ်းစားဟန် ပြုပြီးနောက်မှာ…

"ဟင်အင်း…အို…ကျွန်မ…ကျွန်မ… ကျွန်မ နာမည်ကိုတောင် စဉ်းစားလို့ မရတော့ပါဘူးရှင်…"

နဖူးနှင့် ခေါင်းကို လက်နှင့် အုပ်ပြီး သိပ်စိတ်ရှုပ်သည့်ဟန်လုပ်ထားလိုက်ရသည်။

"ကဲ…ဘယ်နဲ့လုပ်ကြမလဲ"



စိတ်စောစိတ်ပူတတ်ဟန်ရှိသော အသက်ငါးဆယ်ကျော် အဘွားကြီးက…

"ကိုယ့်ကားနဲ့ တိုက်မိတာလဲ မဟုတ်ပဲနဲ့ မင်းတို့က ဘာဖြစ်လို့ ဒီကို ခေါ်လာကြတာလဲ"

"မေ နေစမ်းကွာ… လာ ဒေါက်တာ အိမ်ရှေ့မှာပဲ စကားပြောရအောင်…"

"ခဏလေး ကျွန်တော် ဖိဘာတိုင်းကြည့်လိုက်ဦးမယ်…"

ပြဒါးတိုင်လေး ပါးစပ်ထဲ ရောက်လာသည်။ ပြဒါးတိုင်လေး အေးစက်နေသဖြင့် အာနှင့် လျှာတွေ ပူနေပြီမို့ အဖျားရှိပြီဟု ကိုယ်တိုင် သိလိုက်ရပါပြီ။

"တစ်ရာ့တစ်။ ညက အအေးမိသွားလို့ ဖြစ်မှာပါ။ ကျွန်တော် ဆေးပေးခဲ့ပါမယ်"

ဆရာဝန်နှင့် အဘိုးကြီးထွက်သွား၍ အဘွားကြီးနှင့် သူ့သားဖြစ်သူတို့ ကျန်ရစ်၏။

"ကလေးမ စဉ်းစားစမ်းပါဦး…၊ မင်းအိမ် ဘယ်မှာလဲ ဆိုတာ"

"လောလောဆယ်တော့ ကျွန်မ ဘာမှကို စဉ်းစားလို့ မရတာပါရှင်…"

"ဒီလိုဆိုရင် ဆေးရုံတင်လိုက်ရင် ကောင်းမယ်ထင်တယ် သား၊ အိမ်မှာ ကြာကြာထားလို့ ဘယ်ဖြစ်မလဲ"

အရာရာကို ဆန္ဒစောပုံရသော အဘွားကြီးသို့ သူ့သားက–

"ဆေးရုံတင်ရင် အမှုတွေ ဘာတွေ ဖွင့်နေရဦးမှာ မေမေ

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်တယ်ဆို"

"ဘာဆိုင်လဲ ကားရှေ့ မှောက်ရက်လဲလို့ ခေါ်လာတာပဲ။ သူ့မှာ ကားတိုက်တဲ့ ဒဏ်ရာမှ မရှိဘဲ"

"ဆရာဝန်တွေက သိမှာပေါ့"

"ဆေးရုံ…"

"အမှုဖွင့်"

ဆိုသော စကားများကြောင့် ခြေဖျားမှစ၍ ကိုယ်အထက်ပိုင်းအထိ ကျင်ခဲတောင့်တင်းသွားသလို ခံစားလိုက်ရသည်…။

ကျွန်မ လူသတ်ခဲ့သည်လေ…

ဆေးရုံရောက်သည်နှင့် ဤအကြောင်းအရာက အထူးစစ်ဆေးနေစရာ မလိုပဲ အလွယ်တကူ အမှုပေါ်ပေတော့မည်။

ဟိုလူကြီး သွေးတွေနဲ့ လဲကျသေဆုံး သို့မဟုတ် ပြင်းထန်စွာ ဒဏ်ရာရသော နေရာနှင့် ကျွန်မကို တွေ့သော နေရာက သိပ်ဝေးကွာလှမည် မထင်။ ကြောက်ကြောက်လန့်လန့်နှင့် ကျွန်မ မိုးထဲရေထဲမှာ ပြေးနိုင်လှ နှစ်ဖာလုံ သုံးဖာလုံပေါ့…

"ဟင်အင်း ကျွန်မ ဆေးရုံမတက်ချင်ဘူး၊ ကျွန်မ အိမ်ပဲ ကျွန်မ ပြန်မယ်"

"ဟာ… မိန်းကလေး အိမ်ကို မင်း ပြန်သတိရပြီ ဟုတ်လား…"

"အင်း"

"ဝမ်းသာစရာပဲ အန်တီတို့ လိုက်ပို့ပေးပါမယ်"

"ဒေါက်တာ ဘယ်လိုညွှန်ကြားမလဲဆိုတာ နားထောင်ပါဦး မေမေ"

"ဟင်အင်း နေပစေ၊ ဆေးရုံတက်သင့်ရင်လဲ ကျွန်မအိမ်ကျွန်မ ပြန်ရောက်မှပဲ တက်တော့မယ်…ကျွန်မ ပြန်တော့မယ်"

အိပ်ရာမှ ကျိုးရုံးလူးလဲထပြီး စောင်ကို ခွာချလိုက်ချိန်မှာ…

အိုဗာတင်းတစ်ခွက်နှင့် ဆေးတောင့်ဆေးလုံးများကို ကောင်မလေးတစ်ယောက်က သယ်ဆောင်လာသည်။ သူတို့နောက်မှ အဘိုးကြီးနှင့် ဆရာဝန်ပါ ပြန်ဝင်လာပြီး…

"ဆေးသောက်ပြီး ခဏ ပြန်နားနေလိုက်ပါ"

"မဟုတ်ဘူးဆရာ… သူက သူ့အိမ်ကို ပြန်သတိရပြီတဲ့ သူပြန်တော့မယ်တဲ့…"

"ဟုတ်လား သတိရပြီလား…၊ကဲ…ဆေးနဲ့ အိုဗာတင်းလေး သောက်လိုက်ပါဦး။ ပြီးရင် အန်ကယ်တို့ ပြန်ပို့ပေးပါမယ်…"

"အဘွားကြီးက သိပ်ကျေနပ်ပုံမရ၊ သူ့ခင်ပွန်းကို ဟန့်တားချင်ပုံရသော်လည်း လိုက်မပို့၍ မဖြစ်ကြောင်း သိရှိစွာ ဘာမှ ထပ်မပြောတော့ပေ…။

"ကိုယ်ထဲမှာ ဘယ်လိုနေသလဲ ကိုက်ခဲနေသလား"

"ဟင်အင်း… ချမ်းစိမ့်စိမ့်ဖြစ်နေတာ တစ်ခုပါပဲ"

"အအေးမိသွားလို့ ဖျားတာပါ ကောင်းသွားမှာပါ။ ခေါင်းထဲက ဘယ်လိုနေလဲ ပြန်စဉ်းစားလို့ ရပြီလား"

"အို"

ကျွန်မ အားလျော့စွာ အိပ်ရာပေါ် ပြန်လှဲချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုမှ တကယ့်ကို ကျဉ်းထဲကြပ်ထဲပါ…

ကျွန်မနေသော ကြို့ကုန်းမှ အဆောင်လေးဆီသို့ သူတို့ကို လိုက်ပို့ခိုင်း၍ မဖြစ်ပါ…ကျွန်မကိုယ်တိုင်လည်း မပြန်ရဲ…

ယခုလောက်ဆိုလျှင် ရပ်ကွက်လူကြီးတွေ၊ ရဲတွေက ကျွန်မကို လာရှာနေလောက်ပြီ…

"အို… ကျွန်မ ကြောက်လိုက်တာ"

"ညတုန်းက ဒီအိမ်က ကားတစ်စင်းလုံး ကျွန်မကို တက်ကြိတ်လိုက်ပါတော့လား…"

"ကျွန်မလို မိန်းမတစ်ယောက် ဒီလောကမှာ အသက်ဆက်ရှင်နေလို့ရော ဘာအကြောင်းထူးတော့မှာလဲရှင်…"

စိတ်ထဲမှာ မျှော်လင့်ခြင်း ကင်းမဲ့စွာ၊ တွယ်ရာမဲ့စွာ အားငယ်လွန်းစွာ တွေးပြီး ကျွန်မ ငိုချလိုက်မိပါတော့သည်။

"တကယ်တော့ သူ ဘာကိုမှ တိတိကျကျ ပြန်သတိမရသေးဘူး ထင်တယ် အန်ကယ်"

လူငယ်က ဆရာဝန်ကို ပြောလိုက်၍…

"အကောင်းဆုံးကတော့ သူ့ကို ခဏနားခိုင်းထားပြီးမှ ချူရိုက်စ္စကို ဆက်စဉ်းစားခိုင်းကြတာပေါ့"

"ဟုတ်ကဲ့ခင်ဗျ"

"ကဲ…အန်ကယ်ပြန်တော့မယ် ကိုထူး အိမ်ပြန်ပြီး ဆေးရုံ ပြေးရဦးမယ်…"

"ဟုတ်ကဲ့၊ အန်ကယ် ကျွန်တော် လိုက်ပို့ပါမယ်"

ကိုထူး…တဲ့၊ နာမည်အပြည့်အစုံတော့ ရှိဦးမှာပါလေ…



ကိုထူးက ကျွန်မကို စိုးရိမ်သလို တစ်ချက်လှမ်းကြည့်ပြီးမှ ဆေးအိတ်ကို ဆွဲ၍ ဆရာဝန်၏ နောက်မှ လိုက်ပါသွားသည်။

သူ၏ အကြည့်ထဲတွင် စိုးရိမ်မကင်း ဖြစ်ခြင်းဟူသော သာမာန်ခံစားမှုမှလွဲ၍ ဘာမှ မပါရှိပါ။

ကျွန်မ၏ ရုပ်ရည်မှာ မြင်သူတိုင်း စွဲမက်စေသော အလှများဖြင့် ဖွဲ့စည်းထားခြင်း မရှိရုံမက…

စိန်၊ ရွှေ၊ ကျောက်မြက်ရတနာဆိုသော မိန်းမသားတို့၏ ကြွယ်ဝခြင်း အဆင်းတန်ဆာလည်း ဘာမှ မပါရှိပေ…။

သူတို့ ထွက်သွားပြီးနောက် အဘိုးကြီးက ကြင်နာစွာကြည့်၏။ အဘွားကြီးကဖြင့် ဖြစ်နိုင်လျှင် သူ့သားပြန်မလာမီမှာပင် အိမ်ပေါ်က မောင်းချပြစ်ချင်ပုံရသည်။

"ဘာပဲဖြစ်ဖြစ် မိန်းကလေး ကံကောင်းပါတယ်၊ ညက လေဆိပ်ကို နိုင်ငံခြားဧည့်သည် သွားကြိုတာ လေယာဉ်က ဒီလေး(Delay)ဖြစ်နေလို့ တော်တော်နဲ့ မရောက်လာပဲ ကြာလိုက်တာ၊ ဧည့်သည်ရောက်လာသူကို ဟိုတယ်ပို့ပြီး ဗိုက်ဆာလို့ ညစာဝင်စားတော့ပဲ ဆယ်နာရီလောက်ရှိပြီ တခါ ကားပျက်တော့ အိမ်ပြန်နောက်ကျရတဲ့အချိန်မှာ မင်းကို တွေ့လို့ တယ်လာနိုင်ခဲ့တာ ကားနဲ့မတိုက်မိတဲ့အတွက် မင်းရော ဘဘတို့ပါ ကံကောင်းကြတယ်။ မဟုတ်ရင် ဆေးရုံရောက် ရဲစခန်းရောက် ဖြစ်ကြရတော့မှာ…"

အဘိုးကြီး၏ နောက်ဆုံးစကားဖြစ်သော "ဆေးရုံ"နှင့်

www.burmeseclassic.com

www.burmeseclassic.com



"ရဲစခန်း"ဆိုသည့် စကားကို ကျွန်မ ချောက်ချားစွာ ကြားလိုက်ရပြီးနောက်မှာ–

"ဘဘနဲ့ ကြီးကြီးရယ်…သမီး ရှိခိုးပါတယ်၊ သမီး ဒီအိမ်က ပြန်ပါရစေတော့ သမီးကို ခုလို တညတာ ကယ်တင်ထားတာ ကျေးဇူးတင်လှပါပြီ၊ သမီးသွားပါရစေတော့ရှင်…"

"သမီးရဲ့ အိမ်ကို ပြန်စဉ်းစားလို့ ရပြီလား"

"ဟင်…ဟုတ်… ဟုတ်ကဲ့… ရပါပြီ"

"တယ်လီဖုန်းနံပါတ်ရော မှတ်မိလား"

"အိမ်မှာ ဖုန်းမရှိပါဘူးရှင်"

"ဘယ်မှာနေတာလဲ"

"ရန် …ရန်ကင်းမှာ"

စိတ်ထဲ ပေါ်လာသော နေရာကို ရမ်းပြောလိုက်သဖြင့် အဘွားကြီးက–

"ဒါဆိုလဲ အဝေးကြီး မဟုတ်ပါဘူး"

"ဟုတ်ကဲ့ ကျွန်မ သွားတတ်ပါတယ်။ ပြန်ပါရစေတော့နော်"

"သားပြန်လာတော့ ကားနဲ့ လိုက်ပို့ပေးမယ်လေ…"

"နေ…နေ…ပါစေရှင်"

"ဩော်… ကိုသန့်ဇင်ရယ်၊ ညကတောင် တစ်ယောက်ထဲ တွေ့လာတဲ့ မိန်းကလေးပဲ၊ ခုလို မနက်ခင်းမှာ သူ ဘာမှမပြန်ရဲစရာရှိလဲ၊ မေ ကားခပေးလိုက်မယ် တက္ကစီနဲ့ ပြန်ပစေပေါ့…"

"ဟုတ်…ဟုတ်ကဲ့ပါရှင်… ဩော်… ကျွန်မ အဝတ်တွေရော…၊ ကျွန်မကိုယ်ပေါ်မှ အဝတ်များကို ငုံ့ကြည့်ရင်း ပြောမိသည်။



"မချိုကို လှမ်းခိုင်းထားတယ်၊ ပို့ခိုင်းလိုက်မယ်…၊ လာ ကိုသန့်ဇင် မိန်းကလေးအဝတ်လဲပစေ"

မေ…ဆိုသော မိန်းမကြီးသည် သူ့ခင်ပွန်းကို ပြောပြနေပေလိမ့်မည်။

ညကြီးမင်းကြီး တွေ့လာသော မိန်းကလေးမို့ အကောင်းလား၊ အပျက်လား မပြောနိုင်ကြောင်း…

သားက သူ့အိမ်သို့ လိုက်ပို့လျှင် သူ့အိမ်သိပြီး ဒီလို လမ်းပေါ်က မိန်းကလေးမျိုးနှင့် အဆက်အသွယ် ဖြစ်သွားမှာ စိုးရိမ်ကြောင်း…

…များ ပြောကြားမည်မှာ မလွဲနိုင်ပါပေ…

အဝတ်တို့သည် ကောင်းစွာ ခြောက်သွေ့ခြင်း မရှိသော်လည်း… အေးစက်စက်အဝတ်များကိုပင် ဝတ်လိုက်ရသည်။ တစ်ကိုယ်လုံး ချမ်းစိမ့်တက်လာ၏။

"ရော့… ကားခတဲ့၊ ကျွန်မကို လမ်းထိပ်ထိ လိုက်ပို့ပေးလိုက်တဲ့၊ အစ်ကိုလေး ပြန်မလာခင် မြန်မြန်သွားကြတဲ့၊ လာ အစ်မ"

ကျွန်မကလည်း လမ်းမှာ လဲကျပြီး သေကာမှ သေရော ဒီအိမ်ရိပ်က လွတ်ရင် ပြီးပါပြီ။

မချိုဆိုသော ကောင်မလေး၏ လက်ကို ဆွဲပြီး ထွက်လာချိန်မှာ…ဦးသန့်ဇင်က တစ်ခုခုပြောမည့်ပုံဆဲ၊ မေဟု အမည်ရ

www.burmeseclassic.com

www.burmeseclassic.com



သော အဘွားကြီးက သူ့ခင်ပွန်း၏ လက်ကိုပါ ဆွဲပြီး တားမြစ်လိုက်သဖြင့် သူတို့ ကျန်ရစ်ခဲ့ကြသည်။

"ဒါ ဘာလမ်းလဲ ဟင်"

"တေးနယဉ်လမ်း၊ ၇ မိုင်ခွဲ"

တစ်ညတာ ခိုနားခဲ့ရသော ခြံကိုလည်း ပြန်ကြည့်လိုက်မိသည်။

သိပ်ပြီး ခေတ်မီလှသော တိုက်ကြီးမျိုး မဟုတ်၊ သာမာန် နှစ်ထပ်တိုက် ခိုင်ခိုင်ခန့်ခန့်သာ ဖြစ်သည်။ ခြံရှေ့တွင် ခြံ၏ အမည်ကိုလည်း ရေထိုးထားခြင်းမရှိ၊ ခြံနံပါတ်၏ ဆေးများပင် ခပ်ပျယ်ပျယ်...။

ကိစ္စမရှိပါ သိစရာလည်း မလို၊ နောက်တစ်ခေါက် ထပ်ရောက်ဖို့လည်း အကြောင်းမရှိ၊ လာခဲ့လျှင်လည်း အဘွားကြီးက မောင်းထုတ်မှာ သေချာသည်။

"အစ်မ အိမ်က စိတ်ပူနေမှာပဲနော်၊ ညက ပြန်မလာလို့လေ"

"အေးပေါ့"

"အစ်မမှာ ပိုက်ဆံအိတ်လဲ မပါဘူးလား"

လက်ထဲမှာ ငွေငါးရာ ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်မှလွဲ၍ ဘာပစ္စည်းမှ မပါရှိ။

သည်ကောင်မလေးပြောမှ သတိရသည်။

"စလင်းဘက်(ခ)"

"အို...ကားထဲမှာ ကျန်ရစ်ခဲ့ပြီ မြတ်စွာဘုရား ဒုက္ခပါပဲ



လူသတ်သမားကို ရဲက ပညာသုံးပြီးတော့တောင် ရှာနေစရာ မလိုဘူး၊ အဆောင်လိပ်စာတွေ၊ တယ်လီဖုန်းနံပါတ်တွေ၊ အသုံးစရိတ်တွေ ရေးထားတဲ့ မှတ်စုစာအုပ်ထဲမှာ အကုန်ရှိတယ်။ လိုင်စင်ခတ်ပုံလေးတောင် ပါလိုက်သေးတယ်"

"ခုလောက်ရှိ အဆောင်ကို ရဲတွေ လာရှာကြရော့ပေါ့"

"ဟိုလူကြီး သေပြီလား"

"မသေရင်တောင် ဒဏ်ရာပြင်းထန်စွာနဲ့ ဆေးရုံရောက်နေရောပေါ့"

ရင်တွေ လှပ်လှပ်ခုန်လာသည်...။

ပြည်လမ်းဘက် ထွက်ရာမှာ ကုန်းတက်ကလေးမို့ ပစ်လှဲချချင်လောက်အောင် စိတ်ရောလူပါ နွမ်းနွယ်နေချေပြီ။

လမ်းလျှောက်သော အရှိန် ဆေးရှိန်ကြောင့် ချွေးများ စို့တက်လာ၏။

"ကဲ...ကဲ...ညီမလေး ပြန်တော့"

"လမ်းထိပ်မှာ ကားလိုက်ငှားပေးမယ်လေ"

"နေပါစေတော့ကွယ် ကျေးဇူးပဲ၊ ပြန်တော့နော်"

"ကြည့်နေ အစ်ကိုလေး ပြန်လာရင် မမကြီးနဲ့ ပြဿနာတက်လိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"အစ်မကို ပြန်ခိုင်းလိုက်လို့ပေါ့"

"ဟင်"

"သူ့ကားနဲ့ တိုက်မိတယ် ထင်ပြီး ခေါ်လာတာကို

www.burmeseclassic.com

www.burmeseclassic.com



မေမေကြီးက ဆူနေတာ…အစ်ကိုလေးနဲ့ ဘဘကြီးက သိပ်သဘောကောင်းတယ် မေမေကြီးကသာ စူပုတ်နေတာ…”

“ကဲ…မချို ပြန်တော့ကွယ်”

“သွားတော့နော် အစ်မ”

“ဩော်…အစ်ကိုလေးဆိုတဲ့ လူ့ရဲ့ နာမည်က ဘယ်သူတဲ့လဲဟင်”

“ထွေးသန့်ဇင် တဲ့”

ကယ်တင်ရှင်၏ အမည်ကို သိထားချင်၍ မေးမိရုံမျှလွဲ၍ နောက်ထပ် ပတ်သက်စရာ မရှိတော့ပါဟူ၍ ကျွန်မ ထင်မှတ်ယုံကြည်လိုက်ပါသည်။

## အခန်းသုံး

အဆောင်မှာ ထားရှိသော တယ်လီဖုန်းက သိပ်ပြီး ဆက်ရခက်သည်။ ကြာမြင့်စွာ ခေါ်ပြီးမှ–

“သန်းသန်းစောကို ခေါ်ပေးပါ”

“အခု စကားပြောတာ ဘယ်သူလဲ”

“နယ်ကပါ သုံးဆယ်က ဆက်နေတာ မြန်မြန်ခေါ်ပေးနော်…”

အဆောင်၏ တယ်လီဖုန်းကို စောင့်ရသော အန်တီနွဲ့၏ တူမလေးက ခပ်အူအူအအမို့ ကျွန်မက အရေးကြီးဟန်ဖြင့် တမင်ပြောလိုက်ခြင်း ဖြစ်သည်။

အမှန်က ကျွန်မသည် ရှစ်မိုင်လမ်းဆုံ တစ်နေရာမှ ဆက်နေခြင်းသာ ဖြစ်ပါ၏။

“သန်းသန်းပါ မေမေလားဟင်”

မောဟိုက်စိုးရိမ်မှုများဖြင့် သန်းသန်း၏ အသံသြသြကြီးကို ကြားရပြီးချိန်မှာ…

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ သန်းသန်း တို့ပါ မဒီနွယ်ပါ"

"ဟင်...သုံးဆယ်ကဆို"

"မဟုတ်ပါဘူး။ ကောင်မလေး အကြားမှာတာ ဖြစ်ပါ လိမ့်မယ်...ဒီမှာ..."

ကျွန်မတို့ ဝန်းကျင်မှာ သဏ္ဌာစကားသည် ရှားပါးပစ္စည်း ဖြစ်၏။

"ဟေး...မဒီနွယ် ယူ ညက ဘာလို့ ပြန်မလာတာလဲ"

"မိုးတွေ သိပ်ရွာနေလို့ သန့်ရှင်းရေးလုပ်တဲ့ အစ်မကြီး အခန်းမှာပဲ အိပ်လိုက်တော့တယ်၊ ဒါနဲ့..."

အသံကို တည်ငြိမ်အောင် မနည်းကြိုးစားပြီး ထိန်းသိမ်း၍-

"ဒါနဲ့...အဆောင်မှာ ဘာထူးခြားသေးလဲ...ဟင်"

"ဘာကို ထူးခြားရမှာလဲ"

"ဩော်...ကိုယ့်ညွှန်သည်တွေ ဘာတွေများ ကိုယ့်ကို လာရှာသေးလားလို့ပါကွာ"

"မဒီ ယူ ဘာဖြစ်နေတာလဲ"

"အို...ကိုယ် ဘာမှမဖြစ်ပါဘူး။ ဘာဖြစ်လို့လဲ"

"တို့နဲ့ အတူနေတဲ့ ကာလတလျှောက်မှာ မဒီနွယ်ဆီ ဘယ်ညွှန်သည်များ လာဘူးလို့လဲ"

"ဟုတ်သား"

"ဒါများ အဆန်းလုပ်ပြီး မေးနေသေးတယ်"

"အေးကွာ ဆောရီး...ကိုယ်မရှိတုန်း အဆောင်မှာ ဘာများ ထူးခြားသေးလဲလို့ပါ"



"မိုးကောင်းက မလုကာလေးဆီကို အချိန်မီ ငွေမရောက် လို့ ဆိုပြီး အဘွားကြီး ပွမ်တယ် ဒါပဲ"

"ဒါဆို အဆောင်မှာ ဘာမှ မထူးခြားဘူးပေါ့နော်"

"အေး အဆောင်မှာတော့ မထူးခြားဘူး မဒီနွယ် ယူပဲ နည်းနည်း ထူးခြားနေတာ..."

"ဟင်..."

ကျွန်မ လန့်သွားပြီးမှ စကားသံ အိုက်တင်ပြောင်း၍-

"အဟဲ...ကိုယ်လဲ မထူးခြားပါဘူးကွာ၊ ဒါပဲ...ကိုယ် ခဏနေ ပြန်လာခဲ့မယ်နော်"

"လာလေ"

"ဒါပဲကွာ ကျေးဇူးပဲ"

သန်းသန်းဇော၏ စိတ်မရှည်သံကို ဆက်လက်နားမထောင် ရအောင် တယ်လီဖုန်းချပစ်လိုက်ရသည်။

အဆောင်ကိုတော့ ဘာပြဿနာမှ ရောက်မလာဘူး ဆိုပါ လား...

ဖြစ်နိုင်ရင် ညက သွေးပျက်မတတ် ကြောက်ရွံ့ခဲ့ရသော နေရာကို တစ်ခေါက်ပြန်သွားကြည့်ချင်မိသည်။

"ကားနှင့် အလောင်းကြီးက ဒီတိုင်းပဲလား။ တစ်ယောက် ယောက်က တွေ့သွားပြီး သက်ဆိုင်ရာကို တိုင်လိုက်ပြီလား..."

တရားခံတို့မည်သည် မိမိပြစ်မှု ကျူးလွန်ထားရာ နေရာ ကို တိတ်တခိုး လာရောက်ကြည့်ရှုလေ့ ရှိတတ်သည်ဟူ မှုခင်း ထဲမှာ ဖတ်ဖူးခဲ့သည်။ ယခုတော့ ကိုယ်တွေ့ ကြုံနေရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းချပြီး စတိုးဆိုင်ထဲက ထွက်ခဲ့သည်။ စိတ်တွေ ယောက်ယက်ခတ်နေသော်လည်း ယခုအချိန်မှာ ဘာကိုမှ မလှုပ်ရှား မစွမ်းဆောင်ချင်။

နွေးထွေးသော အိပ်ရာတစ်ခုပေါ်မှာ အားရပါးရ အိပ်စက်လိုက်ချင်သည်။

"အဆောင်ကိုပဲ ပြန်မှပါ"

မိမိပိုင်ဆိုင်သော ကျောချစရာ တစ်နေရာရှိရာ အရပ်သို့ ပြန်ရမည်လေ...၊ ဤနေရာမှ လွဲ၍ မိမိပိုင်ဆိုင် နားခိုရာ နေရာ ဤကမ္ဘာမြေမှာ တစ်နေရာမှ မရှိပါချေ...။

အငှားကားတစ်စင်းက သုံးရာတောင်းသည် ငြင်းမနေတော့ပါ။ အမြန်ဆုံး ပြန်ချင်ပြီမို့ တက်စီးခဲ့ရသည်။

လမ်းထဲရောက်တော့လည်း စိတ်တွေ ပြန်လည် ပူလောင်လာသည်။

"အခုမှ ရဲတွေရောက်လာပြီး ငါနဲ့များ တည့်တည့်တိုးမလား"

စိုးရိမ်စိတ်ဖြင့် ရှေ့သို့ ကဲကြည့်မိသည်။

"မဒီဆောင်"

ဆိုသော ဆိုင်းဘုတ်ရှေ့မှာ တမင် ရပ်မခိုင်း...

ခြံထဲကို အသေအချာ လှမ်းကြည့်ပြီး နှစ်ခြံကျော်သွားမှ...

"အဲ...အဲ...ဟုတ်ပြီ၊ အဲဒီခြံရှေ့သာ ရပ်ပါ"

အဆောင်ရှေ့ ကွက်လပ်မှာ ရဲတွေ လူတွေ ရှိနေလျှင် ဆက်မောင်းခိုင်းမည်။ သည်ကားနှင့်ပင် ပြန်လိုက်တန် လိုက်



သွားမည်။ ကျွန်မ၏ အတွေးက ကောင်းမွန်လျှော်ကန်ပါ၏။ သို့သော် နှစ်ခြံလောက် ပြန်လျှောက်ခဲ့ရပြီး...

"ဘယ်လိုပါလိမ့်"

ဆိုသော အကြည့်ဖြင့် ပြန်ကွေ့မောင်းလာသော ကားဆရာကပင် ငုံ့ကြည့်သွားသော်လည်း ကျွန်မကတော့ ခပ်တည်တည် ပုံစံမျိုး သရုပ်ဆောင်လိုက်ရသည်။

အဆောင်ဧည့်ခန်းထဲမှာ ဖုန်းစောင့်ရင်း ငိုက်နေသော ကောင်မလေးကိုပင် အသံမပေးတော့ပဲ အဆောင်ထဲသို့ ဝင်ရောက်ခဲ့သည်။

ကျွန်မနေရသော ခြောက်ယောက်ခန်းမှာ လေးယောက်က နေ့ခင်းအလုပ်သွားရသည်။ ထိုလေးယောက်မှ နှစ်ယောက်က ကုမ္ပဏီမှာ နှစ်ယောက်က စတိုးဆိုင်မှာ သန်းသန့်စောက အဝေးသင်တက္ကသိုလ် စာမေးပွဲလာဖြေသူ မကြာမီ ပြန်မည်။

ရေချိုးခန်းမှ အသံကြားရသဖြင့် ညွန်းသန့်စော ရေချိုးနေကြောင်း သိရသည်။

ကျွန်မက ကိုယ်ပေါ်မှ အဝတ်များကို အမြန်ချွတ်ပြီး အိမ်နေရင်း အဝတ်နှင့် လဲလှယ်ရ၏။ စိုထိုင်းထိုင်း အဝတ်များပင် ကျွန်မ၏ ကိုယ်ပူရှိန်ကြောင့် ခြောက်သွေ့သွားပြီ။

ညဝတ်အိပ်သော ဖလန်နယ်အကျီကို ထပ်ဝတ်လိုက်ချိန်မှာ ကျွန်မအတွက် ရွှေထည်ပစ္စည်းတစ်ခုကို ပြန်တွေ့လိုက်ရသလို တန်ဖိုးရှိလှချေ၏။

ကျွန်မ၏ မှတ်စုစာအုပ်ကလေး...

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တွင် ကျန်ရစ်ခဲ့သော စလင်းဘတ်(ခ)ထဲတွင် ညဝတ်စွယ်တာအနက်ရောင် ကရင်ပတ်ဖိ၊ နှုတ်ခမ်းနီဘူးနှင့် ငွေခုနစ်ရာခန့်သာ ပါရှိသည်။ ထိုငွေသည်လည်း ကျွန်မ၏ ချမ်းသာသမျှသော ငွေအကုန်လုံး ဖြစ်သည်။

ငွေဆုံးပါစေ...ကျွန်မ နှမြောမနေတော့ပါ။ သည်စာအုပ်ငယ်လေး ကျန်ရစ်ခဲ့ခြင်းက ဘုရားမ,တာပဲ ဖြစ်သည်။

အကာယ်၍သာ

ကားပေါ်မှ လူကြီးသေဆုံးခဲ့ပါလျှင်လည်း ကျွန်မကို လွယ်လွယ်နှင့် ခြေရာခံ၍ ရနိုင်မည် မဟုတ်ပါ။

သို့ပါသော်လည်း...

စိတ်အေးလက်အေး စိတ်ချလက်ချဖြင့် သည်နေရာမှာ ကျွန်မ ဆက်နေ၍ မဖြစ်နိုင်တော့ပါချေ။ တချိန်ချိန်မှာဖြင့် ကျွန်မကို သက်ဆိုင်ရာက တွေ့ရှိအောင် ရှာဖွေကြပါလိမ့်မည်။

ကိုယ်ပူရှိန်ရှာ မြင့်လာသည်။ မျက်စိပင် မဖွင့်ချင်တော့ပါ၍ ကျွန်မ၏ တစ်ခုတည်းသော ပိုင်ဆိုင်မှုဖြစ်သည်။ ခေါက်ခုတင်လေးပေါ်သို့ လှဲချပြီး စောင်ခြုံ၍ ကွေးလိုက်ရသည်။ ကိုယ်က ခြစ်ခြစ်တောက် ပူနေသော်လည်း ကျွန်မ၏ ခြေဖျားနှင့် လက်ဖျားများက အေးစက်လျက်...

"အင်း...မနက်ထမင်းတစ်နပ်ကို ချက်စား ညစာကို စားသောက်ဆိုင်မှာ စားပြီး ခုလို ကျောချစရာ တစ်နေရာလေး ရှိရာကနေ ထပ်ပြီး လွင့်စင်ရဦးတော့မှာပေါ့လေ"

"မဒီနွယ်"ဆိုသည်ကပင် ကျွန်မ၏နာမည်ရင်း မဟုတ်ပါချေ။



ဘဝသစ်တစ်ခုကို မွေးဖွားချိန်က ပေးထားခဲ့သော အမည် ဖြစ်လေသည်။

ထိုသို့ သင့်မျှနေသော ဘဝလေးတစ်ခုကို ကံဆိုးစွာပင် ဤနေရာမှာ အဆုံးသတ်ရပေတော့မည်။

ဆက်လက်တည်ဆောက်ရပေဦးမည့် ဘဝသစ်တစ်ခုကို စဉ်းစားနိုင်သေးပါ။

ဟိုအိမ်မှာ သောက်ခဲ့သော ဆေးများထဲတွင် အိပ်ဆေးများ ပါလေသလားပင်...များသောအားဖြင့် အအေးမိခြင်းကို ကာကွယ်သည့် ဘာမီတွန်လို ဆေးမျိုးသည် ငိုက်မြည်းအိပ်စက်စေနိုင်သည် လေ။

သွေးပျက်ဖွယ် ချောက်ချားမှုများအားလုံး လက်ရှိ အသိဉာဏ်ထဲမှ တဖြည်းဖြည်း ဝေးဝေးသွားပြီး နောက်ဆုံး ပျောက်ကွယ်သွားချိန်မှာ...

ကျွန်မ၏ အသိဉာဏ်ကို ကန့်လန့်ကာ အမည်းကြီး ကာဆည်းလိုက်သည်သို့ပင် အရာခပ်သိမ်းသည် ပိန်းပိတ်အောင် မည်းမှောင်သွားပြီး ကျွန်မ နစ်မြုပ်စွာ အိပ်ပျော်သွားခဲ့ပါပြီ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း၆

"ဟေး… မဒီ.ှ. မဒီနွယ်"

ကိုယ်ခန္ဓာသည် ချောက်ကမ်းပါးနက်ကြီးထဲသို့ ပြုတ်… အံဆဲဆိမို့ ကုပ်ကပ်တွယ်ဖက်ထားရပြန်သည်။

"မဒီနွယ်…ဟေး ယူ အိပ်မက်ဆိုးတွေ မက်နေသလား…"

အသံသဲ့သဲ့ကို ကြားရခြင်းနှင့်အတူ တစ်ကိုယ်လုံး မလှုပ်… မလှုပ်သာ လက်အံသေလုမျှ ကုပ်တွယ်ထားရမှုသည် ပြီးဆုံး… မည်။ ကျွန်မ ဆက်၍တောင့်မခံနိုင်တော့ပါ။ အားကုန်အင်က… ကုပ်တွယ်ထားပါလျှက် လက်အံသေကာ ပြုတ်ထွက်သွားခဲ့… နက်လှစွာသော ချောက်ကြီးထဲသို့ အရှိန် နှင့် ထိုးကျသွားသဖြင့်…

"အား…"

ကြုံးအော်ပြီး ရုန်းထလိုက်ချိန်မှာ သန်းသန်းစော ကျွန်… ကို ပွေ့ယူမှေးမှိထားလိုက်ပြီး…



"ဟေး…ယူ သတိရပြီနော်"

"အင်း…ရေ…ရေပေးပါ အာတွေ ခြောက်လှပြီ"

ပူခြစ်ခြောက်ကပ်နေသော အာခေါင်နှင့် ရင်ထဲထိအောင် …ရအေးတစ်ဖန်ခွက်ဝင်သွားသဖြင့် အနည်းငယ်မျှ တည်ငြိမ်မှု …လာခဲ့သည်။

"ချွေးတွေလဲ နစ်နေတာပဲ အင်္ကျီလဲလိုက်မလား"

"အင်း"

စိတ်ကို မနည်းတည်ငြိမ်အောင် ကြိုးစားထားနိုင်သော် …သည်း ကိုယ်ခန္ဓာက နွမ်းနယ်နုံးခွေနေ၏။ ရင်သည် လှပ်လှပ် …နေခြင်းမှာ အစာလည်း မရှိ၊ ဆေးကလည်း ပြင်းသဖြင့် …က်တွေပါ တုန်နေ၍ အင်္ကျီ လုံချည်ကို မနည်းလဲဖယ်ရသည်။

"ဘာလုပ်မလို့လဲ"

"သိပ်ဆာလို့ မုန့်ကျွပ်စားမလို့"

ကိုယ့်အတွက် ရထားသော စားပွဲခုံငယ်ပေါ်ရှိ နို့မှုန့်ဗူး …ဘာင်းထဲမှ အပေါစား ပေါင်မုန့်ကျွပ်ကို မနည်းဝါးပြီး ရေနှင့် …ချနေရသည်။

"ကော်ဖီလေးရှိရင် ကောင်းမှာနော်"

သန်းသန်းစော၏ စေတနာစကားလေးကို ခေါင်းညိတ် …လိုက်ရသည်။ စကားမပြန်နိုင်သော်လည်း စိတ်ထဲမှ…

"ကော်ဖီဆိုတာ တို့လို အဆင့်အတန်းနဲ့ အမြဲသောက်နိုင် …ဲ့ အာဟာရမဟုတ်တော့ဘူးလေ"

သာမန်လူတွေဟာ ကော်ဖီမပြောနှင့် ဟင်းလျာကိုပင်

www.burmeseclassic.com

www.burmeseclassic.com



အရံအာဟာရအဖြစ် သတ်မှတ်၍ ဆန်ဖိုးကိုသာ လုံးပမ်းနေ[ရ]
ရသော ကာလ...

မုန့်ကျွပ်နှစ်ချပ်နှင့် ရေနောက်တစ်ဖန်ခွက် ဝင်သွားသည်
အခါ ရင်အပူသည် အနည်းငယ် အေးငြိမ်းသက်သာသွား၏

"နေ့လည် တစ်နာရီတောင် ခွဲပြီပဲ၊ ကိုယ်အိပ်နေတုန်းက
အဆောင်မှာ ဘာထူးခြားသေးလဲဟင်..."

"မဒီမေးခွန်းတွေက အဆန်းချည်းပဲ ဒီအဆောင်မှာ အဘွား
ကြီး ဆုံသကလွဲပြီး ဘယ်တုန်းက ဘာများ ထူးခြားသေးလို့လဲ"

"ဩော်...အင်း...ဟုတ်သား"

"ယူ့ကြည့်ရတာ တအား ချောက်ချားနေသလိုပဲ ညက
ဘာဖြစ်ခဲ့လို့လဲ"

"အို...ဟင်အင်း...မဖြစ်ဘူး...ဘာမှမဖြစ်ပါဘူး"

ငြင်းဆန်ပုံကိုက သိပ်ပြာလွန်းသည်။

သန်းသန်းစော၏ သံသယမျက်လုံးများအောက်တွင် ကျွန်မ
သတိထား၍ တည်ငြိမ်နေသင့်ပြီဟု သိလိုက်ပါပြီ။

အလွန်ဆုံး ယောကျ်ားတစ်ယောက်၏ ရင်ခွင်မှာ ညက
အိပ်စက်ခဲ့ပြီဟု သူ မှန်းဆပေမည်။ ကျွန်မ၏ သွေးပျက်မတတ်
ကြောက်လန့်ခဲ့ရသောအဖြစ်...လူတစ်ယောက်ကို ဝက်အူလှည်
ကြီးနှင့် ထိုးသတ်ခဲ့သည့် အဖြစ်မျိုးထိအောင် ကြီးကျယ်စွာ
ဆိုးဝါးပေလိမ့်မည်ဟု သူတွေးဖြစ်မည် မဟုတ်ပါ။

ကျွန်မ စိုးရိမ်ထိတ်လန့်နေသည်နှင့် ဆန့်ကျင်စွာ ကြို့ကုန်
ရိပ်သာ၏ အဆောင်ငယ်လေးအတွင်းမှာ တိတ်ဆိတ်အေးချမ်း



ငြိမ်သက်လျက်ပင်။

"ငါ ဒီမှာ ဆက်ပြီး နေလို့ ရချင်သာရမယ် "စိတ်ဖြေရာ"
မှာတော့ သီချင်းဆက်ဆိုလို့ မဖြစ်တော့ဘူး"

"ဒီအသိုင်းအဝိုင်းနဲ့ ဝေးရာကို သွားမှ"

"ဒီအဆောင်က ထွက်မှ ဖြစ်တော့မယ်"

ကိုယ်မြတ်နိုးသော အနုပညာကို အရင်းအနှီးပြုကာ ထမင်း
နပ်မှန်၍ ကျောတစ်နေရာ ချစရာ ရပြီးကာမှ လွင့်စင်ရပြန်ဦး
တော့မည်လေ...။

"ဒီည သွားဆိုနိုင်ပါ့ဦးမလား မဒီနွယ်"

"ဘယ်သွားနိုင်ပါ့မလဲ တယ်လီဖုန်းနဲ့ ခွင့်တိုင်လိုက်မယ်
လေ"

အမှန်တော့ တိုင်စရာလည်း မလိုပါ ကျွန်မသည် ဦးကျင်
ဝင်း အားထားလောက်သော အဆိုတော်တစ်ယောက် မဟုတ်ပေ။

သံစဉ်အေးအေးနှင့် ခပ်လေးလေးသီချင်းများကို သီဆိုသူမို့
ပန်းကုံးလည်း သိပ်မရ။

ရုပ်ကလည်း သိပ်ဖွဲ့မက်စရာ ကောင်းလှသည် မဟုတ်၊
သီဆိုသောအခါမှာလည်း နှင်းဆီဖူးတို့ ပပစန္ဒီတို့လို သွေးဆူတက်
ကြွအောင် ခုန်ပေါက်လှုပ်ရမ်း၍ ဆိုတတ်သူ မဟုတ်သဖြင့်
ကျွန်မ ထွက်သွားလျှင်လည်း ဦးကျင်ဝင်းက နှမြောနေမည်
မဟုတ်ပါ။

စားသောက်ဆိုင်မှ အဆိုတော်ဆိုသော ကျွန်မဘဝ၏
အပိုင်းကဏ္ဍလေးတစ်ခုမှာ ပြီးဆုံးနိဂုံးချုပ်ရပါတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



"သန်းသန်းက ဘယ်လဲ"

သူ့ပစ္စည်းများ သိမ်းဆည်းနေ၍-

"ကိုယ် ပြန်တော့မလို့"

"ဟင်...ဘယ်ကိုလဲ စာမေးပွဲ မဖြေတော့ဘူးလား"

"ဖြေမှာပေါ့"

"ဒါဖြင့် အဆောင်ပြောင်းမှာလား"

"မဟုတ်ဘူး၊ မေမေနဲ့ ညီမလေးတို့ လာကြမယ် ဖေဖေ က လိုက်ပို့ရုံပါ၊ ကိုယ်တို့ မိသားစုသုံးယောက် ခံနေရာတကျ ရှိပြီးရင် ဖေဖေက ပြန်မှာ"

"ဩော်"

"ဒဂုံမြို့သစ်မှာ ဦးလေးက တိုက်ဆောက်ထားတယ်လေ အဲဒီမှာ ဘယ်သူမှ မနေဘူး အားနေလို့ ကိုယ်တို့တွေ သွားနေ ကြမလို့ မေမေနဲ့ ညီမလေးက ကိုယ့်ကို ချက်ပြုတ်ကျွေးမှာပေါ့ စနေ၊ တနင်္ဂနွေ ကိုယ် ပရက်တီကယ်လ်သွားရတဲ့နေ့မှာ ရန်ကုန် မှာ အိမ်ထောင်ကျနေတဲ့ အစ်ကိုက သူ့ကားနဲ့ ပို့ပေးမယ် ကြို ပေးမယ်တဲ့လေ၊ မေမေနဲ့ ဖေဖေနဲ့က အဖြစ်သည်းတာပါကွ သူများတွေလဲ ဒီလိုပဲ လာဖြေနေကြတာလေ အိမ်က ကိုယ့်ကို သိပ်ချစ် သိပ်အရေးထားကြတာ"

မေတ္တာတရား၏ ပြည့်စုံခြင်း မနွေကြေး၏ ပြည့်စုံခြင်း မိသားစု၏ ချစ်ခင်စည်းလုံးမှု ပြည့်စုံခြင်း ဆိုသည့် လောက ပြည့်စုံခြင်း အပေါင်းကို ပိုင်ဆိုင်ခွင့် ရရှိနေသော သန်းသန်း ဓာ၏ ဘဝကို အားကျစိတ်ဖြင့် ငေးမောနေမိသည်။



"အဲဒီအိတ်ကလေးတစ်လုံးကို ဘာလုပ်ရမှန်းတောင် မသိပါဘူး"

"ဘာအိတ်လဲ"

"ဆုံးသွားတဲ့ သူငယ်ချင်းတစ်ယောက်က အပ်ခဲ့တာ"

"ဟုတ်လား"

"အေးလေ ဒီမိန်းမ နိုင်ငံခြားရောဂါ ထပြီး ထွက်သွားတာ ဂျပန်သွားရမယ်ဆိုပြီး ခေါ်သွားတာ ဘန်ကောက်မှာ သောင်တင် နေတာလေ အဲဒီမှာ အစာအိမ်ပေါက်ပြီး သေတာ"

"အို"

"အတူနေတဲ့ လူတွေကလဲ ဗိုက်အောင့်တယ်ဆိုတာကို ခပ်ပေါ့ပေါ့ပဲထင်ပြီး အပြင်သွားကြတယ်တဲ့ တစ်ယောက်ထဲ လိမ့်နေတာပေါ့။ အတူနေ အဖော်တွေ ပြန်လာတော့မှ ဆေးရုံ ပို့ကြတာ အချိန်လွန်သွားလို့ မရတော့ဘူးတဲ့၊ ဟိုမှာပဲ ဝိုင်းပြီး သဂြိုဟ်ပေးလိုက်ကြရတယ်တဲ့"

"အို...သူ့မိဘတွေရော လိုက်သွားခွင့် ရလား"

"ဘယ်ရမှာလဲ ဒီနိုင်ငံကနေ ချက်ချင်းထထွက်သွားလို့ ရတာမှ မဟုတ်တာ Pass Post လုပ်တာက အနည်းဆုံး သုံးလ ကြာတတ်တာလေ"

"အို သနားစရာပဲ သူ့မိဘတွေကတော့ သိပ်ဆွေးကြမှာပဲ နော်"

"ဟုတ်တယ် ဆွေးပြီ သူ့သမီး မသေခင် အကြာကြီးထဲ က မိဘတွေက သေနှင့်လို့ အရိုးဆွေးပြီလို့ ပြောတာ ညီကို

www.burmeseclassic.com

www.burmeseclassic.com



မောင်နှမအရင်းအခြာလဲ မရှိဘူး”

“ဩော်”

“မိဘတွေက နယ်ကပါ။ မွန်ပြည်နယ် ဘီလူးကျွ
မုရစ်ကလေးရွာကတဲ့ သူရန်ကုန်ရောက်နေတာ ကြာပါပြ
အိမ်ထောင်တောင် ကျဖူးတယ်...တဲ့။ ဒါပေမယ့် ကွာရှင်းပြတ်
ပြီးမှ ထွက်သွားတာတဲ့...။

“သနားစရာပဲ သူ့ဓာတ်ပုံ ရှိလားဟင်”

“ရှိတယ် မြန်မာမှတ်ပုံတင်တောင် ကျန်ခဲ့တယ်။ ဟိုမှ
မြန်မာမှတ်ပုံတင်က သုံးမရဘူးလေ Pass port နဲ့ပဲ နေရတာ
မဟုတ်လား၊ ဒီမှာ ကြည့် ယူနဲ့တောင် ခပ်ဆင်ဆင်။ ဒါပေမယ့်
သင်းသင်းက ပိုပြီး အသားဖြူတယ်”

““သင်းမြလှိုင်”အမည်ရှိ သင်းသင်းဆိုသော မိန်းကလေး
၏ မှတ်ပုံတင်နှင့် ဓာတ်ပုံသုံးပုံကို ယူကြည့်မိသည်။

“အေးဟယ် သနားစရာ သန်းသန်း ယူမသွားချင်ရင်
ကိုယ့်ဆီမှာ ထားခဲ့လေ”

“ကောင်းသားပဲ ယူထားလိုက်လေ၊ အိမ်ပါသွားရင် အိမ်
အရစ်ရှည်ပြီး မေးကြမြန်းကြဦးမှာ”

“ရှဲ့အိတ်ကလေးတစ်ခုတွင်းမှ ကွယ်လွန်သူ၏ ပိုင်ဆိုင်
မှု အချို့က ကျွန်မ၏ လက်ဝယ်သို့ ရောက်ရှိလာသည်။

ထိုနေ့ညနေစောင်းတွင်...

သန်းသန်းစော၏ မိခင် ညီမလေးနှင့် ယောက်မဖြစ်သူ
တူလေးတစ်ယောက်တို့က အဆောင်ထဲထိ ဝင်လာပြီး ပစ္စည်း



သယ်ကာ ပြုံးရွှင်ပျော်မြူးစွာ နှုတ်ဆက်ထွက်ခွာသွားကြသည်။

သူ၏ ပိုက်ဆံအိတ်ကလေးမှ လွဲ၍ သန်းသန်းစောက
ဘာမှ ကိုင်မသွားရပါ။ အပြင့်မှာလည်း အစ်ကိုအရင်းက
ားနှင့် အဆင်သင့် စောင့်နေသည်။

သူ့ဘဝအတွက် ဝမ်းသာပေးမိလေ...ကိုယ့်ဘဝအတွက်
ားငယ်ကြေကွဲမိလေပါ။

သန်းသန်းစော ပြန်သွားပြီးမှ ဆန်ကို ဖြုတ်၍ ဆားနှင့်
သောက်လိုက်သည်။ အသင့်ရှိနေသော ပါရာစီတမောလ်နှင့်
ာမီတွန်လည်း သောက်လိုက်သဖြင့် အဖျားကတော့ ကျသွားပြီ။

ခြံရှေ့မှာ ကားရပ်သံကြားတိုင်း ရဲကားများလားဟူသော
ကြောက်လန့်စိတ်ဖြင့် ခြံအားပေါက်မှ ထွက်ထွက်ကြည့်ရသည်
လည်း အခါခါ...

ထိုညဦးက သေဆုံးသူ၏ သုံးစွဲပြီးသား ပစ္စည်းအချို့နှင့်
၏ ဓာတ်ပုံ။ သူ၏မှတ်ပုံတင်ကို ကြည့်နေရင်းမှပင် စိတ်ကူး
တစ်ခု ကျွန်မ၏ ခေါင်းထဲသို့ လက်ခနဲ ဝင်ရောက်လာပါ
တော့သည်။

ကျွန်မ နောက်တစ်နေ့ရာပြောင်းမည်။ ကျွန်မ ဤမှတ်ပုံ
င်ကို ကိုင်ဆောင်မည်။

မဒီနွယ်ဆိုသည်ကပင် ကျွန်မ၏ အမည်ရင်း မဟုတ်ပါ။
ကျွန်မ၏ ဒုတိယဘဝမှ အမည်ဖြစ်သည်။

ထိုမဟုတ်သော အမည်ကို အပြီးတိုင် သတ်ပစ်လိုက်သော
သည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်လျှက်ရှိနေဆဲ မဒီနွယ်ဆိုသော ကျွန်မက သေဆုံးပြီး...

နိုင်ငံရပ်ခြား၌ ကွယ်လွန်ပြီးသား "သင်းမြလှိုင်"က ဤမြန်မာ့မြေတွင် ပြန်လည် ရှင်သန်သက်ဝင် လှုပ်ရှားလာစေရမည်။

ကျွန်မသည် မဒီနွယ် မဖြစ်ခင် ဘဝ၏ ပထမပိုင်းကာလများဆီက ကျွန်မ၏ အမည်မှာ "**နေကြာ**"

နေကြာပန်း၏ ဘဝနှင့် တူညီစွာ အပူဒဏ်ကို ကြံ့ကြံ့ခံ၍ ပွင့်ဝေနေခဲ့သော ပထမဘဝများကို စာတိသိမ်းကာ...

"**မဒီနွယ်**"ဆိုသော စားသောက်ဆိုင်မှ အဆိုတော်မလေးတစ်ယောက်၏ ဘဝကိုလည်း နိဂုံးချုပ်လိုက်ပြီးနောက်...

ဆုယ်တန်းပင် မအောင်သော ကျွန်မသည် တက္ကသိုလ်မှ မြန်မာစာ အဓိကဖြင့် ဘွဲ့ရပြီးသား "**သင်းမြလှိုင်**"အဖြစ်နှင့်-

ကျွန်မ၏ တတိယဘဝကို စတင်ပါတော့မည်...။

❀ ❀ ❀

အခန်း(၃)

တနေ့တခြား လူသုံးကုန်များ စားစရိတ်၊ နေစရိတ်များ အဆမတန် ကြီးမြင့်လာသော်လည်း မိန်းကလေးငယ်များအတွက် အလုပ်အကိုင် မရှားခြင်းက ဖြေသာစရာတစ်ခုပါပင်...။

ကျွန်မ အလုပ်တစ်ခု ရခဲ့ပါပြီ...

စတိုးဆိုင်လို၊ ဈေးဝယ် ဈေးလာသူများစွာနှင့် ဆက်ဆံရသော ပေါ်ပေါ်ထင်ထင် အလုပ်မျိုးကို ကျွန်မ ရှောင်ပါသည်။

မြို့လယ်မှ မဂ္ဂဇင်းတိုက်တစ်ခုတွင် စာရင်းရေးမှတ်ရသော အလုပ်နှင့် မဂ္ဂဇင်းနှင့် သက်ဆိုင်သော ကိစ္စအားလုံး ရေးရမှတ်ရ၊ စာရင်းပြုစုရသော အလုပ်ကို ရရှိခဲ့သည်။

မဂ္ဂဇင်းတိုက်ဆိုသည်က စီးပွားရေးလုပ်ငန်းရှင်များ၊ အရာရှိကြီးငယ်များ၊ ကုန်သည်ပွဲစားများ လာရောက်လေ့ရှိသော နေရာမျိုး မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာ၊ ပန်းချီဆရာတို့ ဝင်ထွက်လေ့ရှိသော နေရာမျိုးသာ ဖြစ်သည်။

ထိုသို့ ရောက်လာကြသူများကိုလည်း ကျွန်မက ဧည့်ဝတ်ပြုစရာ မလိုပါ။ ဧည့်ခံမည့် တာဝန်ခံအယ်ဒီတာ၊ အမှုဆောင်အယ်ဒီတာများ ရှိနှင့်ပြီးသား။

ကျွန်မက စာရေးမ သဘောမျိုး၊ ဧည့်ခန်း၏ နောက်ဘက်မှာ ကုလားထိုင်တစ်လုံး စားပွဲတစ်လုံးနှင့် တနေကုန်နီးပါး ထိုင်၍ ရေးမှတ်စာရင်းသွင်းခြင်းများဖြင့် အချိန်ကုန်ရသည်။ တစ်ခါတစ်ရံမှာ ကွန်ပျူတာစာစီပြီးသားကို မူရင်းစာမူနှင့် တူ မတူ ဖတ်ရှုစစ်ဆေးပေးရသည်။

ဤအလုပ်၌ ကျွန်မ ပျော်မွေ့နှစ်ခြိုက်သည်။

"ကံကောင်းလို့ ဒီအလုပ်ရတာ"

ဟူ၍လည်း အမြဲ ခံယူထားပါသည်။ ထိုမဂ္ဂဇင်းတိုက်မှ တစ်ဆင့် ကျွန်မ၏ဘဝသည်။ "စင်ပေါ်ရောက်သွားပြီ"ဟူ၍ ပြောယူရလောက်အောင် ပြည့်စုံအောင်မြင်ခြင်းအပေါင်းကို ကျွန်မ ရယူပိုင်ဆိုင်နိုင်တော့မည်လေ။

ဤမဂ္ဂဇင်းတိုက်မှ တာဝန်ခံအယ်ဒီတာ ကျွန်မတို့၏ "ဆရာ"သည် အလွန်စေ့စပ်သေချာပြီး စနစ်ကြီးသူ တစ်ယောက်ဖြစ်သည်။

သူ၏ တပည့်တစ်ယောက် ဖြစ်ရခြင်းအတွက် စည်းနှင့်စနစ်နှင့်၊ စာရင်းနှင့် ဇယားနှင့် တိတိကျကျ ရှိဖို့ လိုအပ်ကြောင်း ကျွန်မ နားလည်လာခဲ့ရသည်။



"ဒီလ "ရီတန်း"တွေ ပိုများသလား မသင်း"

"အရင်လထက် ခွန်နှစ်အုပ်ပဲ ပိုပါတယ် ဆရာ။ သုံးလဆက်ပြီး မရွေးတာ လေးမြို့၊ နှစ်လဆက်မရွေးတာ ရှစ်မြို့ပါ။ ကျန်တာတွေက ဒီလပဲ မရွေးတာပါ"

"ဟုတ်ပြီ သုံးလဆက်တိုက် မရွေးပဲ ရီတန်းလုပ်ပြီး ပြန်ပို့ရင် စာအုပ်ကိုယ်စားလှယ် စာရင်းက ပယ်လိုက်တော့"

"ဟုတ်ကဲ့ ဒီလယ်ဂျာစာအုပ်မှာ မှင်နီတွေနဲ့ ပြထားပါတယ်"

"အေးအေး မသင်းရောက်လာမှ စာအုပ်ပို့ရတာရော ငွေအဝင်အထွက်စာရင်းပါ အားလုံး စနစ်ကျလာတယ်"

"ကျေးဇူးတင်ပါတယ် ဆရာ"

အသက်သုံးဆယ်ကျော်ရွယ် စာပေသမားကြီး "ဆရာကိုထွန်းသစ်"ကို လှိုက်လှဲစွာ ကျေးဇူးတင်မိပါသည်။

"ရောက်လာတဲ့ စာအိတ်တွေ ဖောက်ရင်း စာမူတွေ ဖတ်မိတာတော့ ခွင့်လွှတ်ပါနော် ဆရာ"

"ရတယ်လေ ကိုယ့်တာဝန်ကျေဖို့က အဓိကပဲ"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ ဆရာ"

နယ်စာမူသာမက ရန်ကုန်မှ နာမည်ကြီး စာရေးဆရာများ၏ စာမူမျိုးစုံကိုလည်း မဂ္ဂဇင်းမထွက်မီကပင် ကြိုတင် ဖတ်ရှုခွင့်ရနေသဖြင့် ကျွန်မ သိပ်သဘောကျမိပါသည်။

ကျွန်မသည် အနုပညာနှင့် ပတ်သက်လျှင် အကျွံပိုး ပါသနာပါသူတစ်ယောက် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အငြိမ့်မင်းသမီးများ၊ ဇာတ်မင်းသား မင်းသမီးတို့၏ အကကို အဆို၊ အငိုများကိုလည်း ကိုယ်ပါ လိုက်လံခံစားပြီး ကြည့်ရှုတတ်သူ ပါ၏။

ရုပ်ရှင်မင်းသား ၊ မင်းသမီးတို့ လွမ်းခန်း ဆွေးခန်းကို ကြည့်၍ လိုက်ပြီး မျက်ရည်ကျတတ်ရုံမက ဝတ္ထုဖတ်လျှင်လည်း မျက်ရည်မဆည်နိုင်၊ အရေးကောင်းလှသော စာရေးဆရာမတို့၏ အလွမ်းနိဂုံးဇာတ်လမ်းဆိုလျှင် ငိုရလွန်း၍ မျက်လုံးတွေနီ ခေါင်းတွေ ကိုက်လာသည်အထိပါ။

တေးဂီတဆိုလျှင်လည်း ကိုယ်တိုင် သီချင်းတစ်ပုဒ် စပ်ပြီး အဆိုတော် ဖြစ်ခဲ့ရသည်အထိ ဝါသနာကြီးခဲ့ပါ၏။

အနုပညာလောက အထူးသဖြင့် တေးဂီတလောကမှာ အောင်မြင်ဖို့ဆိုသည်က–

ငွေကြေးပြည့်စုံ တောင့်တင်းရမည်။

ကြော်ငြာခ သိန်းချီ၍ အကုန်ခံနိုင်ရမည်။

တေးရေးဆရာများက နာမည်ကြီးတွေချည်း ဖြစ်ရမည်။

တီးခတ်ခြင်း၊ အသံဖမ်းခြင်း၊ ထုတ်လုပ်ခြင်းများ အားလုံး အားကောင်းရမည်။

အဘက်ဘက်က ပံ့ပိုးမှု စွမ်းအားကောင်းအောင် ကိုယ်တိုင်က ငွေလမ်းခင်းနိုင်ရမည်။

စီးရီးတစ်ခွေစာအတွက် ငွေဆယ့်ငါးသိန်းနှင့် အထက် အကုန်ခံနိုင်ရမည်။

အသံကောင်းရုံ ဆိုတတ်ရုံမျှ လွဲပြီး အထက်ပါ အချက်အလက်များ ဘာတစ်ခုမှ မပြည့်စုံသော ကျွန်မ စီးရီးခွေထုတ်ရန်



စိတ်ကူးပင် မယဉ်ဝံ့ခဲ့ပါ။

အနုပညာနှင့် ပတ်သက်၍

ကျွန်မ အမြတ်နိုးဆုံး၊ တန်ဖိုးအထားဆုံး၊ အထူးလေးစားဆုံးက "စာပေ"ဖြစ်သည်။ စာရေးနိုင်သူအားလုံးကို ကျွန်မ သိပ်ကို အထင်ကြီးပါသည်။

သူတို့၏ အတွေး၊ သူတို့၏ နှလုံးသား ခံစားချက်များကို စာလုံးလေးများအဖြစ် စီးမြောစေကာ စာမျက်နှာပေါ် ရောက်ရှိလာသော စာပေများကို–

ကျွန်မ အသည်းနှလုံးနှင့် ခံစားပြီး ဖတ်၏။

ဦးနှောက်ဖြင့် တွေးခေါ်ပြီး မှတ်၏။

ဤသို့ စာပေ မြတ်နိုးသူ ကျွန်မအတွက် ဆရာတို့ကလည်း လူလိုနေချိန်၊ ကျွန်မကလည်း အလုပ်ရှာနေချိန်နှင့် သွားတိုက်မိပြီး ရရှိခဲ့သော ဤအလုပ်ကလေးကို ကျွန်မ မြတ်နိုးစွာ ကြိုးစားနေခြင်း ဖြစ်ပါ၏။

စာပေမဂ္ဂဇင်းတိုက် ဖြစ်ပါ၍ အလုပ်အချိန်က သိပ်အတိအကျကြီး မဟုတ်ပါ။ စာအုပ်ထွက်ရက်ဆိုလျှင် အချိန်ပိုပင်ပမ်းပြီး ယခုလို နောက်တစ်အုပ်စာ ပြန်စနေချိန်မှာ အယ်ဒီတာတွေ အနည်းငယ် သက်သာသောအချိန်…

"မသင်း ပြန်ချင်ပြန်တော့လေ နောက်ကျလေ ကားတွေ ကြပ်လေပဲ"

"ဟုတ်ကဲ့ ဆရာ ဒီစာမူလေးတွေ သိမ်းပြီး ပြန်ပါ့မယ်"

စာရင်းသွင်းပြီးသား စာမူများကို ဘီရိုထဲသို့ သူ့ဖိုင်အလိုက် ထည့်၍ သော့ခတ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"စာမူ လုံးဝ မပျောက်စေရ"

ဆိုသော အာမခံချက်ရှိသည့် စာပေတိုက် ဖြစ်၏။ မရွေးလျှင် စာမူကို ဂရုတစိုက် ပြန်ပို့ပေးပြီး ရွေးလျှင်လည်း နယ်ကဆို စာအုပ်နှင့် စာမူခကို အစောတလျှင် ပို့ပေးသည်။ ရန်ကုန်မှာ ဆိုလျှင် စာအုပ်ထွက်ပြီးပါက အချိန်မရွေး လာထုတ်နိုင်သည်။ မေတ္တာလက်ဆောင်စာအုပ်နှင့် စာမူခက အဆင်သင့်...

ကျွန်မ စိတ်ဝင်စားသော အလုပ်မို့ အလုပ်လုပ်နေရသည်ကိုပင် ချမ်းမြေ့ကြည်နူးနေမိ၍ လက်ရှိ မိမိဘဝကိုပင် မေ့...မေ့နေတတ်ပါသည်။

အလုပ်ပြီး၍ အိမ်ထဲ ဝင်ပြီး ကိုယ်လက်သန့်စင်သည့်အခါ လက်ဆေးကန်နှင့် မှန်ရှေ့မှာ ရပ်လိုက်မိချိန်မှာ...

နေကြာ မဟုတ်သော...

မဒီနွယ် မဟုတ်သော...

နောက်တစ်ယောက် သင်းမြလှိုင် တဲ့လေ...

ဆံပင်ပုံစံ လုံးဝ ပြောင်းပစ်လိုက်ပြီး သင်းမြလှိုင်ကဲ့သို့ မျက်ခုံးထူထူဆွဲကာ မျက်မှန်တပ်ထားသဖြင့် ရုပ်က အတော့်ကို ပြောင်းလဲသွားခဲ့လေပြီ။

ခါးလည်လောက်အထိဖြာဝေနေခဲ့သော ကျွန်မ၏ ဆံပင်အုံကြီးကို ဖြတ်တောက်ပြစ်လိုက်ရသည်နေ့က မျက်ရည်ပင်လည်မိသည်။

ယခင်က ဆံပင်ကို နောက်လှန်ဖီး၍ နဖူးပြေပြေနှင့် ကျက်သရေရှိသည်ဟု ထင်မိခဲ့သော နဖူးပြင်မှာ ဆံစတိုများ ဝေ့ဝေ့ဝိုက်ဝိုက် ချထားသည်။ မျက်ခုံးထူထူ တစ်ပိုက်မှာ ညိုမှောင်မှောင် မျက်မှန်ခပ်ဝိုင်းဝိုင်း တပ်ထားပြီး အရင်လို နှုတ်ခမ်းနီရဲရဲ ဘယ်



သောအခါမှ မဆိုးတော့ပဲ အရောင်ဖျော့ ဖျော့များကိုသာ ရွေးဆိုးသည်။

ယခင် စင်ပေါ်တွင် သီချင်းဆိုရာမှာ ဝတ်ဆင်သော ဘလောက်(စ်) လှလှ ပွပွများ အားလုံး အဟောင်းဆိုင်မှာ ရောင်းပစ်လိုက်ပြီး...

အကျီအဖြူစစ်စစ် ရင်ဇေ့လက်ရှည်နှင့် ထဘီကို ရှုံးဝတ်စုံလို ပြောင်တွေချည်း ဝတ်သည်။ သို့သော် ရှုံးတစ်ရှုံးတည်းကလို အပြာချည်း၊ ခရမ်းရောင်ချည်း စသည်တို့လို မဟုတ်ပါ။ ထဘီအဆင်မပါသောပြောင် လေးရောင် လေးထည် ချုပ်ထားပြီး လှည့်၍ ဝတ်နေခြင်း ဖြစ်ပါ၏။

စလင်းဘက်(ခ)ခပ်ကြီးကြီးကိုလွယ်၊ စတီးနှစ်ဆင့် ထမင်းချိုင့်ကို ဆွဲ၍ အကျီအဖြူ လုံချည်ပြောင် အဝါ၊ အပြာ၊ နီညိုစသည်တို့ ဝတ်ထားသော မိန်းကလေးတစ်ယောက်ကို မြင်သူတိုင်းက ရှုံးဝန်ထမ်း အမျိုးသမီးလေးဟု ထင်ကြပါလိမ့်မည်။

အနီးကပ်နေခဲ့ဖူးသူများကသာ ကျွန်မ ဘယ်လိုပင် ရုပ်ပြောင်းထားသော်လည်း မှတ်မိနိုင်ကြပါလိမ့်မည်။

ကျွန်မကို မှတ်မိသူ ယောကျ်ားကြီးများကလည်း သူတို့၏ သိက္ခာကို အကျခံပြီး စားသောက်ဆိုင်မှ အဆိုတော်မကို နှုတ်ဆက်ကြမည် မဟုတ်ပါ။

သို့သော်လည်း သန်းသန်းစောလောက်မှ လွဲ၍ ကျွန်မနှင့် တရင်းတနှီး မရှိကြသဖြင့် ဘယ်သူကမှ ကျွန်မကို အရေးပေးယူ စုံစမ်းစောင့်ကြည့်နေမည် မဟုတ်ပါ။

အဆောင်နေသူများကလည်း စားသောက်ဆိုင် အဆိုတော်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို သိမ်ပြီး အပေါင်းအသင်း မလုပ်ချင်ကြပါ။

အဆိုတော်ချင်းကလည်း ရင်းနှီးချစ်ခင်မှု မရှိကြ။

လူဦးရေ သန်းနှင့်ချီ၍ ရှိပြီး ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်ယှက်ခတ်နေကြသော ရန်ကုန်လို မြို့ကြီးမှာ စီးပွားရေးအရ အနုပညာအရ ထင်ရှားသူများကိုသာ လူအများက စိတ်ဝင်စားစွာ သူတို့၏ အတိတ်ဘဝများကိုပါ စောင့်ကြည့်ဝေဖန်တတ်ကြလေမည်။

ကျွန်မလို ပညာမဲ့၊ အသိုင်းအဝိုင်းမရှိသော ဆင်းဆင်းရဲရဲ ကောင်မလေးတစ်ယောက်ကို ဘယ်သူကမှ သတိထားကြည့်နေမည့်သူ မရှိပါ။

မြို့ကြီးပြကြီး၏ လူဦးရေ ထူထပ်လှသော နေရာတွင် ကျွန်မသည် သေးမှုန်သော အစက်ကလေးတစ်စက်သာ ဖြစ်ချေသည်။

သည်သို့ဖြင့် ကျွန်မ လေးစားမြတ်နိုးသော စာပေလုပ်ငန်းတာဝန်များကို ပျော်ရွှင်ကျေနပ်စွာ ဆောင်ရွက်ခွင့်ရနေပါတော့သည်။

## အခန်း ခြောက်

ကမာရွတ်နယ်မြေထဲမှ ဈေးအပေါ်ဆုံး သစ်သားအဆောင်လေးတစ်ခုကို ငှားရမ်းရသည်။ ကျောင်းများ ပိတ်ထားသဖြင့် အဆောင်မှာ အမျိုးသမီး သုံးယောက်တည်း ရှိ၏။ ၎င်းသုံးယောက်ထဲမှာ ကျွန်မက အမွဲဆုံး...

သူတို့နှစ်ယောက်လုံး တအားကြိုးစားကြပြီး ရည်မှန်းချက်လည်း သိပ်ကြီးကြသည်။ နှစ်ယောက်လုံး ဘွဲ့ရပြီးသား တစ်ယောက်က ကုမ္ပဏီမှာ စာရင်းကိုင် တာဝန်ပြီးချိန်မှာ အင်္ဂလိပ်ဘာသာရပ်ကို ကျွမ်းကျင်စွာ ဖတ်တတ်၊ ရေးတတ်၊ နားထောင်တတ်၊ ပြောတတ်သည်အထိ သင်ကြားနေသူ ဖြစ်ပြီး နိုင်ငံခြားထွက်ဖို့ ကြိုးစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်က အရောင်းမြှင့်တင်ရေး မန်နေဂျာ သူက အင်္ဂလိပ်စာ အဓိကဖြင့် ဘွဲ့ရပြီးသား အင်္ဂလိပ်လို မွှေ နေအောင် တတ်သူ၊ ပြီးတော့ ကွန်ပျူတာသင်တန်းတက်နေ၏။ သူတို့နှစ်ယောက်လုံး အဆောင်မှာ အိပ်ချိန်လောက်သာ ဆုံကြ သည်။ ဆုံကြခိုက်မှာ ဘိုလိုပဲ ပြောကြတာများ၏ ကျွန်မက တချို့လည်း နားလည်ပြီး နားမလည်တာက ပိုများသည်။ သူတို့က ကျွန်မ နားမလည်နိုင်အောင် တမင်ကို အမြန်ပြောနေကြသည် ထင်ပါ၏။

သူတို့နှစ်ယောက်က နယ်မှ မိဘအခြေခံကလည်း တောင့်တင်း၊ သူတို့ကိုယ်တိုင်လည်း လခကောင်းသော အလုပ်များ ရှိကြသဖြင့် စားနိုင် ဝတ်နိုင် သုံးနိုင်ကြသူများ ဖြစ်၏။

သူတို့နှစ်ယောက်လုံးက ကျွန်မကို အပေါင်းအသင်း ဖွဲ့ချင်ဟန် မတူ။ ကျွန်မ၏ မဝတ်နိုင်ခြင်း၊ မစားနိုင်ခြင်း အပေါ်မှာလည်း အထင်သေးပုံရသည်။ ကျွန်မကလည်း မဝတ်နိုင်ရုံမက တကယ့်ကို မစားနိုင်သူပါ။

ထမင်းကို ညနေစာနှင့် နောက်တစ်နေ့စာ ပေါင်းချက်ပြီး ညစာကို ဘယာကြော်နှင့် မနက်စာကို ခေါက်ဆွဲသုတ်လောက်နှင့် ထမင်းနပ်မှန်အောင် မနည်းစားနေရသူလေ...

ကိစ္စမရှိပါ...

သူတို့က မပေါင်းသော်လည်း ကျွန်မမှာ အလွန်တွယ်တာ မြတ်နိုးရသော စာအုပ်များ ရှိလေသည်။ မဂ္ဂဇင်းအချင်းချင်း လက်ဆောင်ရသော စာအုပ်များ၊ ငှားခဲ့သော ဝတ္ထုများ



သူတနှင့် ရသစာအုပ်များက ကျွန်မ၏ အားကိုးရလွန်းသော အဖော်များသာတည်း...။

ယနေ့ညနေ ထမင်းချက်ပြီး ဂေါ်ဖီထုပ်ကို အချိုမှုန့်နှင့် ခင် ကြော်စားရန် ပြင်ဆင်နေခိုက်မှာ...

"သမီးရေ ဒီမှာ စစ်ဆေးစရာ ရှိလို့တဲ့ မှတ်ပုံတင်လေး ခဏပြပါ"

ဤအသံကြောင့် ကိုင်ထားသောဓား လွတ်ကျသွားပြီး ကျွန်မ ထွက်ပြေးရန် ထလိုက်မိချိန်မှာ အဆောင်ပိုင်ရှင် အန်တီညွန့်နှင့် အမျိုးသားကြီးသုံးလေးဦး ရောက်ရှိလာကြသည်။

ထွက်ပြေးစရာကလည်း ဘေးပေါက် နောက်ပေါက် မရှိပေ။ အိမ်ရှေ့က ထွက်ပြေးမှသာလျှင် လွတ်စရာ လမ်းရှိပါ၏။

"သင်းသင်းရေ မာလာတို့ ပြန်မရောက်ကြသေးဘူးလား"

"ဟုတ်...ဟုတ်ကဲ့"

"သင်းသင်း မှတ်ပုံတင် ခဏ ယူခဲ့ပါ"

"ရှင်...ဘာ...ဘာအတွက်လဲ"

"မလန့်ပါနဲ့ သမီးရဲ့ ဒီလိုပဲ အရေးကြီးတဲ့ နေ့တွေ နားနီးရင် စစ်ဆေးနေကျပဲ။ အဆောင်ဆိုတော့ ဧည့်စာရင်းနဲ့ နေကြရတာလေ၊ ဒါကြောင့် ဒီကို အရင်စောစော လာစစ်တာ ထိုင်ပါ ဦးအုန်းတင် ထိုင်ကြပါ"

အဆောင်ပိုင်ရှင် ဒေါ်ညွန့်ညွန့်တင်က ကျွန်မကို ရှင်းပြပြီး ရပ်ကွက်လူကြီးများကိုပါ ထိုင်ဖို့ ပြုံးပြုံးရွှင်ရွှင် ပေါ့ပေါ့ပါးပါး ပြောနေသဖြင့် ကျွန်မရင်အေးသွားရပါသော်လည်း...

www.burmeseclassic.com

www.burmeseclassic.com



သံသေတ္တာကို သော့နှင့် ဖွင့်နေသော ကျွန်မ၏ လက်များ ဆတ်ဆတ်တုန်နေသည်။

မှတ်ပုံတင်က သေတ္တာအဖုံး၏ အတွင်းဘက် အကန့်လေး မှာ ထားရှိသည်။

သင်းမြလှိုင်၏ မှတ်ပုံတင်။

ကျွန်မ၏ မှတ်ပုံတင်အစစ်က စာအိတ်များ အထပ်ထပ် ပိတ်ပြီး သေတ္တာ၏ အောက်ဆုံးတွင် ဝှက်ထားဆဲပင်။

"ကြည့်ပါ ဧည့်စာရင်းလဲ တိုင်ထားပါတယ်"

ရေးကြမှတ်ကြပြီးနောက်မှာ...

"ဒီလို ရိုးရိုးသားသား နေထိုင်ကြတာ ဘာပြဿနာ မရှိပါဘူး။ ကျေးဇူးပဲ ကျွန်တော်တို့ ဟိုဘက်သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ မာလာမင်းနဲ့ သင်္ဂီကိုကိုတို့ ပြန်လာ ရင်လဲ ကျွန်မ ရုံးကို လာခဲ့ပါဦးမယ်"

"ရတယ်လေ ဧည့်စာရင်းတိုင်ထားတာ တစ်ပတ်မပြည့် သေးဘူး မဟုတ်လား"

သူတို့ ပြောဆို ဆင်းသွားတော့မှ ရေအိုးစင်မှ ရေတစ်ခွက် ပြေးခပ်၍ သောက်လိုက်ရသည်။

"ဒီလို ရိုးရိုးသားသား နေထိုင်ကြတာ ဘာပြဿနာ မရှိပါဘူး..."

"ဒီလို ရိုးရိုးသားသား နေထိုင်ကြတာ ဒီလို ရိုးရိုး သားသား..."

"အို"



ကျွန်မ ပိုင်ဆိုင်သော ကျောချစရာ နေရာတစ်နေရာလေး ပေါ်မှာ လှဲချလိုက်သည်။

တစ်ကိုယ်လုံးတွင် ရှိရှိသမျှသော အားအင်တွေ ထုတ်နှုတ် ခြင်း ခံလိုက်ရသလို လူတစ်ကိုယ်လုံး နုံးခွေသွား၏။

စာပေလုပ်ငန်းများ၌ မွေ့လျော်နေချိန်များတွင် သွေးပျက် ဖွယ် အဖြစ်များကို မေ့မေ့ပျောက်ပျောက် ရှိနေခဲ့ရာမှ ယခုလို မမျှော်လင့် မထင်မှတ်သော လှုပ်တစ်ပျက် အဖြစ်ပျက်များနှင့် ကြုံလိုက်ရသည့်အခါမျိုးတွင်

အတိတ်ဆိုးသည် ယခု ချက်ချင်းပင် ပြန်လည် ရှင်သန်လှုပ် ရှားလာသည်သို့ပင် တုန်လှုပ်ချောက်ချားမှုက ထိန်းရသိမ်းရမှန်း မသိနိုင်လောက်အောင်ပါပင်...။

လာရောက်ကြသူများက လူကြီးလူကောင်းများ ဖြစ်ပြီး သံသယကင်းကြသူများမို့သာ ကျွန်မ၏ ကြောက်ရွံ့တုန်လှုပ်မှု တို မရိပ်မိကြခြင်း ဖြစ်ပေမည်။

ပြဿနာကြီးတစ်ရပ်ကို ခုလို လျှို့ဝှက်ထိန်းချန် ပုန်းလျှိုးနေ ရသည့် အဖြစ်က ရင်ထဲမှာ ပေါက်ကွဲလုမတတ်ပါပင်...။

"မော်လမြိုင်ဘက်က ဟိုလူကြီး ဘာဖြစ်သွားသလဲ"

ဤမေးခွန်းကို ကျွန်မ၏ ရင်ထဲမှာ အကြိမ်ပေါင်း မရည် တွက်နိုင်လောက်အောင် မေးမြန်းခဲ့ပြီးပါပြီ။

"သူသေသွားပြီလား"

"ဒဏ်ရာရရုံလား"

"အသက်ရှင်လျက် ရှိနေသေးလား"

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် ကိစ္စကို ကျွန်မ၏ အသွေးအသားနှင့် လှဲလှယ် လို့ရလျှင်ပင် လဲလှယ်ပေးဆပ်၍ သိခွင့်ရချင်လွန်းလှသော ကိစ္စကြီးပါ။

တစ်ခါတလေတွင်...

ရဲတပ်သားလေး တစ်ယောက်ကို မြင်ရုံဖြင့် ရန်ကုန်နှင့် အဝေးဆုံးနေရာသို့ ရောက်အောင် ထွက်ပြေးဖို့ အခါခါ ဆုံးဖြတ် မိခဲ့သလို...

တစ်ခါတစ်ရံကျပြန်တော့...

ရဲစခန်း တစ်ခုခုသို့ ကိုယ်တိုင် သွားရောက်ကာ ဖြစ်ပျက် သမျှ အားလုံး အစမှ အဆုံးတိုင်အောင် ပြောပြပြီး အကူအညီယ ပါရန် ခွေးနွေးလိုမိသည်။

မိန်းကလေးတစ်ယောက်၏ ကာလျှနွှေအတွက် အသက်စွ ပြီး ကာကွယ်ခဲ့သည့် ဖြစ်ရပ်ပါ။

အကယ်၍ ကျွန်မက ဤသို့ မခုခံလျှင် ထိုလူက ကျွန် ကို မုဒိန်းမှု သို့မဟုတ် လူသတ်မှုအထိ ကျူးလွန်မှာ အသေအချ ဖြစ်ပါ၍–

"ကိုယ်ပိုင် ခုခံကာကွယ်မှု"

ဟူသော ကြားသူ နားဝစကားဖြင့် မိမိတက်ကို သက်သ ညှာညှာ စဉ်းစားပေးပါရန် တောင်းပန်ပြီး ဖြောင့်ချက်သွားပေ ရကောင်းမလား...

ဤသို့ ရင်ဆိုင်ဝံ့၊ ရင်မဆိုင်ဝံ့ဆိုသော အားပြိုင်မှုမျ တွေဝေခြင်းများ၊ ချောက်ချားခြင်းများကို ခံစားခဲ့ရသည်မှ လေးလကျော်ခဲ့ပါပြီ။



ဤအမှု ဖြစ်စမှ စတင်ပြီး တစ်လအတွင်း တစ်နေ့ မပြတ် သီတင်းစာကို ဖတ်မိသည်။

ကားတစ်စင်းပေါ်မှာ အလောင်း

သို့မဟုတ်

ဒဏ်ရာပြင်းထန်စွာ ရထားသော လူတစ်ယောက်နှင့် ကား တစ်စီး...။

ဆိုသော ခေါင်းစီးမျိုးနှင့် တွေ့ရလေမလားဟု နေ့စဉ်ရက် ဆက် ရှာပါသည် မတွေ့...

အခင်းဖြစ်ပြီး တစ်ပတ်အတွင်းမှာ အသက်လေးဆယ်နှင့် ငါးဆယ်အကြား အရွယ်ရှိ အမျိုးသားတိုင်း၏ နာရေးကိုလည်း ဖတ်ဖြစ်သည်။

"...နေ့တွင် ရုတ်တရက် ကွယ်လွန်သွားပါ၍" ဆိုသော နာရေးထဲမှ ရည်ညွှန်းချက်များကိုလည်း ရှာသည်။ လုံးဝမတွေ့ပါ။

"ဒီလူကြီး ဘာဖြစ်သွားပြီလဲ"

ဆိုသော ချောက်ချားမှုက ခုလို အကြောင်းတိုက်ဆိုင်သည့် အခါမှာရော၊ တစ်စုံတစ်ခွေး ဖြစ်လောက်အောင် အားလပ်နေ သည့်အခါမျိုးမှာသာမက ချောက်အိပ်မက်များကလည်း ည ပေါင်းများစွာ...

နောက်တစ်နည်း စဉ်းစားစရာက–

သူ့ဒဏ်ရာသည် မသေလောက်ရုံမက၊ သူ့ကားကို သူကိုယ် တိုင် မောင်းနိုင်သဖြင့် ထိုနေရာက အမြန်ထွက်ပြေးပြီး ကျိုး ၍လည်း ဆေးကုနိုင်၏။

သူ၏ ကျူးလွန်အံ့ဆဲဆဲ မုဒိန်းမှုကို သူဘာသာသူ ကာကွယ်

www.burmeseclassic.com

www.burmeseclassic.com



ရန် နှုတ်ပိတ်သည့်အနေဖြင့် သူကိုယ်တိုင်ပင် လျှို့ဝှက် ထိန်းချန်ထားခြင်းလည်း ဖြစ်နိုင်ပါ၏။

ဤသို့ ဖြစ်နိုင်ခြေအားလုံးထဲတွင် နောက်ဆုံး အတွေးအတိုင်း ဖြစ်ပါစေဟူ၍ အကြီးမားဆုံးသော ဆန္ဒများဖြင့် ကျွန်မသေချာလေးနက်စွာ ဆုတောင်းပါ၏။

ဘာပဲ ဖြစ်ဖြစ်

ဘယ်လိုပဲ ဖြစ်ဖြစ်

ကျွန်မအနေနှင့်ကတော့ဖြင့် ဘဝသစ်တစ်ခုကို မိမိဘာသာ မွေးဖွားလိုက်ပါပြီ...

ဘယ်တုန်းကမှ မနီးစပ်ခဲ့သော စာပေနယ်အတွင်းမှ အယ်ဒီတာများ၊ စာမူရှင်များ၊ ပန်းချီ ကဗျာ၊ ကာတွန်းဆရာများ ထုတ်ဝေသူများ စသော အသိုင်းအဝိုင်းသစ်ထဲတွင်...

ကျွန်မသည် "သင်းမြလှိုင်"ဟူသော နာမည်သစ်၊ ဘဝသစ်ဖြင့် မွေ့လျော်စွာ စီးမြောတိုးဝင်နေခဲ့ပါပြီတည်း။

# အခန်းခုနစ်

သူ့အမည်နှင့်သူ့ လက်ရေးကို ပထမဆုံး စတင် မြင်ဘူးသာနေ့...

လက်ရေးက လှပခြင်း မရှိလှသော်လည်း သေသေသပ်သပ် ရှင်းရှင်းလင်းလင်းမို့ ဖတ်ရတာ လွယ်ကူလှသည်။

ထိုနေ့က သူ၏ စာမူကို ဖတ်ပြီးနောက်မှာ...

"ဆရာ ဒီစာမူလေး အတော်ကောင်းတယ် ကျွန်မတောင် ဖတ်ရင်းနဲ့ စွဲသွားတယ်"

"နာမည်က ဘယ်သူတဲ့တုန်း"

"အသစ်ပဲ ဆရာ "ညိုမောင်" တဲ့။

"ညိုမောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဆရာ"

"စာမူခထဲက ဘယ်လောက်ကော်မရှင်ပေးမယ်တဲ့လဲ"

"ဟာ... ဆရာကလဲ"

ရယ်သံတို့ ညံဝေသွား၏။

"အေး တို့တိုက်ကသာ မှန်မှန်ကန်ကန်လုပ်နေတာ တချို့တိုက်တွေကဆို အသစ်ကလေးက အရက်တိုက်ရ လက်ဖက်ရည်တိုက်ရနဲ့"

"ဒီမှာကတော့ တိုက်က ရှင်းရတဲ့ လက်ဖက်ရည်ဖိုးတောင် ထောင်ချီနေတာ"

"တို့ရဲ့ တိုက်ပိုင်ရှင် မဂ္ဂဇင်းထုတ်ဝေသူက သဘောကောင်းတယ်။ တာဝန်ခံ အယ်ဒီတာက သိက္ခာရှိတော့ တို့တွေပါ ဒီတိုက်မှာ လုပ်ရတာ ဂုဏ်ရှိတာပေါ့လေ"

ရိုးသား၍ အယ်ဒီတာ၏ ဂုဏ်နှင့် ပြည့်စုံသော အမှုဆောင်အယ်ဒီတာကြီး "ဆရာသာယာမောင်" ၏ စကားကြောင့် ကျွန်မပါ ဘဝင်သွေး ကြွချင်လာ၏။

မြေလတ်သား ဖြစ်ပါလျက် အညာမြေ မန္တလေးလေကို ယူပြီး မိန်းကလေးများကို ယောက်ျားကြီးများက ပြောဆိုခေါ်ဝေါ်သည့်အတိုင်း "ညည်းက" "ညည်းကို" စသော အပြောများကို ကျွန်မက သဘောကျ နှစ်ခြိုက်နေမိပါ၏။

"ဆရာ ဒီမှာ ဆရာညိုမောင်ရဲ့ စာမူ"

"အေး...ညည်းက ကောင်းတယ်ဆိုရင် ဖတ်ကြည့်ရမှာပေါ့။ ဖတ်ရန်ဆိုတဲ့ ဖိုင်တွဲထဲမှာ ထည့်ထား။ ဆရာ ထွန်းသစ် နောက်ဆုံး ဆုံးဖြတ်လိမ့်မယ်"



"ဟုတ်ကဲ့ဆရာ"

ကျွန်မတို့၏ မဂ္ဂဇင်းတိုက်တွင် စာမူဖိုင် သုံးခု ရှိသည်။

တစ်ခုက အသုံးမပြုနိုင်အောင် အဆင့်မမီသော စာမူများနှင့် စာရေးကောင်း ဇာတ်ကွက်လှသော်လည်း သက်ဆိုင်ရာမှ ချမှတ်ထားသော စာပေမူဝါဒနှင့် မကိုက်ညီသဖြင့် "ပယ်"ရသော စာမူများ ဖြစ်ပါသည်။

နောက်ဖိုင်တွဲတစ်ခုက အယ်ဒီတာများ ဖတ်ရမည့် ဖိုင်တွဲများ ဖြစ်သည်။ ရွေးသင့် မရွေးသင့် ဆုံးဖြတ်ရမည့် စာမူများ ဖြစ်ပြီး အလယ်ဖိုင်တွဲဟု ပြောကြပါစို့။ သူ့နေရာမှ နေ၍ "ပယ်" ထဲသို့ ကျသွားနိုင်သလို "ပါ"အဆင့်သို့ တက်ရောက်ပြီး မဂ္ဂဇင်းစာမျက်နှာများပေါ်မှာ မကြာမီကာလအတွင်း ပါရှိလာတော့မည့် စာမူများ ဖြစ်ပေသည်။

နောက်ဆုံးဖိုင်တွဲကတော့ တိုက်က လိုက်ပြီး တောင်းတောင်းပန်ပန်နှင့် တောင်းရသော နာမည်ကျော် ဆရာကြီး၊ ဆရာမကြီးများနှင့် ဘက်စ်ဆဲလား (Best seller)စာရေးဆရာမများ၏ စာမူများဖြစ်သည်။ ဤစာမူများကိုဖြင့် ကွန်ပျူတာစီရန်နှင့် ပန်းချီဆရာဆီ တန်းပို့ရုံပါပဲ...

တချို့ စာမူအရ နောက်ကျခဲ့လျှင် ကွန်ပျူတာစီဖို့ကလည်း အရေးကြီး သရုပ်ဖော်ပုံ ဆွဲရန် ပန်းချီဆရာဖတ်ဖို့ကလည်း အရေးကြီးလာသည့်အခါများတွင် ဘယ်နှစ်မျက်နှာပဲ ရှိရှိ ဘယ်လောက်ပဲ ကုန်ကျကုန်ကျ ဂရုမစိုက်နိုင် ဖိုတိုစတက်ခေါ် မိတ္တူပြေးကူး၍ စာမူကို ဆင့်ပွားပြီး တချိန်တည်း နှစ်နေရာ အပ်ရတာလည်း ရှိတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်းတစ်စောင်၏ အသက်၊ မဂ္ဂဇင်းတစ်စောင်၏ ဆောင်ရေ ထိန်းနိုင်မှုက "အချိန်မီ"ဆိုသော ကန့်သတ်ချက်ထဲတွင်လည်း အကြီးဝင်နေသဖြင့် ကျွန်မတို့ ဝန်ထမ်း ခြောက်ယောက်မှာ အမြဲလိုပင် အရေးတကြီး ဆောင်ရွက်နေကြရပါသည်။

ကျွန်မက ညိုမောင်၏ စာမူလေးကို ဖိုင်တွဲထဲထည့်ရင်း ဝတ္ထုတို ခေါင်းစဉ်ကို ထပ်ဖတ်ဖြစ်သည်။

"မိမိကိုယ်ကို မိမိ ကိုယ်တိုင်အချစ်ဖြင့် နှောင်ဖွဲ့ရစ်ပတ်ခြင်း"

"အင်း...ဝတ္ထုတိုနဲ့ မလိုက်လောက်အောင် နာမည်ကြီးကလည်း ရှည်လိုက်တာ"

"မိမိကိုယ်ကို မိမိ ကိုယ်တိုင် အချစ်ဖြင့် နှောင်ဖွဲ့ရစ်ပတ်ခြင်း"ဆိုတာ သူ့ရဲ့ ကိုယ်ပိုင် ခံစားချက်လားပဲလားတော့ မသိဘူး။ အဖွဲ့အနွဲ့လေးတွေက အသည်းစွဲစရာ။

"အချစ်ဖြင့် ရစ်ပတ်နှောင်ဖွဲ့ခြင်းဆိုတာ တော်တော်များများနိုင်မြဲမထား မသိဘူး"

ကျွန်မသည် ငယ်စဉ်က စပြီး မိမိ ဘဝကို မိမိ ကိုယ်တိုင် ရုန်းကန်နေရခြင်းဖြင့်သာ အချိန်တွေ အနစ်နစ်ဆယ် စွန်းခဲ့ပြီ "အချစ်"ဆိုသော အရာကို တစ်ခါမျှ မစဉ်းစားနိုင်အားခဲ့ပါ။

ကျွန်မ၏ ရွှေ့ပြောင်းနေထိုင်မှု၊ စားသောက်ဆိုင် အဆိုတော်ဆိုသော အထင်မြင်သေးခံရမှုများကြောင့် ဘယ်ယောကျ်ားကမှ နှစ်နှစ်ကာကာ ချစ်လှပါချည့်ရဲ့ဟု အပြောမခံရတာလည်း ပါပါလိမ့်မည်။



ထိုနေ့ညမှာပင် အချစ်နှင့် ပတ်သက်သော ဘဝနှင့် စပ်ဆိုင်သော အကြောင်းအရာများက ရင်ထဲမှာ ပြည့်သိပ် မွန်းကြပ်သလို ခံစားနေရသည်။

ဘဝ၏ ရုန်းကန်ရခြင်းနှင့် တုန်လှုပ်ချောက်ချားရခြင်းများ၊ အချစ်ဆိုသော နှောင်ဖွဲ့မှုကို စုံမက်မြတ်နိုးချင်စိတ်များ၊ မျှော်လင့်တောင့်တလိုခြင်းများ စသော ခံစားမှုပေါင်းစုံကို...

ကျွန်မ၏ နှလုံးသားထဲမှ ဆွဲထုတ်ပြီး စက္ကူစာမျက်နှာများပေါ်သို့ ပုံချဖြစ်၏။

ထိုည ထိုအချိန်က စပြီး...

ကျွန်မ၏ ဘဝတစ်ဆစ်ချိုး ဖြစ်လာတော့မည့် ကျွန်မ၏ စာရေးသားခြင်း အတတ်ပညာကို ပထမဆုံး စတင် ဖွင့်လှစ်ခွင့်ရသော ညဖြစ်ပါ၏။

ထိုညက နံနက်ဦး ၂ နာရီကျော်မှ အိပ်ဖြစ်သည်။

စာရေးဆရာတို့၏ လုပ်ငန်းခွင်ဆိုသည်မှာ ညဥ့်နက်လေ၊ လုပ်ငန်းတွင်ကျယ်လေပါလားဆိုသော အသိကို ပထမဆုံး ရေးဖြစ်သော ညမှာပင် ကျွန်မ ခံစားနားလည်ခဲ့ရပါတော့သည်။

❀

"ဆရာမသင်းမြလှိုင်ဆိုတာ ဒီတိုက်က မဟုတ်လား"

"လွယ်အိတ်တစ်လုံးနှင့် ကောင်လေးတစ်ယောက် ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာပြီး အသံကျယ်ကျယ်နှင့် အော်မေးလိုက်ကတည်းက ကျွန်မ သိလိုက်ပြီ။

သူ့လက်ထဲမှာလည်း နာမည်ကြီး မဂ္ဂဇင်းဖြစ်သည့် "အသွင်သစ်" မဂ္ဂဇင်းကို ကိုင်လျက်–

သည်တခါ ရင်ခုန်ရပုံကလည်း တစ်မျိုးဆန်းသစ်နေပါ၏။ နှလုံးခုန်တာချင်း အတူတူဖြစ်ပေမယ့် ဂီတသံစဉ် စီးချက်များ ပြောင်းသွားသလိုမင်၊ ဝမ်းသာလှိုက်လှဲခြင်းနှင့် အတူ ရှက်ရွံ့ခြင်းများကိုပါ တစ်ပြိုင်တည်း ခံစားလိုက်ရပြီး…

"ဟုတ်တယ်၊ ဘာကိစ္စလဲဟင်"

"စာမူခနဲ့ မဂ္ဂဇင်းဆေးခိုင်းလိုက်လို့ ဒီမှာ လက်မှတ်ထိုးပါ"

ကောင်လေးက စာအုပ်နှင့် စာမူခ ငွေလေးရာကျပ် ရှိကြောင်း စာအုပ်မှာ လက်မှတ်ထိုးခိုင်း၍ ထိုးနေဆဲမှာ…

"ဟော့ကောင် မြင့်ဖော် ဘာလဲကွ"

"ဒီ အစ်မ စာမူပါလို့ လာပို့တာ ဦးလေး"

"ဟေ"

အယ်ဒီတာကြီး ဦးသာယာမောင်က မျက်မှန်အောက် စိုက်၍ မျက်လုံးကြီး လုန်ကြည့်ပြီး–

"ညည်းဝတ္ထု ဟုတ်လား"

"ပို့ထားတာ ကြာပါပြီ ဆရာရယ်"

"ငါပြစမ်း"

"နေပါဦး"

"ဩော်…အေးအေး စာရေးဆရာဆိုတာ ကိုယ့်စာကို



မဂ္ဂဇင်းစာမျက်နှာပေါ်မှာ မြင်ရရင် သိပ်ဖတ်ချင်ကြတာ ဖတ်… ဖတ်"

ကျွန်မကိုယ်တိုင် ရေးခဲ့သော စာလုံးများအတိုင်း မဂ္ဂဇင်း စာမျက်နှာပေါ်မှ ပြန်ဖတ်ရသည့်အခါ ရင်ထဲမှ လှိုက်ခုန်ကြည် နူးရင်း ဟယ်…ဒီစကားလုံးလေးကို ဒီလို ထည့်လိုက်ရကောင်း သား၊ ဒီဝါကျက ရှည်နေတယ်။ တစ်ပိုင်းစီ ရေးသင့်တာ ဘာ ကြောင့်များ တဆက်တည်း ရေးမိပါလိမ့်…။

ဟူ၍ ကိုယ့်စာကိုယ်ဖတ်၊ ကိုယ့်ဟာကိုယ် ဝေဖန်နေချိန် မှာ ရန်ကုန်တစ်မြို့လုံး ကျွန်မတစ်ယောက်တည်း နေထိုင်ရာ အရပ်ကဲ့သို့ ဖြစ်နေတော့သည်။

"မသင်းကို ကြည့်နေတာ ကြာပြီနော်"

"ဟာ…ဆရာ ကိုထွန်းသစ်"

"ပြစမ်းပါ မသင်းရဲ့ ဝတ္ထုကို"

"မဖတ်ပါနဲ့ ဆရာရယ် ကျွန်မ ရှက်လို့ပါ"

"ဩ…မဂ္ဂဇင်းထဲပါရင် မြန်မာပြည်အနှံ့ ဖတ်ကြမယ်လေ ဒါ ရှက်စရာလား၊ ယူခဲ့စမ်းပါ၊ ဝမ်းသာလို့ပါ"

မနေသာ၍ သွားပြလိုက်ရသည်။ တာဝန်ခံ အယ်ဒီတာ ဆရာကိုထွန်းသစ်က ခဏအတွင်း ဖတ်ပြီးသွားသည်နှင့်…

"နိုင်ငံခြားမှာဆိုရင်တော့ ထပြီး လက်ဆွဲနှုတ်ဆက်ကြမှာ ပဲ။ ခုတော့ တစ်ခွန်းထဲပဲ ပြောလိုက်မယ် သင်းမြလှိုင် ဆို… သင်းသရဖီ ခင်ဗျား စာရေးဆရာဖြစ်ပြီ"

"တကယ်လား ဆရာရယ်၊ ဖြစ်ပြီဆိုတာက ဝေးလံဦး

www.burmeseclassic.com

www.burmeseclassic.com



မယ် ထင်ပါတယ်။ "ဖြစ်နိုင်ပြီ"ဆိုရင်ပဲ ကျွန်မ ဝမ်းသာလှပါပြီ"

"ကိုယ့်ဆီမှာ ဘာလို့ အရင်မရေးပဲ သူများဆီ ပေးရတာလဲ"

"ရှက်လို့ပါ ဆရာရယ်"

"ဟာ စာရေးတာ အနုပညာပဲ၊ ဘာရှက်စရာရှိလဲ စင်ပေါ်တက်ကရတာမှ မဟုတ်တာ"

ဩော်...စင်ပေါ်တက်ပြီး အရက်သမားတွေကို ဖျော်ဖြေဖို့ အရှက်မဲ့စွာ သီချင်းတွေ ဆိုဖူးခဲ့ပါကြောင်း ဆရာတို့ မသိကြလို့ပါ။

"ဒီမှာ ဆရာမ တက္ကသိုလ်သင်းသရဖီ"

"အာ... ဆရာကလဲ"

"ကျွန်တော်တို့ရဲ့ "မြရာပင်"မဂ္ဂဇင်းအတွက် လာမယ့်လအမီ ဝတ္ထုတစ်ပုဒ်လောက် ချီးမြှင့်ပါ ဆရာမ"

"ဆရာကလဲ ကျွန်မ ရှက်တာနဲ့ သေလိမ့်မယ်။ ကျွန်မ စာရေးတဲ့ သင်းသရဖီဆိုတာ ဘယ်သူမှ မသိပါစေနဲ့နော်"

"အေး နာမည်မကြီးခင်တော့ ပုန်းနေလို့ ရမယ်၊ နာမည်ကြီးလာရင် စင်ပေါ်ရောက်လာရင်တော့ ပုန်းလို့ မရတော့ဘူး။ ပရိသတ်ဆိုတာ သူတို့ချစ်တဲ့ အနုပညာရှင်ကို သိပ်ပြီး တွေ့ချင်မြင်ချင်ကြတာလေ"

"အဲဒီလောက်အထိ နာမည်ကြီးလာမှာ မဟုတ်ပါဘူးလေ"

တကယ့်ကို ဒီလိုပဲ ထင်မိပါသည်။ နာမည်ကြီးလာမည်ဟု လုံးဝ မတွေးမိပါ။ ညိုမောင်ရဲ့ စာမူတစ်ပုဒ် ဖတ်ပြီး ကျွန်မ



လည်း ကျွန်မ၏ အသည်းနှလုံးထဲမှ ခံစားချက်များကို ဆွဲထုတ်ချပြမိခြင်းသာ ဖြစ်ပါသည်။

သည်တိုက်နှင့် သည်ဝန်းကျင်တွင် သိနေကြသည်က တက္ကသိုလ်မှ မြန်မာအမိကနှင့် ဘွဲ့ယူလာသော သင်းမြလှိုင်လေ...

တကယ်တော့ ကျွန်မ တက္ကသိုလ်လဲ မရောက်ဖူး၊ သင်းမြလှိုင်လည်း မဟုတ်သူမို့ အငှားဘဝနှင့် နေရသည့် ဒုက္ခကို စိတ်ဆင်းရဲလှပါပြီ။

တခြားသူ၏ ဘဝကို ဝင်ရောက်၍ ရေစုံမြောချနေပြီမို့ ရေစီးနေသလောက် ခရီးက ဆက်နေရမည့် ဘဝပါ။

"ဘာပဲဖြစ်ဖြစ် ကိုယ့်မဂ္ဂဇင်းအတွက် ဆရာက ရေးဆိုသဖြင့် "ရေဝေးကြာ" ဆိုသော ဝတ္ထုတစ်ပုဒ်ကို ရေးဖြစ်သည်။ မိန်းမသားတစ်ယောက်၏ ပတ်ဝန်းကျင် ဂယက်ကို ခံနိုင်ရည်အားမွေးရန်နှင့် ချစ်သူ၏ စွန့်ပစ်ခြင်းကို ခံရသူ၏ ခံစားမှုများကို ပီပီပြင်ပြင် ရေးဖြစ်သဖြင့်...

"သင်းမြလှိုင်ရဲ့ ဝတ္ထုကို ဒီလ ဝတ္ထုရှည်အဖြစ် သုံးမှဖြစ်မယ်။ ကိုစံတိုးကို လေးရောင်အပ်လိုက်တော့မယ်"

"ရေးရင်း ရှည်သွားတာ ဖြတ်လိုက်ပါ ဆရာရယ်၊ ဝတ္ထုရှည်က နာမည်ကြီးတွေမှ သုံးတာပဲ"

"ကိုယ်တောင် မသင်းရဲ့ ဝတ္ထုကို ဖတ်ရင်း ငွသွားတာ ဘာကြောင့် အရှည်မတင်ရဲရမှာလဲ ဆက်ရေးစမ်း တခြားတိုက်တွေ ကိုယ် ကိုယ်တိုင် ပို့ပေးမယ်"

တချိန်က ဘက်ရယ်လာဖြစ်ခဲ့သော သူ့ဘဝတစ်ခုလုံး

www.burmeseclassic.com

www.burmeseclassic.com



စာပေလောကထဲမှာပင် မြှုပ်နှံထားသော သိက္ခာရှိ အယ်ဒီတာ ဆရာ ကိုထွန်းသစ်ကိုယ်တိုင်က အားပေးသဖြင့် ကျွန်မ လှိုက်လှဲ ဝမ်းသာစွာ အားတက်ရင်း အဆောင်မှာ သာမက မဂ္ဂဇင်းတိုက် မှာပါ အားသည့်အချိန်များတွင် ကျွန်မ ထိုင်၍ ရေးတော့သည်။

အတွေ့အကြုံလည်း စုံခဲ့ပြီ၊ တွေ့သမျှစာ၊ ရသမျှ အချိန် တိုင်း စာအုပ်နှင့် မျက်နှာ မခွာသဖြင့် စာဖတ်လည်း နာခဲ့သော ကျွန်မမှာ ဝတ္ထုတို၊ ဝတ္ထုရှည်ပေါင်းများစွာကို ရေးဖွဲ့နိုင်ခဲ့ပြီး နောက်မှာ…

"ဆရာ သင်းသရဖီလို့ပဲ ကလောင်အမည်ယူပါရစေ တက္ကသိုလ်ဆိုတာကြီး မဆည့်ချင်တော့လို့…"

"ဘယ်ဖြစ်မလဲ ပရိသတ်ရဲ့ ရင်ထဲကို ဒီကလောင်အမည် ရောက်သွားပြီပဲ၊ ကိုယ်လဲ တက္ကသိုလ်က ဘွဲ့ရခဲ့ပြီပဲ ဒီအတိုင်းပဲ ထားပါ"

ကျွန်မသည် ဝင်ကစွပ်လို သူများဘဝကို ငှားထားသူ၊ သေဆုံးပြီးသား မိန်းမတစ်ယောက်ကို ပြန်လည် ရှင်သန်စေကာ သူ့နေရာကို အစားဝင်ထားသူတစ်ယောက် ဖြစ်ကြောင်း ဘယ် သောအခါမှ ဘယ်သူ့ကိုမှ ပြော၍မဖြစ်တော့သဖြင့် ဆရာ့စကား ကိုသာ ခေါင်းညိတ်ပြလိုက်ရပါတော့သည်။

ကျွန်မသည် ပထမဘဝတုန်းကလည်း စုတ်ပြတ်ခဲ့သည်။

ဒုတိယဘဝမှာလည်း အောက်တန်းကျစွာ လုပ်ကိုင်စား သောက်ခဲ့ရပြီ။

ယခုမူ စင်မြင့်ပေါ်သို့ တက်နိုင်ရန် ပထမလှေကားထစ်



၉

များကို ကျွန်မ စတင်နင်းမိပါပြီ။

ကျွန်မမှာ ပင်ကိုယ်အရည်အချင်းမရှိသော်လည်း ဘယ် နေရာပဲ ရောက်ရောက်၊ ဘာပဲလုပ်ရလုပ်ရ ကျွန်မ အလွန်ကြိုးစား အားထုတ်လေ့ ရှိပါသည်။ ဝီရိယကြီးမားသူ ဖြစ်ပါသည်။

သည့်အတွက်

"မသင်း စိတ်ကူးရရင် လုံးချင်းရေးထားပါ ကိုယ် ထုတ် ဝေသူ ရှာပေးမယ်"

သည်သို့ စ၍ ပြောကတည်းက ကျွန်မ မအိပ်မနေ ကြိုး စားပမ်းစား ရေးခဲ့သည်။ ထုတ်ဝေသူဆိုတာနှင့် မတွေ့ခင်ကပင် ကျွန်မမှာ လုံးချင်းဝတ္ထု သုံးပုဒ်ရေးပြီးနေခဲ့ပါပြီ။

ထိုသို့ ကျွန်မ စတင် ကြိုးစားနေစဉ်မှာပင် ကျွန်မ၏ အနုပညာခြေလှမ်းကို ကြိုတင် အကဲဖြတ်သူ၊ ကျွန်မ၏ တင်ပြ မှုကို အထူးစိတ်ဝင်စားသူ၊ ကျွန်မ၏ စာများကို အထူးစွဲလန်း မြတ်နိုးသူတစ်ဦး ကျွန်မ၏ ဘဝအတွင်းသို့ စတင် ဝင်ရောက် လာခဲ့သည်။

သူက "ညိုမောင်" အမည်ရသော စာဖတ်သူ စာရေးသူတစ် ဦး ဖြစ်ပါလေသည်။

ဆရာမ သင်းသရဖီခင်ဗျား…

အသွင်သစ်မဂ္ဂဇင်းမှာပါတဲ့ ဆရာမရဲ့ "ဘဝ၏ အလင်း အမှောင်များ"ကို ဖတ်ပြီး ကတည်းက "အဆိပ်ရှိတဲ့လက်"လို့ ကျွန်တော် အကဲခတ်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခုတခါ "ရေဝေးကြာ"ဆိုတဲ့ မြရာပင်မဂ္ဂဇင်းထဲမှာ ဝတ္ထုရှည်ကြီး ပါလာတယ်။ သရုပ်ဖော်ပုံကလဲ ရောင်စုံနဲ့"စာကောက်"တွေနဲ့ display ထားသို့မှု လှလှပပတွေနဲ့ ခမ်းခမ်းနားနားကြီး မြင်လိုက်ရလို့ ကျွန်တော် ကိုယ်တိုင် ချီးမြှင့်ခြင်းခံလိုက်ရသလို ဝမ်းသာလိုက်တာဗျာ။

အဲဒီမဂ္ဂဇင်း ဝတ္ထုရှည်ဟာ အထွက်များတဲ့ နာမည်ကြီး စာရေးဆရာမတွေရဲ့ လုံးချင်းဝတ္ထုတစ်ပုဒ်စာထက်တောင် ပိုပြီး ဇာတ်အိမ်ခိုင်နေပါသေးတယ်။ ကျွန်တော် တိုက်တွန်းချင်တာက အဲဒီ ရေဝေးကြာကို လုံးချင်းဖြစ်အောင် ရေးကြည့်ပါလားဗျာ၊ ဒါမှမဟုတ်ရင်လဲ အဲဒီလို ဇာတ်အိမ်ခိုင်ခန့်ပြီး အပြင်မှာ တကယ်ရှိနိုင်တဲ့ ဇာတ်ကောင်မျိုးတွေကို အခြေတည်ပြီး ဝတ္ထုရှည် ရေးကြည့်ပါလို့ တိုက်တွန်းပါရစေ။

ဇာတ်အိမ်ဘက်က ကြည့်ရင် ဇာတ်လမ်းအားပြည့်သလို အရေးအသားဘက်က ကြည့်ရင်လဲ တင်ပြပုံ ရဲရင့် ပီပြင်လိုက်တာ ဝတ္ထုထဲက ဇာတ်ဆောင်တွေနဲ့ အပြင်လောက,က လူတွေဟာ စရိုက်သဘာဝချင်း တူညီနေသင့်တာပေါ့၊ တချို့ကျတော့ မဖြစ်နိုင်လွန်းလှတာ



တွေ ဖွဲ့နွဲ့ကြတယ်။ အစွန်းရောက်လွန်းတယ်။ အဲဒီလို ရေးသားမှုတွေ ဆရာမရဲ့ စာထဲမှာ မတွေ့ရဘူး။

ဆက်လက်ပြီး ရေးစမ်းပါ ဆရာမရေ ကျွန်တော်က မအောင်မြင်တော့ အောင်မြင်တဲ့ စာရေးဆရာတွေဆို သိပ်အားကျမိတယ်။

တက္ကသိုလ် သင်းသရဖီဆိုတဲ့ ဆရာမရဲ့ စာတွေကို မဂ္ဂဇင်းစာမျက်နှာများပေါ်မှာ မပြတ်အောင် တွေ့မြင်ရပါစေ။ လုံးချင်းဝတ္ထုရေးသားနိုင်သည်အထိ အောင်မြင်ပါစေ...လို့ ကျွန်တော် တကယ့်စေတနာရင်းနဲ့ ဆန္ဒပြု တိုက်တွန်းပါတယ်။

ဆရာမရဲ့ စာကို လေးစားမြတ်နိုးစွာနဲ့ အမြဲ စောင့်ဖတ်နေမယ့် ထာဝရ ပရိသတ်တစ်ဦး ရှိနေပါပြီဆိုတာကိုတော့ ဆရာမ အသိအမှတ်ပြုပေးပါနော်။

*အောင်မြင်ပါစေဗျာ...*

မှဒိတာဖြင့်...
ညိုမောင်(မောင်မောင်)
ပဲခူးမြို့။

www.burmeseclassic.com

www.burmeseclassic.com



"အို…ကိုညိုမောင်ရယ်"

သူ့စာဖတ်ပြီးချိန်မှာ ခွန်အားတွေ တိုးလာသလို ခံစားရ ရုံမက…

နှလုံးသားသည် စမ်းရေကြည်မှာ စိမ်နှစ်ခြင်း ခံလိုက်ရသလို ချမ်းမြငြိမ်းအေးစွာ လှိုက်ဖိုခဲ့ရပါပြီ။

"ဪ…ညိုမောင်ဆိုတာ သူ့စာကို ငါ့ရဲ့ ရည်ညွှန်းချက်နဲ့ မြရာပင်မဂ္ဂဇင်းမှာ ပါခွင့်ရသွားတယ်ဆိုတာ သူဘယ်သိပါ့မလဲနော်…

ဒါပေမယ့် တို့နှစ်ယောက်ရဲ့ စာပေစေတနာတွေဟာ ကူးလူးယှက်နွယ်လျက်[illegible]အား၊ မမြင်နိုင်တဲ့ စိတ်စွမ်းအားတွေ လူသားတို့ဝန်းကျင်မှာ ဖြစ်တည် တည်ရှိနေတတ်တယ်ဆိုတာ ဘာသာတရားအရရော၊ စိတ်ပညာနဲ့ ဆေးပညာ ရှုထောင့်တွေကပါ ရေးသားနေကြတာပဲလေ။

ကျွန်မသည် ရှင်းရှင်း ဝန်ခံရပါလျှင် ဘာသာရေး စာပေတွေကို သိပ်ပြီး မဖတ်ဖြစ်ပါ။ အသက်နှစ်ကျော်သာ ရှိသေး၍ ဘာသာရေးကို အလေးမထားသေးတာပဲ ထင်ပါရဲ့၊ အသက်ငါးဆယ် ခြောက်ဆယ်ရွယ် အဘွားကြီးဖြစ်သည်အထိ အသက်ရှင်သေးရင်ဖြင့် ကျွန်မ ဘာသာရေးကို အလေးပေးမည်ဟု စိတ်ကူးထားပါသည်။

ဤသို့ ဘာသာရေးစာပေကို နက်ရှိုင်းစွာ မလေ့လာနိုင်သေးရုံမှ လွဲပြီး…

သိပ္ပံစာအုပ်၊ စိတ်ပညာ၊ ဆေးပညာ၊ လူမှုရေး တတ်ကြမ်းမှ အစ [illegible]တွန်းနှင့် ရုပ်ပြစာတ်လမ်းများပါ ကျွန်မ ဖတ်ရှုသည်။ မဂ္ဂဇင်းမျိုးစုံကိုလည်း လက်မလွှတ်၊ ထွက်သမျှ နာမည်ကြီး



စာရေးဆရာ၊ ဆရာမတို့၏ လုံးချင်းဝတ္ထုများကိုလည်း ကျွန်မ မဖတ်ရသေးတာ မရှိပါ။

စာဖတ်မြန်ပြီး စာဖတ်နာရာမှ စာရေးသူ ဖြစ်လာသော ကျွန်မအတွက် ကိုမောင်မောင်၏ ဝေဖန်ချက်များ မှန်ကန်နိုင်ပါသည်ဟု ကိုယ့်ဘက်ကို အသာပေး၍ ကျွန်မတွေးမိသည်။

လူဆိုသည်မှာ ကိုယ့်ကို စိတ်ဝင်စားစွာ စောင့်ကြည့် ချီးမွမ်းသူအပေါင်းကို ပြန်လည် စိတ်ဝင်စားတတ်ကြသည်မှာလည်း လူ့သဘာဝပင်၊ ထိုထက် ပို၍ ချီးမွမ်းမှုကို ခံရသောအခါ ကြည်နူး ကျေနပ်စွာ နှစ်သက်တတ်ကြသည်မှာလည်း လူသားတိုင်း၏ ရင်မှ တူညီသော ခံစားမှု[illegible]ာ ဖြစ်ကြပါလိမ့်မည်။

သည့်အတွက်…

ကိုမောင်မောင်(ဆရာညိုမှမောင်)ရှင့်…

ပေးစာကို မြရာပင်မဂ္ဂဇင်းတိုက်က တစ်ဆင့် လက်ခံရရှိလို့ ကျေးဇူးတင်စွာနဲ့ ပြန်ကြားလိုက်ပါတယ်။

ကျွန်မလဲ ကိုညိုမောင် ပြောသလို လုံးချင်းထုတ်ဝေဖို့အထိ ကြိုးစားနေပါတယ်။ ကိုညိုမောင်လဲ မြရာပင် မဂ္ဂဇင်းမှာ ပါဖူးတယ် ထင်တယ်နော်၊ ကျွန်မကို အားပေးသလို ကျွန်မကလဲ ပြန်အားပေးပါရစေ ဆက်ရေးပါဦး။

"ဆန္ဒမှန်သမျှ ပြည့်ဝပါစေ"

ခင်မင်လေးစားစွာဖြင့်

သင်းသရဖီ

www.burmeseclassic.com

www.burmeseclassic.com



စာက သည့်မျှသာ ဖြစ်သည်။

ကျွန်မဘဝမှာ ကျွန်မကို စာလှမ်းရေးမည့်သူ၊ ကျွန်မက စာပြန်ကြားရမည့်သူ တစ်ယောက်မျှ မရှိပါ။

ကိုညိုမောင်ဆီကို လျှောက်လွှာစာမျက်နှာဖြင့် လေးငါးမျက်နှာလောက် စာပေကိစ္စ အမှန်တရားများ ရေးသားနိုင်ပါသော်လည်း...

သမိုင်းထဲက စကားတစ်ခွန်းလို ဖြစ်သွားပြီဖြစ်တဲ့ "အိုက်တင်ခံခြင်း"ကြောင့် ကျွန်မ စာကို တမင်တိုတို ပြန်လိုက်ရခြင်းပါ။

ကိုညိုမောင်လဲ မြရာပင်မဂ္ဂဇင်းမှာ ပါဖူးတယ် ထင်တယ်နော်...ဆိုသော မုသားဝါကျကို သုံးဖြစ်သည်။ ကျွန်မ၏ ထောက်ခံချက်ကြောင့် တာဝန်ခံ အယ်ဒီတာက ဖတ်ကြည့်ပြီး ထည့်ဖြစ်ကြောင်း ကျွန်မ တမင် ထိန်ချန်လျှို့ဝှက်ထားလိုက်သည်။ စာရေးဆရာမတစ်ယောက်အနေနှင့် စာတွေ အရှည်ကြီး မရေးသင့်သေးဟု ခံယူချင်စိတ်လည်း ပါသည်။

အို...ကျွန်မကိုက သစ္စာစည်းဝိုင်းအပြင်ဘက်က မိန်းမပဲလေ။

သိက္ခာမရှိသော ဘဝငှားနှင့် မိန်းမသားတစ်ယောက်အတွက် အမှန်တရားတွေ တင်ပြနေဖို့ ဘယ်အချိန်မှာမှ မလိုအပ်ပါ။

ဖြစ်ရာဘဝမှာ အလိုက်သင့်နေ...

ကျရာတာဝန်ကို ကြေပွန်စွာ ထမ်းဆောင်ရုံပါပဲလေ။



ဒါပေမယ့်...

ယခုအချိန်မှာတော့ ကျွန်မ လေးစား မြတ်နိုးလှသော စာပေ စင်မြင့်ကြီး၏ အောက်ခြေလှေကားထစ်များကို စတင်နင်းနေမိပြီမို့ သစ္စာတရားကို ဆုပ်ကိုင်လျက် အားတက်စွာ ဆက်၍ ကြိုးစားရုံသာ...

www.burmeseclassic.com

## အခန်း(၅)

ရှေးတုန်းကတော့ လက်ဖက်ရည်ဆိုင်ရှေ့ မိန်းကလေးတစ်ယောက် ဖြတ်လျှောက်ဖို့ပင် အတော်လေး ဝန်လေးကြသည်။

လက်ဖက်ရည်ဆိုင်ဆိုတာက မိန်းမနှင့် မဆိုင် ယောကျ်ားကြီးငယ်တို့ စုဝေးရာနေရာအဖြစ် သတ်မှတ်ထားပြီးသား။

တချို့လက်ဖက်ရည်ကြိုက်သော မသောက်ရလျှင် မနေနိုင်သော မိန်းမကြီးများက ချိုင့်ဆွဲ သို့မဟုတ် ပါဆယ်ဟူ၍ ခေါ်ဝေါ်ကြပြီး ဝယ်၍ အိမ်မှာ သောက်ကြသည်။

ယခုဖြင့်...

ခေတ်ရော စနစ်ရော အခြေအနေနဲ့ အချိန်အခါတွေပါ ပြောင်းလဲလာခဲ့လေပြီ။

ယခင်က ဖခင်က ငွေရှာ မိခင်က အိမ်အလုပ်လုပ် သားသမီးတွေက ကျောင်းတက်ကြ၊ မိသားစု၏ စားဝတ်နေရေး



ကို အိမ်ထောင်ဦးစီး ဖခင်တစ်ယောက်တည်းက တာဝန်ယူနိုင်ခဲ့သော ကာလမျိုး မဟုတ်တော့ပါ။

ဖခင်ရော မိခင်ရော အရွယ်ရောက်ပြီး သားသမီးများပါ မျက်လုံးပြူး မျက်ဆံပြူး ရှာနိုင်ဖွေနိုင်ပါမှ သည်ခေတ် ဆန်ဈေးနှင့် ထမင်းဝကြသည့် ကာလလေ...

မိကောင်းဖခင်သားသမီးတွေ၊ အပျိုအရွယ်လေးတွေ အလုပ်ထွက်လုပ်ကြရသည့်အခါ ဤမိန်းကလေးတို့၏ သူငယ်ချင်းများနှင့် တွေ့ဆုံဖို့၊ မိတ်ဆွေများနှင့် လူမှုရေးကိစ္စ ပြောဆိုတိုင်ပင်ဖို့၊ စီးပွားရေးကိစ္စ ဆွေးနွေးဖို့များ ဖြစ်လာသည့်အခါ ရွေးချယ်စရာ နေရာက လမ်းမလယ်လည်း မဖြစ်၊ ပန်းခြံထဲလည်း မသင့်တော်သဖြင့် ကိစ္စမျိုးစုံအတွက် ပြောကြဆိုကြ ဆွေးနွေးကြဖို့အတွက် အကောင်းဆုံး နေရာက...

"လက်ဖက်ရည်ဆိုင်"

စားသောက်ဆိုင်တွေလို ထောင်ချိ၍လည်း မကုန်၊ ဆယ်ဂဏာန်း၊ ရာဂဏာန်းသာ ကုန်ကျသော လက်ဖက်ရည်ဆိုင်မှာ ကိစ္စရှိ၍ပဲ ဖြစ်ဖြစ်၊ ဆာလောင်၍ပဲ ဖြစ်ဖြစ် ထမင်းတစ်နပ်အတွက်ပဲဖြစ်ဖြစ် မိန်းကလေးတွေ လာရောက်ကြသည့်နေရာက...

လက်ဖက်ရည်ဆိုင်...

"ကိုစောလွင်ရေ မသင်းကိုပါ ခေါ်ပြီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဆိုင် သွားကြရအောင်"

"ဟုတ်ကဲ့ဆရာ လာပါ ဆရာမ"

ကိုစောလွင်ဆိုသော စာအုပ်ထုတ်ဝေသူက ဘူကားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနှင့် ဆရာ ကိုထွန်းသစ်ကို တင်ဆောင်ပြီး ခေတ်မီခန်းနားသပ်ယပ်သော စနက်(က်) Snacks ဆိုသည့် ဆိုင်တစ်ဆိုင်သို့ ခေါ်ဆောင်သွားသည်။

Snacks ဆိုသော မုန့်ပဲသရေစာဆိုင်မှာ Restaurant လောက်လည်း မကြီးကျယ်၊ Tea shop-coffee shop ဆိုသော လက်ဖက်ရည်ဆိုင်ထက်လည်း ခမ်းနားလှပသော ဆိုင်မျိုးလေးပါ။

"ကဲ...ဆရာတို့ ကြိုက်တာမှာပါ ဘာစားကြမလဲ"

"ရပါတယ်ကွာ မင်းကျွေးတာ တို့စားမှာပေါ့"

"ဟာ ဆရာကလဲ ဆရာမရော ကြိုက်တာမှာပါ"

"ရှပါတယ် ဆရာစားတာပဲ စားပါမယ်"

"ဒါဆိုလဲ ဟမ်ဘာဂါနှစ်လုံးနဲ့ ကျွန်တော်က လက်ဖက်ရည် မသင်းအတွက် အအေးတစ်ဖူး"

"ဟုတ်ပြီ ဆရာ"

ကိုစောလွင်က Menu ဆိုသော ဤဆိုင်မှ အစားအစာရနိုင်သည့် စာရင်းကို ဖတ်ပြီး သူကလည်း ထူး၍မမှာ ဘာဂါသုံးပွဲဟူ၍ waiter ဆိုသော စားပွဲထိုးလေးကို မှာကြားထားချိန်မှာ ကျွန်မတို့၏ အလုပ်ကိစ္စကို စကားစကြသည်။

"မသင်းမှာက ရေးပြီးသားတွေ ရှိတယ်၊ ရေးအားလဲ ကောင်းတယ် ကိုစောလွင်က ဘယ်လို ပုံစံနဲ့ ထုတ်ချင်တာလဲ"

"ကျွန်တော် တင်မယ်ဆရာ၊ ကြော်ငြာခတွေလဲ အရမ်းသုံးမယ်၊ ဝေါလ်ရှိတွေ ဘာတွေကအစ ရိုက်သင့် ရိုက်ပြီး ဖြန့်မယ်။ စာအုပ်ကိုလ် အကောင်းဆုံးဖြစ်အောင် ထူးခြားအောင် လုပ်ပေးပါမယ်"



"ကောင်းတာပေါ့၊ အသစ်ဆိုတော့ ကြော်ငြာအားကောင်းဖို့ လိုတာပေါ့"

"စိတ်ချပါဆရာ"

"ဒါဆိုရင် စာမူခကိစ္စ ဘယ်လို သတ်မှတ်မလဲ"

"ကျွန်တော်ကတော့ ဆယ်အုပ်စာချုပ်ချင်တယ်"

ဆယ်အုပ်တောင် ထုတ်ပေးမယ်ဟူသော စကားကြောင့် ကျွန်မ ဝမ်းသာအားတက်စွာ ပြုံးလိုက်မိသည်ကို ဆရာက တည်ကြည်သော မျက်နှာနှင့် လှမ်းကြည့်လာသည်။ ကျွန်မ အပြုံးများကို ရုပ်သိမ်းပြီး စားပွဲခင်းလှလှလေး၏ ပန်းဒီဇိုင်းများကို လက်ညှိုးနှင့် ထောက်ရွှေ့နေလိုက်ရသည်။

"ဆယ်အုပ်စာချုပ်ချင်တာ ဒုတိယဆွေးနွေးပါ၊ ပထမ စာမူခကိစ္စ ပြောပါဦး"

"ဆရာကလဲ ကျွန်တော်က ငွေလမ်းခင်းပြီး တင်ပေးမှာမို့ ပထမ သုံးအုပ်အထိတော့ ငွေမယူစေချင်သေးဘူး။ ကျွန်တော်လဲ အရှုံးခံရမှာလေ"

"နာမည်တက်သွားရင်လဲ စားရမှာဆိုတာပါ ထည့်ပြောလေ"

"အဟဲ...ဟဲ...ဆရာကလဲ"

"ကဲ...ခင်ဗျား လုပ်ချင်တာ ဆက်ပြောပါဦး"

"သုံးအုပ်စာမူခ မယူပါနဲ့ ကျွန်တော်လဲ အမြတ်ဆိုတာ မစဉ်းစားဝံ့သေးဘူးလေ"

"နောက်ခုနစ်အုပ်ကျတော့ရော"

www.burmeseclassic.com

www.burmeseclassic.com



"ပထမ နှစ်အုပ်က သုံးထောင်စီ ယူပါ"

"ပထမနှစ်အုပ်ဆိုတာ ဟိုသုံးအုပ် အလကားပေးပြီးတဲ့ နောက်မှာ နှစ်အုပ်ဆိုတော့ နံပါတ်လေးနဲ့ ငါးအုပ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဆက်ပါဦး ဆယ်အုပ်စာချုပ်မယ်ဆိုတော့ နောက်ထပ် ငါးအုပ်ကိစ္စကရော"

"အဲဒါတော့ တိုးပေးမှာပါ တစ်အုပ်ကို ငါးထောင်ယူပါ ဆရာ"

"ဒါဆိုရင် မသင်းက စာအုပ်ဆယ်အုပ် ရေးပြီးမှ သုံးသောင်း တစ်ထောင်ရမယ်ဆိုပါတော့"

"အဲဒါကတော့ ဆရာမ သင်းသရဖီရော ကျွန်တော်ရော ပထမပိုင်းမှာ အနစ်နာခံရမယ့် သဘောပါဆရာ"

"ကဲ…ဆိုပါဦးကွာ ဆယ်အုပ်ပြီးတော့ရော"

"ဆယ်အုပ်မပြီးခင် နောက်ဆယ်အုပ် ထပ်ပြီး စာချုပ်ပါမယ် ဆရာ။ အဲဒီအချိန်ကျတော့ ရောင်းရတဲ့ စောင်ရေအရ တခြား ထုတ်ဝေသူတွေ ပေးတဲ့အတိုင်း ကျွန်တော်ပေးပါ့မယ်။ အဲဒီကျတော့လဲ စာမူခ သိန်းချီပြီပေါ့ ဆရာရယ်၊ သြော်…အရေးကြီးတာ ပြောရအုံးမယ်"

"ပြော"

"သူများတင်လို့ "ပေါက်"ပြီဆိုရင် လိုက်လာကြပါလိမ့်မယ် တခြားထုတ်ဝေသူတွေက ဒါကြောင့် ကျွန်တော့်ရဲ့ စာပေ



တိုက်ကနေ တခြားမပြောင်းပါဘူးဆိုတဲ့ ကတိစာချုပ်တော့ လုပ်ဖို့ လိုပါတယ် ဆရာ"

"ကိုစောလွင်ဆိုလိုတာ ဆယ်အုပ်ပြီးတဲ့ နောက်တောင် ဆက်ပြီး ဒီတိုက်မှာပဲ ရေးရမယ်ဆိုတဲ့ သဘောပေါ့နော်"

"ဟုတ်ပါတယ်ဆရာ၊ တင်တဲ့တိုက်ကို မကန်သင့်ဘူးဆိုတာတော့ ဆရာလဲ လက်ခံမှာပါပဲ။ ကဲ ဆရာမ သင်းသရဖီကရော ဘာများ ပြောချင်တာရှိလဲ ပြောပါဗျာ"

"ထုတ်ဝေရေးကိစ္စကို ကျွန်မနားမလည်ပါဘူး ဦးစောလွင် ဆရာနဲ့ပဲ ပြောပါ"

"ကိုစောလွင်ကို တစ်ခု မေးပါရစေ"

"မေးပါ ဆရာ"

"ဆယ်အုပ်စာချုပ်မယ် ငွေလဲ ခင်ဗျားပေးသလောက်ပဲ ယူမယ်ဆိုပါတော့ဗျာ"

"ဟုတ်ကဲ့ဆရာ ဆက်ပြောပါ"

"အဲဒီလို အလကားပေးရတဲ့ စာအုပ်လဲ ရှုံးမယ်၊ သုံးထောင်ပေးရတဲ့ စာအုပ်လဲ မကိုက်သေးဘူး ဆိုပါတော့"

"ဟုတ်ကဲ့"

"အဲဒါဆိုရင် မသင်းက ဆယ်အုပ်ပေးရမယ်ဆိုတဲ့ တာဝန်ရှိသလို ခင်ဗျားကလဲ ဆယ်အုပ်ပြည့်အောင် ထုတ်ရလိမ့်မယ်နော်"

"ခင်ဗျာ"

"အပြန်အလှန်လေဗျာ။ ခင်ဗျားကို ဆယ်အုပ်ရေးပေး

www.burmeseclassic.com

www.burmeseclassic.com



ရမှာ ဖြစ်သလို ခင်ဗျားဘက်ကလဲ ဆယ်အုပ်ထုတ်ပေးရမှာပေါ့။ ဒါမှလဲ သူ့အနုပညာရဲ့ အပြေထွက်မှာလေ"

"အဲဒီလိုတော့ မချည်ပါနဲ့ ဆရာရယ် အသစ်ဆိုတော့ ပေါက်လား မပေါက်လား မသိပဲနဲ့ ကျွန်တော့်ဘက်က ထုတ်ရမှာ။ မရောင်းရရင် တစ်သိန်းလောက်အထိ ကျွန်တော်ဘက်က ရှုံးမှာလေ"

"အဲဒါဆိုလဲ စာမချုပ်နဲ့ပေါ့၊ ဆယ်အုပ်ချုပ်ရင်တော့ မသင်းကလဲ ရေးရမယ်၊ ခင်ဗျားကလဲ ထုတ်ရမှာပဲ"

"ဒီလိုချည်းတော့ ဘယ်ဖြစ်မှာလဲ ဘယ်ထုတ်ဝေသူကမှ ရှုံးတဲ့ စာအုပ်ကို ဆက်ပြီး ထုတ်မှာ မဟုတ်ပါဘူး"

ရောက်ရှိလာသော ဘာဂါပေါင်မုန့်လုံးလုံးဝိုင်းဝိုင်း ပူပူနွေးနွေးကို ဆရာက အားရပါးရ ကိုက်စားရင်း...

"ဒါဆိုရင်တော့ ခင်ဗျား မုန့်ဖိုးဆုံးရုံပဲ"

အသားဖြူသော ကိုစောလွင်မျက်နှာ ရဲတက်လာသည်။ ဆရာကိုထွန်းသစ်ကဖြင့် တည်တည်ငြိမ်ငြိမ်နှင့် ဆက်ပြောသည်။

"ကျွန်တော် မှုမှုတတ ပြောမယ်ဗျာ"

"ပြောသင့်တာပေါ့ဗျာ"

"တစ်အုပ်ချင်း ထုတ်ဗျာ၊ ဘာစာမှ မချုပ်နဲ့ တစ်အုပ်ကို တစ်သောင်းခွဲပေး ရှုံးရင် ရပ်လိုက် မကောင်းဘူးလား"

"ပေါက်သွားရင်ကော ဆရာ"

"ပေါက်သွားရင် ထုံးစံအတိုင်း ထုတ်ဝေတဲ့သူတွေ ဝိုင်းလာကြမှာပဲ"

"ဒါ ထုံးစံပဲ ဘယ်သူမှ ကျွန်တော့်လို အမိုက်ခံပြီး မတင်



ရဲကြဘူးလေ။ ဆည်ဝက စောင့်နေတဲ့ ဗျိုင်းတွေတော့ လာကြမှာပေါ့"

"ဗျိုင်းပဲလာလာ၊ လဒပဲ လာလာ အဲဒီအခါကျရင် ဘယ်စာပေတိုက်က ဘယ်သူက ဘယ်လောက်ပေးတယ်ဆိုတာ ခင်ဗျားကို အရင်ဆုံး ပြောမယ်။ ကျုပ်တို့ မညာဘူး။ စုံစမ်းကြည့်နိုင်တယ်"

"စုံစမ်းပြီး ကျွန်တော်က ဘာလုပ်ရမှာလဲ ဆရာရဲ့"

"သူတို့ပေးတဲ့ ဈေးအတိုင်း ပေးနိုင်ရင် ခင်ဗျားနဲ့ပဲ ဆက်ထုတ်မယ်လေ ရှင်းနေတာပဲ"

"ကျွန်တော်က အနစ်နာခံပြီး ထုတ်ရမယ့်သူပဲလေ ရှုံးပြီးသား စားချင်တဲ့ကောင်တွေကတော့ ပေးနိုင်ကြမှာပေါ့"

"ကဲ...ဒါဆို ဒီပွဲက ဘယ်တော့မှ ပြတ်မှာ မဟုတ်ဘူး၊ ဒီလိုလုပ်ဗျာ၊ ခင်ဗျားတစ်အုပ်ကို တစ်သောင်းခွဲပေး သုံးအုပ်အထိ ဒီဈေးပဲ။ ဒါပေမယ့် တစ်အုပ်ထဲနဲ့ ရပ်ချင်လဲ ရပ်နိုင်တယ်။

"အင်း"

"သုံးအုပ်ကြီးရင် နံပါတ်လေးက စပြီး ကျုပ်ပြောသလို သူများပေးတဲ့ ဈေးပေး ဒါပဲ"

ကိုစောလွင် ငြိမ်၍ တွေဝေနေ၏။ ဆရာက လက်ဖက်ရည်သောက်လိုက် မုန့်စားလိုက်၊ ကျွန်မက အားနာစွာဖြင့်ပင် မျက်နှာငယ်လေးနှင့် ဟိုဘက်ကြည့်လိုက်၊ ဒီဘက်ကြည့်လိုက်။

"ခင်ဗျား ရင်းရမှာ ဝတ္ထုသုံးပုဒ်လုံးမှ လေးသောင်းခွဲပါ

www.burmeseclassic.com

www.burmeseclassic.com



ဗျာ။ ပေါက်တာနဲ့ တစ်အုပ်ကို တစ်သိန်းလောက် မြတ်မှာ စက္ကူဈေး ဘယ်ဈေး၊ ပုံနှိပ်ခ ဘယ်လောက်၊ ရုံးတင်ကိစ္စ ကုန်ကျတာတွေ ဘယ်ရွေ့ဘယ်မျှဆိုတာ ခင်ဗျားရော ကျွန်တော်ပါ သိနေကြတာပဲလေ"

"ဟုတ်ပြီလေဆရာ၊ ကျွန်တော် စဉ်းစားပါရစေဦး"

"ကောင်းပါတယ်။ ဖြေးဖြေး စဉ်းစားပါ။ ကျွန်တော်တို့လဲ စဉ်းစားချိန် ရတာပေါ့"

"စိတ်တော့ မရှိနဲ့ ဆရာ၊ ကာယကံရှင်ဖြစ်တဲ့ ဆရာမ သင်းသရဖီရဲ့ ဆန္ဒကိုလဲ ကျွန်တော် သိပါရစေ"

"မေးလေဗျာ၊ စာရေးဆရာမကိုယ်တိုင် အကောင်လိုက်ကြီး ခင်ဗျားရှေ့မှာ ထိုင်နေတာပဲ"

"ကဲ...ဆရာမဆန္ဒလဲ ပြောပါဦး"

"ကျွန်မ ဆရာရဲ့ ဆန္ဒဟာ ကျွန်မရဲ့ ဆန္ဒပါပဲ ဦးစောလွှင်၊ ကျွန်မ ဆရာ့ကို ကျော်ပြီး ဘာမှ မလုပ်ဘူး။ ဘယ်တော့မှလဲ မလုပ်ဘူး။ နောင်ထုတ်ဖြစ်ရင်တောင် ကျွန်မနဲ့ စကားပြောစရာ မလိုပါဘူး ဦးစောလွှင်နဲ့ ဆရာတို့ပဲ ပြောကြရမှာပါ"

ကိုစောလွှင်က သူ့လက်မှ သိန်းကျော်တန် လက်ပတ်နာရီကို ငုံ့ကြည့်လိုက်ပြီး–

"ဆရာတို့ တိုက်ပဲ ပြန်မှာလား ကျွန်တော် သွားစရာလေး ရှိနေလို့ ပြန်မပို့လို့ ရမလား"

"ရပါတယ်ဗျာ သွားပါ။ ဒီမုန့်ဖိုးရော ကျွန်တော်တို့ပဲ ရှင်းလိုက်ရမှာလား"

"ဟာဗျာ...ဆရာကလဲ မဟုတ်တာ လိုတာထပ်မှာလေ



ကျွန်တော် ရှင်းခဲ့မှာပါ"

"တော်ပါပြီ ပြည့်စုံပါပြီ"

"ဒါဖြင့် ကျွန်တော့်ကို ခွင့်ပြုပါဆရာ စီစစ်ရေးကို ပြေးရဦးမှာမို့ မြို့ထဲဘက် လမ်းမသင့်တော့လို့ပါ"

"ရပါတယ်... သွားပါ၊ ဒါနဲ့ ခင်ဗျား အကြောင်းပြန်ဖို့ရော စိတ်ကူးရှိရဲ့လား"

"ဟုတ်ကဲ့ ကျွန်တော် စဉ်းစားပြီး အကြောင်းပြန်ပါ့မယ်"

"ကောင်းပြီဗျာ"

"ကျွန်တော်သွားမယ် ဆရာ၊ ဆရာမ သွားမယ်နော်"

ဆရာက ခေါင်းညိတ်ရုံ ကျွန်မကတော့ အားနာစွာ ဖြင့်ပင်...

"ဟုတ်ကဲ့ပါ ဦးစောလွှင် ကျေးဇူးပါပဲရှင်"

သူထွက်ခွာသွားပြီးမှ ကျွန်မက မုန့်ကို စားချင်စိတ် မရှိပါပဲနှင့် နှမြောသဖြင့် စားရသော်လည်း မြိုမကျချင်။

"စာအုပ်ဆိုတာ ရေးပြီးရင် ထုတ်ဝေနိုင်ဖို့က အဓိကပဲနော် ဆရာ"

"မသင်း"

"ဆရာ"

"ဆရာ ပြောလိုက်တာတွေ များတယ်လို့ ထင်နေတယ် မဟုတ်လား"

"ဒီလိုတော့လဲ မဟုတ်ပါဘူး။ ရေးပြီးသားတွေ စာအုပ်အဖြစ် မြင်ချင်လို့ပါ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"မြင်ရမှာပေါ့ မြင်ရအောင်လဲ ကြိုးစားနေတာပဲ၊ ဒီကိုစောလွှင်ကတော့ စာပေတိုက်ကြီးမို့ သူ့ကို အရင်ဆွေးနွေးကြည့်တာပေါ့"

"ကျွန်မ ဘာမှ နားမလည်ပါဘူး ဆရာရယ်။ ဆရာက ရေးရေးဆိုပြီး အားပေးလို့ အခု သုံးပုဒ်တောင် ပြီးနေတာ ရှေ့က စာအုပ်တွေ ထုတ်မယ့်သူ မရှိတော့ ရေးရတာ အားမရှိလို့ပါ"

"မသင်း သိပ်ထုတ်ချင်နေရင်လဲ ကိုစောလွှင် ပြောသွားသလို အလကားပေးပြီး ထုတ်ခိုင်းရုံပဲပေါ့"

"ဟင်အင်း ဒီလိုမဟုတ်ပါဘူး ဆရာ။ ကျွန်မရဲ့ ဆန္ဒမှန်ကို ပြောမိတာပါ။ ကျွန်မအတွက် ဆရာစေတနာနဲ့ ကူညီနေတာပါဆိုတာ ကျွန်မ လုံးဝ သဘောပေါက်ပါတယ် ဆရာရယ်"

ဆရာကိုထွန်းသစ်သည် လက်ဖက်ရည်ကို တင်ချင်း သောက်ပြီး အကြည့်က တစ်နေရာထဲသို့ စူးစိုက်နေသဖြင့် ဆရာ နက်ရှိုင်းစွာ စဉ်းစားနေပြီဆိုသည်ကို ကျွန်မ နားလည်စွာဖြင့်...

"ကျွန်မ ဆန္ဒစောလို့ အပြောမှားခဲ့ရင်လဲ ခွင့်လွှတ်ပါ ဆရာ။ ဆရာဟာ ကျွန်မရဲ့ ကျေးဇူးရှင်ပါ"

"ကျေးဇူးရှင် အခေါ်ခံထိုက်တဲ့သူ မဟုတ်သေးဘူး မသင်း၊ မသင်းအတွက် ဆရာ ဘာမှ လုပ်မပေးနိုင်သေးဘူး"

"ဆရာလုပ်နေပါတယ်။ ကျွန်မအတွက် ကြိုးစား ကြိုးစည်နေပါတယ်လေ အကောင်အထည်မပေါ်သေးတာ တစ်ခုပါပဲ"

"ဒါတွေ ထားလိုက်စမ်းပါ"



"အဲဒါ ထားလိုက်ဆိုရင်လဲ ထားလိုက်ပါမယ်။ ဒါပေမယ့် ကျွန်မကို အလုပ်ခန့်တာ ဘယ်သူလဲ၊ ကျွန်မကို စာရေးဖို့ အတင်းတိုက်တွန်းတာရော ဘယ်သူလဲ၊ မဂ္ဂဇင်းစာမျက်နှာတွေ ပေါ်မှာ ပါဝင်ခွင့်ရအောင် အသိအယ်ဒီတာတွေဆီ ပို့ပေးနေတာကရော ဘယ်သူလဲ ပြောစမ်းပါဦး"

"အသာနေစမ်းကွာ ဒီမှာ နောက်တစ်ခု စဉ်းစားလို့ ရတာ ရှိလာလို့"

"ဘာအကြောင်းများလဲ ဆရာ"

"ထုတ်ဝေရေးကိစ္စပဲပေါ့"

ကျွန်မ ဘာမှ ပြန်မပြောဖြစ်ပဲ တည်ကြည် ငြိမ်သက်နေသော ဆရာမျက်နှာကိုသာ ကြည့်နေမိသည်။

"ကဲ... ကုန်အောင်စား ပြန်ကြစို့"

"ဟုတ်ကဲ့ ဆရာ"

"မသင်း တိုက်ကို ပြန်နှင့်တော့ ကိုယ် စမ်းချောင်းက "ထွန်းနေမျိုး"တို့ဆီ သွားလိုက်ဦးမယ်"

"ထွန်းနေမျိုးဆိုတာ ဟိုတလောက သူ့ကဗျာစာအုပ်ထုတ်လို့ ဆရာ့ဆီ လာဖို့တဲ့လူ မဟုတ်လား ဆရာ"

"ဟုတ်တယ်"

ဘာကိစ္စလဲဟု မေးချင်သော်လဲ မမေးရဲသဖြင့် ငြိမ်နေလိုက်ရသည်။ သို့သော် ကျွန်မ တွေးထင် မျှော်လင့်သည့်အတိုင်းပင်...။

"ထွန်းနေမျိုးက စာပေစိတ် သိပ်ပြင်းတဲ့ လူငယ်လေးပဲ

www.burmeseclassic.com

www.burmeseclassic.com

သူက ပိုက်ဆံရှိတယ်။ ပြီးတော့ သူ့အပေါင်းအသင်းတွေက အပေလောကမှာ ကျင်လည် ကျွမ်းဝင်နေတဲ့ လူငယ်လေးတွေ ပွဲအသင်းရဲ့ စာတွေကို သူတို့ ဖတ်ကြည့်ပါလို့ သွားပြောမလို့”

“ဆရာရယ်”

စိတ်ထဲမှရွတ်ဆိုရင်း နေပူကြီးထဲမှာ လမ်းခွဲသွားသော ဆရာ၏နောက်ဖက်မြင်ကွင်းကို ကျွန်မ ငေးကြည့်နေမိသည်။

ကျွန်မဘဝတစ်လျှောက်လုံးတွင် ယခုဆရာလို ထိုက်ထိုက်တန်တန် ကူညီပေးမည့်သူမျိုး တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူး မကြုံဘူးသေးပါ။

ဆရာသည် မဆင်းရဲသော်လည်း ချမ်းသာသူတော့ မဟုတ်ပါ။

သို့သော် သိက္ခာရှိသော စာပေသမားတစ်ယောက်အဖြစ် နှင့် ထင်ရှားသည်။

အတွေးအခေါ် ရဲရင့်ပြီး အပြောအဆို ပြတ်သားသဖြင့် မြရာပင်မဂ္ဂဇင်းတိုက်ပိုင်ရှင်ကပင် လေးစားရသော အယ်ဒီတာ တစ်ဦးဖြစ်ပါ၏။

ဆရာသည် အသက်သုံးဆယ့်ခုနစ်နှစ်ပြည့်ပြီဟု သိရသည်။ အိမ်ထောင်ရှိ၏။ သို့သော်လည်း ဇနီးနှင့်အဆင်မပြေ တာကြာ ပြီဟု ပြောနေကြသည်။ သမီးလေးတစ်ယောက်ရှိသည်တဲ့။

ဆရာ့ပုံစံက ခပ်မွဲမွဲပုံစံပင်။ အဝတ်အစားတောက်တောက် ပြောင်ပြောင်ကိုလည်း ကြိုက်ပုံမရပေ။ ခပ်နွမ်းနွမ်းနှင့် ပေါ့ပေါ့ ပါးပါး အဝတ်စားများဝတ်ဆင်ထားလေ့ရှိသည်။ အသားညိုညို



ခပ်ပိန်ပိန် အရပ်က မရှည်လှ။ ကိုယ်ခန္ဓာစည်ဆောက်ပုံက ခန့်ထည်ခြင်း မရှိလှသော်လည်း…

ဆရာ၏မျက်နှာက တည်ကြည်လှသည်၊ နှုတ်ခမ်းနေပုံ နဖူးပြေပုံ နှာတံပေါ်ပုံများထက် ပို၍ ထင်ရှားသည်က ဆရာ၏ မျက်လုံးများ…

ကော်ကိုင်းမျက်မှန်ညိုကြီးအောက်မှ တောက်ပရွှန်းလက်သော မျက်ဝန်းများက ဆရာ၏ ဂုဏ်သိက္ခာကို ဖော်ပြနေသလိုပါပင်။

ဆရာကိုထွန်းသစ်သည်…

အမြဲတမ်း သဘောကောင်းနေသည့် လူစားမျိုးတော့ မဟုတ်ပါ။ သူ၏ပညာနှင့် သူ၏ သိက္ခာကို ထိပါးလာသည့်အခါ မျိုးတွင် ဆရာ၏ ပြင်းထန်မာကြောသော စကားလုံးများကို ကျွန်မ ကြားဖူးသည်။

ဆင်းရဲသော စာရေးဆရာကြီးများတိုက်သို့ ရောက်လာသည့် အခါတွင် သူ့အိတ်ထဲမှ တစ်ရာ၊ နှစ်ရာလောက် ထုတ်ထုတ် ပေးတတ်သည်ကိုလည်း မကြာခဏ ဆိုသလို ကျွန်မ မြင်ဖူးသည်။

ကျွန်မသည် ‘ထိုနေ့မှ စ၍ ဆရာ့အပေါ်တွင် ပို၍ လေးစားစိတ်၊ ပို၍ အားကိုးစိတ်၊ ပို၍ ခင်မင်ရင်းနှီးစိတ်များ ဖြစ်ပေါ်လာခဲ့ရသည့် အကြောင်းမှာ…

မြရာပင်တိုက်သို့ ကျွန်မ ပြန်ရောက်လာပြီး အတော်ကြီး ကြာမှ ဆရာ ချွေးတလုံးလုံးနှင့် ပြန်ရောက်လာပြီး…

“ကဲ…လုပ်စရာရှိလဲ ထားရစ်ခဲ့၊ မနက်ကျမှ ပြန်လုပ်တော့”

www.burmeseclassic.com

www.burmeseclassic.com



"တခြား ဘာခိုင်းစရာရှိလို့လဲ ဆရာ"
"အိမ်ပြန် အဲ...အဆောင်ကို ပြန်တော့"
"ရှင်"
"ဆရာလဲ လိုက်ခဲ့မယ်"
"ရှင်"
"ရှင်မနေနဲ့ လက်နှိပ်စက်ရိုက်ပြီးသား စာမူသုံးပုဒ် လိုက်ယူမလို့"
"ဟာ"
"ထွန်းနေမျိုးက လာမယ့် တနင်္ဂနွေနေ့မှာ ခရီးထွက်တော့မှာတဲ့ မသွားခင် ဖတ်ကြည့်စမ်းပါလို့ ပြောခဲ့တယ်။ ဒီနေ့ပဲ သူဆီရောက်အောင် သွားပို့ရမှာ"

ဆရာ့ကို အားနာ ကျေးဇူးတင်သော မျက်ဝန်းဖြင့်ပင် ကြည့်နေမိသည်။ ဘာစကားမှ ကုန့်ပြန် မပြောဖြစ်တော့ပါ။

ဆရာကိုယ်တိုင် အဆောင်သို့ လိုက်လာခဲ့ပါသည်။ ကျွန်မနေသော ကမ်ဘာရှုတ်မှသည် စမ်းချောင်း ရှမ်းလမ်းသို့ စာမူတွေ တပွေ့တပိုက်ကြီး သယ်ဆောင်ကာ ဆရာ ထွက်ခွာသွားလေပြီ။

ဆရာ့ရဲ့ စေတနာတွေ အရာရောက်ပါစေ၊ ဒီညမှ စ၍ ဖတ်ကြည့်မည်ဆိုသော ထွန်းနေမျိုး ကြိုက်နှစ်သက်ပါစေ၊ ထုတ်ဝေဖြစ်ပါစေ ဟု၍ ဆုတောင်းရင်း ထိုနေ့ညနေစာကို ဘာမှ မစားဖြစ်တော့ပါပဲ အိပ်ရာထဲ စောစောဝင်ခဲ့ပါသော်လည်း...



ထိုညက ကျွန်မ ကောင်းစွာ အိပ်မပျော်ပါ။

မျက်စိထဲမှာ ဆရာ့ရုပ်သွင်ကို မြင်ပြီး နားထဲမှာ ဆရာ၏ ပြတ်သားသော စကားသံများကို ကြားနေရသလိုပါပင်။

"သြော်...ဆရာဆိုတဲ့ ကိုထွန်းသစ်ဟာ ငါ့ဘဝရဲ့ ပထမဆုံးသော ကယ်တင်ရှင်၊ ကျေးဇူးရှင်တစ်ဦးအဖြစ် ငါ့ရဲ့ အသက်နဲ့အမျှ မှတ်တမ်းတင်ထားရတော့မှာပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်းကိုး

ငွေနှစ်သောင်း လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးပေးရချိန်မှာ ကျွန်မ လက်တွေ ဆတ်ဆတ်တုန်နေခဲ့သည်။

ကျပ်နှစ်သောင်းဆိုသော ငွေကို ကျွန်မ၏ တစ်သက်မှာ တစ်ခါမှ မပိုင်ဆိုင်ဖူးခဲ့ပါ။

ပိုင်ဆိုင်ဖို့ မပြောနှင့် ကိုင်ပင် မကိုင်ဖူးခဲ့ပါ။ ကျွန်မလို အခြေနေမဲ့ တစ်ယောက်ကိုလည်း ဘယ်သူက ငွေတစ်သောင်း ယုံကြည်စွာ အပ်ပါ့မလဲလေ။

"ဆရာမ ရည်ကြည့်ပါ"

ငွေကို အချိုးကျနေစွာ ရည်တွက်တတ်မည် မဟုတ်ပါ၍ ဆရာကို အားကိုးတကြီး ကြည့်လိုက်မိပါသည်။

"မင်းတို့ ရည်ပြီးသားဆိုလဲ ပြီးရောပေါ့ကွာ ထားခဲ့ပါ"



"ကျွန်တော် ခရီးက ပြန်လာရင်လဲ နောက်နှစ်အုပ်အတွက် ထပ်ပေးနိုင်အောင် ကြိုးစားပါဦးမယ် ဆရာ"

"ရတယ် ထွန်းနေမျိုး ပထမစာအုပ်ကိုပဲ အကောင်းဆုံးဖြစ်အောင် သုံးပါဦး။ နောက်ထပ် နှစ်အုပ်လဲ မင်းပဲ ဆက်ထုတ်နိုင်ပါစေကွာ"

"ကျွန်တော်ကတော့ ပေါက်မယ်လို့ ပြောရဲပါတယ် ဆရာ၊ ဆရာမရဲ့ အတွေးက သိပ်ကို နက်ရှိုင်းပြီး သွက်လက်ပွင့်လင်းနေတယ်။ စာတ်အိမ်လေးတွေကလဲ ဆန်းတယ်"

"အေးကွာ ကျေးဇူးပါပဲ။ နောက်အုပ်တွေ ဆက်ပေးပါမယ်လို့ စာချုပ်သဘော လက်မှတ်ထိုးပေးရဦးမလား"

"မလိုပါဘူးဆရာရယ်။ စာအုပ်ပေါက်သွားဖို့သာ အဓိကပါ။ စောင်ရေ သိပ်တက်လာရင် ထုတ်ဝေသူတွေ ဝိုင်းလာကြမှာပါ။ အဲဒီတော့လဲ ဆရာတို့နှစ်သက်တဲ့ တိုက်ကို ရွေးပါ။ ကျွန်တော်ကတော့ ကျွန်တော်တင်တဲ့ စာရေးဆရာ တက်သွားတာကိုပဲ ကျေနပ်ပီတိ ဖြစ်နေတာပါ"

"အဲဒီလို စာပေချစ်တဲ့ လူနဲ့ပဲ ဆရာတို့က ဆက်ဆံချင်ပါတယ်။ ကဲ...ထွန်းနေမျိုးလဲ ခရီးထွက်စရာရှိတယ်ဆို သွားတော့လေ"

"ကျေးဇူးပါပဲ ဆရာ"

"တို့က ကျေးဇူးတင်ရမှာပါကွာ"

"ရပါတယ် ဆရာရယ်။ ကဲ ဆရာမရော၊ မန္တလေး ဘာမှာဦးမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီရှင်"

ထုတ်ဝေသူ ကိုနေမျိုးထွန်းကို ကျွန်မ အယောင်ယောင် အမှားမှား ပြောလိုက်မိသည်။ တကယ်ဆို ဘာမှာမလဲ မေးရင် "မှာစရာ မရှိပါဘူးရှင်။ ကျေးဇူးတင်ပါတယ်" ဒါပဲ ပြောရမှာလေ ခုတော့ ထမင်းထည့်ပါဦးလို့ အပြောခံရတာကျနေတာပဲ။ တော်ပါ ပြီရှင်…တဲ့။

"ခြော်…ခုလို စီးပွားရေး အနုပညာကြေးကိစ္စများ ပြောရ ဆိုရ ညှိနှိုင်းရတဲ့အခါမျိုးမှာ ငါ့ရှေ့မှာ ဆရာရပ်ပေးနေလို့သာပေါ့"

ကျွန်မ သည်သို့ တွေးနေဆဲမှာ ကိုနေမျိုးထွန်း၏ ကားနား အထိ လိုက်ပို့သော ဆရာ ပြန်တက်လာသည်။

"ဒီနေ့မှ ဘာဖြစ်မှန်းကို မသိဘူး။ ဗိုက်က ခဏခဏ ဆာနေတယ်"

ငွေမုံကို ကြည့်ပြီး ဆရာက ကျွန်မကို ကြည်ဆယ်နေမှန်း သိသော်လည်း ကျွန်မ မပြုံးနိုင်သေးပါပဲနှင့်…

"ဆရာ"

"ဟင်"

"ဒီငွေတွေ ဆရာပဲ ယူထားပါနော်"

ဆရာကိုထွန်းသစ်က ကျွန်မကို "ဘာအဓိပ္ပာယ်လဲ" ဆို သော အကြည့်နှင့် ကြည့်နေ၍…

"ဒီလောက်ငွေ ကျွန်မ တစ်ခါမှ မကိုင်ဖူးဘူး ဆရာ။ သိမ်းထားစရာ နေရာလဲ မရှိဘူး။ ဒါကြောင့် ဆရာပဲ ယူထားပါ။ တကယ်တော့ ဒီငွေဟာ ဆရာပဲ ရထိုက်ပါတယ်လေ"



"ဘာ… ဘာပြောလိုက်တယ်"

"ကျွန်မ လန့်သွား၍ ငြိမ်နေမိခိုက်မှာ…

"ဆရာပဲ ရထိုက်ပါတယ် ဟုတ်လား။ ငါက ဘာလို့ ရထိုက်ရမှာလဲ၊ မသင်း ရေးထားတဲ့ ဝတ္ထုတစ်ပုဒ်အတွက် ရတဲ့ငွေကို ငါက ဘာလို့ ဝင်ပြီး ရထိုက်ရမှာလဲ ပြောစမ်းပါဦး"

ဆရာ အသံက ခက်ထန်မာကြောလှသည်။

"အခုလို ငွေတွေ ပိုရအောင်၊ စာအုပ်ထုတ်ဖြစ်အောင် လုပ်ပေးတာ ဆရာပါ။ ပြီးတော့ ဒီလောက်ငွေကို ကျွန်မ မကိုင်ရဲလို့ပါ။ ဆရာပဲ ယူထားပါ"

"ဒီမှာ မသင်း"

"ဆရာ"

"ကိုယ်ဟာ အခွင့်အရေးသမား မဟုတ်ဘူးဆိုတာ သိတတ်ဖို့ ကောင်းပြီ၊ မသင်းကို သံယောဇဉ်ရှိလွန်းလို့ ဖြစ်စေ ချင်လွန်းလို့ သိုးခံနေတာနော်။ ရွယ်ရွယ်ယောကျ်ားချင်းသာဆို ရင် ဆွဲထိုးမိမှာ။

ဆရာ တကယ်စိတ်ဆိုးသွားသဖြင့် ကျွန်မလည်း တကယ် ဝမ်းနည်းရပါပြီ။

တကယ်တော့ ဒါလဲ ကျွန်မ အမှားပါပဲ။

ဆရာက ကြည်ဆယ်တဲ့ အနေနဲ့ ဗိုက်ဆာပြီလို့ ပြောချိန် မှာ ကျွန်မကပါ ပြုံးရွှင်ပျော်မြူးစွာဖြင့် သည်ငွေတွေ ယူပြီး စားသောက်ဆိုင် တစ်ခုခုကို နှစ်ယောက်သား သွားကြဖို့ပဲ လေ။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ကျွန်မရဲ့ အမှားတွေကြောင့် ဆရာက ဒေါပွ၊ ကျွန်မက ဝမ်းနည်း။

"ငွေတွေ သိမ်းလိုက်စမ်း၊ ကိုအောင်ဝင်းတို့ ပြန်လာလို့ တွေ့သွားရင် မကောင်းဘူး၊ စာအုပ်မထွက်သေးခင် ဘယ်သူမှ မသိတာ အကောင်းဆုံး"

ကျွန်မက ငါးရာတန် ငွေနှစ်သောင်းကို ကျွန်မ၏ ပိုက်ဆံအိတ်ကလေးအတွင်း ထိုးထည့်သိမ်းပိတ်လိုက်ပြီး။

"အပြင်မှာ တစ်ခုခု သွားစားကြရအောင်လေ"

"တော်ပြီ"

"ဒါနဲ့ ဆရာက ဗိုက်ဆာတယ်ဆို"

"အေး... ခုန ဟုတ်တယ် ခု မစားချင်တော့ဘူး"

ဆရာကိုထွန်းသစ်က သူ၏ အယ်ဒီတာ အံဆွဲကို ဖွင့်ပြီး စာမူများကို ဖတ်နေတော့သည်။ ကျွန်မကိုလည်း မကြည့်တော့ပါ။

သည်နေ့ တိုက်မှာ လူရှင်းနေသည်။ ရှင်းအောင်လည်း ဆရာက ဖန်တီးထားခြင်း ဖြစ်၏။ ထုတ်ဝေသူ ငွေလာပေးကြောင်း ဘယ်သူမှ မသိစေချင်သေး၍ ဖြစ်ကြောင်း ဆရာကိုယ်တိုင် ပြောပြထားပါ၏။

မျက်မှန်ကိုင်းညိုကြီး တပ်လျက် တည်ကြည်ငြိမ်သက်စွာ စာဖတ်နေသော ဆရာ၏သိက္ခာရှိ မျက်နှာကို ကျွန်မ လေးစားကြည်ညိုစွာ ကြည့်နေမိပြီးမှ ဆရာ့စားပွဲရှေ့သို့ သွားကာ–

"ဆရာ"

"အင်း"



ဆရာက မော့မကြည့်ဘဲ စာဆက်ဖတ်နေ၍...

"ကျွန်မဘဝမှာ ဒီလောက်ငွေမျိုး တစ်ခါမှ မမြင်ဘူး၊ မသုံးဘူးလို့ စိတ်တွေ လှုပ်ရှားပြီး ပြောမိပြောရာတွေ ပြောလိုက်မိတာပါ။ ကျွန်မမှားပါတယ်။ ကျွန်မကို ခွင့်လွှတ်ပါ ဆရာရယ်"

ကျွန်မအသံတွေ တုန်ပြီး မျက်ရည်ပါ ဝဲတက်လာသဖြင့် ဆရာက မော့ကြည့်ပြီး...

"အေးလေ ခုတော့ အလုပ်လုပ်လိုက်ဦးမယ်၊ ညနေကျတော့မှ တစ်ခုခုသွားစားကြတာပေါ့"

"ဆရာ"

"ဟင်"

"ကျွန်မ ညနေတိုင်း ထမင်းနဲ့ ဘယာကြော် စားရတာ ဒီညနေ ဟင်းကောင်းကောင်းနဲ့ ထမင်းတစ်နပ် စားပါရစေ။ ဆရာလိုက်ပို့ပါနော်"

"ကောင်းပြီလေ"

"ကျွန်မကို စိတ်မဆိုးပါနဲ့တော့နော်"

"စိတ်ဆိုး စိတ်ကောက်ရအောင် ကိုယ်က ကလေးမှ မဟုတ်တာ"

"ဒါပေမယ့် ဆရာ ကျွန်မကို စိတ်ခုသွားတာတော့ သေချာပါတယ်"

"ဒီငွေမျိုး မကိုင်ဖူးဘူးဆိုတာ တကယ်လား"

"ခုရတဲ့ လခငွေ သုံးထောင်ထက် ပိုပြီး မပိုင်ဆိုင်ဖူးပါဘူး။ ကျွန်မရဲ့ ဘဝက သိပ်ပြီး ပင်ပမ်းဆင်းရဲနိမ့်ကျခဲ့ပါတယ် ဆရာရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့ကို ပြောပြနိုင်မယ်ဆိုရင်တော့ နားထောင်ချင်ပါတယ်။

"အားလုံး မဟုတ်တောင် ပြောနိုင်ခွင့်ရှိသလောက် ကျွန်မ ဆရာ့ကို ပြောပြပါမယ်"

ဆရာသည် "သူတစ်ပါးကိစ္စသည် မိမိနှင့်မဆိုင်" ဆိုသော ခံယူချက်မျိုးဖြင့် ဘယ်သူ့အကြောင်းမှ မသိချင်သည့် လူစားမျိုးဖြစ်သည်။

ယခုတော့...

ဖြတ်သန်းလာခဲ့သော ကျွန်မ၏ ဘဝ သာမက ကျွန်မ၏ မပြောပြနိုင်သေးပါဆိုသော အပိုင်းကပ္ပာပါ အလွန်စိတ်ဝင်စားစွာ သိချင်နေပုံရသည်။

သို့ပါသော်လည်း...

ကျွန်မကို လောကအကြောင်း ဘာမှ နားမလည်သော ဘာအတွေ့အကြုံမှ မရှိသော ဖြူဖြူစင်စင် ကောင်မလေးတစ်ယောက်ဟု ဆရာလက်ခံယုံကြည်နေရှာသည်ကို ကျွန်မ ရင်ထဲက နာကျင်နေမိသည်။

နေကြာဆိုသော...

ကျွန်မ၏ ကိုယ်ပိုင်ဘဝအကြောင်းနှင့် မဒီနွယ်ဆိုသော စားသောက်ဆိုင်မှ အဆိုတော် လူသတ်သမား၏ အကြောင်းများကို ပထမဆုံး ထုတ်ဖော်ပြောကြားဖြစ်မည့်သူမှာ ဆရာမှလွဲ၍ ဤလောကတွင် တခြားသူ မဖြစ်နိုင်ပါ။

ထိုနေ့ညနေပိုင်းမှာ...



ငွေတွေ အထပ်လိုက်ကိုင်ပြီး စားကောင်းသောက်ဖွယ်များကို ဆရာနှင့် အတူစားခွင့်ရမည်ဆိုသည့်အတွက် ကြည်နူးခြင်း အရှိန်အဟုန်သည် ကျွန်မ၏ ရင်ကို သိမ့်သိမ့်ခါစေ၏။

✍ ✍ ✍

www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ်

မမရေ...

ကွန်ဂရက်ကျူလေးရှင်းဗျာ...

ပထမဆုံး လုံးချင်းဝတ္ထုကို အငှားဆိုင်မှာ တန်းစီစာရင်းပေးထားမှ ဖတ်ခွင့်ရတဲ့ စာအုပ်တစ်အုပ်ကို ဖန်တီးလိုက်နိုင်တဲ့ မမရယ်...

မမနှလုံးသားထဲက ဆွဲထုတ်ပြီး စာအုပ်ထဲ ထည့်ပြလိုက်တဲ့ စကားလုံးတွေက ကျွန်တော့်ရင်ထဲကို ဝင်လာတယ်ခင်ဗျ၊ ဖတ်ပြီး ကျွန်တော် အိပ်မပျော်ဘူး။ ဇာတ်ကောင်တွေရဲ့ စကားတွေက အဆင့်မြင့်လွန်းလို့ မမရဲ့ ဝါကျတည်ဖွဲ့ပုံတွေက ဆန်းသစ်လှပလွန်းလို့ စွဲမက်ရတာတွေအပြင် တလျှောက်လုံး အနစ်နာခံလာခဲ့ရတဲ့ မင်းလုလင် ဆိုတဲ့ ကောင်လေးကို ဘာလို့ သတ်ပစ်လိုက်ရတာလဲဗျာ။



ဒါတော့ မမ ရက်စက်လွန်းတယ်။ အင်းပေါ့လေ မင်းသား သေသွားလို့လဲ ဖတ်တဲ့ကောင်မလေးတွေ ငိုကြ၊ ကျွန်တော်လိုကောင်တွေ အိပ်မရ ဖြစ်ကုန်ကြတာပေါ့။

မမစာထဲမှာ ရုံးကို သုံးအုပ် တစ်ပြိုင်ထဲ တင်ထားပြီလို့ပဲ ပါတယ်။ ဘာနာမည်တွေလဲ ဟင်...

"ချစ်ခြင်း၏ ရောင်စဉ်များ"ဆိုတဲ့ ခုဝတ္ထုလိုပဲ နာမည်လှလှလားဟင်...

တခြားပရိသတ်တွေထက် စောပြီး ကျွန်တော့်ကို သိခွင့်ပေးပါနော် မမ။

ကျွန်တော်ဟာ မမရဲ့ လုံးချင်းဝတ္ထု မထွက်ခင်ထဲက မမရဲ့ စာဖတ်ပရိသတ်ပါနော်။

မမ အားပေးပေမယ့် ကျွန်တော်ကတော့ အားလျှော့ပါပြီဗျာ။ ဝတ္ထုတိုချည်း ဆယ့်လေးပုဒ်တိတိ မဂ္ဂဇင်းတိုက်ပေါင်းစုံကို ပို့ထားတာ ဘယ်မှာမှ ပါမလာဘူး။ ဖတ်သူဘဝကနေ ရေးသူဘဝ ရောက်ဖို့ဆိုတာ သိပ်ကို ခက်ခဲတဲ့ ကျော်လွှားရခြင်းမျိုးပါ မမ။

ဘာပဲ ဖြစ်ဖြစ် မမကံကောင်းပါတယ်ဗျာ။

မမရဲ့ လိပ်စာက မြရာပင်မဂ္ဂဇင်းတိုက်က တစ်ဆင့်ဆိုတော့ မမက အဲဒီမဂ္ဂဇင်းပိုင်ရှင်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



သမီးများလား… မမက နဂိုကတည်းက စာပေ အသိုင်းအဝိုင်းထဲက ထင်ပါရဲ့နော်။

ကျွန်တော်ရဲ့ အညတရဘဝအကြောင်း မမကို ပြောပြပြီးခဲ့ပြီ။

မမဟာ ဘယ်သူလဲ၊ တက္ကသိုလ်က ဘာမေဂျာနဲ့ ဘယ်နှစ်က ဘွဲ့ရတာလဲ။ ဒါမှမဟုတ် ကျောင်းမပြီးသေးဘူးလား။ အဲဒါတွေက အစ မမပြောနိုင်သမျှ ကျွန်တော် အကုန်သိချင်ပါတယ်။ သိခွင့်ပေးပါနော်။

ခုနေ ကျွန်တော့် ရင်ကို ခွဲပြီး ကျွန်တော့် နှလုံးသားကို ထုတ်ကြည့်ရင် ချစ်ခြင်း၏ ရောင်စဉ်များဆိုတဲ့ စာတမ်းကြီး ကျွန်တော့်နှလုံးသားမှာ ထွင်းထုထားတာ မြင်တွေ့ကြရပါလိမ့်မယ်။

မမရဲ့ စာကို အဲဒီလောက် စွဲလန်းနေတဲ့ ကောင်လေးတစ်ယောက်ပါ။

မမ ဘယ်လောက် ရေးရေး ကျွန်တော်ရဲ့ နှလုံးသားနဲ့ အမြဲစောင့်ပြီး ဖတ်မယ်။ နောက်ဆုံး ပြောလိုက်မယ်။ မမဝတ္ထုစောင်ရေဟာ တစ်အုပ်ပဲ ရှိတော့ရင်တောင် တစ်ယောက်တည်းသော စာဖတ်သူဟာ ကျွန်တော်ပဲ ဖြစ်မယ်ဆိုတာ မမယုံ။

ကျွန်တော် စာတွေ အများကြီး ရေးချင်ပါကယ်။ သိချင်တာတွေ မေးချင်တာတွေကလဲ



တပုံတပင်ပါပဲ။ ဒါပေမယ့် ဘက်စ်ဆယ်လာ (Best seller)ဖြစ်တော့မယ့် မမအတွက် အချိန်တွေ သိပ်နည်းသွားပြီ ကျွန်တော့်ရဲ့ စာဟာ မမရဲ့ အဖိုးတန်အချိန်ထဲက ဖြတ်တောက်ဖဲ့ယူရတာမျိုး ဖြစ်မှာစိုးလို့ ကျွန်တော်ရဲ့ ရေးသားမှုကို ရပ်ဆိုင်းပါတော့မယ်။

စာပေစင်မြင့်မှာ ကာလရှည်ကြာစွာ အောင်မြင်ခြင်းများနဲ့ ဝင့်ထယ်နိုင်ပါစေလို့ ရင်ဘတ်ထဲက ဆန္ဒကို စာရွက်ပေါ် တင်ပြီး မမဆီ ပို့လိုက်ပါပြီ။

မမရဲ့ စာရှည်ကို မျှော်နေမယ်…

စာရေးတဲ့ကောင်လေး

မောင်မောင်

သူပြောသလိုပါပဲ အရင်စာတွေလို နှစ်ခေါက်သုံးခေါက် မဖတ်ဖြစ်တော့ပါ။

ကျွန်မ ဆရာက ကျွန်မကို လှည်းဆွဲ နွားမောင်းသလို "မောင်း"နေပါ၍ နေ့စဉ် ညစဉ် ကျွန်မ စာတွေ ဆက်တိုက် ရေးနေရပါပြီ။

နံပါတ်တစ်က စာပေ အရှည်အချင်းနော်…၊

နံပါတ်နှစ်က အရှည်အတွက်…၊

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုလုံး လိုအပ်တယ်။ မြန်လဲ မြန်ရမယ်။ ကောင်းလဲ ကောင်းရမယ်။ နားလည်လား။

ဆရာ၏ ဩဝါဒကို ကျွန်မ ရိုသေစွာ လိုက်နာနေပါသည်။

တစ၍ ရေးချိန်မှာ ရိုက်သော စောင်ရေ ရောင်းမလောက်ပါ နောက်ထပ် တိုး၍ ရိုက်ရမည်ဆိုသည့်အတွက် ရေးရသည်မှာ အားရှိလိုက်ပါဘိခြင်း။

ကျွန်မ၏ မဖြစ်လောက် လခလေးရသည့် မဂ္ဂဇင်းတိုက်မှ ဆရာက အလုပ်ထွက်ခိုင်းသဖြင့် ဤမဂ္ဂဇင်းအပေါ်မှာ သံယောဇဉ်တန်းလန်းနှင့် ဖြတ်ချလိုက်ရသည်။ ဆရာ့ကို နေ့စဉ် မြင်တွေ့ခွင့် မရသဖြင့် ကျွန်မ လွမ်းနေမိသည်။

အဆောင်မှာ ဘိုလိုပြောကြသော မမနှစ်ယောက်က တစ်နေ့လုံး မရှိသဖြင့် ကျွန်မ တနေကုန် စာရေးခွင့်ရသည်။

ညနေ ကျွန်မ စာရေးနားချိန်မှာ သူတို့ ပြန်လာကြပြီး လာပို့သော ထမင်းချိုင့်ကို စားကြ၊ သောက်ကြ၊ အဝတ်လျှော်ကြ၊ ရေချိုးကြ။

သူတို့က စောစောအိပ်သဖြင့် ကျွန်မ စာရေးသည့် မီးရောင်ကြောင့် အိပ်မရပါဟု ပြဿနာတက်တော့သည်။

ယခုအခါတွင်...

လုံးဝ လူမရှိသော တစ်ခန်းလုံးကို တစ်ယောက်တည်း တစ်လ သုံးထောင်ပေး၍ နေနိုင်သောအဆင့်သို့ ရောက်ခဲ့ပါပြီ။



ကျွန်မ၏ အခန်းလေးမှာ ညဘက် ဖျော်သောက်ရန် ဓာတ်ဗူးထဲမှာ ရေနွေး အဆင်သင့် ကော်ဖီမစ်က မပြတ်လပ်။ စားစရာအစုံ၊ သုံးဆောင်စရာ ပစ္စည်းသစ်များနှင့် ကျွန်မ၏ ဘဝသည် ပြည့်စုံခြင်းများစွာကို ပိုင်ဆိုင်ခွင့်ရခဲ့ပါပြီ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ့်တစ်

ထုံးစံအတိုင်း ညနေပိုင်း ဆရာရောက်ချလာပြီး သူနှင့်အတူ ကင်မရာတစ်လုံးနှင့် လူတစ်ယောက်လည်း ပါရှိလာသည်။

"မသင်း ဒါ နေခြည်ဦးမဂ္ဂဇင်းက ဓာတ်ပုံဆရာ တာဝန်ခံ အယ်ဒီတာက မသင်းကို ဗျူးချင်လို့တဲ့"

"ရှင်"

"ဟောဒီမှာ မေးခွန်းတွေ မေးထားတယ်။ အဲဒီအောက်မှာ ဖြေဖို့ နေရာတွေ ချန်ထားတယ်။ ကြိုက်သလိုဖြေ"

"ဆရာ"

"ချက်ချင်း ဖြေရမှာ မဟုတ်ဘူး။ ဒီစာအုပ်က ထားခဲ့မှာ အေးအေးဆေးဆေးဖြေ ခုတော့ ဓာတ်ပုံအရိုက်ခံရုံပဲ။ အဝတ်စားလဲဦးမလား"

"မဟုတ်ဘူး ဆရာ"

"စာရေးဆရာပဲကွာ မင်းသမီး အင်တာဗျူး (Interview) သလို မိတ်ကပ်လိမ်း အဝတ်လှလှဝတ်စရာမလိုပါဘူး။ ဒီတိုင်းပဲ အရိုက်ခံလိုက်"



"ဟင်အင်း...ဟင်အင်း ဆရာ ကျွန်မ အဲဒါမျိုး လုံးဝ မလုပ်ဘူး"

ဓာတ်ပုံဆရာက မှန်ဘီလူးကို လှည့်ပြီး ကျွန်မကို ချိန်နေပြီမို့ ကျွန်မ နေရာမှ ရုပ်ပျက်ဆင်းပျက် ထလိုက်ပြီး ခါးခါးသီးသီး ညင်းလိုက်သဖြင့် ဆရာက ဒေါသမျက်နှာနှင့်...

"ဒါ ဘာဖြစ်တာလဲ၊ အရိုက်မခံရဲစရာ ဘာရှိလဲ၊ ကိုယ်က ရုပ်ရှင်မင်းသမီး မဟုတ်ဘဲ ရဲဒိုးစာရေးဆရာမှ မဟုတ်တာ"

ကျွန်မက မတ်တတ်အနေအထားနှင့်ပင် ဓာတ်ပုံဆရာကို လှမ်းကြည့်ပြီး–

"ကျေးဇူးပြုပြီး ရှင်ပြန်ပါ။ ကျွန်မ ဘယ်တော့မှ ဓာတ်ပုံအရိုက်ခံမှာ မဟုတ်လို့ပါ။ ဒီစာအုပ်ထားခဲ့ပါ။ ကျွန်မ ဖြေပေးပါ့မယ်"

"ဖြေစရာ မလိုဘူး၊ စာအုပ်ပါ ပြန်ယူသွား ဇော်မိုးလွင်"

"ဓာတ်ပုံဆရာက ကျွန်မတို့ စုံတွဲ စိတ်ကောက်နေကြသည်ဟူသော အသိမျိုးဖြင့် သူ့ခေါင်းကို ကုပ်ရင်း မတ်တပ်ထရပ်ကာ...

"ဆရာကို ကျွန်တော် ပြန်ပို့ပေးဖို့ လိုလား"

"ကိုဇော်မိုးလွင် ပြန်နှင့်ပါ ဆရာနေခဲ့ပါဦး"

ဆရာကိုထွန်းသစ်က မကျေနပ်သော မျက်နှာနှင့် ကျွန်မကို လှမ်းကြည့်နေ၏။

သို့သော်...

"ညီလေး ပြန်နှင့်ကွာ"

"အဓိပ္ပာယ်ရှိသော အပြုံးမျိုးဖြင့် ဇော်မိုးလွင်က ပြုံးစိစိနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်သွား၏။ ကားစက်နိုးသံကြားမှ ကျွန်မက-

"ဆရာ"

"ဘာလဲ"

အရင်နိုးဆုံး လူသားနှစ်ယောက် ဖြစ်သွားကြပြီမို့ ကျွမ်မတို့ စိတ်ကောက်ရဲကြသည်။ စိတ်ဆိုးဝံ့ကြသည်။ တစ်ယောက်နှင့် တစ်ယောက်လည်း ပြောမနာ ဆိုမနာအဆင့်သို့ ရောက်ခဲ့ကြပါပြီ။

"ကျွန်မကို ဘယ်တော့မှ ဓာတ်ပုံရိုက်မခိုင်းနဲ့၊ ဘယ်တော့မှ ကျွန်မမျက်နှာကို ကျွန်မ ပရိသတ် မတွေ့စေရဘူး"

"မင်း ရှုးနေလား၊ ရုပ်က နူဝဲ အကြောဆွဲနေလို့လား၊ မျက်နှာမှာ ဒဏ်ရာကြီးရှိလို့လားဟင်..."

"မဟုတ်ဘူး ဆရာ"

"မသင်းဟာ ရုပ်မချောပါဘူး။ ဒါပေမယ့် ပင်ကိုယ်အလှ ရှိတယ်။ မင်းရဲ့ အလှက ကြည့်တတ်မှ မြင်နိုင်တဲ့ အလှမျိုး"

"ဆရာရယ်"

"ပြီးတော့ စာရေးဆရာဆိုတာ ရုပ်လှဖို့ ဘာလိုလဲ စိတ် လှဖို့ပဲလိုတာ၊ စိတ်လှမှ စာလှတယ်လေ။ ကိုယ်ခေါ်လာတဲ့ ဓာတ်ပုံဆရာကို ငြင်းလွှတ်လိုက်တာ ကိုယ် ဘယ်လောက် သိက္ခာကျသွားမလဲဆိုတာ မသင်း စဉ်းစားတတ်ပါတယ်"

ကျွန်မ ဘာမှ မပြောနိုင်၊ ဆရာ၏ စကားသံတွေက မာ ကြောနေ၏။

ငုံ့ထားသော ကျွန်မမျက်ဝန်းဆီမှ မျက်ရည်ပေါက်များ လက်ခုံပေါ်သို့ တစ်ပေါက်ချင်း ကျလာတော့သည်။

"မသင်း အနိုင်ရလို့ပါတယ်လေ။ အဲဒါ ဘာကြောင့်



ငိုနေရတာလဲ"

"ဆရာ့ကို အနိုင်ယူတာ မဟုတ်ရပါဘူး။ ကျွန်မဘဝကို ကျွန်မ ဝမ်းနည်းလွန်းလို့ပါ"

"မသင်း...မသင်းရဲ့ ဘဝမှာ ဒီအချိန်လောက် ဝမ်းသာ စရာကောင်းတာ ရှိနိုင်ပါဦးမလား၊ စဉ်းစားလဲ ပြော"

"ဆရာ"

"အင်း"

"စာရေးဆရာတစ်ယောက်ရဲ့ ရုပ်သွင်ကို ပရိသတ် မြင်ရမယ် လို့ ကျွန်မ တခါမှ မစဉ်းစားခဲ့မိဘူး။ ဒီမှာ ဆရာ"

"ပြော"

"ကျွန်မရဲ့ ရုပ်ပုံကို မဂ္ဂဇင်းစာမျက်နှာမှာပါမှ စာရေး ဆရာ စာရင်းဝင်မယ်ဆိုရင် ကျွန်မ စာရေးသားခြင်းကို ရပ်တဲ့ ပစ်လိုက်ရတော့မှာပါ"

"ဘာပြောတယ် ပြန်ပြောစမ်း"

"ကျွန်မ ဓာတ်ပုံပြမှ စာရေးဆရာဖြစ်ရမယ်ဆိုရင် ကျွန်မ စာရေးဆရာ ဆက်မလုပ်တော့ဘူး ဆရာ"

"ဒါနဲ့ မှသင်းပဲ စာရေးချင်လှချီရဲ့ အောင်မြင်တာကို ဝမ်းသာလှချည်ရဲ့ဆို"

"မှန်ပါတယ်။ ဒါပေမယ့် အဲဒီ မျှော်လင့်ချက်တွေ အားလုံး ကို ဖုံးလွှမ်းသွားစေနိုင်တဲ့ ခံစားမှုကြီးက ကျွန်မရဲ့ ရင်ထဲမှာ ရှိနှင့်နေပြီးသားမို့ပါ။

"ဘယ်လို"

"ကျွန်မဟာ ဆရာထင်သလို ဖြူစင်လှတဲ့ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မဟုတ်ပါဘူး ဆရာရယ်။ ကျွန်မရေးနေတဲ့ ဝတ္ထု တွေထက် ပိုပြီး ရှုပ်ထွေးနက်ရှိုင်းတဲ့ ဘဝကနေ ရုန်းထွက်လာခဲ့ ရသူပါ။

"ဟင်"

ဆရာသည် ကျွန်မကို အဖြေရှာသလို သေသေချာချာ ငေးကြည့်နေသည်။ သူကိုယ်တိုင်လည်း ရှုပ်ထွေးသွားပုံရသည်။

"ဆရာ့ကို ပြောပြနိုင်မလား"

"ပြောတော့ ပြောနိုင်မှာပါ။ ဒါပေမယ့် အခုအချိန်မှာတော့ ပြန်ပြောဖို့ မပြောနဲ့ ပြန်တွေးရင်တောင် နှလုံးသားတွေ ပွင့်ကွဲ ထွက်တော့မတတ် ကြောက်ရွံ့တုန်လှုပ်ရလွန်းလို့ပါရှင်..."

ဆရာကိုထွန်းသစ် ခေါင်းတဆတ်ဆတ် ငြိမ့်၏။

ကျွန်မက ဆရာ့ရှေ့မှာ ငိုမပြချင်၍ မျက်ရည်တွေ သုတ် ပြီး စိတ်ကို တင်းလိုက်ရသည်။

ဆရာက ကျွန်မကို ငေးစိုက်ကြည့်လာသည်။

ကြင်နာခြင်းနှင့် အထင်သေးခြင်းတို့ ပေါင်းစပ်သော အကြည့်ဟု ကျွန်မ ပြောရပါ၏။

"မင်း အဆောင်မှာ တစ်ယောက်ထဲနေတာ ဘယ်လောက် ကြာပြီလဲ"

"သုံးနှစ်ခွဲ"

"မိဘတွေရော"

"နယ်မှာ"

"ဘယ်နယ်လဲ"

"မြစ်ဝကျွန်းပေါ် ပင်လယ်နားကရွာ"



"မိဘတွေ ဘာလုပ်လဲ"

"တံငါ"

"ညီကိုမောင်နှမရော"

"မောင်လေးတစ်ယောက် ကျွန်မတစ်ယောက်"

"ဒါပဲလား၊ အဲဒီမောင်လေးရော"

"သေပြီ"

"အဖေ အမေက မင်းထွက်လာတာ မတားဘူးလား"

"အမေက သဘောတောင်ကျနေတာ"

"ဟုတ်ပါ့မလားကွာ အဖေကရော"

"အဖေလဲ သေပြီ"

"အမေက နောက်အိမ်ထောင်ပြုသလား"

"ဟုတ်တယ်၊ ပထွေးက ကြံတာကို အမေက သူ့ယောကျ်ား ရဲ့ လိမ်ညာတဲ့စကားကို ယုံပြီး ကျွန်မကို ပါးရိုက်လို့ သိပ်စိတ် နာပြီး ရွာက ထွက်လာတယ်။ ဘယ်တော့မှ မပြန်လာဘူးလို့ ပြောခဲ့တယ်။ တကယ်လဲ သေတဲ့အထိ မပြန်ပါဘူး"

"မသင်း"

"ရှင်"

"ဆရာမေးမယ် ပြောနိုင်မှ ပြောနော်၊ အိမ်က ထွက်လာ ပြီးချိန်က စပြီး ခု ဆရာနဲ့ တွေ့တဲ့ အချိန်အထိ ဘယ်လိုယောကျ်ား မျိုးတွေနဲ့ မသင်း ပတ်သတ်ခဲ့ဖူးသလဲ"

"ဟင်း...ဟင်း"

ကျွန်မ နာကျင်အက်ကွဲစွာ ရယ်မောလိုက်ပြီး။

"ဆရာတွေးထင်နေသလို ကျွန်မပြည့်တန်ဆာတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာတော့ သေချာပါတယ် ဆရာ"

"ဟာ"

"ကျွန်မ ဘယ်ယောကျ်ားနဲ့မှ မပတ်သက်ခဲ့ဖူးဘူးဆိုတာ ကျမ်းသစ္စာ ကျိန်ဆိုပြီး ပြောရဲပါတယ်။ ခုအချိန်အထိလဲ ဘယ်သူနဲ့မှ ဘာမှ မဖြစ်ခဲ့ဘူးသလို ဘယ်သူ့ကိုမှလဲ မချစ်ခဲ့ဘူးသေးပါဘူး ဆရာ"

"ဒီလိုသန့်စင်နေရင် မင်းရုပ်ကို ဘာလို့ ပရိသတ်ကို မပြရဲရမှာလဲ"

"ယောကျ်ားတွေနဲ့ မပတ်သက်ခဲ့တာကိုတော့ ဆရာယုံပါ။ အဲဒါ သစ္စာစကားပါ။ ကျွန်မရဲ့ အမှန်တရားပါ။ ဒါပေမယ့် ဆရာ့ကို ဘယ်နည်းနဲ့မှ ပြောလို့ မဖြစ်သေးတဲ့ ကိစ္စတစ်ခု ကျွန်မမှာ ရှိနေလို့ပါ"

"ဘယ်လိုကိစ္စမျိုးများလဲကွယ်"

"ကျွန်မ မပြောပါရစေနဲ့ ဆရာရယ်"

"ဆရာသိချင်တယ်ဆိုရင်ရော"

"ကျွန်မ မပြောပါရစေနဲ့"

"ဥပဒေနဲ့ ပတ်သက်နေတာမျိုးလား"

"ဟုတ်ပါတယ်။ ဒါပေမယ့် ကျွန်မက ဥပဒေကို ချိုးဖောက်သူ မဟုတ်ပါဘူး။ အချိုးဖောက်ခံရသူပါ"

"အို"

"ကျွန်မ တောင်းပန်ပါတယ်ဆရာ။ ကျွန်မမှာ ပြောပြနိုင်တဲ့ အင်အား ရှိလာတဲ့ တစ်နေ့မှာ အရင်ဦးဆုံး ပြောပြမယ့်သူဟာ ဆရာပဲ ဖြစ်စေရမှာပါ"



"ကောင်းပြီလေ"

အခိုးတွေ ဝေနေသော သူ့မျက်မှန်ကို ချွတ်၍ ပုဆိုးစနှင့် သုတ်ရင်း ကျွန်မကို လုံးဝ မကြည့်ပါနှင့်။

"ဆရာ့ဘဝမှာ အတွယ်တာရဆုံး၊ သံယောဇဉ်အကြီးရဆုံးသော မိန်းကလေးဟာ သင်းသရဖီပါပဲ။ ဒါပေမယ့် မင်းလေးဟာ ပဟေဠိတစ်ပုဒ်လို့လဲ ပြောလို့ရပါတယ်။ တစ်နေ့နေ့မှာ တိကျတဲ့ အဖြေတွေ သိခွင့်ရနိုင်ပါစေလို့ ဆုတောင်းရုံကလွဲပြီး ဆရာ ဘာမှ မတတ်နိုင်တော့ပါဘူး"

"ဆရာ့တပည့်မလေးကို ခွင့်လွှတ်ပေးပါ ဆရာရယ်"

"ဆရာ ပြောရဲပြီ၊ မင်း ဘာပဲ လုပ်လုပ် ငါ ခွင့်လွှတ်နိုင်မှာပါ။ တစ်ခုလေးတော့ တောင်းဆိုပါရစေ"

"ပြောပါ ဆရာ"

"မင်း မငိုပါနဲ့ မိန်းကလေးရယ်"

"ရှင်"

"မင်းရဲ့ မျက်ရည်ကို ကြည့်နိုင်တဲ့ အင်အားမျိုး ကိုယ့်မှာ မရှိတော့ဘူး သင်းသရဖီ"

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်းတစ်ဆယ့်နှစ်

ထုတ်ဝေသူ ဦးစောလွင် ရောက်ချလာသည်။

သူထုတ်ဝေပြီးသား စာအုပ်တွေ စထပ်ကြီးပေးရင်း ဟိုတုန်းက ဘာမှ မဖြစ်ခဲ့ဘူးသလိုဟန်နှင့် အီလွှန်ရင်းနှီးသော လေသံနှင့်။

"အဆောင်မှာ မနေနဲ့တော့လေ အခန်းတစ်ခန်း ဝယ်လိုက်တော့"

"ကျွန်မ ဒီအဆောင်လေးမှာ နေရတာ လွတ်လပ်ပါတယ်။ စာရေးလို့လဲ ရတယ်"

"ဒါဖြင့်လဲ ကားစီးဗျာ။ ကိုယ်သွားချင်တဲ့နေရာ ခရီးရောက်တာပေါ့။ ဘတ်စ်ကားတိုးမစီးနဲ့တော့"

စာအုပ်အကြောင်း၊ စာမူခအကြောင်း ဘာမှမပြောပါပဲနှင့် တိုက်ခန်းဝယ်၊ သို့မဟုတ် ကားစီးပါဆိုသော ကိုစောလွင်ကို ကျွန်မ ခပ်ပြုံးပြုံးပင် ကြည့်နေလိုက်မိပါသည်။



"ကျွန်တော့်တိုက်က ထုတ်တဲ့ စာအုပ်တွေကို ကြည့်ပါ။ အပြင်အဆင်က အစ လှအောင်ခန့်အောင် လုပ်ထားပါတယ်။ ပြီးတော့ နယ်ကိုယ်စားလှယ်တွေဆိုလဲ ယုံကြည်ကြပြီးသား ကျွန်တော့်တိုက်က ထုတ်ဝေတဲ့ စာအုပ်တိုင်း သူများထက်သာတာ ချည်းပဲ"

"ဟုတ်ကဲ့"

"စာရေးကောင်းဖို့ လိုသလို ထုတ်ဝေသူဘက်ကလဲ စာအုပ် အပြင်က အစ လှဖို့ ဖြန့်ချိရေးကောင်းဖို့လဲ တကယ်လိုအပ် ပါတယ်။

"ဒါတော့ ဟုတ်ပါတယ်"

"ဒါကြောင့် ဆရာမ ကျွန်တော့် တိုက်ကို ကူးခဲ့ပါတော့။ လိုအပ်တဲ့ ငွေ ကျွန်တော် ပေးထားပါ့မယ်။ နောင်မှပဲ စာအုပ် စောင်ရေအရ စာရင်းရှင်းကြတာပေါ့။ ကျွန်တော် ပြောနိုင်တာ တစ်ခုရှိတာက သူများပေးတဲ့ ဈေးထက် ကျွန်တော် ပိုပေးနိုင်ပါ တယ် ဆိုတာကိုပါပဲ"

"ကျေးဇူးတင်ပါတယ် ဦးစောလွင်"

"ဆရာမတို့က အနုပညာကို ကောင်းအောင် ပြုစုသလို ကျွန်တော်တို့ကလဲ စာအုပ်ကို ကောင်းအောင်၊ စောင်ရေတက် အောင် အမြဲကြိုးစားနေရတာပါ"

"ဟုတ်ပါတယ် ထုတ်ဝေသူနဲ့ စာရေးဆရာဆိုတာ အပြန် အလှန် အကျိုးပြုနေကြသူတွေပါပဲလေ"

"ဆရာမကို အခု ကိုနေမျိုးထွန်းတို့က စာမူခ ဘယ်လောက် ပေးနေသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိစ္စတွေကိုတော့ ဆရာကိုထွန်းသစ်ကိုပဲ မေးရင် ပိုကောင်းပါလိမ့်မယ် ဦးစောလွင်"

"ဆရာက ကျွန်တော့်ကို မကြည်ဘူးဗျ"

"အရင်ကိစ္စတွေတုန်းက ဘယ်သူမှ မမှားကြဘူးလို့ ကျွန်မ ထင်ပါတယ်။ ဦးစောလွင်ဘက်ကလဲ အသစ်တင်ရမှာဆိုတော့ စီးပွားရေးရှုထောင့်က ကြည့်ရမှာပေါ့လေ မှန်ပါတယ်"

"ဆရာမ ဒီလို သဘောပေါက်ရင် ကျွန်တော် ဝမ်းသာပါတယ်"

"သဘောပေါက်ပါတယ်။ ကျွန်မတို့ဘက်ကလဲ ကျွန်မတို့အတွက် ကြည့်ရမှာပေါ့လေ။ အဲဒီတုန်းက ဦးစောလွင်ကို ကျွန်မက ဝတ္ထုစာမူ ၁၀ အုပ်အပ်နိုင်မှ ငွေသုံး သောင်းတစ်ထောင်ပဲ ရမှာလေ"

"အဟဲ... အဲဒါတွေကို မေ့လိုက်ပါတော့ဗျာ။ အခုလက်ရှိ ဈေးနှုန်းကိုပဲ ပြောကြရအောင်ပါ"

"မဟုတ်ပါဘူး။ ကိုယ့်အကွက်ဝင်လို့ ပြန်နှက်တဲ့ စိတ်မျိုး ကျွန်မမှာ မရှိပါဘူး။ ပြောခဲ့ပြီးပြီလေ ဘယ်သူမှ မမှားပါဘူးလို့"

"ဟုတ်ကဲ့ဗျာ"

"ကိုနေမျိုးထွန်းက ကျွန်မ ဝတ္ထုသုံးပုဒ်လုံး ဖတ်ကြည့်ပြီး ကြိုက်တယ် ပေါက်မယ်ဆိုပြီး ပထမတစ်အုပ်ထဲကို စာမူခ နှစ်သောင်းပေးသွားတာပါ"

"ခုရော"



"စောင်ရေအရ စာမူခတွေ တိုးပြီပေါ့ရှင်"

"ကျွန်တော့်ဆီမှာ စာမူခလဲ ပိုတိုးပါမယ်။ ကြိုတင်ငွေလဲ ဆယ်ဂဏန်းအထိ ယူသုံးပါ ဆရာမ။ ကျွန်တော်က အမြတ်အစွန်းထက်ကို ကျွန်တော့်တိုက်က စာရေးဆရာကောင်းတွေ ထုတ်ဝေနိုင်တယ်ဆိုတာကို ဂုဏ်ယူချင်လို့ပါ။ ခုဆို ဆရာမလဲ ဘက်စ်ဆဲလား (Best seller) စာရင်းဝင် ဖြစ်ပြီလေ"

ကျွန်မသည် ရောင်းအကောင်းဆုံး စာရင်းဝင်ဖြစ်ပြီး ဆယ်ဂဏန်းအထိ ယူသုံးပါဆိုခြင်းမှာလည်း ငွေဆယ်သိန်းအထိ ပေးမည်ဆိုသည့် လိုက်လျောခြင်းပါ၏

ကျွန်မကို ဦးစောလွင် အသိအမှတ်ပြုတာ ကျေးဇူးတင်ပါတယ်။ ကျွန်မရဲ့ စာမူကိစ္စ၊ ထုတ်ဝေရေးကိစ္စတွေ အားလုံးကို ဆရာကိုထွန်းသစ်ကပဲ တည်းဖြတ် စီစဉ်နေပါတယ်။

"ကျွန်တော် ကြားပါတယ်"

"ဒါကြောင့် ပြောစရာကိစ္စတွေကို ဆရာနဲ့ပဲ တိုက်ရိုက် ပြောပါနော်။ သေချာတာ တစ်ခုကတော့ သူ ဦးစောလွင်ကို လက်ခံမှာ မဟုတ်ဘူး"

"ကျွန်တော် သဘောပေါက်တယ်။ ဒါကြောင့် ဆရာမဆီကို တိုက်ရိုက်လာခဲ့တာပါ။ ဆရာကိုထွန်းသစ်အနေနဲ့လဲ ဆရာမ ဒီအဆင့်ထိ ရောက်အောင် ပို့ပေးပြီးရင် ဖယ်ပေးသင့်ပါပြီ။ ဆရာမကလဲ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ ကိုယ်ပိုင်ရွေးချယ်ခွင့်တွေ ရှိဖို့ အချိန်ရောက်ပါပြီဗျာ"

"ကျွန်မရဲ့ စာပေအသက်ရှင်နေသရွေ့ ဆရာရဲ့ ရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com



မှုအောက်မှာပဲ ကျွန်မနေမယ် ဦးစောလွင်”

“အဲဒီလောက်ကြီး မလိုအပ်ဘူး ထင်ပါတယ် ဆရာမ။ အဲဒီလိုလဲ လူတိုင်းကို မပြောစေချင်ပါဘူး။ ခုတောင် ဆရာမ သင်းသရဖိဆိုတာ ဆရာကိုထွန်းသစ်ရဲ့ လောင်းရိပ်အောက်က ဘာညာနဲ့ စာပေနယ်မှာ ပြောကုန်ကြပြီ”

“ပြောပစေ၊ ကျွန်မ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး”

“ဆရာမ သိက္ခာကျမှာ စိုးလို့ ပြောမိတာပါ။ ကျွန်တော့် စကားမှားရင် ခွင့်လွှတ်ပါ။ ကျွန်တော် ဆရာကိုထွန်းသစ်ဆီ သွားပါမယ်”

“ကောင်းပြီ ဆရာက ရေးပေးလိုက်ဆိုရင် ကျွန်မ ဘယ်သူ့ကိုမဆို ရေးပေးဖို့ အဆင်သင့်ပဲ။ ဆရာ့လောင်းရိပ်အောက်က ကျွန်မ ဘယ်တော့မှ မထွက်ပါဘူးလို့ စာပေနယ်မှာ သတင်းဖြန့်လိုက်ပါနော် ဦးစောလွင်”

“မဖြန့်ပါဘူးဗျာ။ ဒီကိစ္စတွေက ကျွန်တော်နဲ့ မဆိုင်ပါဘူး။ ကျွန်တော်က စာပေကို ချစ်လို့ စာပေနဲ့ လုပ်စားနေတဲ့ စီးပွားရေးသမားတစ်ယောက်ပါ”

“အဲဒီ ပွင့်လင်းမှုမျိုးကို ကျွန်မ သဘောကျပါတယ်”

“ကောင်းပြီလေ၊ ဒါဆိုရင် ဆရာမဆီ လာပြီး စာမူတောင်းတယ်။ ဆရာမက ဆရာနဲ့ပဲ ပြောပါဆိုလို့ ဆရာနဲ့ လာဆွေးနွေးတာပါဆိုပြီး ကျွန်တော် ရအောင် ပြောကြည့်ပါမယ်။ ခုချိန်ဆို ဆရာ တိုက်မှာပဲ ရှိဦးမယ် ထင်တယ်။ မတွေ့လဲ လေထန်ကုန်း လိုက်သွားမယ်”



“ကောင်းပါတယ်”

“ကျွန်တော် ပြန်တော့မယ်။ ဆရာ့ကို ဘာမှာလိုက်ဦးမလဲ”

“မှာစရာ မရှိပါဘူး။ ဆရာက ညနေတိုင်း ကျွန်မဆီ လာနေကြပါ”

“သြ…သြ…ဒါဆိုရင် ကျွန်တော် သွားပြီနော် ဆရာမ”

“ဟုတ်ကဲ့ စာအုပ်တွေပေးတဲ့အတွက် ကျေးဇူးပဲနော် ဦးစောလွင်”

သူက ပြုံး၍ ပြပြီး အဆောင်၏ ဧည့်ခန်းမှ ဆင်းသက်ကာ သူ၏ ရုပါဆလွန်းကားကို မောင်းထွက်သွားတော့သည်။

ကျွန်မသည် ကုလားထိုင်ပေါ်မှနေ၍ နောက်မှီသို့ လှန်ချလိုက်ပြီး မျက်နှာကို မော့ထားလိုက်မိသည်။

“ငွေဆယ်သိန်းတဲ့”

ငွေဆယ်သိန်းအထိ ပေးမည့်သူ တကယ်ရှိနေပါပေါ့လား။

ကျွန်မကိုယ် ကျွန်မ ဘယ်တုန်းကမှ စာရေးဆရာ တစ်ယောက် ဖြစ်လာလိမ့်မည်ဟု စိတ်ကူးမယဉ်ခဲ့ဖူးပါ။

ကျွန်မ၏ ဘဝမှာ ငွေတစ်သိန်းပြည့်အောင်ပင် ပိုင်ဆိုင်ရလိမ့်မည်ဟူ၍လည်း ဘယ်တုန်းကမှ စိတ်ကူးမယဉ်မိခဲ့ဖူးသူပါ။

အောင်မြင်ခြင်းနှင့် ငွေကြေး ပိုင်ဆိုင်မှုသည် အတူတကွ ယှဉ်တွဲလျက် ရှိနေတတ်သည် ဟူသော အသိကိုလည်း ရလာပါပြီ။

ငွေဆယ်သိန်း…

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီ ဒီငွေဆယ်သိန်း ရလာခဲ့ရင်တောင်မှ ကျွန်မ ဘယ်လို ကိုင်တွယ်သုံးစွဲရမည်ဆိုသည်ကို မတွေးရဲသေးပါ။

"အင်း…ကျွန်မကသာ ဦးစောလွင်စကားအရ စိတ်ကူးယဉ်ကြည့်နေမိတာပါလေ။

ကျွန်မ စောစောက ပြောလိုက်တဲ့အတိုင်း သေချာပါတယ်။ ဆရာက ကိုစောလွင်လို စီးပွားရေးသမားတစ်ယောက်ကို ဘယ်နည်းနဲ့မှ လက်ခံမှာမဟုတ်ဘူး။ အပိုင်တွယ်ထည့်လိုက်တော့မှာ။

ကိုနေမျိုးထွန်းကလဲ သူကိုယ်တိုင်တောင် ငွေဆယ်သိန်း ပြည့်အောင် ချမ်းသာတဲ့လူ မဟုတ်ဘူး။

ကဲ…ဒေါ်တက္ကသိုလ် သင်းသရဖီရေ ဘာမှ စိတ်ကူးယဉ် မနေနဲ့–

ထမင်းနဲ့ ဘယာကြော်စားရတဲ့ ဘဝက လွတ်လာတာပဲ တော်လှပြီ။

ကျွန်မ၏ အတွေးကြောင့် ပြုံးမိရုံမက ရယ်သံပင် ထွက်သွားတော့သည်။

ကော်ဖီမစ်အထုပ်ကို နို့ဆီပြစ်ပြစ်နှင့် ဖျော်ပြီး ဂျေဒိုးနပ် (J-Donut) က ဝယ်ထားတဲ့ အင်္ဂလိပ်မုန့်လက်ကောက်ကို စားလိုက်ပါဦးမယ်။

ပြီးတော့ ဇာတ်သိမ်းပိုင်းရေးနေတဲ့ ဆယ့်သုံးအုပ်မြောက် လုံးချင်းဝတ္ထုကိုလဲ ဒီည အပြီးရေးမယ်။

"အင်း…သုံးခန်းတောင် ကျန်သေးတာမို့ မိုးလင်းခါနီး သို့မဟုတ် မိုးလင်းမှပဲ ပြီးမယ်ထင်ပါရဲ့"



စာရေးဆရာ၏ အလုပ်ဆိုသည်မှာ အချိန်၏ ကန့်သတ်ချက်၊ အလုပ်၏ ကန့်သတ်ချက်ထား၍ မရနိုင်ပါ ဝတ္ထုတစ်ပုဒ်၏ ဇာတ်သိမ်းခန်းမို့ ပြီးအောင် ရေးမည်။ ရေးခွင့်လည်းရမည် ဆိုခဲ့ပါလျှင်–

နေ့ခင်းကို ထမင်းစားဖို့ မေ့ပြီး–

ညဘက်ကို အိပ်စက်ဖို့ သတိမရတတ်ခြင်းသည် စာရေးဆရာတစ်ယောက်၏ လုပ်ငန်းခွင်ပါပင်တည်း။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်းတစ်ဆယ့်သုံး

"ဟင်...တကယ်လား ဆရာရယ်"

"တကယ်ပေါ့ ငွေပေးဖို့ ရက်တောင် ချိန်းလိုက်ပြီးပြီ"

"ဟာ"

"မသင်းက ပြောလိုက်တယ်ဆို၊ ဆရာက လက်မခံမှာ သေချာပါတယ်လို့"

"အင်းလေ...ကျွန်မ အဲဒီလိုကို ကျိန်းသေယူဆထားတာ"

"ကိုစောလွင်တို့ရဲ့ အနုပညာ မီဒီယာကို ဆရာသဘော ကျလို့ သူ့ကို ပထမဆုံး စကားပြောခဲ့တာပဲ"

"ဆရာတောင်းတဲ့ ငွေတစ်သောင်းခွဲတောင် မပေးချင်လို့ ပွဲပျက်ခဲ့ပြီပဲ။ ဆရာ ကိုစောလွင်ကို ပြန်လက်ခံတာ ကျွန်မ သိပ်အံ့သြတယ်"

"ဘာအံ့သြစရာရှိလဲ သူက စီးပွားရေးသမားလေ၊ သူ မြတ်ပြီဆိုတာ သိတော့ လိုက်လာတာပေါ့။ တို့ကလဲ "ငါက



အနုပညာသမား ငွေစကားပြောလို့ မရဘူးကွ" ဆိုတဲ့ ကြွေးဝါးမှု တွေက စာပေသမိုင်းထဲမှာ ကျန်ခဲ့ပြီ။ ကိုယ့်အနုပညာပစ္စည်းနဲ့ ထိုက်တန်တဲ့ငွေ ရကိုရအောင် တောင်းရမယ်"

"အောင်နိုင်ပြီ" ဆိုသော ခံယူချက်မျိုးဖြင့် ဝင်းပကြည်လင် နေသော ဆရာ့စကားကိုသာ ကျွန်မ ဆက်လက်နားထောင်နေမိ ပါတော့သည်။

"ဆရာတို့ အလယ်တန်း ကျောင်းသားအရွယ်လောက်က ကိုယ့်သမီး စာရေးဆရာနဲ့ ရသွားပြီဆိုရင် အမေတွေက ရင်ထုငို ရတဲ့ခေတ် တစ်သက်လုံးမွဲပြီ တစ်သက်လုံး အရက်သမားမယား ဖြစ်ပြီ ဆိုပြီးတော့ပေါ့"

"ကျွန်မ ကြားဖူးခဲ့ပါတယ်"

"ခေတ်တွေ ပြောင်းလာပြီး အနုညာသမားတွေ ရှေ့ဘက်ကို တိုးထွက်ပြီး အတတ်ပညာရှင်တွေနဲ့ ရင်ဘောင်တန်းလို့ ရခဲ့ပြီ။ စာကိုပဲ တစိုက်မတ်မတ်ရေးပြီး အသုံးအဖြုန်းနည်းတဲ့ ဆရာ့ သူငယ်ချင်း စာရေးဆရာတွေဆိုရင် ကားစီးနိုင်ပြီ၊ တိုက်နဲ့ ခြံနဲ့ နေနိုင်ကြပြီ။ မသင်းလဲ မကြာခင် အဲဒီလို ဖြစ်တော့မှာ"

"အမယ်လေး မဝေးရဲသေးပါဘူး ဆရာရယ်။ ဒါနဲ့ နေပါဦး ဦးစောလွင်နဲ့ ဆရာတို့ ဘယ်လိုပြေလည်သွားကြတာလဲ"

"အစကတည်းက ရန်သူမဟုတ်ကြဘူးလေ။ ဆရာတောင်း တဲ့ငွေ သူမပေးဘူး။ အကြောင်းလဲ မပြန်ဘူး။ အခုတော့ ဆရာ တို့ ကြိုက်သလောက် တောင်းပါဆိုပြီး လိုက်လာတယ်"

"ကျွန်မကတော့ ဒါ ဆရာရဲ့ အကွက်ထဲ ပြန်ဝင်လာတာ နက်တော့မှာပဲလို့ ထင်နေတာ ဆရာရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အနုပညာကို မထေမဲ့မြင် လုပ်ခဲ့မယ်ဆိုရင်တော့ နက်ပြီ ပေါ့။ ခုတော့ စီးပွားရေးကိစ္စလေ။ အကျိုးအမြတ်ပြောကြတဲ့ နေရာမှာ သမိုင်းကြောင်းတွေ လှန်နေစရာ မလိုဘူး၊ သူက ဘယ့်လောက်ပေးနိုင်သလဲ၊ ကိုယ်က ဘယ်လောက်ရချင်သလဲ အဲဒါညှိကြဖို့ပဲ"

"ကျွန်မ အဲဒါတွေ ဘာမှနားမလည်ပါဘူး။ ဆရာ ကျွန်မ ရှေ့မှာ ရှိနေတာဟာ ကျွန်မအတွက် သိပ်ကိုလုံခြုံတဲ့ တံတိုင်း ကြီးပါ"

"စကားကမ်းတဲ့သူ ထုတ်ချင်တဲ့သူတွေကလဲ အများကြီး ပါပဲ။ ဆရာရွေးနေတာ၊ ခုတော့ ကိုစောလွင်နဲ့ အဆင်ပြေသွား ပြီလေ"

"ကိုနေမျိုးထွန်းတို့အတွက်ရော ဆရာ ဘယ်လို စဉ်းစား လဲ သူတို့က အနှစ်နှာခံပြီး ထုတ်လာတာမို့ အားနာစရာများ ဖြစ်နေမလား ဆရာ"

"စပြီး ထုတ်ပေးတဲ့ ကျေးဇူးတော့ ရှိတယ်။ ဒါပေမယ့် အနစ်နာခံပြီး ထုတ်တယ်ဆိုတာတော့ လုံးဝမဟုတ်ဘူး"

"ရှင်"

"စထုတ်တဲ့ ပထမအုပ်မှာပဲ အမြတ်က ပေါ်နေပြီ။ ဒါပေ မယ့် ဒီကောင် နှစ်သောင်းထက် ပိုမပေးတာ သုံးအုပ်အထိလေ သူ့ အတော်လေး စားလိုက်ရပါပြီ"

"သြော်"

"နံပါတ်လေးရောက်မှ ဆရာက မင်း တိုးပေးသင့်ပြီလို့



ပြောလို့ ပေးတာ"

"ကိုနေမျိုးထွန်းဆိုသည်မှာ ကျွန်မ၏ ကျေးဇူးရှင်ကြီးအဖြစ် သတ်မှတ်ခဲ့မိသည်။ ငွေရေး ကြေးရေးနဲ့ကျတော့ လူတွေဟာ အခါခပ်သိမ်း မကောင်းနိုင်ကြပါလားနော်"

"ခုလဲ ဆရာ ဒီကောင်လေးကို အရင်မေးတာ ကိုစောလွင် ကတော့ ဆယ်သိန်းပေးနေပြီ စာမူခကလဲ "နှစ်"ဖြစ်ပြီ။ မင်းရော အဲဒီလို ပေးနိုင်လား။ ဘယ်လိုလုပ်စေချင်လဲလို့ ဆရာ အရင်ဆုံး သွားမေးတာ"

"ဘာပြောလဲ ဆရာ"

"သူ နိုင်ငံခြားထွက်တော့မှာတဲ့ ဆရာမ ဒီလိုအောင်မြင် တာ ဝမ်းသာပါတယ်တဲ့။ သူဆက်ပြီး မလုပ်နိုင်တော့ပါဘူးတဲ့"

"ဟုတ်လား ဆရာ"

"တခြားလူတွေ အများကြီး စဉ်းစားပါသေးတယ်။ သင်း သရဖီကို ထုတ်ပါရစေလို့ လာပြောတာ ရှစ်ဦးတိတိ ရှိပြီ။ တချို့က ငွေအပုံလိုက် မပေးနိုင်ဘူး။ တစ်အုပ်ချင်းအပေါ်မှာ ပိုယူပါလို့ ပြောတယ်။ တချို့က ငွေစကား မပြောရသေးဘူး။ စာပေစိစစ်ရေးက ပယ်ရင် အစားပြန်ရေးပေးပါ့မယ်လို့ စာချုပ်ထဲ မှာ ထည့်ချုပ်ရမယ်တဲ့"

"သြော်"

"နောက်တစ်ယောက်ကျတော့ သူ့သမီးက ဝတ္ထုတစ်ဝက် မသင်းက တစ်ဝက် ရေးပြီး နှစ်ယောက်တွဲ ထုတ်ပါရစေ။ သူ့ သမီးကို တွဲခေါ်ပေးပါတဲ့။ စာမူခ တစ်ပုဒ်စာ အပြည့်ပေးပါ့မယ် တဲ့။ အမျိုးမျိုးပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဆရာက ဦးစောလွင်ကို ဘာလို့ ရွေးလိုက်တာလဲ"

"သူ့တိုက်က စာအုပ်ကောင်းတွေ ထွက်တယ်။ နာမည်ပျက် မရှိဘူး။ ငွေများများပေးနိုင်တယ်။ ဒါကြောင့် လက်ခံလိုက်တာ လာမယ့် တနင်္လာနေ့ မနက် ဆယ်နာရီ အဆင်သင့် စောင့်နေ"

"ဟုတ်ကဲ့"

"ရွိုင်းရယ်ဂါးဒင်း (Royal Garden) မှာ မနက်စာစားပြီး အဲဒီမှာပဲ စာချုပ်မယ်။ ပြီးရင် ရိုးမဘဏ်ကို တခါထဲ သွားကြမယ်"

"ရိုးမဘဏ်"

"အေးလေ...ငွေဆယ်သိန်းတောင် ဒီအဆောင်မှာ ဘယ်လိုလုပ်ထားမလဲ။ ဘဏ်မှာ သွားထားလိုက်တော့ စိတ်လဲချ အတိုးလဲ ရတယ်။ တိုက်ခန်းတွေ ဘာတွေ ကြည့်ပြီးမှ ကိုယ်လိုသလောက် ထုတ်မှာပေါ့။

ကျွန်မ ဘာစကားမှ မပြောဖြစ် စကားနည်းသော ဆရာသည် တက်ကြွပြီး စကားတွေ အများကြီး ပြောနေ၏။

ကျွန်မ၏ အဖြစ်ကို ကျွန်မကိုယ်တိုင် မယုံကြည် လက်မခံနိုင်သလို ဖြစ်နေ၍ ဝမ်းသာရကောင်းမှန်း မသိလောက်အောင် ပင် အံ့သြနေမိတော့သည်။

"ဆရာ"

"ဟင်"

"ကျွန်မ ဘာပြောရမှန်းတောင် မသိတော့ပါဘူး"

"ဒီလိုပဲ ဖြစ်တတ်တယ်။ ဝမ်းသာမှု လွန်ကဲရင် ဒါမှ



မဟုတ် ဝမ်းနည်းမှု လွန်ကဲရင် ပြောစရာစကားတွေ ပျောက်ဆုံးနေတတ်တယ်"

"မဟုတ်ဘူး ဆရာ။ အဲဒီလို မဟုတ်ဘူး။ ကျွန်မ ဝမ်းသာလွန်းနေလို့လဲ မဟုတ်ဘူး။ ဒီငွေကြေးပမာဏဟာ ကျွန်မနဲ့ မဆိုင်သလိုပဲ မထိုက်တန်သလိုပဲ ခံစားနေရလို့ပါ ဆရာ"

"ဘာ့ကြောင့် မထိုက်တန်ရမှာလဲ။ ရသင့်ရထိုက်လို့ ရလာတာလေ။ ဆရာတော့ ကိုယ်တိုင် ခုလို အောင်မြင်မယ် ဆိုရင်တောင် ဒီလောက် ဝမ်းသာမယ် မထင်ဘူး...ယုံလား"

"ယုံပါတယ် ဆရာ၊ ဆရာဟာ **ကျွန်မရဲ့ အလင်းရောင်ပါ**"

"ဟင်"

"ကျွန်မရှေ့မှာ ဆရာဆိုတဲ့ အလင်းရောင် ရှိမနေရင် ကျွန်မ ခုလို အောင်မြင်ဖို့လဲ မလွယ်ဘူး။ ငွေကြေးကိစ္စတွေလဲ ကျွန်မ နားမလည်ပါဘူး။ ဆရာက အလင်းရောင်တွေ ပြပြီး ရှေ့ကနေ ခေါ်ဆောင်သွားလို့သာ အမှောင်ထဲက ကျွန်မ လမ်းတွေ့တာပါ"

"မဟုတ်ပါဘူးကွာ။ မသင်းစာရေးတာတော်လို့ တင်ပြပုံ သိပ်လှလို့ ပရိသတ် လက်ခံတာပေါ့။ ပရိသတ်ရှိတဲ့ အနုပညာ သမားရဲ့ နောက်မှာ ငွေထုပ်ပိုက်ပြီး လိုက်နေတဲ့ ထုတ်လုပ်သူ ထုတ်ဝေသူတွေ အမြဲတန်းစီနေတတ်ပါတယ်"

"ဆရာ"

"အင်း"

"အဲဒီငွေတွေ ရပြီးရင် ကျွန်မက ဘာလုပ်ရမှာလဲ"

"ရော်...မသင်းမှာ အားလုံး လိုအပ်နေတယ်လေ။ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



တွေ ဝယ်ရမှာပေါ့"

"ကျွန်မ စိတ်ထဲမှာတော့ ခုလောက်နေရတာကိုပဲ အားလုံး ပြည့်စုံနေပြီလို့ ထင်ပါတယ် ဆရာ"

"အဲဒါ ချမ်းသာခြင်းဆိုတာတွေကို မခံစားဘူးသေးလို့ ပါ။ လူတစ်ယောက်ဟာ ချမ်းသာလာပြီဆိုရင် ဆင်းရဲသားထက် ပိုပြီး လိုအပ်တာတွေ များလာရော"

"ဟုတ်မှာပဲ သူဌေးတွေဟာ အိမ်မှာ တယ်လီဖုန်းရှိရုံနဲ့ မပြီးဘူး လမ်းမှာ ပြောဖို့ပါ ဆယ်လူလာ တယ်လီဖုန်း လိုအပ် ပြန်ရော"

"သူဌေးကတော်နဲ့ သူဌေးမတွေဆိုရင်လဲ ဒီလိုပဲ။ ဆွဲကြိုး တစ်ကုံး လက်ကောက်တစ်ရံဝတ်နိုင်တုံးက ပြီးနေပြီ ထင်ခဲ့တာ ပုလဲဝမ်းဆက်လဲ ဝယ်နိုင်ရော ပတ္တမြားဝမ်းဆက်ပါ လိုချင်ရော၊ နီလာဆက်၊ မဟူရာဆက်တွေလဲ ရလာရော။ စိန်တစ်ဆင်စာတဲ့ လေ ဆရာပြောတာ ဟုတ်မှာပဲ။ ငါကတော့ ဘာမှ မပြည့်စုံ သေးတော့ ဘာမှ မလိုအပ်သေးဘူးလို့ ထင်နေမိတာ"

ကျွန်မ စိတ်ထဲမှာ တွေးရင်း ဆရာ၏ မျက်နှာကိုပဲ ငေး ကြည့်နေမိသည်။

ဆရာသည် ပေပေတေတေသာ မနေလျှင် လူချောတစ် ယောက်ဟု ပြောရလောက်အောင် ဥပဓိရုပ်ပါ ခန့်ညားသူပါ။ ထင်ခင် မဂ္ဂဇင်းတိုက်မှာ ဖြစ်သလိုနေစဉ်က ရေချိုးချင်မှ ချိုးတာ။ ရေချိုးပေမယ့်လဲ အဝတ်ဟောင်းကြီးကိုပဲ ပြန်ဝတ်ချင်ဝတ်တာ။ ခုတလောမှသာ မုတ်ဆိတ်ကျင်စွယ်တွေ ရိပ်ပါယ်ပြီး သန့်သန့် ရှင်းရှင်း ဖြစ်လာရုံမက နည်းနည်းလေး ဝလာသဖြင့် အသား



အရည်ပါ စိုပြေလာခဲ့သည်။

"ဆရာဆိုတာ ဘယ်သူလဲ ဘယ်လိုလူစားလဲ"

"ဘယ်လိုမိန်းမရဲ့ ယောကျ်ားလဲ"

"ကလေးဘယ်နှစ်ယောက်ရဲ့ အဖေလဲ"

ဆိုသော မေးခွန်းများ၏ အဖြေကို ကျွန်မ ဘာမှမသိပါ။ မေးလဲ တစ်ခါမှ မေးမကြည့်ခဲ့ပါ။

သူကိုယ်တိုင်ကလည်း သူ့ဘဝအကြောင်းကို ဘယ်တုန်း ကမှ ကျွန်မကို ပြန်ပြောမပြခဲ့ပါ။

အရင်တုန်းက ညနေတိုင်းနီးပါး အရက်သောက်သည်။ တစ်ခါတစ်ရံ အလွန်အကျွံတဲ့။

မနှစ်ကနှင့် ဒီနှစ်အတွင်းမှာ သူ့သူငယ်ချင်းအရင်း နှစ် ယောက်လုံးသည် အသည်းရောဂါနှင့် သေဆုံးသွားကြသည်။ ကျွန်မကလည်း–

"အရက်တွေ နေ့တိုင်း မသောက်ပါနဲ့လား ဆရာရယ်။ အရက်သောက်ထားတဲ့ လူကို ကျွန်မ သိပ်ကြောက်တဲ့ ဆိုက်ကို (Phycho) ဝင်နေလို့ပါ"

ဘယ်သူမှ မသိကြသေးသော ကျွန်မ၏ ငယ်စဉ်ဘဝက အရက်ကြောက်သည့်စိတ်...

မိုးသည်းညက အရက်မူးသမား၏ ကြံစည်မှုကို သွေး ပျက်မတတ် တွန်းလှန် ထွက်ပြေးခဲ့ရသည့် ချောက်ချားစိတ် များကြောင့် အရက်ကို မုန်းသည်၊ အရက်စော်နံနေသည့် လူနှင့် ကျွန်မ စကားမပြောချင်ပါ။

ဤဆန္ဒများကို ဆရာ သိသင့်သလောက် သိထားခဲ့သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအတွက်" အရက်ကို ရှောင်တာများလား...

"ကိုစောလွင်က နက်ဖြန် စနေနေ့ ညနေစာကျွေးပြီး ငွေပါ ပေးမယ်လို့ ပြောတာကို ဆရာက တနင်္လာ မနက်စာ ကျွေးပြီး ငွေပေးလို့ ပြောလိုက်တာ အကြောင်းရှိတယ်"

"ဘာအကြောင်းလဲ ဆရာ"

"အဲဒီငွေဆယ်သိန်းကို စနေည၊ တနင်္ဂနွေညတွေမှာ ဘယ်မှာသွားထားမလဲ၊ ဒါကြောင့် ငွေရပြီးတာနဲ့ ဘဏ်မှာ စာရင်း သွားဖွင့်ရအောင် တနင်္လာမနက်ပိုင်း ချိန်းလိုက်တာ။ ကဲ... စဉ်းစားစမ်းပါဦး ဘာလုပ်ချင်လဲ ဆိုတာ"

"ဆရာက ဘာလုပ်စေချင်သလဲ"

"တိုက်ခန်းတစ်ခန်း ဝယ်စေချင်တယ်"

"ဘယ်မှာ ဝယ်ရမှာလဲ"

"ရန်ကုန်မြို့ကြီးရဲ့ တစ်နေရာရာမှာပေါ့။ ပြီးတော့ တိုက်ခန်းထဲမှာ လိုအပ်မယ့် တီဗီဒက်ခ်၊ ရေခဲသေတ္တာ၊ ကုလားထိုင် စားပွဲ၊ ပန်းကန်ခွက်ယောက်က အစပေါ့လေ"

"ဒါကြောင့် ချမ်းသာတဲ့လူတွေဟာ အစစအရာရာ ပိုပြီး လိုအပ်တယ်ဆိုတဲ့ စကား ချက်ချင်း မှန်နေပြီနော်"

"ဪ တစ်ယောက်အိပ်ခုတင် မွေ့ရာ၊ ခြင်ထောင်က အစ ဝယ်ရမှာလဲ မသင်းမှာ ဘာမှ ကောင်းကောင်းမွန်မွန် သစ်သစ်လွင်လွင် မရှိဘူးဆို"

"ဆရာ"

"ဟင်"

"အဲဒီလို ပြည့်စုံနေတဲ့ တိုက်ခန်းတစ်ခုထဲမှာ ကျွန်မ၊



ဘယ်သူနဲ့ နေရမှာလဲ"

"ဒါ အဆန်းလား ခုလဲ တစ်ယောက်တည်း နေရတာပဲ မဟုတ်လား"

"ဒါက အဆောင်လေ ဆရာ၊ အဆောင်သူ အားလုံး တစ်ယောက်သမားတွေချည်းပဲ။ အဆောင်ဆိုတာ အဖော်နေပေးစရာ မလိုဘူးလေ "အိမ်"ဆိုတဲ့ ဖွဲ့စည်းမှုကျပြန်တော့ ဘယ်မိကောင်း ဖခင်သမီးမျိုးမှ တစ်ယောက်တည်း မနေကြပါဘူး။ ဒါ မြန်မာ လူမျိုးတွေရဲ့ အစဉ်အလာကြီးပါ"

"မသင်းက မနေရဲလို့လား"

"ကျွန်မဘဝမှာ ဘယ်သူ့ကိုမှ ငဲ့ညှာထောက်ထားစရာ မရှိတဲ့အတွက် ပတ်ဝန်းကျင်ကိုလဲ ကျွန်မ ဂရုမစိုက်ပါဘူး။ နေလဲ နေရဲပါတယ်။ ဒါပေမယ့် မနေချင်ဘူး ဆရာ"

"ဘာဖြစ်လို့လဲ"

"အဆောင်ဆိုတာ ကျွန်မ နေသားကျနေတဲ့ နေရာလေ၊ အိမ်ခန်းဆိုတဲ့ နေရာမှာ နေရရင် အထီးကျန်ဘဝရဲ့ စိတ်အားငယ်မှုတွေကို ခါးခါးသီးသီး ခံစားရတော့မှာမို့ စာတောင် ရေးနိုင်ပါတော့မလားပဲ"

ဆရာကိုထွန်းသစ်က ကျွန်မ၏ မျက်နှာကို စာဖတ်သလို ငေးကြည့်နေသည်။

ထိုအကြည့်ထဲတွင် အရင်တုံးကလို ရှုပ်ထွေးခြင်းများ မပါရှိတော့ပါ။ ကြင်နာခြင်းဆိုသော သိမ်မွေ့သည့် ခံစားမှုများ သူ့ရင်မှာ ဒုဒုဒယ်ဒယ် ဖြစ်ထွန်းနေကြောင်း ကျွန်မ သိသည်။

"ဒါဖြင့် ဒီလိုလုပ်"

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါ့မယ် ပြောပါ"

"ဘာမှန်းဖြင့် မသိသေးပဲနဲ့ လုပ်ပါ့မယ်လို့ ပြောရသလား မိန်းကလေးရဲ့"

"ပြောပြီးပြီလေ ဆရာဟာ ကျွန်မရဲ့ အလင်းရောင်ပါလို့၊ အလင်းတန်းနဲ့ လမ်းပြသွားတဲ့ ဆရာနောက်က လိုက်ရသူမို့ ဆရာသွားတဲ့ လမ်းဟာ ကျွန်မ လျှောက်လှမ်းဖို့ပဲလေ။ ဘာလုပ်ရမလဲဆိုတာသာ ပြောပါ"

"ခုတိုက်ခန်းတွေ ဈေးကျနေတယ်။ တိုက်ခန်းတစ်ခန်း ဝယ်ပြီး ပစ္စည်းတွေပါ အပြည့်အစုံထား"

"ထားပြီးတော့ ဘာလုပ်ရမှာလဲ"

"မသင်းက ဒီအဆောင်မှာပဲ ဆက်နေ"

"ဟင်...ဘာလဲဆရာရဲ့"

"ဒီက တစ်လမှ သုံးထောင်ပေးရတာ မသင်းဖြုန်းနိုင်ပါပြီလေ။ ဒီအဆောင်ရဲ့ တစ်ခန်းလုံး ရထားတဲ့ အခန်းကို ပြန်မအပ်နဲ့"

"ကျွန်မတစ်ယောက်ထဲအတွက် နေစရာ နှစ်နေရာတောင်"

"ဟုတ်တယ်။ ဒီမှာ အမြဲနေတယ်လို့ သဘောထားပြီး ကိုယ်ဝယ်ထားတဲ့ တိုက်ခန်းလေးကို မကြာခဏ သွားကြည့်၊ ချက်ပြုတ်စားကြည့်၊ စာရေးကြည့်၊ အဲဒီအခန်းမှာ နေလို့ဖြစ်တယ်ဆိုရင်နေ၊ နေမဖြစ်ရင် ဒီအဆောင်ပဲ ပြန်နေပေါ့ မကောင်းဘူးလား"

"ကောင်းတယ် မကောင်းဘူးလို ကျွန်မ မဖြေတတ်ပါဘူး ဆရာ။ ဆရာပဲ ကြိုက်သလို စီစဉ်ပါ"



ကျွန်မ၏ အလင်းရောင်ကြီးသည် ကျွန်မ၏ စကားအတိုင်း သူကြိုက်သလို စီစဉ်ပါတော့သည်။

မြို့လယ်မှာ ငွေမရှိ၍ ရေကျော်၊ ကန်တော်ကလေး၊ ကျောက်မြောင်း၊ တာမွေမှာ ရှာသည်။ လမ်းခပ်ညံ့ညံ့မှ ခုနစ်ထပ်၊ ရှစ်ထပ်လောက်မှာပဲ သည်ငွေနှင့် ရနိုင်မည်။ မဖြစ်သေး။

အလုံ၊ စမ်းချောင်းဘက်မှာ ရှာသည်။ သည်ငွေလောက်နှင့် မလုံလောက်ပါ။ သူဌေးဖြစ်လေ ငွေလိုလေ ဆိုသည်မှာ ဟုတ်နေပြီ။ ဆယ်သိန်းအထိရတာတောင် မလောက်မင ဖြစ်နေပါလား။

ဆရာကိုထွန်းသစ်က အားမလျှော့သေးဘဲ ကျွန်မ၏ နေထိုင်ရေးအတွက် ဆက်လက် လှုပ်ရှားဆောင်ရွက်နေပြန်သည်။

ကျွန်မသည်

မျက်ကန်းတစ်ယောက်ကဲ့သို့ပင် ဆရာ၏ လမ်းပြမှုနောက်မှ အလိုက်သင့် လျှောက်လှမ်းသွားရုံသာပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်းတစ်ဆယ့်လေး

မမရေ…

မမရဲ့ စာမလာတာ ကြာလို့ ကျွန်တော် တအားမျှော်နေတာဗျ၊ စောင့်လိုက်ရတာဗျာ စောင့် ရကျိုးနပ်အောင်လဲ မမရဲ့ စာက ပြည့်ပြည့်စုံစုံနဲ့ အရှည်ကြီးရေးပေးလို့ မမကို သိပ်ကျေးဇူးတင်ပါ တယ်။ ဒီစာမရေးခင် ဖတ်နေတာ ဘယ်နှစ်ခါ ရှိပြီလဲလို့တောင် ရေတွက်လို့ မရတော့ပါဘူး။ မမ ဒါကြောင့်လဲ စာရေးဆရာ ဖြစ်တာပဲ။ မမ ရဲ့ စာတွေက လှလိုက်တာ သိမ်မွေ့လိုက်တာ ဖတ် ရင်းဖတ်ရင်းနဲ့ ရင်ထဲကို နက်ရှိုင်းစွာ တိုးဝင်လာလို့ ကျွန်တော့် ရင်ဘတ်ထဲမှာ အဲဒီ စာလုံးလေးတွေနဲ့ ပြည့်နေပြီ မမရဲ့။ မမရဲ့ ဖြတ်သန်းခဲ့တဲ့အကြောင်း အရာတွေကို မသိချင်နဲ့ လက်ရှိအခြေအနေကိုပဲ ရေးပြမယ်ဆိုတာကိုပဲ ကျေနပ်လှပါပြီဗျာ။ မမရဲ့



စာအုပ် ဘာတွေ ထွက်မယ်။ အခု ဘာတွေ ရေး နေတယ်။ ဝတ္ထုနာမည်က ဘာစတာတွေကို မမ ရဲ့ ပရိသတ် စောပြီး သိခွင့်ရတာပဲ။ ကျွန်တော် ပြောမပြနိုင်အောင် ဝမ်းသာလှပါပြီဗျာ။ ကျွန်တော့် ရင်ထဲမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာကို မမ လိုသာ စာရေးတတ်ရင် အကုန်လုံး ရေးပြနိုင်မှာပါ။

ခုတော့ ကျွန်တော့်ရင်ထဲက ခံစားမှုရဲ့ ဆယ်ပုံတစ်ပုံတောင် ဒီစာမျက်နှာတွေပေါ် မရောက်လာနိုင်ဘူးလို့ ကျွန်တော် ပြောရဲတယ် မမ။

မမ …မမကို ကျွန်တော် တွေ့ချင်လိုက်တာ မမ. ဘယ်လိုလူမျိုးလဲဆိုတာ ကျွန်တော် မြင်ဖူး ချင်လိုက်တာ ကျွန်တော့်ကို ဘယ်တော့ တွေ့ခွင့် ပေးမှာလဲဟင်…

ပြောသာ ပြောတာပါ။ ကျွန်တော် မမကို တွေ့ရင် တအားကြောက်မှာပဲ။

မမရေ “စာ”ဆိုတာ အသည်းနှလုံးထဲက ခံစားမှုတွေ တိုက်ရိုက်သွန်ချခွင့်ရတဲ့ နေရာ အစု အဝေးလေးနော်။

စာဆိုတာ စကားပြောတာထက် ပိုပြီး ထိ ရောက်ပါတယ်။ အသံထက်လဲ ပိုပြီး သိမ်မွေ့ နက်ရှိုင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အသံထွက်စရာ မလိုဘူး။ မျက်ဝန်းအကြည့်တွေနဲ့ ပုံဖော်စရာမလိုဘူး။

Door to Door လို ခုခေတ် စီးပွားရေးသမားတွေရဲ့ စကားလုံးအတိုင်း။

နှလုံးသားတစ်ခုမှ နှလုံးသား တစ်ခုဆီသို့ တိုက်ရိုက် တင်ပြခွင့်ရတဲ့ အရာဟာ "စာ"ပဲ မမ။

ဒါကြောင့် မမနဲ့ ကျွန်တော်ရဲ့ စာဆက်သွယ် မှုဟာ လူချင်းခင်မင်တယ်ဆိုတဲ့ သူတွေထက် ပိုပြီး လေးနက်ပါတယ်။ ပိုပြီး နက်ရှိုင်းပါတယ် ပိုပြီး ထိရောက်ပါတယ်။

ဒါကြောင့် မမနဲ့ ကျွန်တော်ဟာ ကမ္ဘာပေါ်က အရင်းနှီးဆုံးသော သူတွေထက် ပိုပြီး ရင်းနှီးကျွမ်းဝင်စွာ ချစ်ခင်မြတ်နိုးကြတယ်လို့ သတ်မှတ်ပါရစေနော်။

ကျွန်တော့်ဘက်ကတော့ လူသားနှစ်ဦး ဆက်သွယ်တဲ့ နေရာမှ သုံးလို့ရသလောက် စကားတွေ သုံးတာတောင် ကျွန်တော့်ရင်ထဲက ခံစားမှုကို မမီပါဘူး။ မမကရော... မမကရော ဗျာ။

---

---

---



ထိုနေ့က သူ့စာရှည်ကြီးကို ဖတ်နေဆဲမှာပဲ ငှားနေကျ ကား ရောက်လာသဖြင့် စာကို ပိတ်သိမ်းပြီး စလင်းဘက်(ခ်)အိတ်ထဲ ထည့်ကာ လမ်းထွက်ခဲ့ရပါသည်။

ဆရာရှိနေရာ မြို့လယ်လမ်းမှ မြရာပင်မဂ္ဂဇင်းတိုက်ရှိရာသို့...

ယခင်ကဆိုလျှင် အစားအစာကို ဒုတိယ ကားခကို ပထမနေရာမှာမို့ စပယ်ယာ အငေါက်မခံရအောင် လမ်းစရိတ် ငါးကျပ်တစ်ဆယ်က ကျွန်မအတွက် ပိုလို့ အရေးကြီးပါသည်။ စားတာကတော့ ထမင်းတစ်အိုးသာ အမိက ညမနက်စာ ချက်ထားပြီး ဟင်းရယ်လို့ မချက်ဖြစ်။ ချက်စရာလည်း ပိုက်ဆံမရှိသဖြင့် ခေါက်ဆွဲသုတ်၊ လက်ဖက်သုတ်၊ ဘာယာကြော်၊ ဘူးသီးကြော်တို့သည် ကျွန်မ၏ ဟင်းလျာများ ဖြစ်ပါ၏။

ယခု အချိန်မှာဖြင့်...

"ကားတိုးမစီးနဲ့တော့ လမ်းထွက်ချင်ရင် "ကိုစိုး"ရဲ့ကားကို ကြိုမှာထား"

ဆိုသော ဆရာ၏ ဩဝါဒအတိုင်း ညဦးပိုင်းတွင် ကမာရွတ်၌ပင် နေသော ကိုစိုး၏ ကားအုံနာ(ပိုင်ရှင်)အိမ်ကို လှမ်း၍ တယ်လီဖုန်းဆက်ထားလိုက်ရုံသာ...

နံနက် ဆယ်နာရီတွင် ကိုစိုးကားက အဆင်သင့် အခေါင်ရေ့မှာ...

ကျွန်မက ဆေးရေးပါတိတ် အပြာရောင်ဝမ်းဆက်နှင့် နီလာနားကပ် တစ်ကျပ်သား ရွှေဆွဲကြိုးမှာ နီလာလော့ကတ်၊ နီလာတန်းကွင်းလက်စွပ် သုံးကွင်းနှင့် တစ်သောင်းကျော်တန်

www.burmeseclassic.com

www.burmeseclassic.com



ငါးရာမှ တစ်ထောင် နှစ်ထောင် သုံးထောင်အထိ ခရီးရှည်လျှင် ရှည်သလို နာရီကြာလျှင် ကြာသလို ပေးရသော ပရိုက်ဗိတ်တက္ကစီကားနှင့် သွားရလာရသော ဘဝသို့ ရောက်ခဲ့ပြီ။

"ဟာ မသင်းလာတယ်ဟေ့"

"ဆရာမဖို့ ထိုင်ခုံယူခဲ့"

မြရာပင်မဂ္ဂဇင်းတိုက်ပေါ် မရောက်မီကပင် ကြိုဆိုသံကို ကြားရပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပုံကို မြင်လိုက်ရသည်။

သည်တိုက်မှာ စာရေးမ အဆင့်လောက်ပင် မမြင့်ခဲ့သော မိန်းမတစ်ယောက်သည် အောင်မြင်မှုနှင့် ငွေကြေးကို ပိုင်ဆိုင်လာသည့်အခါတွင် လူတကာ၏ လေးစားခြင်းနှင့် စိတ်ဝင်စားခြင်းများကို ရရှိခံစားခွင့် ရခဲ့ရလေပြီ။

"ဆရာရော"

"ခုပဲ နယ်ကဧည့်သည်တွေ လာလို့ အပြင်လိုက်သွားတယ်"

"ဩော်...သူပဲ ဆယ်နာရီအရောက်လာခဲ့ပါ ဆိုလို့ လာခဲ့ရတာ"

"ထိုင်ပါ ဆရာမ ဆရာက စာတော့ ပေးသွားပါတယ်"

အမှုဆောင်အယ်ဒီတာ"ကိုရဲ"က စာတစ်ရွက်ထုတ်ပေးသည်။

မသင်း

ပင်းတယကဧည့်သည်တွေ ရောက်လာလို့ တောမင်းကျွေးပြီး သူတို့ကို သံလျှင်လိုက်ပို့ရမယ်။ ဆရာ့ကို မစောင့်နဲ့တော့ စာမူနှစ်ပုဒ် ကိုတိုးဆီ ထားခဲ့ပါ။

ထွန်းသစ်



ဆရာနှင့် သေသေချာချာ ချိန်းပြီးသား။ မနက်စာကို တဆိုင်ဆိုင်မှာ တူတူစားကြမယ်။ တနေရာရာကို သွားကြမယ် ဟူသော ရည်ရွယ်ချက်တို့သည် ကွဲရှသွားသလို တစ်စစီ ပြန့်ကျဲသွားခဲ့ပြီ။

ကျွန်မ၏ စလင်းဘက်(ခ်)ဇစ်ကို ဖွင့်လိုက်ပြီး စာမူနှစ်စောင်ထုတ်လိုက်သည်။ ဝတ္ထုတို တစ်ပုဒ်က ဆရာနှင့် ပတ်သက်သော မြို့နယ်မဂ္ဂဇင်းအတွက် နောက်ဝတ္ထုရှည်တစ်ပုဒ်က သခွတ်ပန်းမဂ္ဂဇင်းအတွက်...

"ဟော...သူများအတွက်ချည်းပါလား။ တို့တိုက်အတွက်ရော"

မြရာပင်မဂ္ဂဇင်းပိုင်ရှင် ထုတ်ဝေသူက ပြောလာ၍–

"ဆရာက ဒီမဂ္ဂဇင်းအတွက် ရေးပေးလို့ မခိုင်းဘူးဦးလေးရဲ့"

"ရေးပေးပါ။ သူခိုင်းမှ ရေးကောင်းတာ မဟုတ်ပါဘူးကွာ။ တက္ကသိုလ် သင်းသရဖီဆိုတာဟာလဲ တစ်ချိန်က မြရာပင်ဝိုင်းတော်သားတစ်ယောက်ပါပဲ"

ဟိုဘက် စားပွဲရှေ့တွင် ထိုင်နေသော လူငယ်တစ်ယောက် ကျွန်မဘက်သို့ ခြာကနဲ လှည့်လာပြီး စိုက်ကြည့်နေ၍ ကျွန်မ၏ အကြည့်ကို တခြားဘက်သို့ လွှဲပစ်လိုက်ရသည်။

"မသင်း လက်ဖက်ရည်လား အအေးလား"

"ဘာမှ မသောက်တော့ပါဘူး နေပါစေ"

www.burmeseclassic.com

www.burmeseclassic.com



"သောက်ပါ၊ မသင်းက လက်ဖက်ရည်ပေါ့ဆိမ့် ကြိုက်တယ်။ ပေါ့ဆိမ့်တစ်ခွက်ဟေ့"

တိုက်မှာလည်း စာမူပို့သူ၊ ပို့ပြီးသာစာမူကို လာမေးသူ၊ ကြော်ငြာငွေ လာသွင်းသူများနှင့် စည်ကားနေသည်။

ဆရာ မရှိသည့်အတွက် ချက်ချင်း ထပြန်ချင်သော်လည်း အားလုံးနှင့် ခင်နေ၍ ခေတ္တမျှ ထိုင်ဦးမှ တော်သင့်မည်လေ။ ပြီးတော့ ဘယ်ဆက်သွားရမှန်းလည်း မသိ။

ညှိသည်သုံးယောက်လည်း လွယ်အိတ်ကိုယ်စီနှင့် ပြန်သွားကြပြီ။

လက်ထောက်အယ်ဒီတာ၏ စားပွဲသို့ လူငယ်တစ်ယောက် ရောက်လာသဖြင့် ကျွန်မက နေရာမှထကာ နောက်ဘက် ခပ်ကျကျ၌ ရှိနေသော စားပွဲလေးဆီသို့ လာခဲ့သည်။

ဤစားပွဲနှင့် ကုလားထိုင်လေးမှာ ကျွန်မ၏ နေရာဟောင်းလေးပါ။

ယခုတော့ "ကိုတိုး"ဆိုသော ကောင်လေးတစ်ယောက်ကို ခန့်ထား၏။ ကျွန်မက စားပွဲနောက်မှ ကုလားထိုင်တွင် ဝင်ထိုင်ပြီး ဂျာနယ်တစ်စောင်ကို ဖတ်နေဆဲမှာ ပထမ လက်ဖက်ရည်ရောက်လာသည်။ ဒုတိယစားပွဲရှေ့မှာ တစ်စုံတစ်ယောက် မတ်တတ်ရပ်နေသော အရိပ်ကို မြင်လိုက်ရ၍ ကျွန်မ မော့ကြည့်လိုက်၏။

တစ်ခါမှ မမြင်ဘူးသော မျက်နှာစိမ်းတစ်ယောက်,...

"ဘာကိစ္စရှိလို့လဲ ဟိုဘက်မှာ သွားပြောပါ။ ကျွန်မက ညှိသည်ပါ"



"သူက မရှေ့လျှား"

အသားခပ်ညိုညို အရပ်မြင့်မြင့် မျက်နှာတည်ဆောက်ပုံက လှပကျက်သရေရှိသည်။ မျက်ဝန်းက ရိုးသားမှုကို ဖော်ပြနေသော လူငယ်တစ်ယောက် ဆက်လက်ရပ်နေသဖြင့်...

"ဘာကိစ္စလဲ"

ကျွန်မက လေသံခပ်ပြတ်ပြတ်နှင့် မေးလိုက်၍ သူက စားပွဲကို လက်နှင့် ထောက်၍ ကိုယ်ကို အနည်းငယ် ကုန်းကိုင်းကာ–

"ကျွန်တော် ညိုမောင်ပါ"

"ဟင်"

"မောင်မောင်ပါ မမ"

"အို"

ကျွန်မလည်း လန့်သွား၏။ သူလည်း သိပ်စိတ်လှုပ်ရှားနေပုံရသည်။

"ကျွန်တော် ဆက်ပြီး စကားပြောခွင့် ရှိပါသလား။ ပြန်ရတော့မလား ခင်ဗျာ"

သူ့လေသံတွေ တုန်ခါနေ၏။

ကျွန်မကိုယ်တိုင်လည်း ရင်ခုန်သံတွေ မြန်လာသည်။ အတွေ့အကြုံ တစ်ခါမှ မရှိဘူးသေးသော အပျိုရိုင်းလေး တစ်ယောက်လို ရှက်ရွံ့စိတ်တွေလည်း ချက်ချင်း ဖြစ်ထွန်းလာသည်။

"ဘာလာလုပ်တာလဲ"

ရည်ရွယ်ချက်မရှိပဲ၊ ကြုံသလို ဆုံသလို မေးဖြစ်သော မေးခွန်းပါ။

www.burmeseclassic.com

www.burmeseclassic.com



"စာမူပို့ထားတာ ကြာလို့ လာစုံစမ်းတာပါ ခင်ဗျာ"

သူ၏ သိမ်မွေ့ရိုးကျိုးသော အမူအရာနှင့် စကားသံလေး ကြောင့် ချက်ချင်းလိုပင် ရင်းနှီးခင်မင်ပြီးသား လူတစ်ယောက် အဖြစ် ကျွန်မ လက်ခံနိုင်ခဲ့ပြီမို့...

"ကိုတိုးရေ ကုလားထိုင် ရွှေ့ပေးလိုက်ပါ"

သူက ခပ်ကြောင်ကြောင် ယောင်ယောင် ဖြစ်နေရာမှ ကျွန်မ ကို လှမ်းကြည့်နေ၍–

"ထိုင်ပါ"

သူက အားတက်ဝမ်းသာသွားသော မျက်နှာဖြင့် ကြည် လင်ဝင်းပသွားသော်လည်း အကြောက်ပြေပုံ မရသေးပေ။

"စာမူက ဘာတဲ့လဲ"

"ဖတ်တုန်းပဲတဲ့။ မရွေးဖြစ်ဘူး ထင်ပါတယ်"

"ဟုတ်တယ် နယ်ကပို့တဲ့ စာမူတွေ မဂ္ဂဇင်းမှာ ပါဖို့ဆိုတာ မလွယ်ပါဘူး"

"ကျွန်တော့်စာကလဲ ညံ့လို့နေမှာပါ"

"ရန်ကုန်မှာ ဘယ်လောက် ကြာဦးမလဲ"

"ညနေပြန်မှာပါ"

"စာရေးလိုက်ဦးပေါ့"

"ဟုတ်ကဲ့၊ နောက်...နောက်ဆုံး ရေးလိုက်တဲ့ စာရော ရရဲ့လား"

"ရပါတယ်"

ကျွန်မ၏ တုန့်ပြန်စကားကြောင့် သူသိပ်ဝမ်းသာသွားပုံ ရသည်။



"စာသိပ်ရေးတတ်တာပဲ ဆက်ရေးပါ"

"ခင်ဗျာ"

"ဩော်...ဝတ္ထုတွေ ဆက်ရေးပါလို့ ပြောတာပါ"

"ရေးပါတယ်။ မဂ္ဂဇင်းတိုက်တွေက မရွေးတာပါ"

"ဘာဖြစ်လို့ မရွေးတာလဲ မသိဘူး။ စာရေး တကယ် ကောင်းပါတယ်"

"ကျွန်တော် မမဆီရေးတဲ့ စာတွေကို ပြောတာလား"

"ဟုတ်တယ်လေ"

"ဒါကတော့ဗျာ..."

အပြုံးဝေမျက်နှာနှင့် မျက်လွှာချထားရာမှ ကျွန်မကို တည့်တည့်ကြည့်လာပြီး...

"ခံစားချက် ပြင်းပြင်းနဲ့ ရေးတဲ့ စာမို့ပါ"

ကျွန်မ ပြုံးနေလိုက်သည်။

"ဒါတောင် တကယ့်ခံစားချက်ကို မီအောင် လက်က မရေးနိုင်သေးပါဘူး"

"အခုရန်ကုန်ကို လာတာ အဲဒီ စာမူကိစ္စအတွက်ပဲလား"

သူက ခေါင်းညိတ်ပြသည်။ သူ့အကြည့်မျက်ဝန်းမှ တစ်ဆင့် သူ တစ်ခုခု တိမ်မြုပ်ဖုံးကွယ်ထားသေးကြောင်း ကျွန်မ သိသည်။ သို့သော် မမေးဖြစ်တော့ပါ။

"ဒီမဂ္ဂဇင်းတိုက်နဲ့ တော်တော်ခင်တယ် ထင်တယ်နော်"

"ဟင်...ဘာဖြစ်လို့လဲ"

"အားလုံးနဲ့ ရင်းနှီးနေသလိုပဲ။ ပြီးတော့ စာတည့်ရင်လဲ

www.burmeseclassic.com

www.burmeseclassic.com



ဒီတိုက်က တစ်ဆင့်ပဲ လိပ်စာပေးထားလို့ပါ"

"ဒီတိုက်က ဆရာကိုထွန်းသစ်ဟာ မမရဲ့ ဆရာရင်းပဲလေ"

ကျွန်မက စာရေးဆရာမ၏ ဘဝအစကို ပြောမပြလိုသေး၍ ခပ်ဝေ့ဝေ့ ပြောလိုက်၏။

"အရင်လာတုန်းက ဆရာထွန်းသစ်နဲ့ တွေ့တယ်။ ဒီနေ့ မရှိဘူးနော်"

**"အင်း"**

ဆရာ မရှိသည့်အကြောင်း ရောက်သွားသဖြင့် ကျွန်မရင်ထဲမှာ နာကျည်းမှု အရိပ်ကလေး အနည်းငယ်စွန်းထင်သွား၏။

"ကျွန်မနဲ့ ချိန်းထားရက်နဲ့ ဟိုညွှေ့သည်တွေက ကျွန်မထက် ပိုပြီး အရေးကြီးလို့လားဆရာ" ဆိုပြီး ရန်တွေ့ပစ်လိုက်ချင်သည်။

ထိုအတွေးဝင်ပြီးသည်နှင့် ရှေ့မှ ထိုင်နေသော မောင်မောင့်ကို ပြန်လည်သတိရပြီး။

"မနက်စာထမင်း စားခဲ့ပြီလား"

"မစားသေးပါဘူးခင်ဗျာ ပြန်မှ"

"ဒီကပြီး ဘယ်သွားစရာ ရှိသေးလဲ"

"ခင်ဗျာ"

"တခြားသွားဖို့ ဒါမှမဟုတ် တစ်ယောက်ယောက်နဲ့ တွေ့ဖို့ ချိန်းထားတာများ ရှိသေးလားလို့ မေးတာပါ"

"မ, မရှိပါဘူး ဘာဖြစ်လို့လဲဟင်"

ကျွန်မ သူ့ကို ရင်းနှီးဖော်ရွေသော အပြုံးဖြင့် ကြည့်လိုက်ပြီး–



"ဒါဖြင့် လာ...တနေရာရာမှာ မနက်စာ သွားစားကြရအောင်"

"မောင်မောင်က အယောင်ယောင်အမှားမှားဖြင့် သူ့အိတ်ကို သူ ဖိစမ်းရင်း...

"နေ...နေပါစေ"

"မမက ကျွေးမှာပါ"

"ဟာ...နေပါစေ"

"မလိုက်ချင်လဲ ရတယ်လေ။ ထမင်းစားရင်း စကားလေးဘာလေးပြောရအောင်လို့ပါ"

သူက အားငယ်ကြေကွဲသော အကြည့်ဖြင့် သိမ်ငယ်ငယ်လေး ကြည့်လိုက်ပြီးမှ...

"ကျွန်တော် မလိုက်ချင်ပဲ နေပါ့မလား မမရယ်"

"ဒါဆို မမ နားလည်ပြီ မောင်မောင်က မကျွေးနိုင်လို့ အားနာနေတာ မဟုတ်လား"

သူက ခပ်ရှက်ရှက်ပြုံးရင်း ခေါင်းညိတ်၏။

"သွားကြမယ်။ မမ ဦးလေးကို နှုတ်ဆက်လိုက်ဦးမယ်။ မောင်မောင် ဆင်းသွားနှင့်"

"ကျွန်မက မဂ္ဂဇင်းပိုင်ရှင် ဦးလေး ဦးထွန်းရီနှင့် အယ်ဒီတာ ကိုရဲတို့ကို နှုတ်ဆက်လိုက်ပြီး–

"ကျွန်မလဲ နယ်က ညွှေ့သည်လေးတစ်ယောက်ကို ဒီမှာ မမျှော်လင့်ပဲ တွေ့လိုက်ရလို့ မနက်စာထမင်း လိုက်ကျွေးတယ်လို့ ဆရာပြန်လာရင် ပြောပေးပါနော်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ယုံကြည်သည်လား၊ မယုံကြည်ဘူးလား ကျွန်မ တွေးမနေတော့ပါ။ ကျွန်မ၏ ပစ်မှတ်က သူတို့မဟုတ်ဘူးလေ… ဆရာ့ကို။

ကျွန်မနှင့် ချိန်းထားပြီး တခြားသည့်သည်နှင့်အတူ ထွက်သွား ထမင်းစားမည် ဆိုခြင်းအတွက် ကျွန်မကလဲ ကောင်လေးတစ်ယောက်နှင့် အတူ ထမင်းသွားစားသည်ဟု ဆရာ သိစေရမည်။

အရွဲ့တိုက်တဲ့ အဆင့်မျိုးအထိလည်း မရည်ရွယ်ပါ။

မောင်မောင့်ကို ဆရာ့နေရာ အစားထိုးပြီး ခေါ်သွားခြင်းလည်း မဟုတ်ပါ။

တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပေါ်လာသော အခြေအနေပေါ် လိုက်ပြီး ကျွန်မ ဆောင်ရွက်လိုက်မိခြင်းသာ ဖြစ်ပါလေ၏။

❄ ❄ ❄

## အခန်းတစ်ဆယ့်ငါး

စန္ဒယားသံလေးက ငြိမ့်အေးညင်သာစွာ သာယာနာပျော်ဖွယ် ရှိလှချေသည်။

အဆိုမပါ အတီးချည်းသက်သက်…

နံနက်စာ ဘူဖေး (Buffet) သုံးဆောင်နေကြသူများကို စန္ဒယားတီး၍ ဖျော်ဖြေနေရရှာသော စင်မြင့်ပေါ်မှ လူကို ကျွန်မ ငေးကြည့်နေမိသည်။

စားသောက်သူများကလည်း ငြိမ်ငြိမ် ဣန္ဒြေရရ၊ တီးခတ်သူကလည်း လက်ကွက်လှလှ၊ အသံသာသာဖြင့် သူ့အနုပညာဦးသာ ဈာန်ဝင်စားနေသူ။

ဩော်…တချိန်သောအခါက –

သေသောက်ကြူးသူတို့၏ ဆူဆူညံညံဝိုင်းများထိပ်မှ နေ၍ လှုပ်လှုပ်ခါခါ သီဆိုနေကြရသော စားသောက်ဆိုင် အဆိုတော်များ၏ ဘဝ။

www.burmeseclassic.com

www.burmeseclassic.com



ထိုဘဝများထဲမှ ကျွန်မ…

"အို"

အတွေးကို ခေါင်းရမ်း၍ ဖယ်ထုတ်လိုက်ပြီး စားပွဲပေါ်မှ ထမင်းပန်းကန်ကို ပြန်ကြည့်လိုက်ရသည်။

ပန်းကန်ထဲမှာ ထမင်းကြော် နည်းနည်းနှင့် ရသာစုံဟင်းပွဲများ။

မရဲတရဲ စားသောက်နေရှာသော မောင်မောင့်ကို အားနာသွားသလိုလို သနားသွားသလိုလိုဖြင့် လက်ရှိနေရာကို စိတ်ပြန်လည်လာသည်။

"စားနော် မောင်မောင် နည်းနည်းလေးစားရင် တို့ရှုံးမှာ"

လူတစ်ယောက် ကြိုက်သလောက်စား ငွေတစ်ထောင်ပေးရသည့် ကန်တော်ကြီးစောင်းမှ ရှမ်းကန်စားသောက်ဆိုင်သို့ ရောက်နေကြခြင်း ဖြစ်သည်။

ဘူဖေး (Buffet)ဆိုသည်က စားသောက်ဆိုင်မှ ထည့်မပေး ဟင်းပွဲများ လာမချ။

မိမိကိုယ်တိုင် ပန်းကန်အလွတ်ကို ယူကာ ဟင်းအမျိုးပေါင်း ဆယ့်ငါးမျိုးလောက်ကို လှပသော ပန်းကန်ကြီးများ ဇန်းကြီးများထဲမှာ ထည့်၍ စားပွဲပေါ်တွင် တည်ခင်းထားသည်။

ဝက်အချို၊ ဝက်အချဉ်၊ ဝက်အစပ်၊ ကြက်သားဟင်းလျာ အမျိုးမျိုး၊ ငါးဟင်းများ၊ ပုစွန်ကင်၊ အသီးအရွက်ဟင်းမျိုးစုံ၊ သင်္ဘောသီးသုတ်၊ ခရမ်းချဉ်သီးသုတ် စသော အသုတ်ကောင်တာနောက်မှာ မိန်းကလေးနှစ်ယောက် လိုချင်တာမှာမှ သုတ်



ပေးသည်။ အခြားဟင်းလျာအားလုံးက အဆင်သင့် အမြဲပူနေသော ဟင်းချိုရည်ကလည်း ကိုယ်ကြိုက်သလောက် ခပ်သောက်ရသော ထမင်းဖြူ၊ ခေါက်ဆွဲကြော်၊ ကြာဇံကြော်များက အဝစားဖို့အတွက် လင်းလျှာစုံကို ကြိုက်သလောက် စားချင်သလောက် ထည့်ယူစားပြီးသည့်အခါ–

အချိုပွဲက မျိုးစုံ။

လက်ဖက်ရည်၊ ကော်ဖီ၊ အိုက်စကရင်၊ ရွှေချီဆနွင်းမကင်း၊ ကျောက်ကျော၊ ကောက်ညှင်းရွှေချည်၊ တရုတ်ပဲမုန့်နှင့် သင်္ဘောသီး၊ ငှက်ပျောသီး စသည်များက အလျှံပယ်။

ဝမ်းအပြင် အိတ်တော့မရ။ ဘာမှ ယူဆောင်သွားခွင့်မရှိ။ ဤစားသောက်ခန်းမထဲမှာတော့ ကြိုက်သလောက်စား၊ ကြာချင်သလောက် ကြာရသည်။

ကိုယ်ယူထားသော ဟင်းလျာများ၊ မုန့်များကိုတော့ ကုန်အောင် စားရမည်။ စားသင့်သည်။ ပိုယူပြီး မကုန်နိုင်ပဲ ပန်းကန်မှာ ကျန်နေလျှင်ဖြင့် အလိုက်မသိ၊ အားမနာ မစားဖူးမုန်းသိုသာသဖြင့် အားလုံး ကုန်အောင်စားကြရသည်သာ။

နိုင်ငံခြားမှာတော့ Buffetဝိုင်းမှာ ကျန်နေလျှင် ပြန်လျော်ရသည်ဟု နိုင်ငံခြားမှ ရောက်လာသူတို့ထံမှ တစ်ဆင့် ကြားဖူးသည်။

ကျွန်မက တတိယအကြိမ်မြောက် ထပြီး ကြက်သားကိုချိန်နှင့် ကပ်ကြော်ထားသော ကြက်သားလေးတုံးနှင့် ကော်ဖီမုန်းကြော်တို့ကို ပန်းကန်ပြားငယ်လေးနှင့် ထည့်ယူလာပြီး မောင်

www.burmeseclassic.com

www.burmeseclassic.com



မောင့်ပန်းကန်ထဲသို့ တဝက်ထည့်ပေးလိုက်သည့်အခါမှာ...

"ဟာ... တော်ပြီ မမ ဒါတွေတောင် မကုန်တော့ဘူး"

"မကုန်လို့တော့ မဖြစ်ဘူး မောင်မောင်ရေ ကုန်အောင်တော့စားမှ"

"ကျွန်တော် တကယ်မစားနိုင်တော့လို့ပါ"

"မောင်မောင်က အစားနည်းလိုက်တာ"

"ခါတိုင်း အများကြီးစားလေ့ ရှိပါတယ်။ ဒီနေ့တော့ရင်ထဲမှာ ခံစားမှုတွေနဲ့ ပြည့်နေလို့ပါ"

"ဘာတွေများ ခံစားနေရလဲ ပြောပါဦး။ စာရေးဆရာဆိုတာ သူများခံစားတာကိုပဲ အတုယူပြီး ရေးသင့်ရင် ရေးရအောင်လို့ပါ"

"ကျွန်တော် မပြောတတ်ဘူး မမ"

"မောင်မောင်ရဲ့ ခံစားမှုတွေကို မမက ရှုဒိုးခံစားပြီး ရေးမှာ စိုးလို့လား"

"မမ ရေးနိုင်ရင် ဝမ်းတောင်သာရဦးမှာပါ"

"ဒါဖြင့် ပြောတော့မယ်ပေါ့"

"ကျွန်တော်နဲ့အတူ ဘယ်လို ပညာရှင်မှ ကျွန်တော့်ခံစားချက်ကို ဖော်ထုတ်သရုပ်ခွဲနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့်ပြောနိုင်တာတစ်ခုတော့ ရှိပါတယ်"

"ဘာလဲ"

"ကျွန်တော့်စိတ်တွေ သိပ်လှုပ်ရှားနေတာ၊ သိပ်ဝမ်းသာလို့ပါ"



"မမနဲ့ ပတ်သက်လို့ ဝမ်းသာရတယ်ဆိုရင် မမကလဲဝမ်းသာပါတယ်ကွယ်"

"မမ"

"ဟင်"

"ကျွန်တော့်ကို ခုလို အရေးတယူ လက်ခံလိမ့်မယ်လို့ ကျွန်တော် ဘယ်တုန်းကမှ မထင်ခဲ့မိဘူး။ အို...တွေးတောင်မတွေးရဲခဲ့ပါဘူး"

"ဟုတ်ပြီ မောင်မောင် စကားတွေ ပြောရဲလာပြီ။ ကဲ–မောင်မောင့်အကြောင်း ပြောပြပါ"

"မမဆီကို ကျွန်တော့်အကြောင်း ရေးပြဖူးပါတယ်။ မမမေ့သွားရင် ထပ်ပြောပါမယ်"

"စကားနဲ့ ပြောတာ ကြားချင်လို့ပါ"

သည်ကောင်လေး၏ အကြောင်းက စာထဲမှာ ဘာမှ မထူးခြားသလို အပြင်မှာလည်း မထူးခြားလှပါ။

"ကျွန်တော့်အဖေက ကျွန်တော် ငယ်ငယ်ကတည်းကဆုံးပါတယ်။ အမေက နောက်အိမ်ထောင်ပြုတော့ အမေရဲ့ အစ်မကြီးကြီးနဲ့ နေရပါတယ်။ သူ့မှာ သားတစ်ယောက် သမီး တစ်ယောက် ရှိပေမယ့် ကျွန်တော့်ကို သိပ်ချစ်ပါတယ်။ ကြီးကြီးကမျက်စိကွယ်သွားလို့ ကျွန်တော်ကပဲ ရှာကျွေးနေရပါတယ်။ ကားတာရာ အပေါင်းရောင်းဝယ်ရေးနဲ့ ကားဘီးဖာ ကားဘီးလေချိန်တဲ့ အလုပ်ကြမ်းလုပ်နေရပါတယ်။ ကျွန်တော် မြင်းနိုးတဲ့ စာပေလုပ်ငန်းနဲ့တော့ တခြားစီပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



မျက်လွှာချလိုက် ဘေးဘက်သို့ ကြည့်လိုက်နှင့် စကားတွေ အရှည်ကြီး ပြောစဉ်က ကျွန်မကို မော့လို့ပင် မကြည့်ရဲရှာ။

စကားဆုံးမှ တစ်ချက်လှမ်းကြည့်၍ ကျွန်မက ပြုံးပြီး ခေါင်းညိတ်လိုက်ရသည်။

"ကဲ…ဆက်စားပါဦး။ ဖြည်းဖြည်းစားနော်"

မောင်မောင်သည် ဤမျှ ရသာစုံဟင်းလျာများကို မြိန်ယှက်စွာ စားသုံးဖို့မပြောနှင့် စားနေရသည်ကိုပင် မနည်း မြိုချနေရသလို ရှိနေ၏။

"ဒီကောင်လေး တကယ့်ကို လှုပ်လှုပ်ရှားရှား ခံစားနေရတာပါလား"

ကျွန်မလည်း သိပ်စားချင်စိတ် မရှိလှပါ ဘူဖေးဝိုင်းမှာ ဟင်းတွေ ကျန်နေလျှင် အရှက်ရစရာ ဖြစ်မည်မို့ ဝင်အောင် စားနေရပါသည်။ ရက်စတောရင့် (Restaurant)မှာလို ငွေပေးရသည့်အတွက် ပိုချင်သလောက် ပိုကျန်ချင်သလောက် ကျန်ကိစ္စမရှိ။ ဒီမှာက မကောင်းဘူးလေ။

"မမ"

"အင်း"

"မမရေးတဲ့ စာ ကျွန်တော့်ဆီမှာ ၇ စောင်တိတိ ရှိနေပြီ"

"ဟုတ်လား မှတ်တောင် မမှတ်မိဘူး"

"ဒါဆို ကျွန်တော့်စာ ဘယ်နှစ်စောင် မမဆီမှာ ရှိနေလဲဆိုတာ မှတ်မိမှာ မဟုတ်ဘူးထင်တယ်နော်"

"အင်း…အ…ဟဲ"



"ကျွန်တော် နှစ်ဆယ့်တစ်စောင် ရေးပြီးပါပြီ။ ရေဝေးကြာဝတ္ထု မဂ္ဂဇင်းမှာ ပါလာပြီးကတည်းက စရေးခဲ့တာပါ။ ကျွန်တော့် စာလေးစောင်မြောက်မှာ မမဆီက ပြန်စာရပါတယ်"

"မော်ကွန်းတိုက်မှာ အလုပ်လျှောက်ရင်တောင် ရလောက်ပြီ"

"တခြားကိစ္စတော့ ဘယ်မှတ်မိပါ့မလဲဗျာ။ ခုဟာက ကျွန်တော့် နှလုံးသားပေါ်မှာ ရေးထိုးထားတဲ့ မော်ကွန်း…မို့။"

သူက ဖျပ်ဆို ကျွန်မကို လှမ်းကြည့်ပြီး စကားကို ရပ်တံ့ပစ်လိုက်သည်။

သူ့ရင်ထဲမှ တိုက်ရိုက် သွန်ကျလာသော စကားများကို ပြောချလိုက်မိသဖြင့်–

မှားသွားပြီလား…

မမ ငြိုငြင်သွားပြီလား…

မမ စိတ်အနှောက်အယှက် ဖြစ်သွားမှာလား…

ဆိုသော စိုးရိမ်မှု မျက်ဝန်းလေးနှင့် လှမ်းကြည့်နေရှာသော မောင်မောင့်၏ ရုပ်သွင်လေးကို ပထမဆုံးအကြိမ်အဖြစ်နှင့် ကျွန်မရင်မှာ ကြင်နာစိတ် ဝင်မိခဲ့ပြီ။

"ဆက်ပြောလေ"

"ကျွန်တော် ဘာမှ မပြောရင် ပိုကောင်းမယ် ထင်တယ်ဗျာ"

"ဘာလို့လဲ"

"ကျွန်တော် ဟန်ဆောင်ပြီး မပြောတတ်လို့ပါ"

"မင်းကို ဘယ်သူက ဟန်ဆောင်ခိုင်းလို့လဲ မောင်မောင်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကိုယ်တိုင် ဟန်ဆောင်နေသင့်တာပါ မမ"

"မမက ဟန်ဆောင်တာကို မုန်းတယ်"

"ကျွန်တော် ဟန်မဆောင်ရဘူးဆိုရင် မမ ကျွန်တော့်ကို ပိုမုန်းသွားမှာ"

"ဟာ ဘာဆိုင်လဲ"

ကောင်လေးမျက်နှာ ပျက်နေရှာသည်။ ကျွန်မပြောလိုက်တဲ့စကားက ဟန်ဆောင်တာကို မုန်းသတဲ့။ အဲဒါမှ တကယ့်ကို ဟန်ဆောင်လိုက်တဲ့ ကျွန်မရဲ့ ယုတ်ညံ့တဲ့ စရိုက်ပါ။ စာကို ကိုယ်တိုင်ရေးသားနေသည်မှ လွဲ၍ ကျွန်မ နာမည်မှအစ တက္ကသိုလ် မရောက်ဖူးခဲ့သည်အဆုံး အားလုံး ဟန်ဆောင်ထားသော မိန်းမတစ်ယောက်လေ။

"မမရယ် ကျွန်တော် ဘာမှ မပြောပါရစေနဲ့ မမက ပညာရှိပါ။ မမပြောတာတွေပဲ ကျွန်တော် နားထောင်နေပါရစေ"

"မမလဲ ဘာမှ သိပ်ပြောစရာ မရှိပါဘူး"

"ရှိမှာပါ။ မမရဲ့ ဇာတိ၊ မိဘ ဘယ်ခုနှစ်က ဘွဲ့ရတယ်က အစ မမစာရေးဆရာ ဘယ်လိုဖြစ်လာတယ်ဆိုတာတွေကို ကျွန်တော်က သိပ်သိချင်ခဲ့တာပါ။ မမရဲ့ စာမှာ မမရဲ့အကြောင်း ဘာမှပါမလာဘူးလေ"

ကျွန်မ သက်ပြင်းချမိသည်။

"ခုတော့ မမ ဘာမှ မပြောချင်သေးဘူး။ ပြောနိုင်ခွင့်ရှိတဲ့အခါကျတော့ မောင်မောင် သိရမှာပါ"

"ပြောနိုင်ခွင့်"



"ဟုတ်တယ်"

"မမရဲ့ ပြောနိုင်ခွင့်ကို တစ်စုံတစ်ယောက်က ချုပ်ကိုင်ဟန့်တားထားတာမျိုး ရှိနေလို့လား"

"အမယ်လေး မောင်မောင်ရယ် မမရဲ့ ဝတ္ထုထဲကလို ဇာတ်ကောင်ရဲ့ ဇာတ်လမ်းတွေ မြှုပ်နှံထားရတာမျိုး မဟုတ်ပါဘူးကွာ...ဟဲ...ဟဲ..."

ကျွန်မက ပေါ့ပေါ့ပါးပါး ဖြစ်စေဖို့ ရယ်ကျဲကျဲနှင့် ပြောလိုက်ရသည်။

"ခု မမ ဘယ်သူနဲ့ နေလဲဟင်"

"မမ မိသားစုနဲ့ပေါ့ မမယောကျ်ားရယ်၊ မမရဲ့ ကလေးတွေရယ်နဲ့ပေါ့"

"သြော်"

ပါးစပ်ကလေးပွင့်ဟပြီး အံ့သြသွားပုံက အပြစ်မဲ့ကလေးငယ်တစ်ယောက်ကဲ့သို့ပင်။

"ကျွန်တော်က မမရဲ့ စာတွေကို ရင်ထဲရောက်အောင်ဖတ်ထားရာက မမကို ကြည်ညိုလေးစားနေမိတာပါ။ မမ ဘယ်သူပဲ ဖြစ်ဖြစ် ကျွန်တော်ရဲ့ လေးစားမှုနဲ့ မမရဲ့ အနုပညာအပေါ် အထင်ကြီးမှုကတော့ ဘယ်လိုနည်းနဲ့မှ လျော့နည်း မသွားနိုင်ပါဘူး မမ"

"ကျေးဇူးပဲ မောင်မောင်ရေ"

ကျွန်မက သက်ပြင်းချရင်း ပြောမိသည်။ မောင်မောင်က ကျွန်မပေါ် လေးစားမှု မလျော့နည်းတာ မှန်သော်လည်း အိမ်

www.burmeseclassic.com

www.burmeseclassic.com



ထောင်သည် မိန်းမတစ်ယောက်ဖြစ်နေသည့်အတွက် သူ အနေကြပ်သွားပုံတော့ ရသည်။ ယောကျ်ားကောင်းတို့မည်သည် အိမ်ထောင်ရှိ မိန်းမကို မညှတ်တွယ်တတ်ကြပါ။

သို့သော် သူ တွေတွေဝေဝေ ဖြစ်နေပုံတော့ရသည်။

"မောင်မောင် ရေ အစတုံးကတော့ ဝါသနာအရ ရေးတာပဲ။ ပရိသတ်အတွက်ရယ် ကိုယ့်အတွက်ရယ် ဆိုပြီး ခွဲခြားရည်ရွယ်မှု မရှိခဲ့ပါဘူး။ ခုတော့လေ..."

"ပြောပါ မမ"

"မမရဲ့ စာဖတ်သူတွေဟာ မမရဲ့ ကျေးဇူးရှင်တွေဖြစ်လာခဲ့ပြီ"

"ကျွန်တော်က မမရဲ့ အဓိက အမာခံ စာဖတ်သူလေ မမကို ကျွန်တော် ဘာကျေးဇူးပြုနိုင်လို့လဲ... ကဲ..."

"မောင်မောင် မမဝတ္ထုတွေကို အလကား ရဖူးသလား"

"မမ တခါမှဖြင့် မပေးဘူးပဲနဲ့"

"ဒါဆို ဝယ်ဖတ်သလား"

"ပထမဆုံး ဝတ္ထုကိုပဲ ဝယ်ပြီး အထပ်ထပ် ဖတ်ပါတယ်။ နောက်ပိုင်းတော့ ဆိုင်က ငှားဖတ်ပါတယ်"

"ငှားတာလဲ ပိုက်ဆံပေးရတာပဲလေ။ အဲဒါ မောင်မောင်ရဲ့ ပိုက်ဆံ မမဆီကို ရောက်လာတာပေါ့"

"ဟာဗျာ နှမ်းတစ်လုံးနဲ့ ဆီမဖြစ်ဆိုသလို ကျွန်တော့် ပိုက်ဆံလေး ငါးကျပ် တစ်ဆယ်နဲ့ မဖြစ်လောက်ပါဘူး မမရာ"

"မြန်မာစကားပုံမှာ ဆန့်ကျင်ဘက်တွေ ရှိတယ်။ ဥပမာ



"သေချင်တဲ့ကျား တောပြောင်း"တဲ့၊ ပြီးတော့ "တရွာမပြောင်း သူကောင်းမဖြစ်"တဲ့၊ အဲဒီလိုပဲ "နှမ်းတစ်လုံးနဲ့ ဆီမဖြစ်"ဆိုတဲ့ စကားရှိသလို "တစ်စက်ကျမှများ ပြည့်သောလား"သို့ ဆိုတာ ရေစက်ပေါက်များစွာစုတဲ့အခါမှာ ရေအိုးကြီးတစ်လုံး ပြည့်နိုင်ပါသတဲ့။ သိလား မောင်မောင်"

"ဟုတ်ကဲ့"

"အဲဒီလိုပဲ မောင်မောင့်ဆီက ငါးကျပ်တစ်ဆယ် တခြားစာဖတ်သူတစ်ဦးချင်းတွေဆီက ငါးကျပ်တစ်ဆယ်တွေ မြန်မာတပြည်လုံး စုပေါင်းလိုက်တဲ့အခါ သောင်းဂဏန်း သိန်းဂဏန်း အဖြစ်နဲ့ မမဆီ ရောက်လာခဲ့တာလေ"

"ဘယ်ဟုတ်မလဲ အဲဒါ အငှားဆိုင်တွေရဲ့ ဝင်ငွေပါ"

"ဟုတ်ပါတယ်။ အငှားဆိုင်ရဲ့ ဝင်ငွေရဖို့ သူတို့စာအုပ်ပြန်ဝယ်ရတယ်လေ။ မောင်မောင်တို့လို စာဖတ်သူရဲ့ ငွေက အငှားဆိုင်ကနေ စာအုပ်အရောင်းဆိုင်တွေကို ရောက်တယ်။ အဲဒီငွေတွေ စုပြီး မမရဲ့ စာအုပ်ထုတ်ဝေသူဆီ ရောက်လို့သာ ထုတ်ဝေသူက စာအုပ်ရိုက်ပြီး ဆိုင်ပေါ် တင်ရောင်းနိုင်ကြတာပေါ့။ တခါထုတ်ဝေသူက မမရဲ့ စာမူရဖို့ အဲဒီငွေတွေ ပုံပေးတယ်လေ"

မောင်မောင် ခေါင်းညိတ်၏။

"အဲဒီလို စာဖတ်သူပေါင်း များစွာရဲ့ ငွေတွေဟာ အငှားဆိုင် အရောင်းဆိုင်နဲ့ ထုတ်ဝေသူဆီအထိ အဆင့်ဆင့် ပြတ်သန်းလာပြီးမှ မမဆီ ရောက်ပါတယ်။

"ဒီလောက်အထိ မတွေးမိပါဘူး မမရာ"

www.burmeseclassic.com

www.burmeseclassic.com



"မမကတော့ အဲဒီလို အမြဲတွေးပြီး အစာစားလဲ မမရဲ့ စာဖတ်သူတွေပေးတဲ့ အာဟာရ၊ အဝတ်ဝယ်ဝတ်လဲ စာဖတ်သူတွေဆင်တဲ့ အဝတ် ဘာပဲသုံးသုံး ချစ်လှစွာသော ကျေးဇူးရှင် စာဖတ်ပရိသတ်ကြီးကပေးတဲ့ ငွေလို့ ခံယူပြီး မမ အမြဲကျေးဇူးတင်စွာနဲ့ ထာဝရ မေတ္တာပို့ပါတယ်"

"အဲဒီလို စေတနာတွေ ထည့်ရေးလို့ မမဝတ္ထုတွေ ကောင်းနေတာ ထင်ပါရဲ့"

"အမြဲတော့လဲ မကောင်းနိုင်ပါဘူး။ အားမရပဲ လွှတ်လိုက်ရတာတွေ ရှိပါတယ်။ တတ်နိုင်သလောက်တော့ ကြိုးစားပြီး စာဖတ်သူတွေ နှစ်သက်ကြပါစေဆိုတဲ့ စေတနာနဲ့ ရေးတယ်ဆိုတာတော့ သစ္စာဆိုရဲပါတယ်"

ကျွန်မသည် ဘဝက မှုမမှန်သဖြင့် ဘယ်အရာကိုမှ လေးလေးနက်နက် မရှိခဲ့ပါသော်လည်း စာရေးဆရာမ တစ်ယောက်ဖြစ်လာတော့မှ အခု မောင်မောင်ကို ပြောခဲ့သလိုပင် ကျွန်မစိတ်တွေ ပြောင်းလာသည်။

ပျော့ပြောင်းလာခဲ့ပြီ

စေတနာတွေ လေးစားမှုတွေ၊ မေတ္တာတရားတွေ နှလုံးသားမှာ ဖြစ်တည်လာသောအခါ လူသားတို့၏ စိတ်နှလုံးသည်လည်း နူးညံ့သိမ်မွေ့လာခဲ့ရပါပြီ…

"မမ"

အင်း"

"ကျွန်တော် တစ်ခု ပြန်သတိရတာ ပြောပါရစေ"



"ခဏလေးနော် မောင်မောင်"

ဒဇတ် (Dessert) ဆိုသော အချိုပွဲအတွက် ထားသည့် ကောင်တာဘက်သို့ သွားကာ သစ်သီးအနည်းငယ် ယူ၍ ပြန်လာမြီး"

"ရော့ မောင်မောင် အအီပြေအောင် နာနတ်သီးစိတ်ကလေးတွေ စားလိုက်ဦး"

"မမရာ ငွေလဲ အကုန်ခံ ထလဲ ယူကျွေးရသေးတယ်။ ကျွန်တော် သိပ်အားနာလာပြီ။ ဒီလိုလဲ တစ်ခါမှ မစားဘူးတော့ ဘာလုပ်လို့ လုပ်ရမှန်း မသိလို့ပါ"

"မချိန်းပဲနဲ့ ဆုံဖြစ်တဲ့အတွက် မမကလဲ ဝမ်းသာနေတာပါ။ မမက အိမ်ရှင်ပဲ ဧည့်ခံရမှာပေါ့။ ကဲပါ အားနာတာတွေ ကျေးဇူးတင်တာတွေ ထားလိုက်စမ်းပါ။ ခုန ပြောတဲ့ တစ်ခုပြန်ပြီး သတိရတယ်ဆိုတာ ဘာလဲ"

အရှက်အကြောက်တွေ ပြေပြီးကာမှ မောင်မောင်က မရွံ့မရဲ ဟန်ဖြင့် ကျွန်မကို လှမ်းကြည့်ကာ…

"ပြီးခဲ့လက ကျွန်တော် မြရာပင်ကို ရောက်တယ်။ လက်ထောက်အယ်ဒီတာကို မေးကြည့်မိတယ်။ ဆရာမ တက္ကသိုလ်သင်းသရဖီဆိုတာ ဒီတိုက်လိပ်စာပဲ ပါလို့ အဲဒီက အယ်ဒီတာအဖွဲ့ဝင်လားဆိုတော့ မဟုတ်ပါဘူးတဲ့"

"ပြီးတော့ရော"

"ပြီးတော့ အဲဒီဆရာမက ဘယ်မှာ နေတာလဲ ဆိုတော့ အဆောင်မှာတဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရယ်နေလိုက်သည်။

"အဆောင်မှာ အိမ်ထောင်သည်တွေ နေကြရိုး ထုံးစံမှ မရှိတာ။ မမ ကျွန်တော့်ကို ညာတာမဟုတ်လားဟင်"

ကျွန်မစကားနှင့် မတုန့်ပြန်ပဲ ပြုံးနေလိုက်သည်။

"ကျွန်တော့်အတွက်တော့ ခြံတွေ တံတိုင်းတွေ ကာစရာ မလိုပါဘူးဗျာ။ ဘယ်သောအခါမှ လက်လှမ်းမမှီနိုင်တဲ့ နေရာကို ဘယ်တော့မှ ဝင်လာဖို့ ကျွန်တော် မကြိုးစားပါဘူး။ ဒါပေမယ့် တစ်ခုတော့ ပြောပါရစေ မမ"

"ပြောပါရှင်"

"လက်လှမ်းမမှီနိုင်ဘူးဆိုတာ သိလို့ လှည့်ပြန်သွားမယ့် ကောင်မျိုးတော့ မဟုတ်ဘူး မမရဲ့"

"ဟင်"

"မမရဲ့ မြင့်မြတ်တဲ့ ဂုဏ်တင့် ဝင့်ထယ်မှုတွေနဲ့ မမရဲ့ အနုပညာအောက်မြင်မှုတွေကို အမြဲတမ်း အနီးကပ်ပြီး အချိန်ပြည့် မော့မျှော်ကြည့်နေမယ်ဆိုတာတော့ မမ တစ်သက်လုံးယုံ"

ကျွန်မအပေါ် လေးစား မြတ်နိုးရုံမက ကြည်ညိုသော အဆင့်အထိ ရောက်ရှိနေပြီဖြစ်သော ကောင်လေးကို ကျွန်မ ကြင်နာစွာ ကြည့်လိုက်ပြီး–

"တကယ်လို့ မမဟာ မင်းထင်နေသလို ပညာတတ်လဲ မဟုတ်ဘူး။ အဆင့်အတန်းရှိတဲ့ မိန်းမတစ်ယောက်လဲ မဟုတ်ဘူးဆိုခဲ့ရင်ရောကွာ"

"ကျွန်တော် တစ်ခုပဲ မေးပါရစေ"



"အင်း"

"အခုထွက်ပြီးတဲ့ ဝတ္ထုဆယ့်နှစ်ပုဒ်လုံး မမကိုယ်တိုင် ရေးသလား၊ မရေးဘူးလား ကျွန်တော် ဒါပဲ သိချင်တယ်"

"ဘာလဲ မမကို ရှဲဒိုးထင်လို့လား"

"မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး။ အဲဒီထွက်ပြီးသား ဆယ့်နှစ်ပုဒ်နဲ့ အခု စာပေစီစစ်ရေးကို တင်ထားတဲ့ မမရဲ့ ဆယ့်ငါးအုပ်မြောက် ဝတ္ထုအထိ မမကိုယ်တိုင် ရေးခဲ့တာပါဆိုတဲ့ စကားကို မမကိုယ်တိုင် ပြောတာ ကျွန်တော် ကြားချင်လို့"

"အားလုံး မမရဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်ပိုင်ဇာတ်လမ်းတွေချည်းပဲဆိုတာကိုတော့ တရားသူကြီးရှေ့မှာလဲ ကျမ်းကျိန်ပြီး ပြောရဲတယ်။ ဘုရားရှေ့မှာလဲ သစ္စာရေသောက်ပြီး ပြောရဲတယ်"

"ယုံပါတယ်ဗျာ။ လက်ရာက တသမတ်ထဲ ထွက်တာပဲ ဘာလို့ မယုံရမှာလဲ။ ကျွန်တော်ပြောချင်တာက အဲဒီစာတွေ ရေးတာ မမကိုယ်တိုင်ပါပဲလို့ ဆိုခဲ့ရင် မမဟာ ဘယ်သူပဲ ဖြစ်နေ ဖြစ်နေ၊ ဘာပဲ ဖြစ်ခဲ့ ဖြစ်ခဲ့ ကျွန်တော်ကတော့ အဲဒီစာရေးဆရာမကို အသက်ထက်ဆုံး လေးစားကြည်ညိုနေမယ်။ ချစ်ခင်မြတ်နိုးနေမယ်။ အဲဒါ ကျွန်တော့်ရဲ့ ဘယ်တော့မှ မပြောင်းလဲတဲ့ သစ္စာစကားပဲ မမ"

"ဒါဆို မမရဲ့ ကိုယ်ရေး ကိုယ်တာနဲ့ မဆိုင်ဘူး။ ဒီ အနုပညာတွေ ဖန်တီးနိုင်တဲ့ မမကိုပဲ ခင်မင်တယ်ပေါ့ ဟုတ်လားဟင်"

"သိပ်ဟုတ်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ခံယူတာကို မမ ဝမ်းသာလိုက်တာ မောင်မောင်ရယ်"

သူလည်း ဝမ်းသာစွာ ပြုံးရှာသည်။

ကျွန်မစကား၏ လေးနက်မှု၊ ကျွန်မ ဘဝ၏ နက်ရှိုင်းမှုများကို မသိရှာလေသော ကောင်လေးရယ်...

"တကယ်တော့ မမရယ် အနုပညာဖန်တီးနိုင်မှု စွမ်းအားဆိုတာ လူသားအားလုံးထဲမှာ အမြင့်ဆုံးသော စွမ်းအားပါ"

"ဟာ...ဒီလောက်ကြီးလဲ မဟုတ်သေးပါဘူးကွာ"

"ဟုတ်ကို ဟုတ်တယ် မမ၊ တခြား အတတ်ပညာက ဖန်တီးသင်ယူလို့ ရတယ်။ ဥပမာ ကျွန်တော်ဟာ ဝပ်ရှော့က လုပ်သားတစ်ယောက် အဲဒီပညာနဲ့ ကားတစ်စင်းဖြစ်အောင်အထိ ကျွန်တော် လုပ်ချင်လုပ်နိုင်မယ်။ တခြား အတတ်ပညာရှင်တွေလဲ ဒီလိုပဲ ဆေးပညာ သိပ္ပံပညာတွေကို အသစ်တည်ထွင် အောင်မြင်နိုင်ကြပါတယ်။ အဲဒါတွေက စာတွေ့ လက်တွေ့ ပေါင်းစပ်ရင် ဖြစ်နိုင်တယ်။ အနုပညာဆိုတာက မက်သဒ် (Method)မရှိဘူး။ ပုံသေနည်းနဲ့ သင်ပေးလို့ မရဘူး။ အထူးသဖြင့် စာရေးဆရာ သင်တန်းကျောင်းရယ်လို့ ကမ္ဘာပေါ်မှာ ဘယ်နေရာမှာမှ မရှိဘူး မမ။ ဒါကြောင့် စာရေးတတ်တဲ့သူ၊ စာပေအနုပညာကို ဖန်တီးနိုင်တဲ့သူတွေကို ကျွန်တော် သိပ်လေးစားတယ်၊ သိပ်ကြည်ညိုတယ်ဗျာ"

"အဲဒါက မောင်မောင်တို့လို စာပေချစ်တတ်တဲ့ လူငယ်လေး တစ်ယောက်ရဲ့ ခံယူချက်ပါကွယ်။ ပညာတတ် အသိုင်းအဝိုင်း၊ ရုံးအရာရှိကြီးတွေ အသိုင်းအဝိုင်းကပြန်တော့ စာရေးတာကို အလုပ်လို့ မထင်ကြဘူး။ အထင်ကြီးဖို့ ဝေးလို့ အထင်သေးရှုံ့ချတဲ့ အကြည့်တွေနဲ့ ကြည့်တတ်ကြတယ်လေ"



"ဒါက သူတို့ကိုယ် သူတို့ ပညာတတ် အရာရှိဆိုပြီး ဘဝင်မြင့်နေကြတာပါ သူတို့နောက်မှာ ပရိသတ်မှ မရှိတာ"

"ဟင်"

"သူတို့ ပင်စင်လဲရရော အခု ဝိုင်းဝိုင်းလည်နေကြတဲ့ သူတို့ တပည့်တွေ တစ်ယောက်မှ မရှိကြတော့ဘူး။ အနုပညာသမားကြတော့ သူ့အနုပညာအားကောင်းသလောက် သူ့နောက်မှာ ပရိသတ် အမြဲ ဒုနဲ့ဒေးနဲ့ ရှိနေကြတယ် မမ"

"ကဲ...ဒီခေါင်းစဉ် တော်ကြပါစို့ကွာ၊ တော်ကြာ မဖြစ်စလောက် စာရေးတတ်တဲ့ မမ ဘဝင်တွေ သိပ်မြင့်သွားပါဦးမယ်။ ကဲ...ပြန်ကြစို့သွား မောင်မောင်"

"ဟုတ်ကဲ့ မမက ဘယ်ကို ပြန်မှာလဲ"

"အဆောင်ကိုလေ"

"ဟော ပေါ်ပြီဗျာ။ တစ်ယောက်ထဲနေတယ်ဆိုတာ"

ကျွန်မ အသံထွက်အောင် ရယ်လိုက်မိသည်။ မောင်မောင်ကလည်း သူနိုင်ပြီဆိုသော အနေနှင့် အားပါးတရ ရယ်မောရှာသည်။

ပြန်ရန် မထမီ ကျွန်မ၏ စလင်းဘက်(ခ်)အိတ်ကို ဖွင့်၍ ပါးစပ်သုတ်ရန် တစ်ရှူးပေပါ (Tissue paper) လေးကို ယူသည့်အခါ အမှတ်မထင် ပစ္စည်းတစ်ခုကို တွေ့လိုက်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းနှင့် လက်ကို သုတ်ရင်း…

"မမနဲ့အတူ အမြဲရှိနေတတ်တဲ့ သွားလေရာ ပါတတ်တဲ့ ပစ္စည်းလေးတစ်ခု ရှိတယ် ကြည့်မလား"

"ကြည့်ချင်တာပေါ့ ဘာလဲဟင်"

"ဒီမှာ"

"ဟာ"

သူ့စာဖတ်နေဆဲ ကားလာသဖြင့် စာအိတ်ထဲ ပြန်ထည့်ကာ လက်ကိုင်အိတ်ထဲ ပါလာသည်ကို ကျွန်မက အပျော်သဘောမျိုးနှင့် ဖြားယောင်းမှုတစ်ခုလို ပြောပစ်လိုက်သည်။

"ဒါ ကျွန်တော် နောက်ဆုံး ရေးထားတဲ့စာပဲ။ အဲဒီစာက မမနဲ့ မမနဲ့အတူ ရှိနေတယ် ဟုတ်လားဗျာ"

လတ်လတ်ဆတ်ဆတ် အသည်းလေး မဟုတ်လား။ ထိထိနိုက်နိုက် ခံစားသွားရပြီပေါ့။

"မောင်မောင် ဘယ်ပြန်မှာလဲ"

"ပုဗ္ဗန်တောင် ခဏသွားမလို့"

"အနီးဆုံး ကားဂိတ်ကို ပို့ပေးမယ်လေ"

"ရတယ် မမ နေပါစေ။ ဒါပေမယ့် မမခွင့်ပြုသလောက် မမနားမှာ နေပါစေလား"

"ကဲကွာ ဒါဆိုလဲ အဆောင်လိုက်ခဲ့ မမရဲ့ စာအုပ် လက်ဆောင်ပေးမယ်။ ပြီးတော့ အဲဒီကားနဲ့ မင်းသွားချင်တဲ့ နေရာ သွားနိုင်တယ်"

"အဆောင်မှာ စကားပြောခွင့် မရှိတော့ဘူးလား။ စာပေအကြောင်းတောင် ဘာမှ မဆွေးနွေးရသေးဘူး"



"တော်ပြီကွာ မမ စာရေးစရာ ရှိသေးတယ်"

"ဆောရီးနော် မမ ဒီထက် အခွင့်ရေးပိုတောင်းတဲ့ ကျွန်တော့်ကို မမ ရိုက်ပစ်ဖို့ပဲ ကောင်းတယ်နော်"

"မရိုက်ရက်ပါဘူးကွာ၊ မောင်မောင်က မမရဲ့ စာဖတ် ပရိသတ်ဆိုတော့ မမရဲ့ ကျေးဇူးရှင်ပဲလေ။ ကဲ သွားကြစို့"

အပြန်လမ်းမှာလည်း သူက ခပ်ကုပ်ကုပ်ကလေး လိုက်ပါရှာသည်။

ကားရှေ့ခန်းမှာ သူ့ကို ထားပြီး နောက်ခန်းမှာ ကျွန်မက စီး၏။

ကားပေါ်ရောက်တော့ ဘာမှ သိပ်ပြီး စကားမပြောဖြစ်ကြပါ။

ကားကက်ဆက်ထဲမှ ထွန်းအိန္ဒြာဗို၏ "ရည်းစားဦး" သီချင်းသံက တိုးတိုးလေး ပျံ့လွင့်နေသည်။

အဆောင်ရောက်တော့ သူ့ကို ဧည့်ခန်းပေါ်တက်မခိုင်းတော့ပဲ ကျွန်မက နောက်ဆုံး ထုတ်ထားသည့် "နှလုံးသားပေါ်မှ ဆေး မင်ကြောင်များ" စာအုပ်၏ ထိပ်ဆုံးမျက်နှာမှာ–

မောင်မောင်…သို့

စာရေးသူ၏ မေတ္တာလက်ဆောင်

ဆိုပြီး ရှုပ်ယှက်ခတ်နေသည့် လက်မှတ်ကို ထိုးပေးလိုက်သည်။

ကျွန်မ အဆောင်ပေါ်မှ ပြန်ဆင်းလာသည့်အခါမှာ သူက

www.burmeseclassic.com

www.burmeseclassic.com



ကားအပြင်ထွက်ပြီး လေ့ကားရင်းမှာ ရပ်စောင့်နေသည်။

မောင်မောင့်ကို မြို့ထဲပြန်ပို့ပေးဖို့ ကားဆရာ ကိုစိုးကို ပြောပြီးသား–

"ကဲ…ရော့ စာအုပ်လက်ဆောင်၊ ပြန်တော့နော်"

"မမ"

"ဟင်"

"အားလုံးအတွက် ကျေးဇူးသိပ်တင်ပါတယ်"

"မလိုပါဘူးကွာ၊ ပိုပြီး ရင်းနှီးခွင့် ရသွားတာပေါ့"

"မမရယ်"

"ကဲ…သွားတော့ မောင်မောင်"

ဖြစ်နိုင်ရင် ကျွန်မဆီက မပြန်ပါရစေနှင့်တော့ဟု ပြောချင်နေသော ကောင်လေးတစ်ယောက်ကို နှင်လွှတ်လိုက်ပြီး ကားမောင်းသည့် ကိုစိုးဆီသို့ ကျွန်မ လျှောက်လာကာ ပိုက်ဆံရှင်းပြီးနောက်–

"ဆရာ့ကို ဖင်ပြောပေးပါ ကိုစိုး ကျွန်မလဲ နယ်က ညှော်သည်တစ်ယောက်ကို ကန်တော်ကြီး ရှမ်းကုန် ၃ မှာ ထမင်းလိုက်ကျွေးနေရလို့ တိုက်ကို ပြန်မလာဖြစ်တော့ဘူးလို့နော်"

"ကောင်းပြီ မသင်း ပြောလိုက်ပါ့မယ်"

လွမ်းဆွတ် တမ်းတခြင်းများအထိ ခံစားနေရရှာပြီဖြစ်သော မောင်မောင့်ကို ခပ်ပေါ့ပေါ့ပင် ပြုံးပြပြီး ကျောခိုင်းလိုက်ပါသည်။

အမှန်တော့…



သည်ကောင်လေး ခံစားသွားရသည်ထက်…

ကျွန်မ၏ ဆရာ ကျွန်မကို ဥပက္ခာပြုသွားသည့်အတွက် အစားထိုးလိုက်ကြောင်း ဆရာ ပြန်သိဖို့က ကျွန်မ၏ အဓိက ရည်ရွယ်ချက်ပါ။

ဘယ်တုန်းကမှ ဘယ်သူ့အပေါ်မှ ချစ်ခင် စွဲလန်းခြင်း မရှိခဲ့ဘူးသော ကျွန်မသည်…

ကျွန်မဘက်သို့ တိမ်းညွှတ်နေပြီဟု ကျွန်မ ယူဆထားသဖြင့် ဆရာသည် စန့်တိုစိတ်ကြောင့် တိမ်းညွှတ်ရာမှ ယိုင်လဲလာစေရန်အတွက်နှင့်…

ကျွန်မကို စိတ်ဝင်စားလွန်းလှသော ကောင်လေး တစ်ယောက်၏ မျှော်လင့်ခြင်းများကို ပိုမို ရှင်သန်အားဖြည့်လာစေရန်အတွက်–

ကျွန်မသည် တစ်ခုတည်းသော မာယာလက်နက်ဖြင့် ပစ်မှတ်နှစ်ခုကို တပြိုင်တည်း ပစ်ခတ်လိုက်သော နေ့လေး တစ်နေ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်းတစ်ဆယ့်ခြောက်

"နယ်က ညှော့သည်တစ်ယောက်ကို
ကန်တော်ကြီး ရှမ်းကန် ၃ မှာ ထမင်း
လိုက်ကျွေးနေရလို့...တဲ့"

သည်စကားစုတစ်စုသည် သူ့ရင်ကို ဘာကြောင့်များ ထိထိခိုက်ခိုက် ထိုးနှက်နိုင်စွမ်း ရှိရတာလဲ။

ကိုထွန်းသစ်သည် တိုက်မှာ ဣန္ဒြေမပျက် ထိုင်နေရသော်လည်း စိတ်သည် မတည်ငြိမ်။

စာမူများ ဖတ်လို့လည်း စိတ်မဝင်စား အားလုံး ပယ်ပစ်ချင်နေသည်။

အယ်ဒီတာ စိတ်မကြည်လင်ချိန်မှာ ဖတ်ရှုမိသော စာရေးဆရာသစ်ကလေးများ ခံဆိုးတတ်ကြသည်။

ကားဆရာ ကိုစိုးက

"ဆရာ ကျွန်တော် ပြန်ရတော့မလား"



"အင်း...ပြန်လေ ကိုစိုး ငွေရော မင်းတို့ ဆရာမ ရှင်းပေးပြီးပြီလား"

"ဟုတ်ကဲ့၊ ရှင်းပြီးပါပြီ။ စားသောက်ဆိုင်မှာ ကြာနေလို့ ပိုတောင် ပေးသွားပါသေးတယ်"

"ဧည့်သည်က ဘယ်ကတဲ့လဲ"

"ပဲခူးကပါ"

"တစ်ယောက်ထဲလား"

"ဟုတ်ကဲ့ ခပ်ငယ်ငယ်ပဲ ရှိပါသေးတယ်။ ကောင်လေးက ရုပ်ချောလေး မမလို့ ခေါ်နေပေမယ့် သူတို့ချင်း ခုမှ သိကြတာ ဒီတိုက်ကို ကောင်လေးက စာမူလာပို့ရင်း မမျှော်လင့်ပဲ ဆုံသွားကြတာ ဆရာ"

"ဪ"

"နာမည်က မောင်မောင်တဲ့ ဆရာ"

"ဪ...အေးအေး ပြီးရောပေါ့ ကဲကဲ ကိုစိုး ပြန်တော့"

"ဆရာမကို ဘာမှာလိုက်ဦးမလဲ ဆရာ"

"မှာစရာ မရှိတော့ပါဘူးကွာ"

ကိုစိုး ကားသိမ်းရသည့် နေရာက မသင်းတို့အိမ်နှင့် နီးသည် ကိုစိုးကပင်–

"ဆရာ ညနေ ရောက်ဦးမှာပဲလေ"

"ဒီညနေ မရောက်ဖြစ်ပါဘူး။ ဆရာ မအားဘူးကွ။ ကဲ ကိုစိုး ပြန်တော့"

ကားဆရာကိုစိုးက သူတို့နှစ်ယောက် "ညိ"နေကြပြီဟု သိထားသဖြင့် မေးခွန်းတွေ ဆက်နေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းသစ်မှာ မျက်နှာ၏ အမူအရာ စကား၏ အသံလှိုင်း၊ စကားလုံး၏ လေးနက်မှု မရှိဟန်ဖြင့် ကိုစိုးကို ပေါ့ပေါ့တန်တန် ပြန်ကြားလိုက်သည်။

ကိုထွန်းသစ်သည် "သိက္ခာဝတ်ရုံကြီး"အောက်မှ လှုပ်ရှားနေသော နှလုံးသားကို ပင်ပမ်းစွာ ထိန်းသိမ်းထားလိုက်ရသည်။

ထိုနေ့ညနေက သူတိုက်မှ အစောကြီး ပြန်ဖြစ်သည်။ သပ်ယပ်သားနားသော ဘီယာဆိုင်လေးထဲသို့ ဝင်ခဲ့သည်။

ဘယ်အဖော်မှ မရှာ။

သူတစ်ယောက်တည်း။

အစတုန်းကတော့ ဘီယာသုံးလေးပုလင်းလောက် သောက်မည်ဟု ကြံစည်ခဲ့သော်လည်း ဆိုင်ထဲရောက်တော့ ဝီစကီသောက်ဖြစ်သည်။

အရက်နည်းနည်းလေး သောက်ပြီး အများကြီး မူးတတ်သည့် အမျိုးအစားထဲမှာ ကိုထွန်းသစ် မပါ။

အရက်များများသောက်သော်လည်း နည်းနည်းပဲ မူးကာဟန်မပျက် ပြန်လာနိုင်သော ကိုထွန်းသစ်ကို ဖနီးသည် ဆီးကြိုပုံက...

ဒီည လေမုန်တိုင်းကြီး တိုက်လိမ့်မယ်ဟေ့"

သူ စောစောပြန်လာသဖြင့် ရွဲ့စောင်းပြောနေကြောင်း သိသော်လည်း ဘာစကားမှ ပြန်မပြောတော့ပဲ ရေချိုးခန်းထဲသို့ တန်း၍ ဝင်ခဲ့သည်။

ရေတဝကြီး ချိုးလိုက်ရသဖြင့် နောက်ကျိ ရှုပ်ထွေးနေသော စိတ်နှင့် ကိုယ်ခန္ဓာမှာ အတော်လေး လန်းဆန်းလာသည်။



"အဖေ ထမင်းစားမှာလားတဲ့ အမေက"

"ရှိလဲ စားတာပေါ့ကွယ်"

"ဘယ်ရှိမှာလဲ အချိန်မှန်မှန် ဘယ်တုန်းက ပြန်စားဖူးလို့လဲ။ ဟဲ့ မိဝေ ကြက်ဥတစ်လုံး သွားဝယ်ပြီး ညည်းအဖေကို ကြော်ပေးလိုက်"

အရက်ကလည်း သောက်ထား စိတ်ကလည်း မကြည်လင်သဖြင့် ကြက်ဥကြော်နှင့် ထမင်းခြောက်ကပ်ကပ်ကြီးကိုလည်း စားချင်စိတ် မရှိ၍...

"တော်ပြီ သမီး မစားတော့ဘူး"

"အမေက ကြက်ဥဝယ်တဲ့ အဖေက မစားတော့ဘူးတဲ့ ဒီက ဘာလုပ်ရမှာလဲ"

"သူမစားဘူးဆိုလဲ ပြီးရောပေါ့အေ ညည်းကလဲ ရှည်လိုက်တာ တစ်ရက်တလေ ထမင်းမစားလဲ ညည်းအဖေ မသေနိုင်သေးပါဘူး။ နေ့တိုင်း ဟိုတယ်မှာ စားနေကျပဲဟာ တို့သာ ပဲပြုတ်တစ်လှည့် ကန်စွန်းရွက်တစ်လှည့်"

သူမ၏ စကားမဆုံးမီ ကိုထွန်းသစ်က သူ၏ အခန်းကျဉ်းလေးထဲသို့ အမြန်ဝင်ခဲ့ရသည်။

ဤအိမ်ကြီးအတွင်းမှ သူ၏ စာကြည့်ခန်းကျဉ်းလေးမှာ သူနေစရာ ကမ္ဘာတစ်ခုပါ။

စာအုပ်ပုံတွေကို ဟိုရွှေ့ သည်ထပ်လုပ်ပြီး ဒရင်းဘက်နိုင်သော ယိုးဒယားဖလပ်စတစ်ခုတင်ပုလေးကို ခင်းပြီး သူအိပ်ရာပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤစာကြည့်ခန်းလေးအတွင်း၌ သူ အိပ်စက်ခဲ့သည်မှာ နှစ်နှင့်ချီ၍ ကြာခဲ့ပြီ။

သူသည် ခေါင်းအုံးငယ်ကို ချကာ ထိုဒရင်းဘတ်ပေါ်သို့ လှဲချပြီး ပက်လက်လှန်၍ နံရံကို ငေးကြည့်နေမိသည်။

အစာမဲ့ ဝမ်းဗိုက်သည် ဆာလောင်နေသော်လည်း နှလုံးသားတည်ရှိရာ ရင်ပြင်တစ်ခုလုံး ခံစားမှုများဖြင့် ပြည့်နှက်နေသည်။

စောစော ပြန်လာမိသည်ကိုက သူ၏အမှား...

သူ့ကို အချစ်ကြီးချစ်ခဲ့ဖူးသော ဤမိန်းမသည် ယခုအချိန်မှာ ရန်သူတစ်ယောက်လို ဆက်ဆံနေခဲ့သည် ကြာပြီ။

"ငါစာဖတ် စာရေးနေတဲ့ အချိန်မှာတော့ ဘာမှ မပြောပါနဲ့ကွာ ဒီတစ်ခုတော့ ငါတောင်းပန်ပါတယ်"

ဤတောင်းဆိုမှုကို သူမ လိုက်လျောပါသည်။

စောစောကလို စကားလုံးမျိုးတွေနှင့် သူ့ကို ပစ်ပေါက်လေတိုင်း သူသည် ဤစာကြည့်ခန်းလေးထဲသို့ ဝင်ရောက်ပုန်းအောင်းနေလေ့ ရှိခဲ့သည်။

သူတို့တွင် ဆယ့်နှစ်နှစ်ကျော်အရွယ် သမီးလေးတစ်ယောက် ရှိသည်။ ဤသမီးလေးကို သူချစ်ခင် မြတ်နိုးခဲ့ပါသည်။ သို့သော် သူ့မိခင်၏ အလိုမလိုက်သင့်သော နေရာတွင် အလိုလိုက်ထားခြင်းနှင့် မိခင်၏ နှုတ်ကြမ်းအာကြမ်း စကားလုံးကြမ်းများကိုသာ အမြဲ ထိတွေ့နေသဖြင့်–

ကလေးက ရိုင်းလှသည်။

သူ့မိခင်၏ ဖခင် မုန်းတီးရေး စကားလုံးများ ရိုက်သွင်းထားသဖြင့် "ဆေနှင်းသစ်"သည် ဖခင်ကို ကောင်းစွာ မဆက်ဆံတော့ပါ။



"အဖေက သမီးကို နီလာတို့လို ထားနိုင်လို့လား"

သဘော်သားသမီး နီလာလင်းနိုင်နှင့် ယှဉ်၍ ပြောတတ်သည်။

"ယုဝတီကြိုင်တို့ဆိုရင် တီတီစီကို သုံးသိန်းလှူပြီး ကျောင်းတက်ခွင့်ရတာ သမီးမှာ ဒီရပ်ကွက်ထဲက ကျောင်းစုတ်မှာပဲ နေရတယ်။ အဲဒါ အဖေ့ကြောင့်"

သူ့မိခင်၏ လေပေါက်အတိုင်း ဖခင်ကို အမြဲအပြစ်မြင်နေတတ်သော သမီးလေးကို သူအချစ် လျှော့ရုံမက စိတ်ပင် ကုန်လာသည်။

နောက်ဆုံး ဤသားအမိနှင့် ဆုံရမှာကို သူ အလိုလိုကြောက်လာသည်အထိ မိသားစုဘဝလေး ပြိုကွဲခဲ့သည်မှာ သုံးလေးနှစ်ပင် ရှိခဲ့လေပြီ။

သူသည် စာအုပ်ပုံကြီးထဲမှ စာအုပ်များကို ဟိုဆွဲ သည်လှန် ရှာ၍ ဖတ်သည်။ ဘာစာကိုမှ စိတ်က မဝင်စား။

အပြင်ဘက်မှ သူ တမင်ကြားအောင် ရွဲ့စောင်းပြောနေသော မိန်းမ၏ စကားများကို သူ ခါးသီး နာကျင်စွာ ကြားနေရသည်။

မြင့်မြင့်မော်...တဲ့။

ဤမိန်းမသည် သူ့ကိုမှ မရလျှင် သို့မဟုတ် ထွန်းသစ်ဆိုသော စာရေးဆရာကို စွန့်လွှတ်ရမည်ဆိုလျှင် သူ၏ အသက်ကိုပါ အဆုံးရှုံးခံတော့မည်ဟူသော ကြေညာချက်ဖြင့် သူ့ကို အချစ်ကြီး ချစ်ခဲ့သော မိန်းမ။

လွန်ခဲ့သော ဆယ့်ငါးနှစ်ခန့်က စာပေစင်မြင့်မှာ သူ့ဂုဏ်သတင်းတွေ တလူလူလွင့်နေချိန်မှာ–

www.burmeseclassic.com

www.burmeseclassic.com



"ညွှန်ကြားရေးမှူးကြီးရဲ့ တစ်ဦးတည်းသောသား"

"မဟာဝိဇ္ဇာတန်း တက်နေတဲ့ ကျောင်းသား"

"ကိုယ်ပိုင်အိမ်နဲ့ ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းနေတာ"

စာရေးကလဲ ကောင်းလိုက်တာ ရင်ထဲကို ထိရှနာကျင်သွားအောင် ရေးနိုင်တဲ့ စာရေးဆရာ။

ဆရာထွန်းသစ်ရဲ့ စာမူဆိုရင် မဂ္ဂဇင်းတိုင်းက လိုချင်ကြတာ။

သူ့ရဲ့ "မျက်ရည်စက်များ၏ မြစ်ဖျားခံရာသေ"ဆိုတဲ့ လုံးချင်း ဝတ္ထုရှည်ကို ဖတ်ပြီး ငိုတဲ့ မိန်းကလေးတွေ အများကြီး။

"အဲဒါ ရုပ်ရှင်ကားကြီး ရိုက်တယ်လေ"

စသော... ဂုဏ်သတင်းသည် လေညာအရပ်သို့ သာမက မြန်မာပြည် တနံတလျား ပျံ့လွင့်ထင်ရှားခဲ့သော စာရေးဆရာ ထွန်းသစ်ပါ။

ထိုအချိန် ထိုကာလများမှာ "မြင့်မြင့်မော်"ဆိုသော မိန်းကလေးသည် သူ့ဘဝ၏ ခြံစည်းရိုးများကို ချိုးဖျက် ကျော်လွှားကာ ဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။

စာပေအနုပညာ၌ မွေ့လျော်ပျော်ပိုက်နေဆဲ ကာလမို့ သူ ဘယ်မိန်းမကိုမှ စိတ်မဝင်စားခဲ့။

သူ့ရင်၌ အချစ်မဖြစ်ထွန်းဘူးသေးသည့် အချိန်မှာ မြင့်မြင့်မော်နှင့် သူ ဆုံဆည်းလိုက်ရသည်။

သူ့ဝတ္ထုတွေ ကြိုက်လှပါချီရဲ့ဟု ဆိုကာ သူနှင့် ဆုံဆည်းခွင့်ရရှိရန် နည်းအမျိုးမျိုး ကြိုးစားဆောင်ရွက်နေသည့် မိန်းကလေး။



သူ့နောက်က အရိပ်လို လိုက်နေသော်လည်း သာမန်လမ်းပေါ်က မိန်းကလေးမျိုးတော့ မဟုတ်ပါ။

ဖခင်ကလည်း အရာရှိတစ်ဦးပါပင်။ မိခင်က ကုန်သွယ်ရေးမှ အဆင့်မြင့်ဝန်ထမ်း မွေးချင်း ငါးယောက်ရှိသော်လည်း မိခင်ရော ဖခင်ပါ အနီးကပ် ကြပ်ကြပ်မတ်မတ် မအုပ်ချုပ်နိုင်၍ မြင့်မြင့်မော်တို့ ညီအစ်မတွေ လွတ်လပ်ကြသည်။

မြင့်မြင့်မော်၊ မြင့်မြင့်မေ၊ မြင့်မြင့်မာ ဆိုသော ညီအစ်မသုံးယောက်လုံး ဣန္ဒြေဆိုသော စည်းဘောင်အပြင်ဘက်မှာ နေကြသည်။ သားငယ်နှစ်ယောက်ကလည်း အော့ကျောလန်အောင် ဆော့ကြသည်။

နာမည်ကြီး အဆိုတော်၏ မွေးနေ့၊ နာမည်ကြီး မင်းသား၏ ရှုတင်နှင့် စတိတ်ရှိုးများသို့ သူတို့ ရောက်နေကျ။ သွားခွင့်ရအောင် နည်းလမ်းရှာကြသည်။ အခွင့်သင့်လျှင် ဓာတ်ပုံတွဲရိုက်ခဲ့သည်။

ဤသို့ အနုပညာလောကထဲမှ နာမည်ကြီး မိဂါစတားများနှင့် သိကျွမ်းခင်မင်ရင်းနှီးရသည်ကို သိပ်ကျေနပ်နေကြသော ညီအစ်မများပါ။

ထိုအထဲမှ မြင့်မြင့်မော်က ထွန်းသစ်ဆိုသော နာမည်ကြီးစာရေးဆရာတစ်ယောက်ကို သည်းသည်းမည်းမည်း လိုက်ပြီး ရင်းနှီးအောင် နည်းအမျိုးမျိုးနှင့် ဆောင်ရွက်ရာက -

ထွန်းသစ်၏ အိမ်သို့ ရအောင် ဝင်ပြီး ထွန်းသစ်၏ မိခင်ကြီး "ဒေါ်ခင်ခင်စိန်"နှင့်ပါ အလွမ်းသင့်ခဲ့လေပြီ။

"သားရယ် မြင့်မြင့်မော်လေးက မဆိုးရှာပါဘူး။ လာတိုင်း

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ဖို့ တစ်ခုခု စားစရာ ပါလာတာချည်းပဲ"

"အဲဒါ မေမေကို လာဘ်ထိုးနေတာ"

"လာဘ်"

"ဟုတ်တယ်၊ သားကို အမေ့ဆီက လုယူဖို့အတွက်လေ"

ထွန်းသစ်က မျက်နှာတည်တည်နှင့် ပြောသော်လည်း ဒေါ်ခင်ခင်စိန်က တဟားဟား ရယ်မောရင်းက

"လုစရာတောင် မလိုဘူး။ မေမေက ဒီတိုင်းကို ပေးလိုက်ချင်တာ"

"ဗျာ"

"ဟုတ်တယ် သား မိန်းကလေးတစ်ယောက်ရဲ့ အချစ်ဟာ ဒီလောက် ပြင်းထန်တာမျိုး မေမေ မတွေ့ဖူးသေးဘူး။ မြင့်မြင့်မော်ဟာ သားကို အောက်ကျို့ခံပြီးတော့ကို ချစ်ရှာတာ။ ဒီမိန်းမမျိုးရမှ ငါ့သား တစ်သက်လုံး စိတ်ချမ်းသာရမှာပေါ့"

ရိုးသားဖြူစင်သော မိခင်ကြီးကို တစ်သက်လုံး အထင်ကြီးခဲ့သော ထွန်းသစ်မှာ...

"ဒီမိန်းမမျိုးရမှ ငါ့သား တစ်သက်လုံး စိတ်ချမ်းသာရမှာပေါ့"

ဆိုသော မိခင်၏ မှတ်ချက်ကို ထွန်းသစ် သံသယရှင်းစွာ လက်ခံဖြစ်ခဲ့သည်။

သည်လိုနှင့်...

တရားရုံးမှာ မြင့်မြင့်မော်ကို လက်ထပ် နှစ်ဖက်မိဘ စုံညီစွာဖြင့် မင်္ဂလာဧည့်ခံပွဲ ကျင်းပပြီး လူသိရှင်ကြား တရားဝင် လက်ထပ်ယူခဲ့သော မိန်းမ"



ထိုစဉ်က အနုပညာရှင်များ၏ လှုမှုရေးသတင်းများ ပါလေ့မရှိသေးသော်လည်း မဂ္ဂဇင်းနှင့် စာစောင်အချို့မှာပင်–

"နာမည်ကြီး စာရေးဆရာ လူပျိုဘဝကို စွန့်လွှတ်ပြီ"

"ဆရာထွန်းသစ်၏ မင်္ဂလာနေ့"

စသော ခေါင်းစဉ်ငယ်များအောက်မှာ ထွန်းသစ်နှင့် မြင့်မြင့်မော်တို့၏ မင်္ဂလာသတင်းဓာတ်ပုံများ ပါရှိခဲ့လေသည်။

ဤသတင်းကြောင့် ကောင်မလေး တော်တော်များများထံမှ–

တချို့က ဝမ်းသာကြောင်း

တချို့က အပြစ်တင်ကြောင်း

တချို့က မနာလိုကြောင်း

တချို့က အစောကြီး အိမ်ထောင် မပြုသင့်သေးကြောင်း စသော ပရိသတ်၏ အသံများစွာကို ကြားနာခဲ့ရသည်။

အနုပညာသမားတို့သည် ပရိသတ်၏ အသံကို လေးစားစွာ နားထောင်ရမည်ဟူသော ခံယူချက်ဖြင့် ထိုစာများကို အိမ်သို့ ယူဆောင်လာရာမှစ၍ ပထမဆုံး ပြဿနာတက်ခဲ့ရသည်။

"ကောင်မကိုက ရေးထားလိုက်တာ သူ့လင်ကျနေတာပဲ သူတို့ မရတိုင်း"

"ဟာ... မော် ဘယ်လိုပြောလိုက်တာလဲ။ ဒါ အစ်ကို့စာဖတ်ပရိသတ်လေ။ အစ်ကိုရဲ့ ကျေးဇူးရှင်တွေလေ"

"ဘာဆိုင်လဲ သွားစမ်းပါ။ အစ်ကို့ စာကောင်းလို့ ဖတ်နေကြတာ အစ်ကို"ကျ"ကြည့် တစ်ပြားဖိုးတောင် ငှားဖတ်မယ့်ဟာတွေ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းသစ်မှာ ပြောစရာ စကားတွေ ရှိသော်လည်း ပြဿနာ မတက်ချင်၍ စကားလုံးတွေကို ရင်ထဲမှာပဲ မြှုပ်နှံထားလိုက်ပါသည်။

"အမယ်လေး ဒီစာရေးထားပုံက အဖြစ်သည်းလွန်းလိုက်တာ ဆရာ ပြန်စာရေးပြီးကတည်းကတဲ့ အစ်ကို ဘယ်တုန်းက စာပြန်လိုက်တာလဲဟင်...၊ အစ်ကိုနဲ့ ပတ်သက်လာရင် မော် ခံနိုင်ရည် မရှိဘူးနော်။ အစ်ကို ဘယ်သူနဲ့မှ မပတ်သက်ရဘူး။ အစ်ကို ဘယ်သူ့ဆီမှ စာမရေးရဘူး။ ရေးရင်...ရေးရင်တော့..."

"အို"

မယ်မင်းကြီးမ ချုံးပွဲချပြီး ငိုပါလေရောဗျာ။

လက်ထပ်ပြီးစ ဇနီးသည် ငိုနေပြန်တော့လည်း ထွန်းသစ် ချော့ရပါ၏။

"မိန်းကလေးတစ်ယောက်ရဲ့ ပြင်းထန်လွန်းလှသောအချစ်"

သူ့ကို ဘယ်မှ မသွားစေချင်၊ သူ မနေသာ၍ သွားရမည့် လမ်းခရီးတိုင်းကို မြင့်မြင့်မော် အမြဲလိုက်သည်။

ချန်ထားခဲ့လျှင် စိတ်ကောက်၍မဆုံး... ညမှ စာရေးတတ်သော သူ့အားမှာ တသန်းသန်း တဝေဝေဖြင့် ညည်းညည်း ညူညူ ထိုင်စောင့်နေတတ်သော အကျင့်ကြောင့် ထွန်းသစ်၏ ခံစားချက်များ လမ်းချော်ပြီး စာရွက်ပေါ်သို့ ရောက်ရှိမလာတော့ပေ။

မနက်ကျပြန်တော့လည်း ယောကျ်ားနှင့် ပြိုင်အိပ်ပြီး နေမြင့်မှ ထသဖြင့် မေမေ အဆင်သင့် လုပ်ထားသော နံနက်စာကို စားရခြင်း၊ မေမေချက်ပြုတ်ကျွေးမွေးသော ထမင်းကို စားရ



ခြင်းများကြောင့် ထွန်းသစ်မှာ ကိုယ့်အမေကိုပင် ကိုယ်အားနာလိုက်သည်မှာ မေမေ့မျက်နှာကိုပင် ကောင်းစွာ မကြည့်ရဲပါ။

မေမေ့ဘက်ကမူ

သားကို သိပ်ချစ်ပြီး နားလည်မှုရှိသော လိမ္မာပါးနပ်၍ စိတ်ကောင်းရှိသော မိခင်တိုင်းသည့် ချွေးမနှင့် ပြဿနာ အတက်မခံကြ။

ချွေးမနှင့် ယောက္ခမ ပြဿနာတက်ကြလျှင် အမေ့ဘက်ဖေးမရ ဇနီးဘက် ငဲ့ညာရနှင့် အလယ်မှ ရပ်ရရှာသော သားဖြစ်သူတို့ သိပ်စိတ်ဆင်းရဲကြရရှာသည်။ ရိုင်းရိုင်းပြောရလျှင် မြေဇာပင် ဖြစ်သွားမှာ စိုးရိမ်သည့်အတွက် ဒေါ်ခင်ခင်စိန်သည် ချွေးမလေး မြင့်မြင့်မော်ကို အမြဲတန်း အလျှော့ပေးရှာသည်။

ထွန်းသစ်ကို ပြင်းထန်စွာချစ်သော မိန်းမကို ယူလျှင် တစ်သက်တာ စိတ်ချမ်းသာရမည်ဆိုသော မိခင်ကြီး၏ "သီအိုရီ" ကို ယုံကြည်စိတ်ချစွာဖြင့်။

တစ်သက်တာ စိတ်အေးချမ်းသာနေချင်ခဲ့သော ထွန်းသစ်သည် မြင့်မြင့်မော်ကို လက်ထပ်ပြီး သုံးလခန့် အကြာမှာပင်။

"မှားပြီ"

ဟူ၍ မိခင်ရော သားပါ ပြိုင်တူ သိလိုက်ကြသော်လည်း တစ်ဦးမှ တစ်ဦးသို့ ဖွင့်ဟဝန်ခံဆွေးနွေးခြင်း မပြုပဲ မြိုသိပ်ထားခဲ့ကြသည်မှာ မိခင်ကြီး၏ နောက်ဆုံးထွက်သက်အချိန်အထိပါပင်။

"မြင့်မြင့်မော်၏ ပြင်းထန်သောအချစ်"

မှန်ပါသည် သူမ၏ အချစ်က ပြင်းထန်လွန်းလှသည်။

ထိုပြင်းထန်မှုဆိုသည်မှာ–

www.burmeseclassic.com

www.burmeseclassic.com



သူက ပြင်းထန်စွာ ချစ်ခြင်းမဟုတ်
သူ့ကို ပြင်းထန်စွာ ချစ်စေချင်ခြင်းသာ ဖြစ်ကြောင်း နာကျင်ပြင်းရှစွာ ထွန်းသစ် နားလည်လာခဲ့ရသည်။

သူ့အနားမှာပဲနေ
သူကြိုက်တာလိုက်စား
သူဝတ်စေချင်တာပဲ ဝတ်
ဘယ်သွားသွား မထားခဲ့ရ
သူစိတ်ကောက်လျှင် ချော့ရမည်
မချော့မိလျှင် သောင်းကျန်းပြမည်
သူသောင်းကျန်းနေသမျှ ခေါင်းငုံ့သည်းခံနေရမည်။
ဘယ်မှ ထွက်မသွားရ
ထွက်သွားခဲ့ဖူးသည်။

သူသွားသည့် နေရာထိ လိုက်လာအော်ဟစ် ငိုယိုသဖြင့် ရှက်တတ်သော သိက္ခာကြီးသော ထွန်းသစ် လူရှေ့သူရှေ့ မထွက်ရဲ။

အိမ်ထဲမှာပဲ ခေါင်းငုံ့ခံရသည့် အကြိမ်တွေ များလာတော့။
စိတ်ကုန်လာပြီ။

သူမ၏ အချစ်သည် ပေးဆပ်လိုခြင်းဆိုသော အမျိုးအစားမျိုး မဟုတ်ရုံမက။

ရယူပိုင်ဆိုင်လိုခြင်း၌ပင် ရောင့်ရဲခြင်း မရှိပဲ။

“သိမ်းပိုက်ချင်သော အချစ်မျိုး”သာ ဖြစ်ချေသည်။

မေမေ ရှိစဉ်ကလည်း မေမေသိမှာစိုး၍ ကြိတ်ခံခဲ့ရသည်။

မေမေဆုံးပြီး ဖေဖေကလည်း သူ့ညီမ အရင်းအိမ်တလှည့်



သည်အိမ်တလှည့် နေရာက ညီမအရင်းအိမ်မှာ နေရင်းကပင် နှလုံးရောဂါနှင့် ကွယ်လွန်သွားခဲ့ရလေသည်။

ထွန်းသစ်သည် အိမ်နီးနားချင်းများက အစ ရှက်သဖြင့် မြင့်မြင့်မော်၏ အသံပြဲကြီးနှင့် အော်မှာကို စိုးရိမ်ပြီး ငုံ့ခံရင်းက မိန်းမကြောက်ရသော ယောကျ်ားအဆင့်သို့ ရောက်ရှိလာခဲ့ရခြင်း ဖြစ်၏။

ဖေဖေပင်စင်ယူပြီး မေမေ မကျန်းမာစဉ်က ကားကို ရောင်းလိုက်ရသည်။

သူမ၏ အိမ်၌ ကားမရှိခဲ့ဖူး၍ ကားစီးပြီး လျှောက်လည်ရသည်ကို မြင့်မြင့်မော် သိပ်မက်မောခဲ့သည်။

သူစီးမှာစိုး၍ တမင်ရောင်းပစ်သည်။

ဟူသော စွဲချက်ကိုလည်း အိမ်နားနီးချင်းသို့ သတင်းဖြန့်ခဲ့သည်။

သူမသည် ဘာပစ္စည်းမဆို အသစ်အဆန်းမှန်သမျှ မက်မောတတ်သည်။ လိုချင်တတ်သည်။ ထိုပစ္စည်းကို ရရှိပြီးနောက် ခေတ္တသာ သုံးစွဲပြီး နောက်ထပ် အသစ်တစ်ခုကို စုံမက်မြတ်နိုးတတ်ပြန်သည်။

ရအောင်လည်း ယူတတ်သူ ဖြစ်၏။

သူ့ကိုလည်း ဤလို ဆန္ဒမျိုးဖြင့် မြင့်မြင့်မော် သိမ်းပိုက်နိုင်ခဲ့ခြင်း ဖြစ်သည်။

သူမသည် ဇနီးကောင်းလည်း မဟုတ်။ ချွေးမကောင်းလည်း မဟုတ်။ အိမ်ရှင်မကောင်းလည်း မဟုတ်ပေမယ့်…

မြန်မာမိန်းမပီသသော အချက်တစ်ချက်တော့ သူ့မှာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် အချစ်သစ် မရှာခြင်းပင် ဖြစ်၏။

မြင့်မြင့်မော်နှင့် ပတ်သက်၍ သူ့ရင်ခုန်နှုန်းမှာ ပုံမှန်ပဲ ဖြစ်ခဲ့သည်။

အချစ်သည် လူသားတစ်ယောက်၏ နှလုံးသားကို လှုပ်ရှားစေနိုင်သည်။ ရင်ခုန်နှုန်းကို မြင့်မားစေသည်။ ရင်ခုန်သံသစ်ကို ခံစားရရှိစေသည်ဟုသာ ဆိုခဲ့ပါလျှင်–

သူ ဘာတစ်ခုမှ မခံစားခဲ့ရပါ။

သူ့ရင်၌ချစ်ခြင်းမေတ္တာဆိုသော ဆန်းသစ်လှပသည့် ခံစားမှုကို သူ မရရှိ မဖြစ်ထွန်းမိပါပဲနှင့် အိမ်ထောင်သည်ဘဝကို ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

"ဗလူတော်တစ်ယောက်"

ဟူ၍ သူ့ကို ပညာရေး၊ လူမှုရေးနှင့် အနုပညာ နယ်ပယ်များက သတ်မှတ်ထားခဲ့ကြပါသော်လည်း...

သူသည် အိမ်ထောင်ရေး၌ အကြိမ်ကြိမ် ရှုံးနိမ့်ပြီး အခါအခါ သေဆုံးခဲ့ရသော ယောကျ်ားတစ်ယောက်သာ ဖြစ်ချေသည်။

ကိုထွန်းသစ်သည် ရင်ဘတ်ပေါ်သို့ ဖတ်လက်စ စာအုပ်ကို တင်ပြီး သုံးဆယ်ခုနှစ်တာမျှသော ကာလများကို အကျဉ်းရုံး၍ သူပြန်လည်တွေးနေမိပြီးမှ လက်ရှိနေရာသို့ ပြန်လည်ရောက်



ရှိလာခဲ့သည်။ သူ၏ အနုပညာသည်လည်း မှေးမှိန်ခဲ့ရသည်။ လုံးချင်းဝတ္ထု မရေးဖြစ်ပါ။ ရံခါသာ ဝတ္ထုတိုလေးများ ရေးဖြစ်၏။ သို့သော်လည်း အယ်ဒီတာကောင်းတစ်ယောက်တော့ ဖြစ်နေဆဲပါပင်။

မိဘများပိုင်ဆိုင်ခဲ့သော ရေကျော်ရပ်ထဲမှ ပျဉ်ထောင်တစ်ထပ်အိမ်ကျယ်တစ်လုံးကို လက်ရှိပိုင်ဆိုင်ဆဲ ဖြစ်သော်လည်း သူနေထိုင်ရသည်က ကျဉ်းမြောင်း ကျပ်တည်းလှချေသည်။

လူတစ်ယောက်စာ အခန်းဖွဲ့ထားသော်လည်း သူမြတ်နိုးသော စာအုပ်များက နေရာများစွာ ယူထားသဖြင့် သူကျောချစရာ ဒရင်းဘက်လေးတစ်ခုသာ ရှိသည်။

စာလည်း ဖတ်ချင်စိတ် မရှိ။

အရက်မူးလည်း ပြေစပြုပြီ။

ညနေစာ ဘာမှ မစားရသေးသော ဝမ်းကလည်း ဟာနေသည်။

ဤခံစားမှုများထက် လွန်ကဲစွာ သူ့ရင်မှာ ဖြစ်တည် ခံစားနေရသည်က...

"မသင်း ကောင်လေးတစ်ယောက်နဲ့ အတူ ထွက်သွားတယ်"

"အတူ ထမင်းစာကြတယ်"

"အချိန်အကြာကြီး အတူတကွ စကားပြောကြတယ်"

ဆိုသော သတင်းက သူ့ရင်ကို ဘာကြောင့်များ လှုပ်ရှားနေစေရတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီအိမ်ပြန်မလာခင် မသင်းကို ဖုန်းဆက်သင့်တယ်"

"ဘာဖြစ်လို့ ခုမှ တွေ့ရတဲ့ ကောင်လေးတစ်ယောက်နဲ့ လိုက်သွားရတာလဲ"

ဆိုပြီး ဆူပူကြိမ်းမောင်းသင့်တယ်။

သင်းသရဖိဆိုတာ ငါပျိုးခဲ့တဲ့ ပန်းလေးပဲ။ ငါ ဒီလောက်တော့ မေးသင့်တယ် ဆူသင့်တယ်။

"သူဟာ ဘယ်ကလာတာလဲ"

"ဘယ်လိုမိန်းကလေးမျိုးလဲ"

"ဘာကြောင့် တစ်ယောက်ထဲ နေရတာလဲ"

"အို...မလိုဘူး"

"ဒါတွေ ငါ ဘာမှ သိဖို့ မလိုဘူး"

"ငါလမ်းပြပေးတဲ့အတိုင်း နှာခံရိုကျိုးစွာ အနုပညာနယ်မြေမှာ တည့်မတ်မှန်ကန်စွာ လျှောက်လှမ်းနေတဲ့ စာရေးဆရာမ အသစ်ကလေး။

သူ့ ငါ့ကို သိပ်လေးစားတယ်။

ငါ့ဆီက တစ်စုံတရာကို မျှော်လင့်နေတဲ့ မျက်ဝန်းလေးနဲ့ ငါ့ကို မကြာခဏ ကြည့်နေတတ်တဲ့ ကောင်မလေး။

"ငါတင်လို့ တက်လာတဲ့ ကောင်မလေးကို ဘယ်သောအခါမှ သာမာန်အဆင့်ထက် မပိုစေရဆိုသော သိက္ခာဝတ်ရုံကြီးကို လုံလုံခြုံခြုံဝတ်ထားခဲ့တဲ့ ငါ..."

"ကောင်လေးတစ်ယောက်နဲ့ အတူထွက်သွားကြတယ် ဆိုရုံနဲ့ ငါ့ရင်ထဲမှာ ဘာကြောင့် ဒီလောက် ပြင်းပြင်းပြပြ ခံစားနေရတာလဲ"



"ငါ့ရင်ထဲမှာ တခါမှ မဖြစ်ထွန်းဘူးတဲ့ ရင်ခုန်သံသစ်တွေ ဖြစ်တည်နေရတာလဲ"

"ဒါဟာ..."

"အဲဒါဟာ..."

"ချစ်ခြင်းမေတ္တာဆိုတာကြောင့်များလား"

"ဒါဖြင့် မသင်းကို ငါချစ်နေပြီလား"

"အို...မဖြစ်နိုင်တာပဲ၊ မဖြစ်သင့်တာပဲ"

"ဒါဖြင့် ငါ့ရင်ဘတ်ထဲက ဘာကြောင့် ဒီလောက်တောင် ထိခိုက်လှုပ်ရှားနေရတာလဲ"

စာရေးဆရာ အယ်ဒီတာကြီး ကိုထွန်းသစ်မှာ သူ့ကိုယ်သူပင် နားလည်ရန် ခက်ခဲနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(တစ်ဆယ့်ခုနစ်)

"အဲဒါ အိပ်မက်လား"

ဟု မောင်မောင် မယုံရဲစွာ မကြာခဏ တွေးနေမိသည်။

နာမည်သိပ်ကြီးနေသော စာရေးဆရာမတစ်ယောက်က သူ့ကို စားသောက်ဆိုင်ကြီးတစ်ခုမှာ ထမင်းလိုက်ကျွေးပြီး သူမ၏ အဆောင်သို့ ကားနှင့် တင်ခေါ်လာကာ ထုတ်ဝေပြီး ဝတ္ထုသစ်စာအုပ်ကို လက်မှတ်ထိုး၍ ပေးလိုက်သည်။

ဆိုသော စကားကို သူငယ်ချင်းများသို့ပင် သူ မပြောကြားဝံ့။ ယုံကြည်ကြမည် မထင်။

သူ့ကို ကြွားသည်ဟု ထင်မှာ စိုးရိမ်သည့်အတွက် မပြောဖြစ်ခြင်းတော့ မဟုတ်ပါ။

ခုမှ တွေ့တဲ့ လူပျိုလေးတစ်ယောက်နှင့် အတူ သွားကြ၊ စားသောက်ကြ၊ စကားအကြာကြီး ပြောကြသည်ဟု သူ့ထံမှ လူတွေ သိသွား ယုံကြည်သွားခဲ့လျှင်–



"မမ သိက္ခာကျမှာ စိုး၍"

သူ ဘယ်သူ့ကိုမှ ပြန်မပြောပြပဲ သူ့ရင်ထဲမှာသာ သိမ်းထားမိသော ထိုအဖြစ်ကလေးကြောင့်–

သူ့ ရင်ခုန်သံနှင့်အမျှ ဤအဖြစ်အပျက်များကို ထာဝရ သတိတရရှိနေမိခြင်း ဖြစ်သည်။ သို့သော် သူ၏ အရင်းနှီးဆုံး အချစ်ခင်ဆုံး သူငယ်ချင်း စောဦးက မောင်မောင့်အဖြစ်ကို ရိပ်မိစွာဖြင့်...

"ဟေ့ကောင် မောင်မောင် ဒီတခါ ရန်ကုန်က ပြန်လာတာ တစ်မျိုးဖြစ်နေပါတယ်။ တစ်ယောက်ထဲလဲ ပြုံးလို့ ဘာလဲ ရည်းစား ရခဲ့ပြီလား"

"မင်းကလဲကွာ"

ပြုံးရုံမက ရှက်ကိုးရှက်ကန်းနှင့် ရယ်မောပြီး စောဦး၏ ပခုံးနှစ်ဘက်ကို ဆွဲကိုင်၍ အနီးကပ် မျက်နှာနှင့်...

"သူငယ်ချင်း ငါသိပ်မြတ်နိုးရတဲ့ မိန်းမကို တွေ့ခွင့်ရခဲ့တယ်ကွ သိလား"

"သူကရော မင်းကို ပြန်ကြိုက်သလား"

"ဘယ်ကြိုက်လိမ့်မလဲ ဟေ့ကောင်ရာ အဆင့်အတန်းချင်းက မိုးနဲ့ မြေကြီး"

"ယောကျ်ားပဲကွာ မင်းကလဲ"

သူ့ရှေ့မှာ တင်ပလင်ခွေထိုင်ချလိုက်ပြီး။

"ငါ သူ့ကို သိပ်မြတ်နိုးတယ်။ သိပ်လေးစားတယ်။ ပြီးတော့ သိပ်ချစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အဲဒါ သူသိရင် တော်ပြီ။ သူအသိအမှတ်ပြုရင် ကျေနပ်ပါပြီ။ ခုတော့ အသိအမှတ်ပြုရှိမကဘူး။ သူကလဲ ငါ့ကို တရင်းတနီး ပြန်ဆက်ဆံခဲ့တယ်ကွာ သိလား"

"ဒါဆို အခြေအနေကောင်းပြီပဲ ဆက်လုပ်လေ"

"ဟင်အင်း မဟုတ်ဘူး။ သူနဲ့ ငါနဲ့ မတန်ပါဘူး။ သူ့ကို ပိုင်ဆိုင်ဖို့အထိ မမျှော်မှန်းရဲပါဘူးကွာ"

"ဘယ်ဟုတ်မလဲကွ၊ ဘုရင့်သမီးတောင် ဆင်းရဲသားနဲ့ ညားသေးတာပဲ"

"အဲဒါက ပုံပြင်ထဲမှာပါ။ ဒီမှာ စောဦး အဲဒီ မမက ငါ့ကို ယူမယ်ဆိုရင်တောင် ငါက ငြင်းမှာပါ။ ငါ သူ့ကို သိပ်ချစ်တယ်။ ဒါကြောင့် အလုံးစုံသော ချို့တဲ့ခြင်းများနဲ့ ဖွဲ့စည်းထားတဲ့ ငါ့ရဲ့ ဘဝထဲကို မမ မဝင်လာစေရက်ပါဘူးကွာ။ ငါက သူ့ကို ကြည်ညိုနေတာ၊ အထင်ကြီးနေတာ၊ လေးစားနေတာ၊ မြတ်နိုးနေတာကွ၊ ချစ်တယ်ဆိုတာထက်ကို ပိုပြီး မြင့်မြင့်မြတ်မြတ် မေတ္တာရှိနေတာ"

"ရှုးပါ့ ဟေ့ကောင်ရာ"

"အေး ငါလဲ မရှုးရုံ တမယ်ပါပဲကွာ"

"မင်း ရှုးနေပါပြီ"

"ကဲ…တော်ပါတော့ ဟေ့ကောင် မမစာအုပ် အဲ…ဝတ္ထုဖတ်ပြီး စိတ်ကူးယဉ်လိုက်ဦးမယ်။ မင်းလဲ ပြန်တော့ကွာ။ ပြန်သင့်တာ ကြာပြီကွ"



စောဦးက သူ့ပခုံးကို လက်သီးနှင့် တစ်ချက်ထိုးပြီး ထွက်သွားတော့မှ စာအုပ်စင်မှ မမလက်ရေးလေးနှင့် လက်ဆောင်ပေးထားသော စာအုပ်ကို ရင်ဘတ်ပေါ် တင်ပြီးကာမှ သတ္တမမြောက် ထပ်မံ ဖတ်ရှုခြင်းအဖြစ်နှင့် အလွတ်ရပြီးသား စာများကို အစမှ အဆုံးတိုင် ပြန်ဖတ်၏။

မမ၏ မျက်နှာ မမ၏ နှလုံးသားမှ စိတ်စေတနာများကို နှလုံးသားမျက်စိဖြင့် ထင်ထင်ရှားရှား ပီပီပြင်ပြင် ကြည့်ခွင့်မြင်ခွင့်ရနေသော မောင်မောင်ဆိုသော အသက်နှစ်ဆယ်ရှယ် ကောင်လေးတစ်ယောက်မှာ…

မမရေ "ရူးမတတ် ခံစားရတယ်"ဆိုတာ ရင်ကွဲဒဏ်ရာနဲ့ လူတွေက တင်စားကြတာနော်။ အဲဒါ မဟုတ်သေးဘူးဗျ။

"ကျွန်တော်လဲ ရူးမတတ် ခံစားရတယ်"ဆိုတဲ့ ရောဂါတကယ်ဖြစ်နေပြီ အဲဒါကတော့ နာကျင်ခြင်းကြောင့် မဟုတ်ဘူး။ ပျော်လွန်းလို့၊ ဝမ်းသာလွန်းလို့၊ ကြည်နူးလွန်းလို့ပါ မမရေ"

သည်တခါ ရန်ကုန်က ပြန်လာမှ မောင်မောင် ကောင်းကောင်းကို အလုပ်မလုပ်ပါ။

မမအကြောင်းကို တွေးနေရခြင်းနှင့် မမ၏ ပုံရိပ်ကို မြင်နေရခြင်းများသည် သူ၏ ကြီးကျယ်ခမ်းနားသော အလုပ်ပါ။

ခုနေ သည်မိန်းမကသာ လိုအပ်မည်ဆိုပါလျှင်…

သူ၏ ကိုယ်ခန္ဓာနှင့် နှလုံးသားမှာ လည်ပတ်နေသော သွေးစက်ပေါင်း ကုဋေကုဋာကို ထုတ်ပေးဝံ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ ကိုယ်ခန္ဓာမှ အစိတ်အပိုင်းတစ်ခုခုကို မမအတွက် အစားထိုး ကုသပေးရမည်ဆိုလျှင် ထုတ်နှုတ်ခွဲစိပ် ဖြတ်တောက် ပေးဖို့ သူ့မှာ အဆင်သင့်...

အနော်ရဇ္ဇရေကြည်အိုင်မှ ရေကိုသာ သောက်သုံးလိုပါသည် ဆိုလျှင် တောအထပ်ထပ် တောင်အသွယ်သွယ်ကို သူ ကျော် ဖြတ်သွားရောက် ရှာဖွေယူဆောင်လာခဲ့ချင်သည်။

သူ၏ မြတ်နိုးလှစွာသော မမအတွက်ဆိုလျှင် သူ တစ် နေရာရာက အသုံးဝင်နေချင်သည်။ ဘာမဆို လုပ်ပေးရဲသော သတ္တိတွေ စွမ်းပကားတွေ သူ့ရင်မှာ အပြည့်။

မမသည် သူနှင့် ဝေးလွင့် မြင့်မားလွန်းသော အရပ်ဒေသ၌ ရှိနေသောသူ။

မောင်မောင်ကမူ သည့်ထက် အောက်သို့ ထပ်၍ ဆင်း စရာ မရှိလောက်အောင်ပင် နိမ့်ကျလွန်းသော နေရာမှာ ရှိနေသူဟု သူ သိနားလည်စွာ ခံယူထားပြီးသားပါ။

သို့သော်လည်း...

သူသည် သူ၏ မမကို အမြဲ တန်းမော့မျှော်၍ ကြည့်နေ ချင်သည်။ မမနှင့် ဝေးဝေးမှာ သူနေထိုင်လိုခြင်း မရှိတော့ပါ။

ရန်ကုန်မှာ အလုပ်တစ်ခုခု လာလုပ်ချင်သည်။ အထူး သဖြင့် မြရာပင်လို မဂ္ဂဇင်းတိုက်မျိုးမှာ ရုံးလုလင်အဆင့်မျိုးပဲ ဖြစ်ဖြစ် လုပ်ခွင့်ရလျှင် သူလုပ်ချင်ကြောင်း မမထံသို့ ပေးစာ စာရှည်ကြီးထဲမှာ ရေးပို့ပေးပြီးသား။

မမသည် သိပ်လှသော မိန်းမမျိုးတော့ မဟုတ်ပါ။ သို့



ပေမယ့် ညှို့၍ စိမ့်ရှနေသော စိုနေသော အသားအရည်နှင့် မျက်နှာ တည်ဆောက်ပုံက ကျက်သရေရှိလှပါပေသည်။

မမသည် အဆောင်မှာ တစ်ယောက်တည်း နေသည်ဆိုခြင်း အတွက် သူ့မိဘတွေက နိုင်ငံခြားမှာလား၊ သံအမတ်ကြီးရဲ့ သမီးများလား။

ဒါမှမဟုတ် နယ်က သိပ်ချမ်းသာလွန်းလှသည့် သူဌေး ကြီး သူဌေးကတော်ကြီးတို့၏ တစ်ဦးတည်းသော သမီးများ လား။

"တက္ကသိုလ်"ဆိုသော ပညာရှိတို့ ကျင်လည်ရာ နယ်မြေ မှာ မမဘွဲ့တွေ ဘယ်နှခုအထိ ယူခဲ့ပြီးပြီလဲ။

တက္ကသိုလ် သင်းသရဖီဆိုသော စာရေးဆရာမတစ်ယောက် ၏ ဘဝကို မောင်မောင်သည် မြင့်မြင့်မြတ်မြတ်ကြီး တွေးပေးနေမိ သည်။

ဘာပဲ ဖြစ်ဖြစ်ပါလေ...

မမ ကျွန်တော့်ကို အရေးတယူ ဆက်ဆံလိုက်တဲ့အတွက် ကျွန်တော် "ရှူးမတတ်ခံစားနေရပါတယ်" ဆိုတာ တကယ်ပါ မမ။

ကျွန်တော့်...

စာထဲမှာ တောင်းဆိုထားတဲ့အတိုင်း မမနဲ့ ထပ်ပြီး တွေ့ဆုံပါရစေဆိုတဲ့ တောင်းပန်စာကို မမ ဘယ်လို ပြန်ကြားမှာ လဲဟင်။

ကျွန်တော်ကတော့လေ...

အချိန်တိုင်း မဟုတ်ဘူး၊ နာရီတိုင်း မဟုတ်ဘူး၊ စက္ကန့်

www.burmeseclassic.com

www.burmeseclassic.com



တိုင်း မဟုတ်ဘူး။ ကျွန်တော့်ရင်ထဲက ဒိတ်...ဒိတ်... ဒိတ်... ဒိတ်...ဆိုပြီး တိုးနေတဲ့ နှလုံးခုန်သံ၊ ရင်ခုန်သံနဲ့အမျှ မမကို ကျွန်တော် တမ်းတနေမိတာ၊ သတိရနေမိတာ၊ လွမ်းနေတာ ဗျ...သိလား။

"မမ...မမ...မမရယ်"

## အခန်းတစ်ဆယ့်ရှစ်

စာရေးဆရာတင်ယောက် ဝတ္ထုရှည်ကြီးတစ်ပုဒ်ကို ဖန်တီးရာမှာ ပထမပိုင်း တွေးရသည်။

မိန်းသင်း(မ်)(Main Theme)ခေါ် ဇာတ်၏ အဓိက ကျောရိုးရအောင် တွေးပြီးမှ ချ၍ ရေးရသည်။ တစ်ခါတစ်ရံလည်း တစ်ဇာတ်လမ်းလုံးကို တွေးပြီးမှ ရေးသည့်အခါလည်း ရှိသလို–

တစ်ခါတစ်ရံမှာ မိန်းသင်း(မ်)မှ လွဲ၍ အရံဇာတ်ကောင်များ အခန်းစဉ်များ လုံးဝ စဉ်းစား၍ မရနိုင်ပဲ ချ၍ ရေးရင် ရေးရင်းမှ ဇာတ်လမ်းအကွေ့အဝိုက်တွေ မြှုပ်ကွက်တွေ၊ ကလိုင်းမက်ခ်စ် (Climax)ခေါ်သော ဇာတ်ရှိန်အမြင့်ဆုံးသို့ ရောက်လာအောင် ဆွဲဆောင်ရမှုတွေက ရေးနေရင်းမှ ခေါင်းထဲ ပေါ်လာတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံးချင်းဝတ္ထုရေးသားသူတိုင်း ပထမပိုင်းမှာ နည်းနည်းကြာတတ်သည်။ အလယ်မှာ ခက်တတ်သည်။ ဇာတ်၏နိဂုံးကျ ပြန်တော့ ဆင်ခြေလျှောမှ ပြေးဆင်းရသလို ရုပ်ထား၍ကို မရ။

စားချင်စိတ်၊ အိပ်ချင်စိတ်၊ အပြင်ထွက်ချင်စိတ်များ အားလုံး ပျောက်ဆုံးကာ ဇာတထဲ၌သာ စိတ်ရောကိုယ်ပါ နစ်မြုပ်ပြီး တဆက်တည်း ရေးချင်နေတော့သည်သာ။

ဤသို့ ဖြစ်လေ့ဖြစ်ထရှိသည်နှင့် ဆန့်ကျင်စွာ ကျွန်မ၏ ဇာတ်သိမ်းပိုင်းကို ကျွန်မ ပိုင်နိုင် ကျွမ်းကျင် လျှင်မြန်စွာ ရေးလို့ကို မရပါ။

ညကလည်း အိပ်ပျက်၏။

စာရေး၍ အိပ်ပျက်ရသည်က ကျေနပ်မှု ရတတ်ပါသော်လည်း ရေးလိုက်၊ မကြိုက်လိုက်၊ ဆုတ်ပြစ်လိုက်၊ လုပ်နေရ၍ အိပ်ပျက်ရသည်က ခါးသီးဖွယ် ကောင်းလှပါချေသည်။

ကျွန်မသည် ဦးစောလွင်တို့၏ စာပေတိုက်နှင့် စာချုပ်ပြီးမှ စာကို ဆက်တိုက်ရေးသည်။ အထူးသဖြင့် ညဘက်မှာ ပို၍ ရေးဖြစ်၏။

ယခင် အိပ်နေကျ ည ဆယ်နာရီခွဲ ဆယ့်တစ်နာရီလောက်ဆိုလျှင် သန်းဝေ၍ အိပ်ချင်ပြီ။ ထိုစိတ်ကို ဖျောက်ရန် မျက်နှာသစ်၊ တစ်ခါတစ်ရံ သီချင်းဖွင့် ကော်ဖီကျကျခါးခါး ဖျော်သောက်ပြီးလျှင် မျက်စိက ကြည်သွားပြီ။

အဲဒီအခါမှာ စာတွေကို ဆက်တိုက်ရေးပါသည်။

နံနက် သုံးနာရီ၊ သုံးနာရီခွဲလောက်မှာ အိပ်သင့်ပြီဟု အိပ်လိုက်သော်လည်း အိပ်မပျော်တော့ပါ။



အိပ်မပျော်သည့်အခါ မိုးလင်းအထိ စာပြန်ရေးသည်။ တစ်ခါတစ်ရံ ရင်တွေ သိပ်ခုန်ပြီး အိပ်၍မရသည့်အခါ "ဒိုင်ယာဇီပင်"ဆိုသော အိပ်ဆေးကို သောက်၍ အိပ်ရသည်။

ဤသို့

အိပ်ချင်ချိန်မှာ မအိပ်မိအောင် ဟန့်တားထားပြီး။

အိပ်သင့်ချိန်မှာ မအိပ်နိုင်၍ အိပ်ဆေး အကူအညီဖြင့် အိပ်စက်ခဲ့ရသည့် ညပေါင်းများစွာကို ဖြတ်သန်းလာသည့်အခါမှာ ကျွန်မ၏ နှလုံး၌ ဒဏ်ရာရပြီထင်သည်။ တချက်တချက် စူးကနဲနေအောင် အောင့်သည်။

ယနေ့လည်း ရင်ထဲက နေ၍ မကောင်းပါ။ ညက အိပ်မပျော်သဖြင့် ပို၍ ဆိုးနေသည်။

ရင်တွေ လှပ်လှပ်ခုန်နေ၏။

တကိုယ်လုံးမှ အင်အားများကို စုတ်နှုတ်ထုတ်ယူခြင်း ခံထားရသလို တစ်ကိုယ်လုံး နုံးနေသည်၊ ခြေလက်များပင် မသယ်ချင်။

ကိုယ်ခန္ဓာ၌ ချွေးစေးများ ပျံနေသော်လည်း ကျွန်မ မအိုက်ပါ။ ခြေဖျားလက်ဖျားများက အေးစက်နေသည်။

ဤသို့ ကိုယ်ခန္ဓာနှင့် နှလုံးသား၌ နာကျင် ပမ်းလျနေပါသော်လည်း စိတ်သည် တစ်ခုတည်းသော မျှော်လင့်ခြင်းကြောင့် အားလျှော့ခြင်းမျိုး မရှိသေးပါ။

"ဆရာ လာမှာပါ"

"ဆရာ ရောက်လာမှာပါ"

ဆိုသော မျှော်လင့်စိတ်သည် ဝတ္ထုရေးချင်စိတ်ကို ဖုံးအုပ်လွှမ်းမိုးထား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာလာပြီ ထင်တယ်"

ဟူ၍ ကားရပ်သံကြားတိုင်း ထ…ထကြည့်ရသည်မှာ စာရေးပျက်လှချေသည်။

စာရေးဆရာတစ်ယောက်သည် သူရေးနေသော ဇာတ်လမ်းနှင့် ဇာတ်ကောင်စရိုက်များ ပြောကြားမည့် စကားလုံးများအားလုံး သူ့ရင်ထဲမှာ ပြည့်သိပ်နေမှ စာရွက်ပေါ် သွန်ချ၍ ရသည်။

ဤအချိန်မျိုးမှာ ပတ်ဝန်းကျင်၏ အနှောက်အယှက်ကြောင့် ခဏခဏ ထရတာမျိုး။

ကိုယ်တိုင် စိတ်မတည်ငြိမ်ခြင်း၊ တစ်စုံတစ်ခုအတွက် စိုးရိမ်ပူပန်နေခြင်းများ ဖြစ်ထွန်းနေလျှင်လည်း သူ၏ 'စာသည် မချောမွေ့နိုင်။

ယခု ကျွန်မသည် ငါးခန်းလောက်သာ ရေးရန် ကျန်တော့သည့် ဝတ္ထုတစ်ပုဒ်၏ နိဂုံးအတွက် ရေးလို့ကို မရ၍ အိပ်ရာထဲ လှဲချရင်း။

"ဆရာက ဘာဖြစ်နေတာလဲ"

"သူ့ညှို့သည်တွေ မပြန်သေးလို့လား"

"ငါ ကောင်လေးတစ်ယောက်နဲ့ ထမင်းသွားစားတယ်ဆိုတာ သိအောင် ပြောခိုင်းထားတဲ့အတွက် ငါ့ကိုမကြည်နေတာလား"

"ဆရာရယ် မနာလို စိတ်ရော ဖြစ်ရဲ့လား"

ကျွန်မ မျှော်လင့်သလို ဝန်တိုစိတ် မဖြစ်ရုံမက နာမည်ကြီးလာလို့ သူ့ကို ဥပေက္ခာပြုပြီး ကောင်လေးတစ်ယောက်နဲ့ တွဲသွားတာလို့သာ ဆရာ ယူဆလိုက်ရင်တော့ သေပါပြီ။ ကျွန်မ သေချင်ပါပြီ။



ဆရာနှင့် မတွေ့ရတာ သုံးရက်တိတိ ရှိခဲ့ပြီ။

"သူ…မဆက်သွယ်ပဲ နေနိုင်ပေမယ့် ငါ့ဘဝမှာ ဆရာမရှိပဲ ရပ်တည်လို့မှ မရနိုင်တာ"

ဆရာဆိုတဲ့ ကျွန်မရဲ့ အလင်းရောင်ရယ်၊ ကျွန်မကို ဆက်လက် လမ်းပြပေးပါဦးရှင်…။

နောက်ဆုံးတော့…

"မနေနိုင်သူက အောက်ကျို့ခံရစတမ်း" ဆိုတဲ့ နိယာမ အတိုင်းပဲပေါ့လေ။

ကျွန်မ၏ ရေးလက်စ စာမူများကို စားပွဲပေါ်မှာ ပြန့်ကျဲထားရစ်ခဲ့ပြီး အခန်းတံခါးပိတ်ကာ ကျွန်မ ထွက်လာခဲ့သည်။

အဆောင်၏ ဧည့်ခန်းမှ ငွေပေး၍ ပြောရသော တယ်လီဖုန်းရှိရာသို့ပါ။

"ဟင်… ဆရာမရှိဘူးလား၊ ဆရာကိုရဲ ကျွန်မ မသင်းပါ ဆရာ ဘယ်သွားလဲ"

"ဪ…မသင်းလား လမ်းထဲက လက်ဖက်ရည်ဆိုင်တင် သွားတာ ပြန်လာမှာပါ ခဏနေတော့ ပြန်ဆက်လိုက်ပေါ့"

"ခဏလေး ကိုရဲ ကျွန်မမှာ အရေးကြီးတဲ့ ကိစ္စတစ်ခုရှိလို့ ဆရာ့ကို ခဏလောက် ခေါ်ပေးပါလားရှင်"

"ဒါဖြင့်လဲ ခဏ စောင့်ဗျာ"

အမှုဆောင် အယ်ဒီတာကိုရဲက သိပ်ပြီး ကျေနပ်ပုံတော့ မရ။ သို့သော် သူကိုယ်တိုင် သွားခေါ်ပေးသည့်အတွက် ကျေးဇူးကုဋေပါ ကိုရဲ။

တယ်လီဖုန်းကိုင်ထားရင်း ရင်ခုန်သံတွေ မြန်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ဘက်က တုန့်ပြန်မှုကို မမှန်းဆနိုင်သဖြင့် ကျွန်မ စိုးရိမ်နေမိခြင်းပါ။

"ထွန်းသစ်ပါ"

"ဟာ...ဆရာ"

"အင်း... ပြော ဘာကိစ္စအရေးကြီးလို့လဲ"

"ဆရာ"

"အင်း"

"ဆရာ ကျွန်မဆီ ဘာလို့ မလာတာလဲဟင်"

"မအားလို့ပါ အခု ဘာကိစ္စ အရေးကြီးလို့လဲ ပြောပါဦး"

"တွေ့မှပဲ ပြောပါရစေတော့"

"ဟင်"

"ဆရာ ကျွန်မဆီ မလာတော့ဘူးလား"

"ဒီလိုလဲ မဟုတ်ပါဘူး"

"ဆရာ လာချင်တဲ့အချိန် ဆရာလာနိုင်တဲ့ အချိန်ကျမှပဲ လာပါလေ"

"အခု ပြောလို့ မရလို့လား"

"ဟုတ်ကဲ့"

"ကောင်းပြီလေ ဒါဆို ညနေကျရင် လာခဲ့မယ်"

"ဟုတ်ကဲ့"

"အရေးကြီးတယ်ဆိုတာ ကိုယ်ရေး ကိုယ်တာလား စာပေကိစ္စလား"

"တွေ့မှပဲ ပြောပါရစေ"

"ကောင်းပြီ အခု နှစ်နာရီ မိနစ်နှစ်ဆယ်။ ညနေ လေးနာရီ



အရောက် ဆရာ လာခဲ့မယ်။

"ကျေးဇူးတင်ပါတယ် ဆရာ"

"ဒါပဲနော်"

"ဟုတ်"

မိန်းမသားတို့၏ ဖျတ်ထိုးဉာဏ်ကို ဘယ်ယောကျ်ားသားမှ လိုက်မမီနိုင်။

ဆရာ့ကို သတိရလွန်းသဖြင့် ဖုန်းဆက်ခြင်းသာ ဖြစ်သည်။ ဘာပြောမည်ဟု ရည်ရွယ်ချက် မရှိခဲ့။

ဆရာ့ထံမှ ဘာကိစ္စအရေးကြီးလို့လဲဟု မေးလာသဖြင့် ဤမေးခွန်း၏အဖြေကို လူချင်းတွေ့မှ ပြောလို့ ဖြစ်မည့် အရေးကြီးကိစ္စအဖြစ်နှင့်။

ကျွန်မ ဆရာ့ကို ညှို့ယူဖမ်းစားလိုက်ပြီ။

ဆရာလာတော့မည့် နောက်ထပ် နှစ်နာရီခန့်ကြာလျှင် ဆရာ အသေအချာ ရောက်လာပေတော့မည်။

"အရေးကြီးတယ်ဆိုတာ ဘာလဲ"

"လူချင်းတွေ့မှ ပြောမယ်ဆိုတဲ့ ကိစ္စကရော ဘာလဲ"

ဟု ဆရာ မေးပေတော့မည်။ ကျွန်မ အပြေးအလွှား စဉ်းစားသော်လည်း အဖြေက မပေါ်ပါ။

ကိစ္စမရှိ၊ ဒါက အရေးမကြီး ဆရာရောက်လာဖို့သာ အဓိကလေ။

စောစောဆီက နှုံးခွေနေသမျှ ဆရာနှင့် စကားပြောပြီးချိန်မှာ ပျောက်ဆုံးနေသော ကျွန်မ၏ အားအင်များသည် ချက်ချင်းပင် ကျွန်မထံသို့ ပြန်လည် ရောက်ရှိလာခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



လူသည် လန်းဆန်းသွက်လက်စွာဖြင့် ကျွန်မ ရေအမြန်ချိုးသည်။

"ဆေးဆိုးပမ်းရိုက်မျက်နှာ၊ သို့မဟုတ် အနောက်တိုင်း၏ အထောက်အကူ ပစ္စည်းများဖြင့် ခြယ်သထားသောမျက်နှာကို အရှေ့တိုင်းသား ကျွန်တော်၏ မျက်စိကို မအေးမြ မစွဲမက်စေနိုင်ပါ"

ဟူ၍ ဆရာ၏ ဝတ္ထုတစ်ပုဒ်မှ စာတစ်ပိုဒ်ကို အသည်းစွဲအောင် မှတ်သားထားပြီး ရှင်မတောင်သနပ်ခါးစစ်စစ်ကို ပြစ်ပြစ်သွေးပြီး ကျွန်မ ညီညီညာညာလိမ်းသည်။

"အပြာရောင်ထဲမှာ နွေဦးရဲ့ ကောင်းကင်ပြာပုံဟာ သိပ်လှတယ်"

ဟု အပြာရောင် ကြိုက်တတ်သော ဆရာ့အတွက် စကိုင်းဘလူး (Sky Blue) ခေါ် မိုးပြာရောင်ဝတ်စုံကို ကျွန်မ ရွေးဝတ်သည်။

တိတ်ဆိတ်နေသော အခန်းထဲမှာ တချက်ချက် မြည်နေသော စက္ကန့်သံကို နားစွင့်၍ တစ်ချက်မြည်ပြီးတိုင်း ဆရာလာဖို့ နီးပြီ နောက်တစ်ချက်ဆို ပို၍ နီးပြီ။

"ဆရာနှင့် တွေ့ရတော့မည်"

ဟူ၍ စက္ကန့်သံများကိုပင် ကြည်နူးစွာ နားဆင်၍ လိုက်လံ မှတ်သားနေမိရာမှ–

"ငါဟာလေ ဆရာနဲ့ ပတ်သက်လာရင် ဘာကြောင့်များ ဒီလောက် လှုပ်လှုပ်ခတ်ခတ် သည်းသည်းသန်သန် ဖြစ်နေရတာလဲ။ ဘာအတွက် ဒီလောက်တောင် ထိထိခိုက်ခိုက် ခံစားနေရတာလဲကွယ်"



ဤအတွေးဝင်လာသည်နှင့် ကျွန်မသည် ကျွန်မ၏ ကိုယ်ကို ကျွန်မ၏ စိတ်ကို ချက်ချင်း လှည့်စားပစ်လိုက်သည်။

"ဆရာက ငါ့ရဲ့ ကျေးဇူးရှင်လေ"

"ဆရာ လမ်းပြတဲ့နောက်က အကန်းတစ်ယောက်လို တွယ်လိုက်နေတဲ့ ငါဟာ ဆရာ မရှိလို့ ဘယ်ဖြစ်ပါ့မလဲ"

"စာပေကိစ္စအတွက်ပါ"

"အနုပညာလုပ်ငန်းတွေအတွက်ပါ"

ဟူ၍ ကျွန်မ၏ နှလုံးသားထဲမှ ခံစားမှု အစစ်အမှန်များကို နက်ရှိုင်းစွာ ဖုံးအုပ်ပြီး အပေါ်ယံမှ ဤစကားလုံးများနှင့် ပိတ်ဆို့ထားလိုက်ပါတော့မည်ဟု ကျွန်မ ကြိုတင် တွေးမိထားပါသော်လည်း...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(တစ်ဆယ့်ကိုး)

"ပြောရခက်နေတဲ့ စကားမျိုးမို့လားဟင်…အရေးကြီးတယ်ဆို ပြောပါဦး"

စိုးရိမ်မှု လွှမ်းကဲသော မျက်နှာနှင့် ကျွန်မကို ကြည့်၍မေးနေသော ဆရာ့ မျက်နှာကို ကျွန်မ ငေးကြည့်နေမိသည်။

"ကိုယ် သိပ်စိုးရိမ်သွားတယ် မသင်း ပြောနိုင်သမျှ ပြောစမ်းပါကွယ်"

"ဆရာ"

"အင်း"

"ကျွန်မအတွက် တကယ်စိုးရိမ်တာလား ဆရာ"

"စိုးရိမ်ရုံမကဘူး စိတ်ပူလွန်းလို့ ချိန်းတဲ့အချိန်ထက် စောပြီးရောက်လာတာသာ ကြည့်တော့"

"ဆရာရယ်"

"ပြောလေ ဘာအရေးကြီးလို့လဲ"



ဆရာကိုထွန်းသစ်၏ စိုးရိမ်ခြင်းမျက်နှာမှာ စိတ်မရှည်နိုင်ခြင်းပါ ပေါင်းဖွဲ့ဖြစ်ထွန်းနေပါ၍…

"ကျွန်မအတွက် အရေးအကြီးဆုံး အရာဟာ ငွေလဲ မဟုတ်ဘူး၊ အနုပညာလဲ မဟုတ်ဘူး။ နောက်ဆုံး ပြောရရင် ကျွန်မဘဝထက်တောင် ပိုပြီး အရေးအကြီးဆုံး အရာဟာ ဆရာပါပဲ"

"အဲဒါ ဘာပြောချင်တာလဲ"

"ကျွန်မ စာရေးဆရာမတစ်ယောက် ဖြစ်လာကတည်းက သိပ်ဖြူစင်ချင်ပါတယ်။ ကျွန်မရဲ့ အကြောင်းကိုတောင် ကျွန်မပြန်မတွေးမိအောင် မေ့ထားလိုက်ပြီး လက်ရှိဘဝမှာ အဖြူစင်ဆုံး မိန်းမတစ်ယောက်ဖြစ်အောင် ကျိုးစားပြီး နေပါတယ် ဆရာ ဒါကြောင့် ကျွန်မ…ကျွန်မ မညာချင်တော့ဘူး"

"ဟင်…ဘာကို မညာချင်တာလဲ"

"အရေးကြီးလို့ လာခဲ့ပါဆိုတာ ဘာကိစ္စအတွက်မှ မဟုတ်ဘူး"

"ဟင်"

"ဒါပေမယ့် ကျွန်မအတွက်တော့ အဲဒီထက် အရေးကြီးတဲ့ကိစ္စ မရှိတော့ပါဘူး"

"ကိုယ် နားမလည်ဘူး"

"ကျွန်မ အမှန်အတိုင်း ပြောပါ့မယ် ဆရာ ကျွန်မဆီ မလာတော့တဲ့အတွက် ကျွန်မ သိပ်ခံစားရပါတယ်။ သိပ်လဲ အားငယ်ပါတယ်။ လေဟာနယ်ထဲကို တစ်ယောက်တည်း လွှင့်ပစ်ခြင်းခံလိုက်ရသလို တွယ်ရာမဲ့စွာနဲ့ ချောက်ချား ထိတ်

www.burmeseclassic.com

www.burmeseclassic.com



လန့်ခဲ့ရပါတယ် ဆရာယ်”

ကျွန်မ တအားထိန်းထားပါလျက်နဲ့ ဝေနေပြီဖြစ်သော မျက်ဝန်းမှ မျက်ရည်တစ်စက်က လျှောကျလာသည်။

“အဲဒီနေ့က ကျွန်မ ထွက်သွားမိတဲ့အတွက် အပြစ်ရှိတယ်ဆိုရင်လဲ ဆရာ ကျေနပ်တဲ့အထိ ကျွန်မ တောင်းပန်ပါ့မယ်။ ကျွန်မ စာရေးလို့လဲ မရဘူး။ အိပ်လို့လဲ မရဘူး။ ကျွန်မ ကျွန်မလေ ..”

“တော်...တော်တော့ မသင်း”

ဆရာက အဆောင်ဧည့်ခန်း ကုလားထိုင်မှာ ထိုင်နေရာက ဆတ်ဆို ထပြီး ပြတင်းဝမှာ ကျွန်မကို ကျောပေး၍ သွားရပ်နေတော့သည်။

“ဆရာ ငါ့ကို တကယ်စိတ်ဆိုး စိတ်နာနေပါလား”ဆိုသော အသိက နာကျင်နေသော ရင်ကို ထပ်မံ၍ ဒဏ်ရာပေးလိုက်သလို ရှူးနစ်စွာ အောင့်ပြီး နာကျင်လာသည်။ အသက်ပင် ရှူ၍မဝချင်”

“ဆရာ ငါ့ကို ခုလို ကျောခိုင်းထားမယ့်အစား၊ ပြတ်သားလိုက်ပါစေတော့”

ကျွန်မ အသက်ကို ဝအောင် ရှူ၍ မျက်နှာကို မော့ပစ်လိုက်ပြီးမှ မျက်ရည်များကို သုတ်၍ ဆရာရှိရာသို့ နှမ်းလျှယိုင်နဲ့စွာ လျှောက်လာခဲ့ပြီး...

“ဆရာ ကျွန်မကို တစ်ခုခု ပြောပါ”

ဆရာ့ထံမှ ပြန်ကြားသံ မကြားရ။



“ကျွန်မအတွက် ဆရာ တစ်ခုခု ဆုံးဖြတ်ပေးခဲ့ပါ။ ဥပမာ တဆက်မရေးနဲ့တော့ ဆိုတာမျိုးပါ။ ပြီးရင်...ပြီးရင် ဆရာ ပြန်နိုင်ပါပြီရှင်...”

ကျွန်မအပေါ် သံယောဇဉ်ကြီးနေဆဲပါ၊ စေတနာထားနေဆဲ ဖြစ်မှာပါ ဟူ၍ ကျွန်မ ယုံကြည်ထားမိသည်နှင့် ဆန့်ကျင်စွာ ဆရာသည် ကျွန်မကို ကျောခိုင်းထားဆဲပါ။

ကျွန်မလည်း ဘာမှ ဆက်၍ မပြောချင်တော့ပါ၊ ပြောနိုင်စွမ်းလည်း မရှိ။ ပြောစရာစကားလည်း ကုန်ခမ်းပြီးဆုံးသွားပြီမို့ ပြတင်းအနီးမှ တိုင်ကို ပခုံးနှင့် မှီပြီး ရပ်လိုက်သည်။

မိနစ်ဝက်ခန့်မျှ ငြိမ်သက်နေကြပြီးမှ ဆရာက ဖြည်းညှင်းစွာ လှည့်လာသည်။

ကိုင်းနက်မျက်မှန်တပ်ထားသော ဆရာ့မျက်ဝန်းရှေ့မှ မှန်ကွက်ကလေးနှစ်ခုလုံး ဝေသီမှိုင်းမှုန်နေပေသည်။

သူ့အနီးမှာပါ ရပ်နေသော ကျွန်မကို ချက်ချင်း မြင်တွေ့သွားသဖြင့် နှုတ်ခမ်းက ပြုံးတော့မယောင် ကွေးညွတ်သွားပြီးမှ မျက်မှန်ကို သူ ဆွဲယူ၍ ပုဆိုးနှင့် ပွတ်သတ်နေသည်။

“ဆရာ”

“ဆရာ့မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်တွေ သီဝေလို့ပါလား”

“ဆရာ”

“ကိုယ်တို့ စိတ်ငြိမ်ငြိမ်ထားပြီး ပြန်ထိုင်ကြရအောင်နော်”

ဆရာက ကျွန်မ၏ လက်မောင်းကို ညင်သာစွာ ထိကိုင်

www.burmeseclassic.com

www.burmeseclassic.com



၍ ဖေးမသည့်အသွင်မျိုးဖြင့် ဆွဲခေါ်လာသည်။

ဆရာ့လက်မှာ မျက်မှန်ကို ကိုင်ထားဆဲ။

ကိုင်းနက်မျက်မှန်ထူကြီးအောက်မှာ တိမ်မြုပ်နေသော ဆရာ၏ မျက်ခုံးထူထူနက်နက်ကြီးက ခန့်ထည်လှသည်။

အားပြည့်လှသော မျက်ဝန်း၊ အရာရာကို တတ်သိနားလည်လွယ်သော မျက်ဝန်း၊ ကြင်နာဖေးမကူညီတတ်သော မျက်ဝန်းသိုညိုလှလှကြီးကို ကြည့်နေရင်းပင် ကျွန်မရင်မှာ အားအင်တွေ ပြန်လည် ပြည့်လာသလို ခံစားလိုက်ရသည်။

ဆရာ့မျက်ဝန်းမှာ ကျွန်မအပေါ် မုန်းတီးစိတ်၊ ခွင့်မလွှတ်နိုင်သောစိတ်၊ ဥပေက္ခာပြုလိုသော စိတ်များ အလျှဉ်းမရှိကြောင်း မြင်တွေ့နေရသဖြင့်၊ လွင့်စင်ပျောက်ကွယ်နေသော ကြည်နူးခြင်းများ အရှိန်အဟုန်ပြင်းစွာ ကျွန်မရင်သို့ ပြန်လည် ဝင်ရောက်နေရာယူလိုက်ကြပါပြီ။

"ဟိုနေ့က ကိစ္စကြောင့်ဆိုတာတော့ လုံးဝ မဟုတ်ဘူး"

"ဝမ်းသာလိုက်တာ ဆရာရယ်"

"ကိုယ်တွေးတာက တစ်မျိုး မသင်းယူဆနေတာက တစ်မျိုးမို့ ကိုယ်တို့နှစ်ယောက်လုံး နာရီပေါင်းများစွာ စိတ်ပင်ပမ်းခဲ့ကြရတာပါ"

ကျွန်မ ငြိမ်သက်စွာပင် ဆရာ့ကို ငေးကြည့်နေမိသည်။

"မသင်းယူဆတာက ခုမှ တွေ့ရတဲ့ စာဖတ်ပရိသတ် ကောင်လေးတစ်ယောက်နဲ့ အတူသွားလို့ ကိုယ်က မကျေနပ်ဘူးလို့ ထင်နေတာ မဟုတ်လား၊ ဘာဆိုင်လဲကွယ်။ အဲဒါနဲ့ ဘာမှ



မဆိုင်ဘူး။ မသင်းမှာ ကိုယ်ပိုင် လွတ်လပ်ခွင့်၊ ကိုယ်ပိုင် ရွေးချယ်ပိုင်ခွင့် ရှိတယ်"

ကျွန်မ ပြုံးပြီး ဆရာ့ကို ကြည့်နေ၍ ဆရာကလည်း ကျွန်မမျက်နှာကို ကြည့်နေရာမှ အကြည့်ကို လွှဲလိုက်ကာ–

"ကိုယ်တွေးတာက မသင်း အောင်မြင်ပြီး ငွေကြေးလဲ ထိုက်ထိုက်တန်တန်ရပြီ၊ ကိုယ်ဆက်လက်ပြီး ဆရာကြီးလုပ် မနေသင့်တော့ဘူး၊ သူ့လမ်းသူ လျှောက်ပါစေ၊ ငါ ဘေးဖယ်ပေးသင့်ပြီလို့ ယူဆလိုက်လို့ပါ"

"အဲဒါ မှားပါတယ်။ လုံးဝ မှားပါတယ်ဆရာ။ ဆရာ့အတွက် ကျွန်မဟာ သေးမွှန့်တဲ့ အရာလေး ဖြစ်ပေမယ့် ကျွန်မအတွက်တော့ ဆရာဟာ နေမင်းကြီးပါ။ ဆရာရဲ့ အလင်းရောင်မရှိပဲ ကျွန်မ ရပ်တည်လို့ မရနိုင်ပါဘူး။ ကျွန်မရဲ့ ဒီဘက်ဘဝမှာ ကျွန်မဟာ တစ်ယောက်ထဲပါ။ ဘာအဖော်မှမရှိတဲ့ အထီးကျန်မပါ။ ဒါကြောင့် ဆရာမရှိပဲ ကျွန်မ ဘယ်လိုမှ ရှင်သန်လို့ မရနိုင်ပါဘူး ဆရာရယ်"

"တင်ယောက်တည်းတို့၊ အထီးကျန်တို့၊ အဖော်မဲ့တို့ ဆိုတာတွေဟာ မသင်းကိုယ်တိုင် ဖန်တီးထားတဲ့ အရာတွေပါ။ မသင်း နာမည်ကြီးလာလေ၊ ခင်မင်ချင်တဲ့ လူတွေ မိတ်ဆွေဖွဲ့ချင်တဲ့လူတွေဟာ အများကြီးပါ။ စာရေးဆရာဆိုတာ သီးသီးသန့်သန့် မနေအပ်ဘူး။ ကိုယ့်ပရိသတ်နဲ့ ထိတွေ့ရမယ်၊ အလွှာအမျိုးမျိုးသော လူသားတွေထဲ ဆင်းရမယ်။ ဒါမှ လူတွေရဲ့ စရိုက်စုံကို ကိုယ်တွေ့ကြုံရမယ်။ ခုတော့ မသင်းက ဘယ်မှ

www.burmeseclassic.com

www.burmeseclassic.com



မသွားချင်ဘူး။ ဘယ်သူနဲ့မှ မသိချင်ဘူး၊ ဘယ်စာမျက်နှာပေါ်မှာမှ ကိုယ့်ဓာတ်ပုံကို မတင်ချင်ဘူးဆိုတာဟာ အထီးကျန်မှိုကိုယ်တိုင် ဖန်တီးနေတာပဲ မသင်း"

"ကျွန်မမှာလဲ ကျွန်မအကြောင်းနဲ့ ကျွန်မပေါ့ ဆရာရယ်"

"စောစောကလဲ ပြောတယ်။ ကျွန်မရဲ့ ဒီဘက်ဘဝမှာဆိုတော့ ဟိုဘက်ဘဝဆိုတာ သီးခြား ရှိခဲ့သေးလို့လား"

ဆရာ့ကို ကျွန်မ လန့်ဖျပ်စွာ လှမ်းကြည့်လိုက်မိသည်။

"ကျွန်မအကြောင်းနဲ့ ကျွန်မဆိုတာ ဘာအကြောင်းများလဲကွယ်၊ ကိုယ်သိခွင့် ရှိမလား"

"ကျွန်မကိုယ်တိုင်က လွဲပြီး ဒုတိယအနေနဲ့ ကျွန်မရဲ့အကြောင်းစုံကို သိခွင့်ရမယ့်သူဟာ ဆရာကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်ပါဘူး ဆရာ"

"ခုပြောနိုင်မလား"

"ပြီးခဲ့တာတွေ ခဏထားလိုက်ပါရစေတော့ ဆရာရယ်။ တချိန်ချိန်ကျမှပဲ ပြောပါရစေတော့ ခုလောလောဆယ်မှာတော့ စောစောက စကားတွေပဲ ဆက်ပြောကြရအောင်ပါ"

"စောစောက စကားတွေ အားလုံး ပြီးဆုံးသွားပါပြီ။ နှစ်ယောက်လုံးရဲ့ အတွေးများတွေလဲ ပြေလည်သွားကြပါပြီလေ"

"နောက်ကို အဲဒီလိုမျိုး ကျွန်မကို အကြာကြီး ပစ်မထားပါနဲ့နော်"

[illegible]သည် လူပျိုပေါက်ကလေးတစ်ယောက်ကဲ့သို့ ရှက်လန်းတက်[illegible]ခြင်းနှင့် ကရုဏာသက်ခြင်းများ စုစည်းထားသော



အပြုံးမျိုးဖြင့် ရွှန်းဝေစွာ ပြုံး၍ ကြည့်နေရှာသည်။

ကျွန်မသည်လည်း...

လွန်ခဲ့သော နာရီပေါင်းများစွာဆီက နာကျင်ပင်ပမ်းစွာ နွမ်းလျခဲ့ရသော ကျွန်မ၏ နှလုံးသားသည် သီတာရေစင်နှင့် လောင်းချလိုက်သလို ကြည်လင်အေးမြခဲ့ရပါပြီ။

သို့သော် ဤခံစားမှုသစ်သည်လည်း နှလုံးသားကို [illegible]သက်စေပါ။

"မသင်း နည်းနည်း ပိန်သွားသလိုပဲ၊ နေရော ကောင်းရဲ့လားကွယ်"

"ကိုယ့်ကိုကိုယ် နေကောင်းလား မကောင်းလားတောင် မသိပါဘူး ဆရာရယ်။ စိတ်မကောင်းတာတော့ သေချာတယ်။ နှလုံးခုန်သံတွေ တအားမြန်ပြီး အိပ်မရဘူး။ ဒါကြောင့် ရေးနေတဲ့ ဝတ္ထုရှည်က ခုထိ မပြီးနိုင်တာပေါ့"

"ရှေ့မှာ ပြီးထားတဲ့ စာမူတွေတောင် တပေစိစစ်ရေးက မကျသေးဘူး။ ဖြည်းဖြည်းရေးပါ။ ကိုစောလွင်ကတောင် မသင်းနဲ့ လုပ်ရတာ စိတ်ချမ်းသာတယ်တဲ့၊ သိပ်တာဝန်ကျေတာပဲတဲ့။ စောင်ရေတွေလဲ သိပ်တက်လာပြီတဲ့။

"ဝမ်းသာပါတယ်။ စာဖတ်ပရိသတ်ကိုလဲ သိပ်ကျေးဇူးတင်ပါတယ်"

"ခုရေးနေတာနဲ့ နောက်တစ်အုပ်ဆို စာချုပ်ပြည့်ပြီနော်"

"ဒါပေမယ့် သူ့ဆယ်အုပ်လုံး မထွက်ရသေးဘူးလေ"

"အဲဒါ မသင်းနဲ့ မဆိုင်ဘူးလေမသင်းတ[illegible] စာမူ

www.burmeseclassic.com

www.burmeseclassic.com



ပြည့်အောင် အပ်ဖို့ပဲ ကျန်တဲ့ကိစ္စတွေက ဆရာနဲ့ သူနဲ့ ညှိကြမယ်။ ပရိသတ်လက်ထဲ ရောက်အောင် ပို့ဖို့က ထုတ်ဝေသူရဲ့ အပိုင်းပါ”

“ခုတိုင်းဆို မကြာခင် ပြီးမှာပါ”

ဆရာနဲ့ ပြေလည်ပြီမို့ စိတ်ချမ်းသာစွာ စာတွေ ရေးနိုင်တော့မှာပါဟူသော ကျွန်မ၏ ရင်ထဲမှ စကားကို ဆရာကိုယ်တိုင်ကလည်း နှလုံးသားနားဖြင့် ကြားသိပြီး ဖြစ်ပါလိမ့်မည်။

“ကိုစောလွင်တောင် တိုက်ကို ဖုန်းဆက်သေးတယ်။ ကိုယ်နဲ့ တွေ့ချင်လို့တဲ့၊ ကိုယ်သိတယ် နောက်ထပ် စာချုပ်ချုပ်ချင်လို့ တခြား နှစ်တိုက်ကလဲ ကိုစောလွင်နဲ့ ပြီးရင် သူတို့ ဝင်ပါရစေ၊ ပိုပေးပါ့မယ်တဲ့ သိလား မသင်း”

“ဟုတ်ကဲ့”

“ကိုကတော့ သူများပေးတဲ့ ဈေးကို ကိုစောလွင်ကို ပြောပြမယ်လေ။ သူပေးနိုင်တယ်ဆိုရင် သူနဲ့ပဲ ဆက်လုပ်ချင်တယ် မသင်း ဘယ်လိုသဘောရသလဲ”

“ဆရာ”

“အင်း”

“ဆရာကလဲ ကျွန်မပြောပြီးပြီလေ အဲဒါ ကျွန်မ အလုပ်မဟုတ်ဘူး။ ကျွန်မလုပ်ရမှာက ဝတ္ထုတွေ ကောင်းသထက်ကောင်းအောင် ရေးဖို့ပဲ ထုတ်ဝေတဲ့ ကိစ္စ၊ ငွေကြေးကိစ္စက ဆရာ့ကိစ္စပေါ့ ဆရာရဲ့”



“မသင်း အဲဒီလို ခံယူထားတယ်လား”

“အသက်ထက်ဆုံး ခံယူထားတယ်”

ပြိုင်တူပြုံး၍ ပြိုင်တူ ရယ်မောဖြစ်ကြသည်။

“ကိုယ်ကတော့ စာပေနယ်ထဲမှာ ကျင်လည်နေတာ အနှစ်နှစ်ဆယ်လောက် ရှိပြီဆိုတော့၊ ဘယ်သူ ဘာလဲဆိုတာ မှန်းတတ်ပါပြီ။ ဒါပေမယ့် ကိုယ်က မသင်းကို အရိပ်လို မှီးထားပြီး ဆရာထွန်းသစ်နဲ့ အဆင်ပြေမှ တက္ကသိုလ်သင်းသရဖီရဲ့ စာမူရနိုင်လို့ ပြောနေကြတာကို ကိုယ် ဂရုမစိုက်ပါဘူး။ ဒါပေမယ့် မသင်းရှေ့မှာ မနေသင့်တော့ဘူး။ ကိုယ် ဖယ်ပေးလို့ရပြီ၊ မသင်း အနုပညာရော ငွေကြေးပါ အောင်မြင်ပြီမို့ ဆက်လျှောက်ပါစေတော့ဆိုတဲ့ စေတနာနဲ့ ဘေးဖယ်ပေးဖို့ စဉ်းစားမိခဲ့တာပါ။

“ဆရာ နေမင်းကြီးရယ်၊ အဲဒီအလင်းကွယ်ရင် ကျွန်မ ဆက်မလျှောက်တတ်ပါဘူးလို့ အပြတ်ပြောပြီးပြီပဲ။ ဒီခေါင်းစဉ်အောက်မှာ ထပ်ပြီး ဆွေးနွေးဖို့ မလိုတော့ပါဘူးရှင်”

“ကောင်းပါပြီခင်ဗျာ”

သည်တစ်ခါ ရယ်သံတွေက ပိုမို ကျယ်လောင်သွားခဲ့ပြီ–

“ဆရာ”

“အင်း”

“သည်တခါ စာချုပ်ပြီး ငွေတွေရရင် ကျွန်မကို အရင်လို အိမ်ပြောင်းမခိုင်းပါနဲ့နော်။ ကျွန်မ ဒီအဆောင်ရဲ့ အခန်းလေးထဲမှာပဲ နေချင်တယ်”

“ဘာဖြစ်လို့လဲ မသင်းရယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာပဲ ခုလို နေပါရစေ"

"အနုပညာ ဖန်တီးနိုင်လို့ရတဲ့ ငွေဟာ အင်မတန် စင်ကြယ်ပါတယ်။ စာရေးဆရာတစ်ယောက်ရဲ့ ဝတ္ထုစာအုပ်ကို ကြိုက်မှ ဝယ်တယ်။ ဖတ်ချင်မှ ငှားဖတ်တယ်။ မကြိုက်မနှစ်သက်ပဲ ဘယ်သူကမှ ငွေကုန်ခံ အချိန်ကုန်ခံပြီး ဝယ်မဖတ်ဘူး။ ငှားမဖတ်ဘူး။ ဒါကြောင့် ပရိသတ်ဆီက ရတဲ့ ငွေဟာ အင်မတန် မွန်မြတ်တယ်။

အဲဒီငွေနဲ့ တင့်တင့်တယ်တယ် နေစမ်းပါ၊ ထိုက်ထိုက်တန်တန် သုံးစမ်းပါကွာ"

"ဆရာ့ပြောတာတွေကို ကျွန်မ သဘောပေါက်ပါတယ်။ ဒါပေမယ့် ဆရာရယ် ကျွန်မ ဘာမှကို ထပ်မလိုချင်တော့ဘူး"

"မသင်းဟာ အောင်မြင်မှုတွေ ချမ်းသာကြွယ်ဝမှုတွေကို မြတ်နိုးတပ်မက်ရမယ့် အရွယ်ပါ။ ဘာဖြစ်လို့ ဘာမှ မလိုချင်ရတာလဲ။ အဲဒါ အဓိပ္ပာယ်မရှိဘူး။ မသင်းမှာ တစ်စုံတရာအတွက် ဆင်ခြင်နေရတာမျိုး ရှိသလား"

"တစ်စုံတရာ"

"ဟုတ်တယ် ပြောနိုင်ရင်ပေါ့လေ၊ ကိုယ်သိချင်တယ်"

"တချိန်ချိန်ကျရင် တလောကလုံးမှာ တစ်ယောက်ထဲ သိစေရမှာပါ အဲဒါ ဆရာပဲ ဖြစ်မှာပါ။

"မသင်းရဲ့ ဝတ္ထုဖတ်နေရသလိုပဲ ရှေ့ ဘာဖြစ်မှာလဲ။ ဘယ်လို ဇာတ်သိမ်းမှာလဲ ဆိုပြီး တစိတ်ထိတ်နဲ့ ဖတ်နေရသလိုပါပဲလားကွာ"



"ဇာတ်သိမ်းကလဲ ကောင်းမှာ မဟုတ်ပါဘူး ဆရာရယ်။ မေးမနေပါနဲ့တော့"

ဝတ္ထုဇာတ်လမ်းပေါင်းများစွာ ဖန်တီးနေရသော ကျွန်မသည် ကျွန်မ၏ ကိုယ်ပိုင် ဇာတ်လမ်းမှာ ဇာတ်သိမ်းမကောင်းနိုင်ပါဟု အားငယ်စွာ တွေးထားသည်။

ကျွန်မသည် သူတပါးဘဝကို အငှားယူထားရာမှ စာရေးဆရာဖြစ်လာသူ။

လူတစ်ယောက်ကို သေစေလိုသော လက်နက်ဖြင့် သူ့ရင်ဝကို ထိုးပစ်ခဲ့သူ။

စသော ကောင်းကွက်မရှိသည့် မိန်းမတစ်ယောက်၏ ဇာတ်လမ်းကို ဆရာ့အား တချိန်ချိန်မှာရော ထုတ်ဖော်ပြောဝံ့ပါမလား၊ ကျွန်မကိုယ် ကျွန်မလည်း မသေချာပါ။

ခုလို စာရေးဆရာတစ်ယောက် ဖြစ်လာလိမ့်မည်ဟူ၍လည်း တခါမှ မတွေးဘူးခဲ့။

တစ်ခါတစ်ရံ လက်ရှိ အဖြစ်ပျက်များသည် အိပ်မက်များလားဟုပင် မကြာခဏ တွေးဖြစ်သည်။

ဘာယာကြော်နှင့် ထမင်းတစ်နပ်ပြီးရသော ဘဝမှသည် One doorဆိုသော တံခါးတစ်ပေါက်နှင့် ရေခဲသေတ္တာငယ်လေး အတွင်းမှာ စားစရာ သောက်စရာ အစုံအလင် ရှိနေခဲ့ပြီး–

လှည်းတန်းမှ တန်ဖိုးအကြီးဆုံး ထမင်းချိုင့်ကို မှာစားနိုင်၍ အသားငါးများ စား၍ပင် မကုန်နိုင်သဖြင့် အဝတ်လျှော်ခြင်းနှင့် အခန်းသန့်ရှင်းရေး လာလုပ်ပေးသော ဒေါ်ခင်အေးကို နေတိုင်း

www.burmeseclassic.com

www.burmeseclassic.com



နီးပါး ပေးပစ်ရသည်။

ကျွန်မမှာ ပန်းသီးမှ အစ ကော်ဖီမစ်၊ ချောကလက်၊ လက်ဖက် အဆုံး စားစရာအစုံ ရှိသည်။ ဝတ်စရာလည်း ပြည့်နေပြီ။

ဆရာစီစဉ်ဝယ်ပေးထားသော တီဗီနှင့် ဒက်ခ်ဖြင့်လည်း ကြိုက်ရာ အခွေကို ငှားကြည့်နိုင်ပါသည်။ စကားနားမလည်သော်လည်း ဇာတ်ရည်လည်အောင် ကြည့်တတ်သဖြင့် အင်္ဂလိပ်ကားပေါင်းများစွာ ကျွန်မ ကြည့်ဖြစ်သည်။

ယခုအချိန်မှာ အစစအရာရာ လိုအပ်ခြင်းကင်းစွာ ပြည့်ပြည့်စုံစုံ နေထိုင်ခွင့် ရနေခြင်းမှာ...

ကျွန်မ၏ လေးစားကြည်ညိုရလွန်းပါသော ဆရာကိုထွန်းသစ်၏ ကျေးဇူးတရားများ ပါဟူသော အသိဖြင့် ခပ်သိမ်းသော စားဝတ်နေရေးများကို တွေးရင်း ဆရာကို ငေးကြည့်နေမိ၍...

"ဘာတွေ တွေးနေတာလဲ"

"ဘာမှ မဟုတ်ပါဘူး"

"စာရေးဆရာတစ်ယောက်ဟာ ဇာတ်သိမ်းပိုင်းရေးနေရင် အရူးတစ်ယောက်လိုပဲ ဘယ်သူ့မှ ဂရုမစိုက်ပဲ တွေးနေတတ်တာလေ"

"ဇာတ်လမ်းတွေးတာ မဟုတ်ပါဘူး။ ကျွန်မအကြောင်း ကျွန်မ တွေးနေတာ"

"ဘာတွေများ တွေးနေလဲ ဝတ္ထုအောင်မြင်ပြီးရင် ဇာတ်လိုက်မင်းသမီးလုပ်မယ်လို့ စိတ်ကူးနေပြီလား"



"ရမယ် ဒီရုပ်နဲ့"

ရယ်သံနှစ်ခု ပေါင်းဆုံ၍ အသံအဖြစ် ထွက်လာတော့ စောစောဆီကထက် ပို၍ ကျယ်လောင်လာသည်။

"ဆရာ ဘာစားခဲ့လဲ လက်ဖက်ရည်သွားဖျော်လိုက်ရမလား မုန့်ကတော့ ဘီစကစ်ပဲ ရှိတယ်"

"မသင်းရော မဆာဘူးလား"

"အင်း...ဆာသလိုလိုပဲ မနက်စာ မစားချင်လို့ ဒေါ်ခင်အေး ပေးလိုက်ပြီ"

"ဒါဆို တစ်ခုခု အပြင်မှာ သွားစားကြရအောင်လား"

"အပြင်မှာ"

"ဟုတ်တယ် ကိုယ်ကျွေးမှာ"

ကျွန်မက ဆရာ့ကို တည့်တည့်ကြည့်လိုက်ပြီး ကိုယ့်မျက်နှာကို ကိုယ် လက်ညှိုးနှင့် ပြန်ထိုးကာ...

"စာမူခသိန်းချီရအောင် ဆရာလုပ်ပေးထားတဲ့ မိန်းကလေး၊ တိုက်ခန်းငှားခ တစ်လတစ်သောင်းကျော်ရအောင် ဖန်တီးပေးထားတဲ့ ကောင်မစုတ်လေးတစ်ယောက်ကိုများ ပြန်ပြီးကျွေးမွေးပြုစုရမယ်လို့များ ကြံသေးသလား ဆရာရယ် အံ့ပါရဲ့တကယ်ပါပဲ"

ဆရာသည် တကယ့်ကို သည်းအူလှိုက်စွာ ရယ်မောရှာသည်။

"ကျွန်မလဲ ဗိုက်ဆာနေပြီ သွားရမယ့် ဆိုင်နေရာကို ဆရာစဉ်းစားထား၊ ကျွန်မ အခန်းတခါး သွားပိတ်လိုက်ဦးမယ်နော်"

"စောစောဆီက ကိုယ့်ခြေကိုယ့်လက်ကိုပင် မီသယ်ချင်

www.burmeseclassic.com

www.burmeseclassic.com

လောက်အောင် လေးလံထိုင်းမှိုင်းနေသော ကျွန်မသည်...

ယခုအချိန်မှာ နွေဦးလေနှင့်အတူ လွင့်နေသော ရွက်ခြောက်လေးတစ်လွှာလို့ ပေါ့ပါးဖျတ်လပ်လှချေသည်။

အဝတ်လဲ■လိုလုပ်ပြီးမှ မိုးပြာရောင်ကို ရွေး၍ ဝတ်ထားပြီးမှန်း သတိရသည်။

မျက်နှာကို လော်ရီရယ်လ် အလှပြင်ပစ္စည်းများနဲ့ အမြန်ပြင်ဆင်ပြီး ဆံကို ဖီးနေစဉ်မှာ—

ကျွန်မ၏ ရှည်လျားသန်မာ နက်မှောင်လှသော ဆံပင်အရှည်ကြီးကို လွမ်းမိသည်။

"သင်းမြလှိုင်"နှင့် တူစေရန် ဆံပင်ကို ဖြတ်ချခဲ့ရခြင်းဖြစ်သဖြင့် ဆံပင်တိုလေးနှင့် ဖြစ်သည်။ မျက်မှန်တော့ မတတ်ဖြစ်တော့ပါ။

နောက်မှာ စည်း၍ရအောင် ရှည်လာပြီ ဖြစ်သဖြင့် အပြာရောင်ကလစ်နှင့် ညှပ်လိုက်ရသည်။

ဤအဆောင်မှာ ထားရှိသော ငွေသုံးသောင်းကျော်လုံးကို လက်ကိုင်အိတ် အပြာရောင် လှလှလေးထဲ ထိုးထည့်ပြီး ကြိုးသိုင်းဖိနပ် အဖြူလေးကို စီးရန် ထုတ်လိုက်သည်။

ဤသို့ ကျွန်မ အလှပြင်နေဆဲကာလမှာ အဆောင်၏ သီးခြားဧည့်ခန်းလေးထဲမှာ ကျန်ရစ်သော စာရေးဆရာ၊ ကဗျာဆရာ အယ်ဒီတာ ကိုထွန်းသစ်သည်လည်း မတည်ငြိမ်သော အတွေးများဖြင့် နှလုံးသားသည် လှုပ်ခုန်နေ၏။

သင်းမြလှိုင် ပြန်လာမည့် လမ်းဘက်သို့ မျှော်၍ မျှော်၍



ကြည့်နေမိသည်။ ခေတ္တလေး ပျောက်ကွယ်သွားသည်ကို စိတ်ထဲမှာ လွမ်းဆွတ်သလို ခံစားနေရ၏။

"မသင်းဆိုတဲ့ မိန်းကလေးရယ် ကိုယ့်ဘဝထဲကို ဘာကြောင့်များ နောက်ကျပြီးမှ ဝင်လာရတာလဲကွာ"

အသက်သုံးဆယ်ခုနစ်နှစ် ရှိပြီး သမီးအသက်ပင် ဆယ့်နှစ်ကျော်ရှိနေသော လူလတ်အရွယ် အိမ်ထောင်သည် ကိုထွန်းသစ်သည်...

ထူးခြားဆန်းသစ်သော၊ လှပသိမ်မွေ့သော၊ နူးညံ့ ညင်သာသော၊ ရင်ခုန်သံအသစ်ကို သည်နေ့ သည်အချိန်မှာမှ ပထမဆုံး စတင် ခံစားဖူးခြင်း ဖြစ်သည်။

မိန်းကလေးပေါင်းများစွာနဲ့ ပတ်သက်ခဲ့ဖူးပေမယ့် "သင်းမြလှိုင်"လို သူ့ကို နားလည်လွန်းသော မိန်းကလေးမျိုး မရှိခဲ့ဘူးသေးပါ။

သည်မိန်းကလေးသည် သူ့ကို နားလည်ရုံမက သူ့ကို ကြည်ညိုလေးစားလွန်းသည်။ မြတ်နိုးအားကိုးရှာလွန်းသည်။

"ငါဟာ သူ့ဘဝရဲ့ အလင်းရောင်တဲ့"

"သင်းသရဖီရဲ့ နေမင်းကြီးတဲ့"

သူ့အတွက် ငါဟာ တကယ်ပဲ အဖိုးတန်နေပြီလား။

"ပြီးတော့ ဒီမိန်းကလေးရဲ့ မျက်ရည်ကို ငါ ဘာကြောင့် မကြည့်ရဲရတာလဲ၊ ငါကိုယ်တိုင် ငါ့မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်အိုင်လာအောင် သူနဲ့ ထပ်တူ ဘာကြောင့်များ ခံစားခဲ့ရတာလဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘဝတလျှောက်လုံးမှာ ဘယ်မိန်းကလေးကိုမှ "သိပ်ချစ်တာပဲ"လို့ မပြောဘူးခဲ့သလို ဘယ်သူ့ကိုမှလဲ မချစ်ဘူးခဲ့တဲ့ ငါ"

အချစ်မဲ့ခဲ့တဲ့ ငါ့ရဲ့ နှလုံးအိမ်ဟာ ခုအရွယ်ကျကာမှ ခုလို လှုပ်ရှားခံစားနေရတာဟာ...

"ချစ်ခြင်းတရားရဲ့ သင်္ကေတတွေပဲလား"

"ဟုတ်ပါတယ်။ ငါ့ရင်ထဲမှာ ပြည့်သိပ်မွန်းကြပ်ခြင်းနဲ့အတူ သိမ့်သိမ့်ငြိမ့်ငြိမ့်ဆေးပါ ရောထွေးခံစားနေရတာဟာ..."

"ချစ်ခြင်းမေတ္တာရဲ့ သိမ်မွေ့နက်ရှိုင်းမှုပဲပေါ့"

ဒါဆိုရင်...ဒါဆိုရင်...

"ငါဟာ မသင်းဆိုတဲ့ ဒီကမ္ဘာလောကကြီးထဲက တစ်ဦးတည်းသော တစ်ယောက်တည်းသော မိန်းကလေးကို...

"ငါ့ရင်နဲ့အမျှ နှစ်နှစ်ကာကာ ဖွဲ့ဖွဲ့လန်းလန်း မြတ်မြတ်နိုးနိုးနဲ့ အချစ်ကြီး ချစ်သွားခဲ့ပြီပေါ့ကွယ်"

## အခန်းနှစ်ဆယ်

"သားလေး... သားလေး ဘယ်မှာလဲ"

"အမေ ကျွန်တော် ဒီမှာ မလာနဲ့ မလာနဲ့ ရှေ့မှာ ခုန်ကြီးနဲ့"

မောင်မောင် တရှိန်ထိုး ထပြေးပြီး ဆည်းတားထားလိုက်နိုင်သဖြင့် ဒေါ်စိုးစိုးဦး လဲကျမသွားခြင်း ဖြစ်သည်။

မောင်မောင် မိခင်မှာ မျက်မမြင် ဒုက္ခိတတစ်ယောက်။

ညီမလေးကလည်း ဒီနှစ် ဆယ်တန်းမို့ သူ့ကျောင်းစာ၊ သူ့ကျူရှင်များနှင့် လုံးခြာလိုက်နေသဖြင့် အိမ်ကိစ္စကိုပင် ကောင်းစွာ မကူညီနိုင်ပါ။ ညီထွေးလေး ရဲရင့်နိုင်ကလည်း ဘာမှ အဖော်မရ။

ဤမိသားစု လေးယောက်အတွက် အရွယ်နှင့်မမျှအောင် တာဝန်ထမ်းဆောင်နေရရှာသည်က မောင်မောင်။

www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်လုံး၏ စားဝတ်နေထိုင်ရေးအပြင် မိခင်ကြီး၏ ဝေယျာဝစ္စများပါ ဝိုင်းလုပ်၊ မီးဖိုချောင်ကိစ္စက အစ ညီမလေးနှင့်အတူ ကူချက်ပေးနေရသဖြင့် မောင်မောင်၏ အားလပ်ချိန်ဆိုသည်မှာ အိပ်စက်ချိန်မှ လွဲ၍ နှစ်ဆယ့်လေးနာရီထဲမှာ ရှာမရပဲ တစ်နေ့တာ ပြီးဆုံးသွားသည်ချည်းသာ။

"အမေ၊ အမေ ဘာလုပ်မလို့ ထွက်လာတာလဲဟင်"

"ဩော်...အခန်းထဲမှာ နေရတာ ညောင်းလွန်းလို့ပါ။ ပြီးတော့ သားကြီးနားမှာလဲ နေချင်လို့"

"ကျွန်တော်က အလုပ်လုပ်နေတာ အမေရဲ့"

"အေးပါ သားရယ် ဒါဆိုလဲ အမေ ပြန်ဝင်ပြီး နေပါ့မယ်"

လာရာလမ်းဘက်သို့ ခြေကို ပြန်ရွှေ့ပြီး သူ့အခန်းကျဉ်းလေးထဲသို့ ပြန်ဝင်တော့မည့် မိခင်ကြီး၏ ပခုံးကို ဖက်ကာ...

"မဝင်နဲ့တော့လေ အမေ လာ...လာ...အိမ်ရှေ့က ခုံလေးမှာ ထိုင်၊ သားက အမေ့ဘေးမှာ အလုပ်လုပ်နေမယ်နော်"

"သားကြီးရယ်"

"ဟာ...အမေကလဲ ငိုစရာမှ မဟုတ်တာ လာ...လာ...သားတွဲမယ်"

မျက်မမြင် မိခင်ကြီးကို တယုတယ တွဲပြီး ကြိမ်ပေါက်နေသည့် ဆက်တီကုလားထိုင်ဟောင်းမှာ ထိုင်စေသည်။

သည်တော့မှ ကျေနပ်ဝမ်းသာစွာဖြင့် သားကြီး၏ ပခုံးခေါင်းနှင့် မျက်နှာလေးကို စမ်းပြီး...

"သားကြီး သိပ်ပင်ပမ်းနေပြီကွယ်"



"ယောက်ျားဆိုတာ အလုပ်လုပ်မှ ဂုဏ်ရှိတာလို့ အဖေပြောခဲ့တာလေ။ အမေ့ကို ရှာကျွေးနိုင်တဲ့ သားဖြစ်ရတာ၊ မောင်မောင်တို့ ဘယ်လောက် ကံကောင်းလဲ အမေ"

"မေမေ့သားကြီးရယ်"

"မေမေ့ကို ဘာလုပ်ပေးရမလဲ"

"ဟင်အင်း ဘာမှ လုပ်ပေးစရာ မလိုဘူး။ သားကြီးနားမှာလဲ နေချင်လို့ အပြင်ထွက်လာတာပါ။ သား လုပ်စရာရှိတာ လုပ်ပါ။ အမေ ဒီမှာ ထိုင်နေမယ်နော်"

"ဟုတ်ကဲ့ မေ"

"အိမ်ရှေ့ မြေကွက်လပ်မှာ ကားဘီးလေချိန် ကျွတ်ကိုဖာ ဘီးထဲထည့် ကားမှာ ပြန်တပ်ရသော လုပ်ငန်းလေး ရှိသည်။ လူနှင့် အားစိုက်လုပ်ရသဖြင့် ပင်ပမ်းလှသည်။ အချိန်ကလည်း အတိအကျမရှိ၊ ကားရောက်လာမှ အလုပ်ဖြစ်သဖြင့် အလုပ်ချိန်က အချိန်ပြည့်လို ဖြစ်နေသည်။

ဤလုပ်ငန်းလေးနှင့် မိသားစု လေးယောက် မစားလောက်ပါ။

ကားတာယာအဟောင်းတွေ ဝယ်ပြီး ကွန်ပေါင်းတင် ပြန်ရောင်းသော အလုပ်ပါ တွဲလုပ်သဖြင့် အနည်းငယ်မျှ အဆင်ပြေသည်။

ငွေရင်းငွေနှီးလေး မြှုပ်နှံထားနိုင်လျှင် သည်ထက် ပို၍ ဝင်ငွေရနိုင်မည် ဖြစ်ကြောင်း သိသော်လည်း ရင်းနှီးမြှုပ်နှံထားစရာ ငွေက မရှိ၊ သားအမိတတွေ ထမင်းနပ်မှန်ဖို့ပင် အနိုင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်နေရ၍ တခါတခါ မောင်မောင် စိတ်ရှုပ်ကျသည်။

ကုလားထိုင်စုတ်အောက်မှ စားပွဲဟောင်းလေးပေါ်တွင် မောင်မောင် ဗွားထားသော စာအုပ်အဟောင်းလေးများကို လက်နှင့် စမ်းသပ်နေသော မျက်မမြင် မိခင်ကြီး ဒေါ်စိုးစိုးဦးကို မောင်မောင် ငေးကြည့်ရင်း ရင်ထဲမှာ လှိုက်ဆို့လာသည်။

စာဖတ် သိပ်ဝါသနာပါသော မေမေ။

သူ့စိတ်ကြိုက် စာရေးဆရာများ၏ ဝတ္ထုတိုင်းကို ထွက်သမျှ စောင့်၍ ဖတ်ခဲ့သော မေမေ။

မဂ္ဂဇင်းစုံလည်း ဝယ်ပြီး ကောင်းနိုးရာရာ လိုက်နာဖွယ် ဆောင်းပါးဝတ္ထုများကို သူ ဖတ်ရလျှင် မိသားစုကို အမြဲပြန်ပြောပြတတ်သော မေမေ။

မိန်းမသားတစ်ယောက်၏ တက်ကြွစွမ်းဆောင်နိုင်ဆုံးသော လေးဆယ့်ငါးနှစ်အရွယ်မှာ မေမေ မျက်စိကွယ်ခဲ့ရရှာသည်။

ကွယ်ရခြင်း အကြောင်းက ပို၍ ရင်နာဖွယ်ကောင်းချေသည်။

မောင်မောင်သည် မိခင်ကို ကြင်နာခြင်းများစွာနှင့် ငေးကြည့်နေမိပြီးမှ ကားဘီးကို ခွေထဲသို့ ထည့်ရန် တစ်ကိုယ်လုံးအားကို ယူ၍ တက်တက်နင်းပြီး ဖိသွင်းနေရသည်။

တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်ကျ၏။ လူလည်း ပင်ပမ်းလှပြီ။ မိခင်သို့ စကားပြောလျှင် မောသံပါမည်စိုးသဖြင့် စကားတစ်လုံးမှ မပြောပဲ ဆက်လုပ်နေဆဲမှာ–



"ကိုမောင်မောင်ရေ စာပါတယ်။ လက်မှတ်ထိုးပါ"

"ဟာ"

စာပို့သမားထံသို့ အပြေးရောက်သွားသည်။ သူ့ထံသို့ မမဆီမှလွဲပြီး ဘယ်သူမှ စာပေးမည်သူ မရှိပါ။ မမ၏စာလေးကို ပေရေနေသော သူ့လက်ဖြင့် မကိုင်ရက်သဖြင့် အင်္ကျီနှင့် ဘောင်းဘီတွဲဆက်ထားသော မကြောင်းနှစ်ဝတ်စုံနှင့် သုတ်ပြီးမှ စာကို လက်မှတ်ထိုးယူလိုက်သည်။

"ဟာ ပိုင်တယ်ကွာ၊ တကယ့်ကို မမ ပို့လိုက်တဲ့စာ"

စာလေးကို တချက်နမ်းပြီး မြေပြင်မှ အိမ်၏ ကပြင်သို့ လှမ်းကာနဲ့ ခုန်တက်လိုက်သဖြင့်–

"စာ ဟုတ်လား၊ ဘယ်က စာလဲဟင် သား"

"ကျွန်တော့်ချစ်တဲ့သူဆီက အမေရဲ့"

"အို…မေမေ့သားလေးမှာ ချစ်သူတွေ ဘာတွေတောင် ရနေပြီလားကွယ်"

"ချစ်သူရပြီဆိုတာတော့ အမှန်ပဲ၊ ဒါပေမယ့် သူက ကျွန်တော့်ကို မချစ်ပဲ၊ ကျွန်တော်က သူ့ကို ချစ်ရတဲ့အတွက် ကျွန်တော့် ချစ်တဲ့သူဆီကလို ပြောတာ"

"ဩော်…ဩော်… အဲဒါ ဘယ်က"

"နေဦး အမေရာ။ ကျွန်တော် စာဖတ်ချင်လှပြီ"

"ဩော်…အေးအေး ဖတ်ဖတ် သားလေး"

သားကြီး ခေါ်လိုက် သားလေး ခေါ်လိုက်နှင့် အားကိုးရှာလှန်းသော မိခင်ကြီးက ခွင့်လွှတ်စွာ ပြုံးနေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ရေ

စာပြန်နောက်ကျတာ ခွင့်လွှတ်နော်။ လုံးချင်းတစ်အုပ် ဇာတ်သိမ်းပိုင်း ရေးနေတာရယ်၊ စိတ်မချမ်းသာစရာလေးတစ်ခု ကြုံတွေ့သွားတာရယ် ကြောင့်ပါ။

ခုတော့ ဝတ္ထုလဲပြီး၊ စိတ်ညစ်ခဲ့ရတာတွေလဲ ပြေပြီမို့ မောင်မောင့်ဆီ စာပြန်လိုက်တာပါ။

မောင်မောင်ရဲ့ စာတွေ နေ့စဉ်နီးပါး မမ ရထားတာ ခုဆို နှစ်ဆယ့်ခုနစ်စောင်တိတိ ရှိပြီ၊ ရေးလဲ ရေးနိုင်တဲ့ ကောင်လေး...

မမရဲ့ ဝတ္ထုရှည် ဝတ္ထုတိုတွေအားလုံးကို အသေးစိတ် ဖတ်ပြီး အနုစိတ် ဝေဖန်ပေးတဲ့ မောင်လေးကို မမ တကယ်ပဲ ကျေးဇူးတင်ပါတယ်။

မမရဲ့ ဝတ္ထုတွေ ကောင်းနေတာ၊ အကွက်စေ့နေတာ၊ တင်ပြပုံဆန်းသစ်နေတာတွေဟာ မမ တစ်ယောက်တည်း တော်လို့ မဟုတ်ပါဘူး။ မမရဲ့ ဆရာ ကိုထွန်းသစ်က အသေးစိတ် ဖတ်ပြီး လိုအပ်သမျှ ပြင်ခိုင်းတဲ့အတွက် စာက ညက်ပြေနေတာ ဖြစ်ပါလိမ့်မယ်။

မောင်လေး့ စာတွေအရ၊ မမတစ်ယောက်တည်း အဆောင်မှာ နေတာကို အံ့ဩနေပုံရတယ်။



မမ ဘယ်သူလဲဆိုတာ သိပါရစေတဲ့။ မမရဲ့ ဘဝကို ဘယ်လို ဖြတ်သန်းလာခဲ့သလဲ၊ စာရေးဆရာဖြစ်အောင် ဘယ်လို ကြိုးစားခဲ့တာလဲ ဆိုတဲ့ မေးခွန်းတွေက တသီကြီးပါလား တအားကို "ဗျူး"လိုက်တာပေါ့နော်။

မမဘဝက သိပ်မဆန်းပြားပါဘူး မောင်မောင်ရယ်။ ဒါပေမယ့် မမရဲ့ ကိုယ်ရေးသမိုင်းကို ပြောပြဖြစ်ရင် မောင်မောင်ဟာ ဒုတိယလူ အဖြစ်နဲ့ သိနိုင်ခွင့် ရကောင်းမလားပဲ မမ ကိုယ်တိုင်လဲ မသေချာသေးပါဘူးလေ။

မောင်မောင်ရဲ့ ဘဝလေး ကြားသိရတာ ကရုဏာသက်စရာကောင်းလိုက်တာ မောင်မောင် ငယ်ကတည်းက မောင်မောင့်အဖေဆုံး၊ အမေက နောက်အိမ်ထောင် ပြုတယ်။ (ခုတော့ ဆုံးသွားပြီပေါ့နော်) မောင်မောင့်ကို မောင်မောင်ရဲ့ ကြီးကြီး ဖြစ်သူက မွေးစားတယ်။ အဲဒီကြီးကြီးက မျက်စိမမြင်ဘူး မောင်မောင့်ကိုတော့ ချစ်လဲချစ် အားလဲ ကိုးရှာတယ်။ မောင်မောင် ဆယ်တန်းကျပြီး ဆက်မဖြေတော့ပဲ ကားဘီးပြုပြင်ဆိုင်လေး ဖွင့်ပြီး မွေးစားမိခင်ကြီးကို ရှာကျွေးနေတယ်။ ညီလေးနဲ့ ညီမလေးက ဆိုးတယ်။

ဒါ မောင်မောင်ရဲ့ ဘဝဖြစ်စဉ် အကျဉ်းပါပဲလို့ ရေးပြတာ ဖတ်ရပါတယ်။ မောင်မောင်ရေ

www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ ကိုယ့်ဘဝကို ချပြရဲတဲ့ လူဟာ လူဖြစ်ရကျိုးနပ်ပါတယ်ကွယ်။

ဆင်းရဲတာ၊ ချမ်းသာတာ၊ လုပ်ငန်းကြီးကျယ်တာ၊ လုပ်ငန်းသေးသိမ်တာနဲ့ မဆိုင်ပါဘူး၊ ကိုယ့်အလုပ်အကိုင်ဟာ တရားဥပဒေနဲ့ လွတ်ကင်းပြီး လူ့အသိုင်းအဝိုင်းထဲမှာ ဖော်ထုတ်ရဲဖို့ပဲ လိုပါတယ်။

မောင်မောင်ရယ် လူ့ဘဝမှာ ကိုယ့်ရဲ့ သမိုင်းကို တစ်ခုမကျန် ချပြနိုင်ခွင့်ရှိတဲ့ လူဟာ ဘယ်အချိန် ဘယ်နေရာမှာပဲ ဖြစ်ဖြစ် ရဲရဲဝံ့ဝံ့ ရင်ကော့နိုင်တာပေါ့နော်။

လူတစ်ယောက်ဟာ သူ့ရဲ့ သမိုင်းကြောင်းမှာ အမည်းစက် ရှိနေမယ်၊ အဲဒီ အမည်းစက် အမည်းကွက်ဟာလဲ လူသူမသိအောင် လျှို့ဝှက်ဖုံးကွယ်ထားရမယ်ဆိုရင် အဲဒီလူတစ်ယောက်ရဲ့ ဘဝဟာ အမြဲတမ်း ထိတ်လန့်ညှိုးခြောက် နွမ်းနယ်နေရတတ်တယ် မောင်မောင်ရယ်။

လူ့ဘဝမှာ တဝက်ရှင် တဝက်သေနေရတဲ့ အဖြစ်မျိုးဟာ ဘယ်လောက်များ လူဖြစ်ရှုံးသလဲနော်။

“မမဘဝရဲ့ အောင်မြင်မှုတွေအတွက် တနင့်တနဲကြီးကို ဝမ်းသာမိပါတယ်”တဲ့လား။



“မမအတွက် ဒီကမ္ဘာပေါ်မှာ ဝမ်းသာပေးနိုင်ဆုံးဟာ ကျွန်တော်ကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ပါဘူး မမရယ်”တဲ့လား။ “မမရဲ့ အနုပညာ လုပ်ခတ်မှုလေးတွေကို အသေးစိတ် စောင့်ကြည့်နေတာ မြန်မာပြည်မှာ ကျွန်တော်တစ်ယောက်ထဲပဲ ရှိမှာပါလို့ ပြောရဲတယ်”တဲ့လား။

မောင်မောင် မမကို ခုလို ဂရုတစိုက် စောင့်ကြည့်ပေးတာ ခံစားပေးတာ ကျေးဇူးပါပဲကွယ်။

ဒါပေမယ့် မောင်မောင်ရေ…

လူသားတစ်ယောက်ရဲ့ အောင်မြင်မှုဆိုတာ စိတ်ရောကိုယ်ပါ အောင်မြင်မှုပေါ့နော်။ ကိုယ့်လုပ်ဆောင်ချက်တွေက အောင်မြင်ပြီး ကိုယ်စိတ်က ပျော်ရွှင်ချမ်းမြေ့မှု မရှိရင်–

“ဒါမှမဟုတ်…

စိတ်အေးချမ်းသာတော့ နေရပါရဲ့ ဘာဖြပ်ဝတ္ထုမှ မပိုင်ဆိုင်ပဲ ချို့ချို့ငဲ့ငဲ့နဲ့ နေရမယ်ဆိုရင်–

အဲဒီလို လူကို အောင်မြင်တယ်လို့ ခေါ်နိုင်ပါ့မလားဟင် မောင်မောင်။

မမရဲ့ စာကြောင့် ခေါင်းရှုပ်သွားပြီလား” မမရဲ့ စာရှုရင် အနှိုင်းမဲ့ ကြည်နူးခြင်းများနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်ရပါတယ်”ဆိုတဲ့ မမရဲ့ မောင်လေး စိတ်များညစ်သွားပြီလား။

မောင်မောင်ရေးသလို မမနဲ့ ဆုံခွင့် မမရဲ့ တုန့်ပြန်တဲ့ ရင်းနှီးမှု ရရှိတဲ့အတွက် သိပ်ကံကောင်းတဲ့ ကျွန်တော်ပါဆိုတာ ဟုတ်ချင်လဲ ဟုတ်မှာပါပဲလေ။

ဘာဖြစ်လို့လဲဆိုတော့ တက္ကသိုလ် သင်းသရဖီဆိုတဲ့ စာရေးဆရာမတစ်ယောက်ဟာ သူ့ပရိသတ် ထုထည်ထဲက တစ်ယောက်တည်းသောသူကို ရွေးချယ်ခင်မင်ခဲ့ပါတယ်။ အဲဒါ မောင်မောင် ဖြစ်နေလို့ပါပဲ။

မောင်မောင်ရေ ခုမှ နာရီကြည့်မိတယ် ကြည့်စမ်း သန်းခေါင်ကျော်လို့ နံနက်ဦး ၂ နာရီနဲ့ မိနစ်လေးဆယ်တောင် ရှိသွားပြီ ခု အရင်လို မဟုတ်တော့ဘူး မောင်မောင်ရဲ့ အိပ်ပျက်ရင် ရင်တွေ တအားခုန်တာပဲ။ အိပ်ဆေးမပါပြန်ရင်လဲ အိပ်လို့ မရတတ်တာမို့ အိပ်ဆေးသောက်ပြီး အိပ်လိုက်တော့မယ်နော်။ ခုတော့ မမရဲ့ အိပ်ချိန်ထဲကနေပြီး မမရဲ့ မောင်လေးဆီကို စာထိုင်ရေးနေတာပါ။

ခုချိန်ဆိုရင် မမခင်မင်ရတဲ့ မမရဲ့ မောင်လေး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရောပေါ့။

လှပတဲ့ အိပ်မက်တွေ မက်ပါစေ



မက်တဲ့ အိပ်မက်အတိုင်း လှပပြည့်စုံတဲ့
ပိုင်ဆိုင်မှုတွေ ရရှိပါပါစေလို့ မမ ဆု
တောင်းလိုက်ပါတယ်။
ခင်မင်ရင်းနှီးစွာဖြင့်...
မမ သင်းမြလှိုင်
(တက္ကသိုလ် သင်းသရဖီ)

မောင်မောင်သည် စာကို ရင်ဘတ်ပေါ်မှာ တင်ပြီး မျက်ပေါ်မှာ တစ်ပတ်လှိမ့်ပစ်လိုက်သည်။

ငယ်စဉ်မှစပြီး ယခုအသက်နှစ်ဆယ်ရောက်သည်အထိ သူ သည်လောက် ပြည့်စုံစွာ ဝမ်းသာကြည်နူးရမှုမျိုး မကြုံဆုံဘူးသေးပါ။

ရင်သည် နှစ်သိမ့်ခြင်းများဖြင့် သိမ့်သိမ့်ခါနေ၏။

“မမရာ”

သက်ရှိကဲ့သို့ မမ၏ စာကို ရင်ဘတ်ပေါ် တင်ပြီး လက် စ်ဖက်ဖြင့် ပိုက်ဖက်ထားလိုက်သည်။

သည်မိန်းမပြတ်သည် ဟိုးလှေကားမြင့်ကြီးပေါ်မှ တစ်ထစ် င်း နင်း၍ ဆင်းလာကာ မြောင်းထဲမရောက်ရုံတမယ် မြေ ကြီးပေါ်မှာ ရှိနေသော မိမိကို အရေးတယူ လှမ်းကြို ဆက်ဆံ ည်။

ဟူ၍ မမကို အမြင့်ကြီး မြှင့်ကာ သူ့ဘဝကို အနိမ့်ဆုံးသို့ မ့်ထားသော မောင်မောင်သည် မမ၏ “စာ”ကြောင့် ဝမ်းသာ တွေနှင့် ပြည့်နှက်နေချိန်မို့။

www.burmeseclassic.com

www.burmeseclassic.com



သူ့ မမ၏ ရင်ထဲမှ လျှို့ဝှက်ခံစားချက်များထဲမှ တစ်စိတ်တစ်ပိုင်းကို ဖော်ပြထားသော စာ၏ အဓိပ္ပာယ်ကိုပင် သူ မစမ်းစစ်မိသေးပါ။

အနုပညာ ဝါသနာကြီးလွန်းသော ကောင်လေး တစ်ယောက်သည် သူ့ အလွန်အမင်း နှစ်သက်စွဲလန်းရသော စာရေးဆရာမတစ်ဦးနှင့် သိကျွမ်းခင်မင်ခွင့် ရခြင်းအတွက်...

ကောင်းကင်ပြင်ကြီးကို ခေါင်း ထိတိုက်နိုင်သည်အထိ အမြင့်ကြီး ခုန်ပစ်လိုက်ချင်သည်။

ရင်ထဲမှာရှိနေသော ခံစားမှုများကို တလောကလုံး ကြားအောင် အော်ဟစ်ပြောပြလိုက်ချင်သည်။

"မမနဲ့ သိတယ်ဆိုတာ ဘယ်သူ့ကိုမှ မပြောရဘူးနော်။ အဲဒါတော့ မောင်မောင် မမကို ကတိပေး"

ဆိုသော စကားကြောင့် မျက်စိမမြင်သော မွေးစားမိခင်ကြီးမှ လွဲ၍ သူနှင့် မမ သည်လောက်အထိ ခင်မင်ကြပါ၏ ဆိုသည်ကို မောင်မောင် ဘယ်သူ့ကိုမှ ပြောမပြဖြစ်ပါ။

မမ စကားနားထောင်ပြီး မမအပေါ် ကတိတည်ခြင်းမှာလည်း ချစ်ခြင်းမေတ္တာ၏ နက်ရှိုင်းမှုကို ဖော်ပြခြင်းတစ်မျိုးပါပဲဟု 'မောင်မောင် ခံယူထားပါ၏။

## အခန်း နှစ်ဆယ့်ခြောက်

မြရာပင်မဂ္ဂဇင်းတိုက်မှာ အလုပ်လုပ်စဉ်ကသာ ဘတ်စကားနှင့် ခြေလျင်ဖြင့် လူကြားသူကြား တိုးဝင်သွားလာနေရပါသော်လည်း စာရေးဆရာ ဖြစ်ပြီးနောက်မှာအချိန်မှန်လည်း ဘယ်မှ သွားစရာ မလိုသဖြင့် အဆောင်မှာသာ အချိန်ကုန်လေ့ ရှိပါသည်။

ထမင်းကိုလည်း သန့်ရှင်းကောင်းမွန်သော ဟင်းလျာများကို ချိုင့်ဆွဲစား၍ အချိန်မှန်လာပို့သည်။ လျှပ်စစ်ထမင်းအိုးဖြင့် ထမင်းကို မနက်စာညစာ ချက်ထားသဖြင့် မီးဖိုချောင်ကိစ္စ ဘာမှ ကျွန်မ လုပ်စရာမလို။

ဒေါ်ခင်အေးကလည်း ပန်းကန်ဆေး အဝတ်လျှော် ကြမ်းတိုက် စသော သန့်ရှင်းရေးများ နေ့စဉ် လာလုပ်သဖြင့်-

ကျွန်မမှာ တစ်ကိုယ်ရည် အလုပ်သာ ရှိပါ၍ စာများ ဆက်တိုက်ရေးနေနိုင်ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အပြင်ထွက်ခဲ့သည်။

ကျွန်မ၏ အဆောင်သို့လည်း ဧည့်သည်နှစ်ဦးသုံးဦးမှ လွဲ၍ ဘယ်သူမှ မလာကြပါ။

ထိုနှစ်ဦးသုံးဦးမှာလည်း ကျွန်မ၏ သည်ဘက်ဘဝဖြစ်သော သင်းမြလှိုင်အနေနှင့် သိကြသည့် မြရာပင်မဂ္ဂဇင်း ဝိုင်းတော်သားများသာ ဖြစ်သည်။ ဆရာနှင့် ဦးစောလွင်တို့သာ ဖြစ်သည်။

ကျွန်မထံသို့ ဘယ်သူမှ လာမည့်သူ မရှိသလို ကျွန်မက လည်း ဘယ်သူ့ထံသို့မှ သွားစရာ မလိုပါ။ သွားချင်လျှင်ပင် သွားစရာ အသိမရှိပါ။ ကျွန်မက ဘဝပြောင်းထားသော သင်းမြလှိုင် လေ။

ကျွန်မဘဝကလည်း လူတွေ မသိလေ ပိုကောင်းလေပဲ လေ။

သို့ပါသော်လည်း

ဝတ္ထုရှည်ကြီး ပြီးကာစမို့ စိတ်လက်ပေါ့ပါး လန်းဆန်း နေသည်။ ဝတ္ထုမပြီးခင်ကတည်းက ဖတ်ဖို့ စုထားသော စာအုပ်များ လည်း အားလုံး ဖတ်ပြီးပြီ။

"ရော့ ဒီစာအုပ်တွေ မသင်း ဖတ်သင့်တယ်"

ဆိုပြီး ဆရာယူလာသည့် သုတနှင့် ရသစာအုပ်များလည်း ဖတ်စရာ မကျန်တော့ပါ။

မိမိ ကျရာ လုပ်ငန်းကို အားသွန်ခွန်စိုက် လုပ်တတ်သော ဝီရိယကြီးသော သူတို့သည် တာဝန်တစ်ရပ် ပြီးဆုံးအောင်မြင် သွားသည့်အခါ စိတ်ရောကိုယ်ပါ လွတ်လပ်ပေါ့ပါးသွားတတ်



ကြသည်။ ထိုကာလ၏ ခံစားမှု ပီတိရသကို တာဝန်ကြီးမားစွာ ထမ်းဆောင်ကြသူများသာ ကိုယ်ချင်းစာ နားလည်နိုင်ပါမည်။

ယနေ့မှ ကျွန်မသည် မိန်းကလေးတစ်ယောက်အတွက် လစဉ်သုံးစွဲရန် လိမ်းချယ်ရန် စားသောက်ရန်၊ ဝတ်ဆင်ရန် စသော လိုအပ်မှုများကို ဝယ်ချင်စိတ် ရှိလာ၍ ရေမိုးချိုး အဝတ်လဲ အလှပြင်၊ ဆံပင်တိုကို သည်တိုင်း ဖီးချထားပြီး ကျွန်မ၏ အခန်းတံခါးကို သော့ခတ်လိုက်သည်။

သုံးယောက်နေနိုင်သည့် နေရာကို တစ်ယောက်တည်းက သုံးယောက်စာပေး၍ နေသဖြင့် ကျယ်ဝန်းလွတ်လပ်စွာ ကိုယ်ပိုင် သော့ကို ကိုင်ခွင့်ရသည်။

စလင်းဘက်(ခ်)အိတ်ထဲမှာ ငွေငါးသောင်းကျော်လောက် ထည့်ပြီး ထွက်လာခဲ့သည်။

လှည်းတန်းဈေးထင်ပါ။

"ဘာဝယ်မည်"ဟူသော အတိအကျ ရည်ရွယ်ချက် မရှိပါ ပဲနှင့် ငွေတွေ အထပ်လိုက် ကိုင်ကာ ကြိုက်နှစ်သက်စရာ တွေ့ သမျှ ဝယ်နိုင်သည့် အဆင့်မျိုးအထိ ရောက်ရှိလာသည့် ကျွန်မဘဝ အတွက် ဘယ်လောက်များ ကျေနပ်စရာကောင်းလိုက်ပါသလဲ။ ကျွန်မ၏ အဆောင်မှ လှည်းတန်းဈေးသို့ အတော်လေး လှမ်းပါ သော်လည်း အငှားကားစီးလောက်အောင်လည်း မဝေး၊ ဘာ စကားလည်း မစီးချင်တော့ပါ၍ လှည်းတန်း၏ လမ်းသွယ်များကို ကွေ့ဝင် ဖြတ်ကျော်ကာ စတိုးဆိုင်များကို အရင်ဝင်ခဲ့၍ ရယ်ဒီ မိတ် (Ready Made)အင်္ကျီသုံးထည်ဝယ်ရုံနှင့်ပင် ငွေတစ်သောင်း

www.burmeseclassic.com

www.burmeseclassic.com



ခွဲကျော်ကျော် ကုန်သွားပြီ။ ပါတိတ်ဝမ်းဆက်နှစ်စုံနှင့် ခေါင်းလျှော်ရည်ဆပ်ပြာလော်ရီရယ်(L'oreal) မိတ်ကပ်ရည်နှင့် ကရင်(မ)ပတ်ဖဘီးနှင့် ဖိနပ်မှအစ မျက်စိထဲမှာ ကြိုက်တာ တွေ့သမျှ ဝယ်ပစ်လိုက်သည်။

သုံးစရာဝတ်စရာများ ဝယ်ပြီးမှ စားစရာတချို့နှင့် ပန်းလှလှများဝယ်ရန် လှည်းတန်းဈေးသို့ ကျွန်မ ဝင်ခဲ့သည်။ ပိန်းပန်းနီနီရဲရဲများကို ငါးရာကျော်ဖိုး ဝယ်ပစ်လိုက်သည်။ ဘုရားပန်းအိုးထိုးရန်နှင့် ဆက်တီကုလားထိုင်အသစ်တစ်စုံ၏ မှန်စားပွဲပေါ်မှာ ပန်းအိုးလှလှလေးနှင့် ပြင်ရန်အတွက်ပါ။

ပန်းဖိုးငါးရာ့နှစ်ဆယ် ပေးပြီး ကျွန်မ ပြုံးလိုက်မိသည်။ ဘယာကြော်တစ်ဆယ်ဖိုးနှင့် ထမင်းတစ်နပ်ပြီးခဲ့ရသော မိန်းမက ပန်းအလှပြင်ဖို့ ငွေငါးရာကျော်ဖိုး ဝယ်နေသတဲ့လေ။

"စုစည်းလိုက်မယ် နောက်လဲ လာဝယ်နော် ညီမလေး"

"ကောင်းပါပြီရှင်"

ပန်းသည်က စည်းနှောင်၍ ကမ်းပေးလိုက်သည်။

"ဒီမှာပဲ ခဏထားခဲ့ပါရစေ ဈေးထဲမှာ ဝယ်စရာ ဝင်ဝယ်ပြီးမှ လာယူမယ်နော်"

"ရတယ် ရတယ် ရေထဲမှာ ထောင်ထားလိုက်မယ်"

ကျွန်မ ခေါင်းညိတ်၍ ပြုံးပြီး စတိုးဆိုင်က ဝယ်လာသော အိတ်တွေ တစ်ထပ်ကြီးဆွဲကာ ဈေးထဲဝင်ခဲ့သည်။

ကျွန်မအလွန်ကြိုက်သော နက်(စ)ကော်ဖီမှုန့်၊ နို့မှုန့် နိုင်ငံခြားဘီစကစ်များ ဝယ်ပြီး ဖြတ်လျှောက်လာစဉ်မှာ လက်သုတ်စုံဆိုင်ရှေ့ ရောက်သည်။



"လာလေ ညီမလေး ဘာစားမလဲ အသုတ်စုံရမယ်"

မက်မက်မောမော စားခဲ့ဖူးသော ခေါက်ဆွဲသုတ်တစ်ပွဲနှင့် ထမင်းတစ်ပန်းကန်ကို သတိရပြီး...

"ခေါက်ဆွဲသုတ် ချဉ်ချဉ်စပ်စပ်တစ်ပွဲ အစ်မရေ ငါးဖယ်ကြော် နှစ်ခု ထည့်နော်"

"ရမယ် ညီမလေး။ ဟဲ့ ဟင်းခါးပူပူလေး ထည့်ပါ။ အထုတ်တွေ ဒီပေါ်တင်ထားလေ။

ကျွန်မက နီးရာခုံပေါ် တချို့ တင် တချို့ကို ပေါင်ပေါ်တင်ပြီး အသုတ်နှင့် ဟင်းခါးကို ငုံ့စား၍ ပြီးခါနီးမှာ ကျွန်မဘေးမှ အမျိုးသမီးတစ်ဦး နှစ်ကြိမ် ဖြတ်လျှောက်နေသည်ကို သူ့ထဘီအနီရင့်ရင့်ကြီးကြောင့် သတိထားလိုက်မိစဉ်မှာပင်...

"ဟယ် တူပါဘယ်လို့ ကြည့်နေတာ ကြည့်စမ်း နေကြာ... နေကြာပါလား"

"အို"

လက်ထဲက ပန်းကန်လွတ်ကျမသွားအောင် မနည်းထိန်းကိုင်ထားလိုက်ရသည်။

"ဒေါ်လေး မလှတင်"

သတိလက်လွတ်စွာ ခေါ်လိုက်မိခါနီးဆဲဆဲမှာမှ အသိတရားက ချက်ချင်း ဝင်ရောက်လာကာ မျက်နှာကို တည်ပစ်လိုက်ချိန်မှာ...

"နေနိုင်လိုက်တာ နေကြာရယ်၊ ရွာများ တခေါက်တကျင်းပြန်မလာဘူး၊ နင့်အမေဆုံးတုံးက တို့ ရန်ကုန်တက်ပြီး လာရှာကြသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက နှုတ်ခမ်းလေးစေ့ပြီး လှလှပပ ပြုံးလျက်-

"အန်တီ လူမှားနေပြီရှင့်"

"ဟယ်..."

ကျွန်မ ခပ်တည်တည်ဖြင့် ပန်းကန်ပြန်ထား ပိုက်ဆံထုတ်ပေးပြီး အမြန်လစ်ရန် ဆောင်ရွက်နေစဉ်မှာ အမျိုးသမီးကြီးက တစ်ချက်ရှူ့သွားလိုက်သေးသည်။

ကျွန်မထိုင်ရာမှ ထပြီး အထုပ်များ ပြန်ယူနေချိန်မှာ ဒေါ်လေးမလှတင်က အနီးသို့ ပြန်ကပ်လာပြီး-

"နေကြာ ညည်းတစ်ယောက်လုံးကို ငါ ဘယ်သူနဲ့မှ မမှားနိုင်ပါဘူးအေ။ ညည်း အခု ဘယ်မှာနေလဲ အိမ်ထောင်ရော ကျနေပြီလားဟင်"

"အို"

ကျွန်မက ဆိုင်ရှေ့မှ ခပ်သွက်သွက်လှမ်းလိုက်သော်လည်း ဘေးတိုက်လိုက်လာကာ...

"ညည်းအမေ ခင်ထွေးညွန့်လဲ နောင်တတွေ ရလိုက်တာ သေတဲ့အထိပါပဲ။ ကိုဘိုကေနဲ့ ကွဲပြီးမှ သေရှာတာ၊ ညည်း ကောင်းစားနေတယ် ထင်တယ်နော်။ ရွာကို တစ်ခေါက်လောက် လာခဲ့ပါဦးလား။ ငါ နက်ဖြန် မြင်းကကုန်း သင်္ဘောနဲ့ ပြန်မှာ ခြော်...ခု ညည်း ဘယ်မှာနေလဲဟင်"

ကျွန်မ စွန့်စားမှုဖြစ်တော့မည်။ နေကြာဆိုသည်မှာ ကျွန်မအတွက် ကြားမှာ တစ်ဘဝပင် ခြားပြီးခဲ့ပြီ။

ကျွန်မ တုန့်ကနဲ ရပ်လိုက်ပြီး ဒေါ်လေးမလှတင်၏ မျက်နှာကို ခပ်တည်တည် ခပ်တင်းတင်း စိုက်ကြည့်လိုက်ပြီး-



"ဒီမှာ အန်တီ လူမှားနေပြီလို့ ကျွန်မ ပြောနေတယ်နော်။ ကျွန်မနာမည် သင်းမြလှိုင် ကျွန်မ ရန်ကုန်သူ"

"ဟယ်...နေကြာရယ်"

"ကျွန်မနောက်ကို ဆက်လိုက်နေရင် ကျွန်မ အော်လိုက်မှာနော်။ ဈေးရုံးမှာ ရဲနဲ့ ရှင်းရလိမ့်မယ်။ ရှင် ဘာအလစ်သုတ်ချင်လို့ ကျွန်မနောက်ကို တကောက်ကောက် လျှောက်လိုက်နေရတာလဲဟင်"

"အို...ဘုရား ဘုရား ငါ ဒီလို အစားထဲက မဟုတ်ပါဘူးအေ"

"ရှင် ဆက်မလိုက်ခဲ့နဲ့နော်"

ကျွန်မ၏ တင်းမာရင့်သီးလွန်းသော စကားကြောင့် ဒေါ်လေးမလှတင်ခမြာမှာ နှုတ်ခမ်းလေးများပင် ဖြူလျော်သွေးဆုပ်သွားအောင် ချောက်ချား ထိတ်လန့်ကြောက်ရွံ့သွားရှာသည်။

ကျွန်မက လှစ်ခနဲ သူ့ရှေ့မှ ထွက်လာခဲ့ပြီး ဈေးရုံ၏ ပြင်ပသို့ ထွက်ခါနီးမှာ လှုပ်ရှားလွန်းသော စိတ်ဖြင့် နောက်သို့ တစ်ချက် ပြန်လှည့်ကြည့်လိုက်မိရာ...

ဒေါ်လေးမလှတင်သည် နာကျင်ကြေကွဲလွန်းသော မျက်နှာဖြင့် စောစောကနေရာမှာ ခြေစုံရပ်ပြီး ကျွန်မကို လှမ်းကြည့်နေဆဲမို့...

ကျွန်မ သူနှင့် အဝေးဆုံးနေရာသို့ အမြန်ဆုံး ရောက်စေရန် မပြေးရုံတမယ် ခြေလှမ်းများဖြင့် လှည်းတန်းဈေးထဲမှ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့မှ အရှည်ကြာဆုံးသော လမ်းငါးခွဆုံ မီးပွိုင့်ကို စောင့်နေသည့် ယာဉ်တန်းကြီး၏ တစ်နေရာမှ လူမပါသော TAXI စာတန်းပါ ကက ကားဖြူတစ်စင်း၏ တခါးကို အတင်းဖွင့်ဝင်၍ ထိုင်ချလိုက်သည်။

"ဟ...ဘယ်လိုလဲ ဘယ်သွားမှာမို့လဲ"

"ဟို...ကျွန်မ...ကျွန်မ မတွေ့ချင်တဲ့ လူနဲ့ တွေ့လာလို့ပါရှင်။ ကျွန်မ ဒီနားတင်ပါ"

"ဒီနားတင် မရဘူး ယာဉ်ကြောက အင်းစိန်လမ်းမဘက် ယူထားပြီးပြီ"

"ဟုတ်ပါတယ်။ ကျွန်မလဲ အဲဒီဘက်ကို သွားမှာပါပဲ နောက်မှ နေရာပြပါ့မယ် ပိုက်ဆံလဲ ပိုယူပါ"

ကားဆရာက "ငါသိပါတယ်"ဆိုသော အဓိပ္ပာယ်မျိုးဖြင့် ပြုံးလိုက်သည်။

ရည်းစား သို့မဟုတ် ယောကျ်ား သို့မဟုတ် ကျွန်မ ရှုပ်ထားသော ယောကျ်ားတစ်ယောက်နှင့် ရင်မဆိုင်ချင်၍ ထွက်ပြေးလာသော ကောင်မလေးဟု သူ ယူဆလိုက်လေပြီ။

"ကိစ္စမရှိ ထင်ချင်သလိုသာ ထင်ပါတော့ ကားဆရာရေ"

အင်းစိန်လမ်းမဘက် ချိုးခွင့်ရပြီးနောက် ဂငယ်ကွေ့ကွေ့ရသော နေရာမှ ပြန်လှည့်ကာ ကျွန်မ၏ အဆောင်ရှေ့ မရောက်မီပင် ကျွန်မ ဆင်းပြီး ငါးရာတန် တစ်ချပ် ရှေ့ခန်းသို့ ပစ်ချလိုက်သည်။

"ဘယ်လောက်ကျလဲ မမေး။ ပြန်အမ်းငွေကိုလည်း စောင့်



မယူ။ လှည့်၍လည်း မကြည့်ပဲ အဆောင်ရှိရာသို့ အမြန်ဆုံးပြန်လာခဲ့သည်။

ထိုနေ့ ညဦးအထိ ငါးရာနှစ်ဆယ်တန် ပန်းစည်းကြီး ကျန်ရစ်ခဲ့သည်ကိုလည်း သတိမရပါ။

သော့ဖွင့် အထုတ်အပိုးများကို နံရာကုလားထိုင်ပေါ် ပစ်တင်ပြီး ရေတစ်ခွက် ခပ်သောက်နေသော ကျွန်မလက်များ ဆတ်ဆတ်တုန်နေ၏။

ခြေဖျားမှ ဒူးအထိ

လက်ဖျားမှ လက်မောင်းအထိ

ချွေးစေးများ ပျံပြီး အေးစက်တုန်ခိုက်နေသည်။

နှလုံးသားသည် ရိုက်ချက်ပြင်းစွာ ရင်ဘတ်ထဲတွင် ခုန်လှုပ်နေသည်။ ကြောက်ခမန်းလိလိ ရင်ခုန်သံ မြန်နေသဖြင့် လည်ပင်းမှ သွေးမကြောကြီးနှစ်ဖက်လုံး ဆတ်ဆတ်ခုန် တိုးနေသည်ကို အပြင်က မြင်နိုင်သည်။

ကျွန်မသည် လဲကျမသွားအောင် ကိုယ့်ကိုကိုယ် အားတင်း၍ ဖြည်းညှင်းစွာ မှန်တင်ခုံရှေ့မှ ခုံပုလေးတွင် ဝင်ထိုင်လိုက်ရသည်။ ရုတ်တရက် လှဲချလိုက်လျှင် နှလုံးသားသည် ရင်ကို ဖောက်ထွက်တော့မလို စိတ်မှာ ချောက်ချား တုန်လှုပ်နေ၏။

မှန်ထဲမှာ သွေးဆုပ်နေသော ကျွန်မမျက်နှာကို ကြည့်ပြီး တစ်ရှူးဘောက်က်စ် (Tissue Box) ထဲမှ စက္ကူနုနုများကို ယူ၍ နဖူးနှင့် နှုတ်ခမ်းငယ်စ်ဝိုက်မှ ချွေးစေးများကို တို့သုတ်ပြီးမှ အိပ်ရာတဲသို့ ဖြည်းဖြည်းချင်း လှဲချလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြစ်ဝကျွန်းပေါ်ဒေသ ဘိုကလေးမြို့အပိုင် မြင်းကကုန်း ယခင်ရွာ ယခုမြို့မှ ဝမ်းကွဲအဒေါ် ဒေါ်လေး မလှတင်။

နေကြာသည် သင်းမြလှိုင်ကဲ့သို့ ဖြစ်စေရန်အတွက်–

မျက်မှန်တပ်ထားရဲ့

ဆံပင်တို ဖြတ်ထားရဲ့

အသားပိုဖြူလာရဲ့

အနည်းငယ် ဝလာရုံမျှဖြင့်...

နေကြာ၏ ငယ်ရုပ်သွင်က လုံးဝ ပျောက်သွားမည် မဟုတ်ပါ။ ပြီးတော့ နေကြာအရွယ်ရောက်မှ ဆယ်ခုနနှစ်အရွယ် အပျိုလေးဖြစ်ပြီးမှ ရွာက ထွက်ခွာလာခဲ့တာပါ။

ခြောက်နှစ်တာမျှ ကွဲကွာရုံဖြင့်...

ဆယ့်ခုနနှစ်လုံးလုံး နီးနီးကပ်ကပ် နေထိုင်လာခဲ့သော ဒေါ်လေးမလှတင် မမှတ်မိပဲ နေမှါမလာ။

"နေကြာ့ကို ချစ်ခဲ့စောင့်ရှောက်ခဲ့ဖူးတဲ့ ဒေါ်လေး မလှတင်ရယ်"

"နေကြာကို ခွင့်လွှတ်ပါရှင်"

ကျွန်မမျက်ဝန်းအိမ်မှာ မျက်ရည်တို့ ပြည့်စိုလာသည်။

"အမေ"

"အမေ ဆုံးပြီတဲ့"

"အမေ နောင်တတွေ ရသွားသတဲ့"

"ဦးဘိုကေဆိုတဲ့ ငါပထွေးကြီးနဲ့လဲ ကွဲသွားသတဲ့"

လက်ရှိတည်ဆောက်ထားသော ကိုယ့်ဘဝလေးကို ကိုယ်



ကျေနပ်နေမိချိန်တွင် ငယ်ဘဝ၏ ဇာတိမြေမှ ဒေါ်လေးတစ်ယောက်နှင့် ဆုံဆည်းလိုက်ရချိန်မှာ–

အားလုံး ပေါက်ကွဲကာ လွင့်စင် ပြန့်ကျဲသွားသလိုပင် ခံစားလိုက်ရသည်။

ပက်လက်အနေအထားနှင့်မို့ မျက်ရည်စီးကြောင်းနှစ်သွယ်က နားသယ်စပ်သို့ စီးဆင်းလာသည်။

ရင်ထဲက စူးစူးနစ်နစ် ထိုးအောင့်လာသဖြင့် ခေါင်းအုံးတစ်လုံးကို ရင်ဘတ်ပေါ် တင်ပြီး ပိုက်ဖက်ထားလိုက်ရသည်။

မျက်နှာကျက်ကို ကြည့်နေသော မျက်ဝန်းအမြင်တွင် လှိုင်းလုံးကြီးများ တဝုန်းဝုန်းနှင့် မြည်ဟီးကာ ကြမ်းတမ်းစွာ ရိုက်ခတ်လာသည်။

ယဉ်ကျေးစွာ ခေါ်ကြသည်က ရေလုပ်သား

အမှန်က တံငါသည်

တံငါရွာ

လတာပြင်

ဗေဒါပင်နှင့်

တဘက်သော ကမ်းခြေကို လုံးဝ မမြင်ရသော ပြာမှိုင်းမှိုင်း ပင်လယ်ပြင်ကျယ်ကြီးနှင့်–

တံငါလှေများ

နိုင်လွန်ပိုက်များ

ငါးကွပ်ရုပ် စက်တပ်သမ္ဗာန်များ

ငါး

www.burmeseclassic.com

www.burmeseclassic.com



ကျားနှင့်
ပုဇွန်ဖောင်များ
ငါးခြောက်လှန်းသည့်, လင့်စင်များ
မှျင်ငါးပိဖြစ်လာမည့် မှျင်ပုဇွန်မှုန်မှုန်
သေးသေးလေးများ
ပိုက်တွင်းမှ ဖျတ်ဖျတ်လူးနေသည့်
ငါးအရှင်များ
တံငါသယ်(သည်)အဖေ
အမေ
အဖေ၏အဖေ ကျွန်မ၏ ချစ်လှစွာသော
အဖေကြီး(အဘိုး)
ပြီးတော့ ကျွန်မ၏ ချစ်မောင်လေး
"အထွေး"တို့နှင့်
ပင်လယ်ကမ်းခြေမှ ရွာကြီးတစ်ရွာ
ရွာ၏အမည်က ရော

## အခန်းနှစ်ဆယ့်နှစ်

ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်ဟူ၍ မြို့လေးမြို့ကို ခရိုင်မြို့များအဖြစ် သတ်မှတ်စုစည်းထားသည်။

ထိုလေးမြို့အနက် ဖျာပုံနှင့် ဘိုကလေးသည် ပင်လယ်နှင့် ပို၍နီးသည်။

ဘိုကလေးဆိုသော ပင်လယ်နှင့် နီးသောမြို့ကြီး၏ အရံရွာများအနက် မြင်းကကုန်းက ရွာကြီးသည် ထိုရွာမှ "နေကြာ" မည်သော မိန်းကလေးကို "ဒေါ်ခင်ထွေးညွန့်"က မွေးဖွားခဲ့လေသည်။

နေကြာတို့ကြီးတော့ ရောရွာကြီးမှာ ကြီးပြင်းခဲ့ရပါသည်။

ကဒုံ၊ ရော၊ နောက်မြီး၊ ဆိတ်မ စသော တံငါရွာများကို မြန်မာပြည်အရပ်ရပ်မှ မသိနိုင်ကြသော်လည်း-

"ဦးရှင်ကြီး"ဆိုသော စောင်းကို ပိုက်ထားသည့်နတ်တစ်ပါးကိုတော့ လူတော်တော်များများ သိကြပါလိမ့်မည်။ ထို

www.burmeseclassic.com

www.burmeseclassic.com



နတ်မင်း၏ ပိုင်နက် "ကျွန်းညိုကြီး"ဆိုသည်မှာ ဤဘိုကလေးမြို့နယ်၏ ရေပြင်ပိုင်နက်အတွင်းမှာ ရှိလေသည်။

ထိုကျွန်းညိုကြီးထဲမှ "မိန်းမလှကျွန်း"သည် ဦးရှင်ကြီး၏ နတ်ကွန်းရှိ၍ ရေင်ပိုင်ဦးရှင်ကြီးဟု ကြော်ကြားသည်။

ရှေးယခင်က "ကနစို"ဆိုသော သစ်တောကြီးများနှင့် အခြားလောင်စာသစ်ပင်ကြီးငယ်များပေါသော တောများ၊ ကျွန်းများရှိသဖြင့် ယခင်ခေတ်က ထင်းသမ္မာန်များနှင့် ထင်းအတုံးလိုက်မီးဆိုက်ရန် ရောင်းကြသည်။

ယခုခေတ်မှာလည်း "ဘိုကလေးမီးသွေး"ဟူ၍ နာမည်ကြီးဆဲပါပင်။

အမေ "ဒေါ်ခင်ထွေးညွန့်"က မြင်းကကုန်းရွာကြီး ဇာတိအဖေက ရေရွာမှ ရေလုပ်သားကောင်းကြီး "ဦးအောင်ခက်"

နေကြာငယ်စဉ်က အဖေ၏ ချစ်မြတ်နိုးမှု အလိုလိုက်မှုများကို နေကြာ ဆယ့်တစ်နှစ်သမီးအထိ ခံစားခဲ့ရဘူးပါသည်။

မောင်လေး"အထွေး"ကို မွေးတော့လည်း သားယောကျ်ားလေးရသဖြင့် အဖေ သိပ်ပျော်ရှာသည်။ အလုပ်ကို အထူးကြိုးစားသည်။

ရေလုပ်သားဘဝမှ ငါးဖမ်းစက်လှေတစ်စင်း၏ ပိုင်ရှင်ဖြစ်လာပြီးနောက်မှာ–

မြေအလမ္မာယ်ဆရာများ မြေကိုက်ခံရခြင်းဖြင့် သေဆုံးတတ်ကြသလို…

ပင်လယ်လုပ်သားကြီးများမှာလည်း ပင်လယ်ရေထဲတွင်သာ မိမိတို့၏ အသက်ကို စွန့်ရတတ်ကြသည်။



မိုးသက်မုန်တိုင်းကြီးကျသည့် တစ်ခုသော ညနေခင်းမှာ အဖေ ဦးအောင်ခက်သည် လှူလွတ်ရန်းပြီး ကူးခတ်လျှင် လွတ်နိုင်ပါလျက် သူ့လှေကို မစွန့်ခွာရက်ဘဲ တွယ်ကပ်ထားရာမှ နစ်မြုပ်သေဆုံးသွားခဲ့ရခြင်း ဖြစ်သည်။

"နေကြာ"သည် အဖေ့လှေ အဆိုက်ကို ကမ်းခြေမှ အမြဲထွက်စောင့်နေတတ်ရာမှ နောက်တစ်နေ့ နံနက်ဦးတွင် အဖေ၏ အလောင်းကို သယ်ဆောင်လာသော လှေတစ်စင်းကိုသာ တွေ့ခွင့်ရလိုက်သည်။

ကျေးရွာထုံးစံအရ ရွာတွင်း အသွင်းမခံဘဲ သုသာန်ပြင်ထုတ်ကာ သင်္ဂြိုဟ်လိုက်ရသည်။

"ဆုံးရှုံးခြင်း"

ဆိုသော ကြေကွဲဖွယ်ခံစားမှုကို ဆယ်တစ်နှစ်သမီး အရွယ်ကပင် နေကြာ ခါးသီးစွာ ခံစားခဲ့ရဖူးပြီ–

မိခင် ဒေါ်ထွေးညွန့်၏ စရိုက်မှာ…

အနုပညာကို ဝါသနာထုံသည်မှာပင် ပြောရ[illegible]

နွေကာလတွင် သူကြိုက်သော ဇာတ်ပွဲများ [illegible] လျှင် နှစ်ညက နှစ်ညကြည့်၏ သုံးညက သုံးညကြည့်သည် သူပါပင်။

ရုပ်ရှင်ဆိုလျှင်လည်း ဘိုကလေး မြင်းကကုန်း[illegible] ပြသမျှ မလွတ်တမ်း တက်ကြည့်၏။

သူနှင့် အထိတွေ့ဆုံးက ဝတ္ထုစာအုပ်ဖြစ်သည်။ [illegible] တွေလည်း ပေါ်လာသဖြင့် လုံးချင်းဝတ္ထုရေးသော [illegible] တိုင်း၏ ဝတ္ထုကို သူဖတ်ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ သိပ်ကြိုက်လျှင် နှစ်ခေါက်သုံးခေါက် ပြန်ဖတ်သည်။ ဖတ်တိုင်းလည်း အလွမ်းဇာတ်ဆိုလျှင် သူ ထပ်ခါထပ်ခါ ငိုသည်။

ထိရှခံစားလွယ်သော အမျိုးသမီးတစ်ဦးပါပင်။

ထိုနုလုံးသားမျိုးနှင့် ပုံတူသမီး ဖြစ်သူ နေကြာ၏ ရင်ထဲတွင် ပါရှိလာခဲ့ခြင်း ဖြစ်ပါ၏။

ပြီးတော့ ဒေါ်ခင်ထွေးညွန့်က စိတ်ကူးယဉ်တတ်သူ၊ အချစ်ကို ကိုးကွယ်ချင်သူမျိုးထဲက ဖြစ်သည်။

"သူမနှင့် အချစ်သည် ကင်းကွာ၍ မရနိုင်" ဟူသော မှတ်ချက်သည် ဒေါ်ခင်ထွေးညွန့်နှင့် သက်ဆိုင်နိုင်ပါသည်။

သူကလည်း ချစ်သူရှိနေချင်သည်။ သူ့ကိုလည်း ချစ်နေသောသူ လိုအပ်သဖြင့် ဖခင် ဦးအောင်ခက် ဆုံးပြီး နှစ်နှစ်မပြည့်မီ နှစ်လအလိုမှာပင်...

ဦးဘိုကေဆိုသော အရက်သေစားသောက်စားတတ်သူ ပုဇွန်ဖောင်ပိုင်ရှင်တစ်ဦးနှင့် လက်ထပ်လိုက်သည်။

ဦးအောင်ခက်၊ ဦးဘိုကေ၊ ဒေါ်ခင်ထွေးညွန့် ဟူ၍ နေကြာ၏ နေရာမှ ဦး ဒေါ် တပ်ခေါ်၍ ခေါ်နေရသော်လည်း သူတို့သုံးယောက်လုံးမှာ အသက်သုံးဆယ်ကျော်ကျော်အရွယ်များသာ ဖြစ်ချေသည်။

"ငါ့မြေးက ဉာဏ်သိပ်ထက်တာ မြို့မှာ ကျောင်းသွားထားမယ်"

ဟူသော ကျွန်မ အဖေကြီး၏ အစီအစဉ်ဖြင့် ပထမ မြင်းကကုန်းမှာ အလယ်တန်းထိ တက်ရသည်။

ရှစ်တန်းမှ စ၍ ဆယ်တန်း နှစ်လည်အထိ ဘိုကလေး မြို့ အမှတ်–၁၊ အထက်တန်းကျောင်းတွင် နေကြာ စာသင်ခဲ့ရသည်။

"နေကြာ"

ဆိုသော အမည်မှာ ဘိုကလေးမြို့မှ ကျောင်းသူလောကတွင် ဆန်းသစ်နေသည်။

အမေ၏ တစ်ခုတည်းသော အမွေဖြစ်ပါလေ၏။

အမေသည် ဝတ္ထုတွေ သိပ်ဖတ်ပြီး စိတ်ကူးယဉ်စွာ ပေးထားသောအမည်။

ပန်းဖြစ်ပေမယ့် နေရောင်ကို မကြောက်သောပန်း

နေပူထဲမှာ ခပ်ရဲရဲပွင့်သော ပန်းမို့။

လောကအပူတောထဲကို ရဲရဲဝံ့ဝံ့ လျှောက်လှမ်းနိုင်မည့် သမီးဖြစ်စေရန်အတွက် "နေကြာ" ဟူ၍ အမေမှည့်ခဲ့လေရော့ သလား"

❁

"ဟဲ့ နေကြာ ထားလိုက်စမ်းပါ တူမလေးရယ် ဒေါ်လေး လျှော်ပေးမှာပေါ့"

"နေပါစေ ဒေါ်လေးမလှတင်ရယ် ကိုယ့်အဝတ်တော့ ကိုယ်လျှော်ပါရစေ"

ဒေါ်လှတင်မှာ အမေ၏ ညီမတစ်ဝမ်းကွဲဖြစ်သည်။ နေကြာကို သိပ်ချစ်ရှာသည်။ မြင်းကကုန်း အလယ်တန်းကျောင်းသို့ နေကြာလာတက်စဉ်က လိုလေးသေးမရှိ ဂရုစိုက်ရှာသည်။

နေကြာ ဘိုကလေးပြောင်းတော့လည်း ဆွေမျိုးတော်စပ်ရာ အိမ်



www.burmeseclassic.com

www.burmeseclassic.com



မို့ ဒေါ်လေး မလှတင် မကြာခဏ ရောက်ရောက်လာတတ်ပါသည်။ လာတိုင်းလည်း နေကြာအတွက် ငါးပိကြော်၊ ငါးခြောက်ထောင်းကြော်၊ ပုဇွန်ကင်၊ ငါးကြပ်တိုက် စသည်များ ယူဆောင်လာတတ်ပါသည်။

ဤသို့ နေကြာ၏ စားစရိတ်၊ ကျောင်းစရိတ်များကို နေကြာ၏ ချစ်လှစွာသော အဖေကြီးက တာဝန်ယူရှာသည်။ (နေကြာတို့၏ ဖျာပုံမြို့နယ်တစ်ဝိုက်မှာ ဘိုးဘိုးဘွားဘွားဟူ၍ ခေါ်လေ့ မရှိကြပါ။ မိခင် ဖခင်တို့၏ မိဘများကို အဖေကြီး အမေကြီးဟူ၍သာ ခေါ်လေ့ရှိကြပါ၏။)

"ကံ မရှိပေမယ့် ခြံရှိလျှင် တစ်သက်လုံး မဆင်းရဲနိုင်"

ဆိုသော ရှေးလူကြီးများ ထားခဲ့သည့် စကားအတိုင်း အဖေကြီး ဦးဖိုးမှတ်က ခံစားနေခြင်း ဖြစ်သည်။

အဖေကြီးမှာ ဆယ့်ငါးကေလောက် ကျယ်ဝန်းသော ခြံကြီးတစ်ခြံကို ပိုင်ဆိုင်သည်၊

ကွမ်းသီးပင်၊ အုန်းပင်နှင့် ဓနိပင်ပေါင်းများစွာ ရှိလေသည်။ ဓနိက ရာသီနှင့် ခုတ်ရသော်လည်း အုန်းသီးနှင့် ကွမ်းသီးက တစ်နှစ်ပတ်လုံး သီးနေသဖြင့် ပဒေသာပင် ရှိနေသကဲ့သို့ ဝင်ငွေကောင်းသည်။

အမေ နောက်ယောကျ်ားယူသော်လည်း အဖေကြီး ရှိနေသဖြင့် နေကြာ၏ ဘဝ မယိမ်းယိုင်ခဲ့ပါ။

နေကြာ ပညာသင်နေဆဲမှာ ဒုတိယ ဆုံးရှုံးမှုတစ်ခုနှင့် ကြုံခဲ့ရသည်။



နေကြာ သိပ်ချစ်သော မောင်လေး "အထွေး" မှာ အမေနဲ့ အတူနေရာက ကစားရင်း ညှောင့်စူးသည်။ ထိုဒဏ်ရာကြောင့် အဖျားဝင်နေခဲ့သည်။

ကလေးကိုယ်ပူနေပါလျှက် ဦးဘိုကေက ပင်လယ်ဝရှိသူ့ ပုဇွန်ဖောင်သို့ လိုက်ခဲ့ပါ ခေါ်ရုံဖြင့် အမေက ကလေးကို ပစ်ပြီး လိုက်သွားခဲ့၏။

တောရပ်ရွာမို့ ဆူးညှောင်ခလုပ် ခသင်းများ ပေါများသည်။ မောင်လေးကိုလည်း ညှောင့်ချွန်ချွန်ကြီး စူးရာမှ အနာက ရောင်လာ၏။

ငန်းတို့ မန်းတို့ ဝင်သည်ဟု တောအယူအဆဖြင့် မန်းကျဆေးများ အနာတစ်ဝိုက် လူးသော်လည်းမကျ။

ရွာမှာ ဆေးမှူးရှိပါလျက် ဆေးမှူးသို့လည်း မပြ။

မိခင်က ပစ်ထားခဲ့သဖြင့် ဘေးလူများကလည်း ဝိုင်းကူရုံလောက်သာပင်။

ငမ်းဖမ်းသည်ဆိုခြင်းမှာ အမှန်တော့ မေးခိုင်ပိုး တက် တနပ်စ် (Tatanus)ဝင်ခြင်းပင် ဖြစ်၏။ အဖျားတွေ မတရားတက် မေးစိပြီး ကိုးနှစ်ရွယ် ချစ်စရာကောင်းလှသော မောင်လေး အထွေး သေဆုံးသွားခဲ့သည်။

နေကြာကျောင်းသွားတက်နေ၍ တာဝန်မရှိသော်လည်း မောင်လေးကို မပြုစုလိုက်ရ၍ ရင်ကွဲမတတ် ခံစားရ၏။

တကယ်တာဝန်ရှိသော မိခင်က ထားပစ်ခဲ့ပြီး သူ့ယောကျ်ား ခေါ်ရာနောက်သို့ ကလေးဖျားနေပါလျှက် လိုက်သွားသော အမေ့ကို နေကြာ နာကျည်းလိုက်တာ–

www.burmeseclassic.com

www.burmeseclassic.com



အဲဒါက ဒုတိယ ဆုံးရှုံးမှု

နေကြာ၏ တတိယ ဆုံးရှုံးမှုကဖြင့် သူ့ဘဝကို ရပ်တဲ့ ပစ်လိုက်သလို ဘဝနှင့် ချီ၍ အရှုံးပေးလိုက်ရသော ဆုံးရှုံးမှု။

နေကြာကို သိပ်ချစ်သော နေကြာ၏ ချစ်လှစွာသော အဖေကြီး ရုတ်တရက် လေဖြတ်၍ ကွယ်လွန်သည်။

ဤရောဂါမှာလည်း သွေးတိုးလွန်း၍ ဦးနှောက်ကြောပြတ် ပြီး သေဆုံးသွားခြင်းသာ ဖြစ်ကြောင်း ဆေးပညာ ဗဟုသုတ ရှိလာချိန်ကျမှ နေကြာ သိလာရခြင်း ဖြစ်တော့သည်။

နေကြာ၏ အဖေကြီး ဦးဖိုးမှတ်တွင် နေကြာ၏ ဖခင်ဖြစ်သူ အေးတစ်ဦးတည်းသာမက သမီးမိုက်နှစ်ယောက်လည်း ရှိသေး သည်။

နေကြာကို ချစ်ရကောင်းလား နေကြာအတွက်ချည်း အကုန်ခံရကောင်းလား ဆိုပြီး ဖခင်ကြီးကို ရန်သူလို ဆက်ဆံ နေရာမှ ဖခင်လည်းဆုံးရော ခြံကြီးကို ညီအစ်မနှစ်ယောက် ပြေးလုကြသည်။ ဓနကြာနှင့် ဘာမှမဆိုင်တဲ့ သူတို့က သမီးက အရင်းတဲ့…

***

အမေက ကျောင်းဆက်ထားချင်ပေမယ့် သူရှာတဲ့ ငွေ ဆိုတော့ သိပ်မလွယ်ဘူး သမီးရယ် ဒီတစ်နှစ်တော့ နေလိုက်ပါ ဦး နောက်နှစ်ကျတော့ ကြည့်စီစဉ်တာပေါ့နော်"

သည်လိုနှင့် သီတင်းကျွတ် ကျောင်းပိတ်ရက် ရွာကို ပြန် လာပြီး နောက်မှာ နေကြာ ကျောင်းဆက်တက်ခွင့် မရတော့ပေ။



"ဆယ်တန်းကို နှစ်ချင်းပေါက် အောင်ရမယ်"

ဆိုသော နေကြာ၏ ဆုံးဖြတ်ထားချက်များကိုလည်း အမေကိုယ်တိုင်ပင် တစ်စစီ ဆုပ်ဖွဲ့ကာ လွှင့်ပစ်လိုက်လေပြီ။

သမီးဖြစ်သူ၏ မျှော်လင့်ခြင်း အလင်းရောင်များကိုလည်း အမေကိုယ်တိုင်ပင် ပိတ်ဆို့ဆည်းကာ၍ မှောင်အတိကျစေခဲ့ပြီ။

နေကြာ ရွာမှ အိမ်တွင် မနေချင်။ ဘိုကလေးမြို့သို့ ပြန် ရန်မှာလည်း စားစရိတ် ကျောင်းစရိတ် အမေက မပို့နိုင်ပါဟု ဆိုသဖြင့် နေကြာ မသွားဝံ့တော့ပါ။

နေကြာ၏ အောင်မြင်ခြင်း ခြေလှမ်းများကိုလည်း အမေ ကိုယ်တိုင် ရိုက်ချိုးပစ်ခဲ့ပြီချေတကား။

ဦးဘိုကေက ဆယ့်ခုနနှစ်အရွယ် သမီးပျိုလေးရှေ့မှာ အမေ့လက်ကို ဆွဲလိုက်၊ ဖက်လိုက်၊ နားရှက်စရာစကားများ ပြောလိုက် လုပ်နေသည်ကို အမေကိုယ်တိုင်က မဟန့်တားပါ။

နေကြာ၏ နေစရာနေရာမှာ မို၍ ပို၍ ကျဉ်းမြောင်း ကြပ်တည်းလာခဲ့ပါပြီ။

မီးဖိုချောင်က ကျယ်သဖြင့် မီးဖိုထဲမှာပင် လုပ်စရာ ရှိတော့ လုပ်မရှိလျှင် နေကြာ အလွန်အမင်း မြတ်နိုးသော စာအုပ်များကို သာ အထပ်ထပ် ဖတ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ အမေနှင့် ပထွေးမရှိလျှင် သူ သိပ်ဝါသနာပါသော တေးသီချင်း များကို သီဆိုနေတတ်သော နေကြာပါ။

အရာရာကို × ကောင်းမှာလား × ဆိုးမှာလား
ကိုယ်ကိုယ်တိုင်လဲ ခွဲခြားမသိတော့ဘူး
×× အတ္တစိတ်နဲ့ ×××
အခန်းကျဉ်းလေးထဲမှာ
ကိုယ်တစ်ယောက်ထဲ ရှူး…ရှူး…ဟူး…

ဆရာသုခမိန်လှိုင်၏ တေး မဆွိသီဆိုခဲ့သော သီချင်းကို တစ်ယောက်တည်း အပိုင်းပိုင်း အစစ သီဆိုနေဆဲမှာ–

"ဟေး ကောင်းတယ်ဟေ့"

"ဖောက်…ဖောက်…ဖောက်…"

ဆိုသော လက်ခုပ်သံဖျောဖျောနှင့် ပြုံးဖြီးဖြီးကြီး အနီးသို့ ကပ်လာသော ဦးဘိုကေ–

"ဆက်ဆိုလေ ငါ့သမီးက ရုပ်လှရုံမကဘူး အသံလဲ တကယ်ကောင်းတာပဲကွ…ဟေ…ဟေး"

"အမေရော"

"ဒေါ်အေးမြတို့အိမ်မှာ ကျန်ခဲ့တယ်"

"ဦးလေး အပြင်ထွက်ပါ"

"ဟာ…ငါက ဘာကိစ္စ အပြင်ထွက်ရမှာလဲ။ ငါ့အိမ်ပဲ ငါ နေချင်တဲ့ နေရာမှာ နေမှာပေါ့"

"ဒါ အဖေ့အိမ် အဖေရှာတဲ့ငွေနဲ့ ဆောက်ထားတဲ့ အိမ်"

"အောင်မာ…"

ဦးဘိုကေက ရိုက်မည့်ဟန်ဖြင့် ရှေ့တိုးလာသဖြင့် နေကြာ



က ဖျတ်ဆို ထရပ်လိုက်ပြီး ရန်သူ၏ တိုက်ကွက်ကို ခုခံရန် အသင့်အနေအထားနှင့်–

"ထိရဲ ထိကြည့်လေ"

သူက လက်နှင့် ရွယ်ပြီး အနီးကပ်လာသဖြင့် သူ့ထံမှ အရက်နံ့ကို ရရှိ ရှူရှိုက်မိသည်။

သူက အနီးကပ်၍ နေကြာ့မျက်နှာကို စေ့စေ့ကြည့်ပြီးမှ စိတ်ပြောင်းသွားပုံရသည်။

လက်ကို ပြန်ချလိုက်ပြီး နီမြန်းနေသော ဒေါသမျက်နှာကြီး လည်း ပြေလျော့ကာ…

မှသဒီစရာကောင်းလောက်အောင် ပြုံးဖြဲဖြဲကြီး ဖြစ်လာပြီး…

"မယားပါသမီးဆိုတာ ပထွေးရဲ့ အချိုတဲပွဲတော်လေး လေ အဟဲ"

အပျိုစင်မလေး နေကြာ သူ့စကားကို နားမလည်သော် လည်း သူ့မျက်နှာ သူ့အမူအရာကြောင့် နေကြာ နောက်ဆုပ်လိုက် သည့်အခါ ထရံနှင့် ကြောနှင့် ထိလိုက်ပြီမို့ နောက်ဆုပ်စရာ လမ်းဆုံးပြီ…

မီးဖိုဝ၏ ထောင့်မှာ နေ့ခင်းနေ့လည် လှဲဖို့ အခန်းနှင့် ကွပ်ပစ်ကလေးတစ်ခုလည်း ရှိ၏။

သူက ဆတ်ဆို နေကြာကို လှမ်းဖက်လိုက်ပြီး အခန်းဆွဲ သွင်းသဖြင့်…

"လွှတ်…လွှတ်…ရှင် မယုတ်မာနဲ့နော် ဟောဒီမှာ အ…"

ပါးစပ်ကို သူ့လက်ကြမ်းကြီးနှင့် တအားပိတ်၊ အတင်း ဖက် အတင်းဆွဲသွင်းနေပါ၍ နေကြာမှာ သူ့ဘဝ၏ လွတ်မြောက်

www.burmeseclassic.com

www.burmeseclassic.com



ရေးအတွက် အားကုန် အင်ကုန် ရုန်းနေဆဲမှာ လွှတ်နေသော လက်တစ်ဘက်က ထရံမှာ ထောင်ထားသော မဒမ တိုင်ချောင်းကို စမ်းမိသဖြင့် ဆွဲယူပြီး ရိုက်လိုက်ရာ ရိုက်ချက်က မပြင်းသော်လည်း ဖက်ထားသော လက် လွှတ်ထွက်သွားသဖြင့် နေကြာက ထပ်ရိုက်ရန် သူ့ခေါင်းပေါ်သို့ ဒုတ်တိုင်ကို မြှောက်လိုက်စဉ်မှာ…

"အစ်ကိုရေ"

အမေ၏ အိမ်ဝမှ ခေါ်သံကြောင့် သူပြေးထွက်သွားသည်။

နေကြာက မဒမတိုင်ကို ပစ်ချပြီး လူပါ့ပုံကျတာ ကြမ်းပြင်ပေါ်မှာ ထိုင်လျှက် ရှိုက်ကြီးတငင် ငိုကျွေးနေချိန် ငါးမိနစ်ခန့်အကြာမှာ အမေ မီးဖိုထဲသို့ ဝင်လာပြီး–

"ဒါက ဘာဖြစ်နေရတာလဲ"

"အမေ…အမေရယ်…အမေ"

မြင့်မိုရ်တောင်ကြီးကဲ့သို့ မိမိ၏ ရှေ့မှာ အကာအကွယ်ရခဲ့ပြီဆိုသော အားတက်ခြင်းများဖြင့် အမေ့ကို ပြေးဖက်လိုက်မိသည်။

အမေက ဖက်ထားသော နေကြာ၏ လက်ကို ဆွဲဖယ်ဆောင့်တွန်းပစ်လိုက်ပြီး…

"အဖေ နေ့ရာမထားနိုင်တောင်မှ ညည်းနဲ့ ငါ့ကို ထမင်းကျွေးနေတဲ့ လူဆိုပြီး နည်းနည်းပါးပါးတော့ ရိုသေသင့်တာပေါ့ မိနေကြာရဲ့"

နေကြာသည် အံ့ဩလွန်းသဖြင့် တစ်ကိုယ်လုံးမှ သွေးလည်ပတ်မှုများ အာရုံကြောများ အားလုံး ရပ်ဆိုင်းသွားသလို တောင်တောင်ကြီး ဖြစ်သွားပြီး ပါးစပ်အဟောင်းသားနှင့် အမေ့ကို



ကြည့်နေဆဲမှာ ဦးဘိုကေဝင်လာပြီး…

"အစ်ကိုက အကောင်းပြောတာပါ သမီး သီချင်းဆိုနေတာကောင်းတယ်လို့ ပြောမိတာ မင်း မယုံရင် မေးကြည့် မှုက်မှာစုံညီ"

"အို"

"အဲဒါကို ထွက်သွားတဲ့၊ ဒါ သူ့အဖေငွေနဲ့ ဆောက်ခဲ့တဲ့ အိမ်တဲ့ဗျာ"

"ဟုတ်လား နေကြာ"

"မဟုတ်ဘူး အမေ မဟုတ်ဘူး"

"ဟုတ်ကို ဟုတ်တယ်ကွာ၊ ငါညာပြောရင် သွေးအန်သေရစေရဲ့ နေကြာ နှင် ဒီအတိုင်း ပြောခဲ့တာလေ"

"ဟုတ်တယ်အမေ သမီး ပြောတယ်။ ဒါ… အဲဒါ… အဲဒီနောက်မှာ…"

"ကဲ ကြည့်စမ်း ချက်ချင်း မုံလာဥလုပ်တဲ့ဟာမလေး သူ ကလဲ ပြောသေး၊ သူကလဲ ငိုသေး"

ယောက်ျားကြီးတန်မဲ့ အောက်တန်းကျလွန်းသော စကားအလိမ်အညာများကြောင့်။

"ရှင်…ရှင်"

နေကြာက လက်ညှိုးထိုးပြီး တစ်ကိုယ်လုံး တုန်နေသဖြင့် အသံဆက်ထွက်မလာချိန်မှာ…

"နေကြာ ညည်းက ဘာ ဒီလောက်ဖြစ်နေရတာလဲ"

"အမေ"

ဝမ်းခေါင်းသံဖြင့် အမေ့ကို တလှိုက်တလှဲ ခေါ်လိုက်ပြီး–

www.burmeseclassic.com

www.burmeseclassic.com



"သူ…သူ…သမီးကို… သမီးကို ဒီအခန်းထဲ ဆွဲသွင်းတယ် အမေရဲ့"

"ဟဲ့"

"သမီးကို… သမီးကို… သူကြဲ"

ဆွံ့အတစ်ဆို့နေသဖြင့် ငိုရှိုက်သံနှင့် စကားသံ လုံးထွေးနေဆဲမှာ–

"ငါ ဒီအိမ်မှာ မနေနိုင်အောင် မင်းရဲ့ သမီးက အကွက်ဆင်နေတာ ညီမပဲ စဉ်းစားပါကွာ။ နေ့ခင်းကြောင်တောင်ကြီး ဟုတ်နိုင်ပါ့မလားလို့…ဟင်၊ တို့လင်မယား ကွဲအောင်လုပ်နေတာ"

"ရှင်…ရှင်…လူညာ လူလိမ် လူယုတ်မာကြီး"

"ဟဲ့ နေကြာ"

"အမေ့ယောကျ်ား လူယုတ်မာကြီး"

"နေ့ခင်းကြီးကြောင်တောင်ကွာ ဖြစ်နိုင်ပါ့မလား၊ ညီမ မယုံပါနဲ့နော်၊ ဒီကောင်မလေးက အစ်ကိုတို့ လင်မယားကွဲအောင် လုပ်နေတာ၊ ဒီအိမ်မှာ အစ်ကိုနေလို့မရအောင် မာယာများနေတာ ညီမရဲ့"

"အမေ"

ဘာလဲ"

"ဒီ…ဒီ လူယုတ်မာကြီးကို"

"နင်းပါးစပ် ပိတ်လိုက်စမ်း နေကြာ"

"မပိတ်ဘူး မပိတ်ဘူး အမေမှန်နေတာ အမေ့ယောကျ်ား လိမ်နေတာ ညာနေတာ အမေ… အမေကပါ"



"နင့်ပါးစပ် ပိတ်ထားစမ်း ဘာလို့ အော်နေတာလဲ"

"မပိတ်ဘူး မပိတ်ဘူး"

"မပိတ်အုန်းဟာ မပိတ်အုန်းဟာ"

ပါးကို ဘယ်ပြန်ညာပြန် ချသဖြင့် နှစ်ဘက်လုံး ပူထူပြီး မှောင်မိုက်သွား၏။

ပုံလျက်လဲပြီးမှ ရုန်းရှစွာ နာကျင်လာသဖြင့် လက်ဝါးနှင့် နှုတ်ခမ်းတစ်ဝိုက်ကို စမ်းလိုက်မိ၍–

"သွေးတွေ"

အပြစ်မဲ့သော မိမိကိုယ်မှ သွေးများ ယိုစီးလာသဖြင့် နာကျင် နာကျည်းလွန်းစွာ အမေ့ကို စေ့စေ့ကြည့်ပြီး–

"ဟင်…အမေတစ်ယောက်က ဒီလောက်တောင် ရက်စက်ရသလား"

"ပျော်ပျော်ကြီးနေခဲ့ကြ"

"သွားမယ်"

"အမေ့ဆီကို တစ်သက်လုံး ပြန်မလာတော့ဘူးမှတ်"

နေကြာက ကြုံးဝပြီး ထဘီကို ပြင်ဝတ်လိုက်သည်။

သူတို့နှစ်ယောက်ကို ရွံရှာလွန်းစွာ ကြည့်လိုက်ပြီး မြို့သို့ သွားနေကြ ခရီးဆောင်အိတ်ထဲသို့ အဝတ်အစားအချို့ကို ဖြစ်သလို ထည့်၍ မှတ်ပုံတင်ကို ယူ ငွေသုံးရာငါးဆယ်ဖြင့် အမေ့ အိမ်ပေါ်မှ နေကြာ ဆင်းလာခဲ့သည်။

နောက်သို့ လုံးဝ လှည့်မကြည့်။

အဖေဆောက်ပေးခဲ့သော ပျဉ်ထောင်အိမ်ကြီးကို နေကြာ ကျောခိုင်း၍ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သောအခါမှ ပြန်မလာတော့ပါ ဟူ၍လည်း သံမိဋ္ဌာန် အခိုင်အမာ ချလိုက်သည်။

ဤအဖြစ်အပျက် အစအဆုံးကို နေကြာတို့၏ အိမ်နောက်ဖေး လမ်းကြားတွင် ကစားနေကြသော "ဖိုးသား"တို့တစ်သိုက် မြင်လိုက် ကြားလိုက်ကြပေမည်။

အမေ နောင်တရသည် ဆိုခြင်းမှာ ဤကလေးများထံမှ အဖြစ်မှန်ကို အမေသိခွင့်ရလိုက်ခြင်းကြောင့်ပေးလား။

ထိုနေ့က

နေကြာသည် အမေနှင့် အဖေ့အိမ်ကိုသာမက ပင်လယ်ကမ်းခြေမှ ရွာရွာနှင့် ပင်လယ်ပြင်ကြီးကိုပါ အပြီးတိုင် စွန့်ခွာ၍

"နေကြာ"ဆိုသော ပထမဘာဝကို အဆုံးသတ်ကာ...

"မဒီနွယ်"ဆိုသော ဒုတိယဘာဝကို စတင်ရန်အတွက် ထွက်ခွာလာခဲ့ပါသတည်း။

❁

မဒီနွယ်ဆိုသော ဒုတိယဘာဝ၏ ပထမပိုင်းကာလများဆိုကဖြင့် သိပ်ပြီး ရှုပ်ထွေးဆန်းပြားခြင်း မရှိလှပါ။

ရွာရွာမှ ထွက်လာပြီး ဘိုကလေးမြို့မှာ ခုနစ်ရက်လောက်သာ နေထိုင်ခဲ့ပါသည်။ ကျွန်မ သူငယ်ချင်းတစ်ယောက်မှ တစ်ဆင့် ရန်ကုန်သို့ ပြောင်းရွှေ့ နေထိုင်သော ဘိုကလေးဇာတိ မိသားစုတစ်စုအိမ်မှာ ကျွန်မ နေရသည်။



"တော့က ဆွေမျိုး"

ဆိုသော ကြေညာချက်ဖြင့် ပထမပိုင်းမှာ နေသာထိုင်သာ ရှိခဲ့ပါသော်လည်း...

ဤအိမ်ရှင်၏ သမီး၊ ကလေးမွေးဖွားချိန်မှာ ကျွန်မ ဖတ်ဖတ်မောအောင် လုပ်ရပါသည်။ လခ ငါးရာပေးသည်။

လခငါးရာလည်း ကျေနပ်သည်၊ အလုပ်လုပ်ရတာကိုလည်း ခံနိုင်ပါသည်။ သို့သော်...အဲဒီ မမကြီးက...

"အားနေ ဝတ္ထုပဲ ဖတ်နေတာပဲ၊ အိမ်ဖော်ဟာ အိမ်ဖော်လိုနေရတယ်"

ဆိုသော ရင့်ရင့်သီးသီး အပြောကြောင့် ကျွန်မ တစ်ညလုံး အိပ်မရပဲ နာကျင်စွာ ငိုမိသည်။ ဘဝနာခဲ့ပြီမို့ ရှန်းကန်နိုင်သော အင်အားများကို မွေးယူပြီး-

"အိမ်ဖော်ဆိုတဲ့ အဖြစ်နဲ့တော့ ငါ့ဘဝကို အဆုံးမခံနိုင်ဘူး"

ဆိုသော မာနဖြင့် ကျွန်မ အလုပ်ရှာခဲ့သည်။ ကံကောင်းထောက်မစွာပင် လူလိုနေသော ဗိုလ်ချုပ်ဈေးမှ ဘိနပ်ဆိုင်တွင် ဝိုင်းရောင်းပေးရသော အလုပ်သမားလေး ဖြစ်ခဲ့ရသည်။

ပထမတစ်လကျော်က မြောက်ဥက္ကလာမှ ဆွေမျိုးမကင်းသော အိမ်တွင် တောင်းပန်၍ နေရသည်။ကျွန်မ၏ ကြိုးစားမှု ကျွန်မ၏ သစ္စာရှိမှုကို သဘောကျပြီး ဆိုင်ပိုင်ရှင်က-

"နေကြာ မမတို့ အိမ်မှာပဲနေ"

ဟူသော ခွင့်ပြုချက်ဖြင့် ကုက္ကိုင်းမှာ နေခဲ့ရသည်။

ဆိုင်အလုပ်သာမက အိမ်မှာလည်း ဝိုင်းကူသဖြင့် အိမ်ရှင်က သဘောကျပါ၏။

www.burmeseclassic.com

www.burmeseclassic.com



တနေ့ကုန် ဗိုလ်ချုပ်ဈေးမှာ နေခွင့်ရလာသဖြင့် ကျွန်မ ပို၍ လှုရည်လည်လာသည်။

ကုက္ကိုင်းအိမ်မှာ အတူနေရသော ကောင်မလေးများနှင့် ကျွန်မ မနေချင် မနေနိုင်တော့သဖြင့် နေရာပြောင်းခဲ့ပြန်သည်။

"ဗိုလ်ချုပ်ဈေးမှ အထည်ဆိုင်မှာပင် ဝိုင်းကူရောင်းရသော အလုပ်ဖြစ်ပါ၏။

ဗိုလ်ချုပ်ဈေးမှာ နှစ်နှင့် ချီ၍ အနေကြာလာသည့်အခါ အပေါင်းအသင်းကလည်း စုံလာသည်။

ရန်ကုန်မြို့၏ အပေါ်ယံအလွှာမှ လူပေါင်းစုံနှင့်လည်း ထိတွေ့ခွင့် ရလာသည့်အခါ…

"အလှပြင်ဆိုင်မှာ လုပ်မလား"

ဟူ၍ ကမ်းလှမ်းလာသည်ကို ကျွန်မ ညင်းလိုက်သည်။ ကျွန်မကိုယ်တိုင်လည်း အလှအပကို သိပ်ပြီး ဝါသနာ မပါလှပါ။

သည့်နောက်မှာ

"စိတ်ဖြေရာ"စားသောက်ဆိုင်မှာ အဆိုတော် လုပ်မလား ဆိုင်သစ်ဖွင့်တယ်။ လခလဲကောင်းကောင်းရမှာ"

ဆိုသော မက်လုံးကြောင့် သီချင်းဆို ဝါသနာပါသော ကျွန်မက စိတ်ပါသွားပြီး ပွဲစား မမခင်က ခေါ်သွားသဖြင့် သီချင်းသွားဆိုပြရသည်။

"အသံသိပ်ကောင်းတယ်"

ဆိုသော မှတ်ချက်ဖြင့် ကျွန်မကို ဆိုင်ပိုင်ရှင် ဦးကျင်ဝင်းက အလုပ်ခန့်လိုက်သည်။

စိတ်ဖြေရာ ဖွင့်စက ဆိုင်စည်ကားသည်။ ညတိုင်း စားပွဲ



ဝိုင်းအားလုံးနီးပါး လူပြည့်သဖြင့် ကျွန်မတို့လည်း စိုပြေခဲ့ကြသည်။

အလုပ်စဝင်စကတည်းက မန်နေဂျာ ဦးမောင်မောင်က–

"နေကြာဆိုတဲ့ နာမည်က မကောင်းပါဘူး၊ ပန်းပေမယ့် ပန်းအနေနဲ့ ဘာမှ သုံးမရတဲ့ ပန်း၊ တခြားနာမည် စဉ်းစားစမ်း"

ဟု ဆိုသဖြင့် နဂိုကတည်းက ကဗျာတွေ၊ စာတွေ ဝါသနာ ပါသော ကျွန်မက–

"မဒီနွယ်"

ဟူ၍ အမည်သစ် ပေးလိုက်ပြီး သီချင်းတောင် စပ် လိုက်သေးသည်။ ကျွန်မ၏ တေးစာသားများကို စန္ဒယား ဆရာ ကိုအေးလှိုင်က သံစဉ်ထည့်ပေးသဖြင့် ညတိုင်းနီးပါး "စိတ်ဖြေရာ"သီချင်းကို ကျွန်မ သီဆိုဖြစ်ခဲ့ပါသည်။

ကြို့ကုန်းအဆောင်မှာ နေပြီး ညစဉ် သီချင်းဆို၍ ငွေအတော် လေး ရရှိခဲ့ဖူးပါသည်။

နောက်ပိုင်းတွင် ဆိုင်တွေက များလာ စီးပွားရေးတွေ မပြေလည်သဖြင့် စိတ်ဖြေရာမှာ လူပါးသွားသည်။

ကျွန်မတို့လည်း ဝင်ငွေ သိပ်နည်းသွားခဲ့ကြသည်။

ဤအချိန် ဤကာလ၏ မိုးသည်းညတစ်ညမှာ ကျွန်မ ကံဆိုးမိုးမှောင်ကျခဲ့ခြင်း ဖြစ်ပါသည်။

ယခုတော့ဖြင့်…

မမဒီနွယ်ဆိုသော အဆိုတော်မလေးတစ်ယောက်၏ ဘဝကို ကျွန်မကိုယ်တိုင် သတ်ပစ်လိုက်ပါပြီ။

မအောင်မြင်သော၊ မထင်ရှားသော၊ ငွေကြေးမပြည့်စုံသော၊

www.burmeseclassic.com

www.burmeseclassic.com



မိဘမဲ့ ကျွန်မကို ဘယ်သူကမှ အသိအမှတ်ပြုပြီး မှတ်တမ်းတင်မနေသည့်အတွက်–

နေကြာသည်လည်းကောင်း •

မဒီနွယ်သည် လည်းကောင်း

ကျွန်မ၏ ဘဝတိယဘဝထဲသို့ ဝင်ရောက်မလာတော့ပါ။ စုံစမ်းစစ်ဆေးဖော်ထုတ်မည့်သူလည်း မရှိခဲ့ပါ။

ဤသို့ဖြင့် သင်းမြလှိုင် ခေါ် စာရေးဆရာမ တက္ကသိုလ် သင်းသရဖီအဖြစ်နှင့် ဆက်လက် ရှင်သန်နေသော ကျွန်မသည် ...

[redacted]

အစ်မသင်း ညှိသည် ရောက်နေတယ်”

“အေး အေး လာပြီ”

အပြင်ဘက်မှ အဆောင်စောင့် ကုလားကပြားမလေး မဘီလေးက အပြင်မှ လှမ်းခေါ်ပြီး အသံပျောက်သွား၏။ သူ့တာဝန်က ညှိခန်းမှာ ညှိသည်ရောက်နေလျှင် ခေါ်ပေးရုံသာ။

“ဆရာကလဲ နေ့ခင်းကြီး လာပါလား”

မနေ့က လှည်းတန်းဈေးမှ ပြန်လာပြီးကတည်း ဘာမှ မလုပ်နိုင်ပဲ အိပ်ရာထဲမှာ လူမမာတစ်ယောက်ကဲ့သို့ နွံးခွေစွာ လဲလျောင်းနေမိသည်။

ဆံပင်ကို နောက်လှန်ဖီး ကလစ်နှင့် ညှပ်ပြီး မျက်နှာကို တို့ပတ်နှင့် ဖို့၏ အနက်ရောင် ထရိုင်စဲလ်စွယ်တာကို ထပ်ဝတ်လျှက် ညှိခန်းသို့ အရောက်တွင်–

www.burmeseclassic.com

www.burmeseclassic.com



"မမ သိပ်နေမကောင်း ဖြစ်နေတာလားဟင်"

"အို...မောင်မောင်ပါလား"

"ကျွန်တော် မနက်က ဒီအဆောင်ကို တယ်လီဖုန်း ဆက်ကြည့်တော့ မမသင်း နေမကောင်းလို့ အိပ်နေတယ်လို့ ပြောပါတယ်။ ဒါနဲ့ တအား စိတ်ပူပြီး လိုက်လာတာ"

"အို...အခု ပဲခူးက လာတာလား"

"ဟုတ်တယ်"

မနက်က သန့်ရှင်းရေး အဒေါ်ကြီး ဒေါ်ခင်အေး လာစဉ်က ကျွန်မ အိပ်ရာထဲက မထနိုင်သည်ကို မဘိလေးက သိရှိသွားပြီး မောင်မောင့်ဖုန်းကို ပြန်ကြားလိုက်ခြင်း ဖြစ်မည်။

မောင်မောင့်အား ဒီအဆောင်၏ တယ်လီဖုန်းနံပါတ်ကို ကျွန်မကိုယ်တိုင် ပေးထားလိုက်မိသည်။

အလွန်စိုးရိမ် ပူပန်သော မျက်နှာ၊ ကြောက်ရွံ့အားငယ်နေသော မျက်နှာလေးနှင့် ကြည့်နေသော မောင်မောင်သို့...

"နေမကောင်းတာ အဲသည်လောက်ကြီး မဟုတ်ပါဘူး။ ဟိုကနေများ လာရတယ်လို့ကွယ်။ ဒုက္ခရှာလိုက်တာ"

"မမကို တွေ့ဖို့ လာရတာကို ဒုက္ခလို့ ကျွန်တော် မသတ်မှတ်ပါရစေနဲ့"

ကျွန်မ သူ့ကို ဘာမှတ်ချက်မှ ပေးမနေမိတော့ပါ။

"မမ ကျွန်တော့်ဆီ စာပြန်ထားသေးလားဟင်"

ကျွန်မ ခေါင်းခါပြလိုက်သည်။

"ကျွန်တော်ရဲ့ စာတွေရော ရရဲ့လား"



"တစ်နေ့ တစ်စောင်နှုန်းပါပဲ"

"အဟဲ ဒါတောင် ဒီထက် ရေးချင်သေးတာ မမကို အားနာလို့"

ကျွန်မ ပြုံး၍ပဲ ပြလိုက်ပါသည်။

ရေးပါဟူ၍လည်း အားမပေးချင်။

မရေးပါနဲ့ ဟူ၍လည်း မတားမြစ်လိုပါ။

"အခုရော နေမကောင်းတာ ဘယ်လိုနေသေးလဲ။ ဆရာဝန် မပြဘူးလားဟင် မမ"

"မပြတော့ပါဘူး။ ဖျားတာနာတာမှ မဟုတ်တာ အိပ်ပျက်တာတွေ ဆက်ပြီး စိတ်ပင်ပမ်းစရာနဲ့ ကြုံလိုက်ရလို့လား"

"စိတ်ပင်ပမ်းစရာ"

သူက သိပ်သိချင်လွန်းသော ဆန္ဒများဖြင့် ဆက်၍ မေးလာ မည့်စိုးပါ၍–

"စာရေးဆရာဆိုတာ အမြဲစိတ်ပင်ပမ်းနေရတဲ့ သူပဲလေ။ ကိုယ့်ဇာတ်ကောင်တွေနဲ့အတူ လိုက်ပြီး ခံစားရတယ် မဟုတ်လား"

"ဟုတ်တယ်...ဟုတ်တယ် မမရဲ့ ဇာတ်ကောင်တွေက သိပ်ပြီး နက်နက်ရှိုင်းရှိုင်း ခံစားတတ်ကြတယ်။ လေးလေးနက်နက် ဆောင်ရွက်ကြတယ်။ ပြီးတော့ အလွမ်းဇာတ်တွေက များတော့ ဖန်တီးသူမ မမ သိပ်ခံစားရမှာပဲ။ ကျွန်တော့်ရင်ထဲ ထိအောင် မမရဲ့ ရောဂါတွေ ကူးစက်ခံခဲ့ရတာ အခါခေါင်းများပါပြီ။"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ပြုံး၍ပဲ နေလိုက်မိပါသည်။ လူက နှုံးခွေနေဆဲမို့ ဘာစကားမှ သိပ်မပြောချင်။

"မမ"

"အင်း"

"ကျွန်တော် လာတာ အနှောက်အယှက်များ ဖြစ်သွားသလား ဟင်"

"အနှောက်အယှက်ရယ်တော့လဲ မဟုတ်ပါဘူး"

"ကျွန်တော် ဘာလုပ်ပေးရမလဲ"

ကျွန်မ ခေါင်းခါပြလိုက်သည်။

"ဒါဆို ကျွန်တော် ပြန်ရမလား၊ မမနားချင် နားပါ။ ကျွန်တော် ပြန်မယ်လေနော်"

"ဘယ်ကို ပြန်မှာလဲ"

"ပဲခူးကိုပဲပေါ့"

ကျွန်မကို တွေ့ဖို့ မိုင်ငါးဆယ်ကျော်ဝေးသော အရပ်မှ ရောက်လာရသူ မောင်မောင်သည် ငါးမိနစ် မပြည့်မီမှာပင် မိုင်ငါးဆယ်ခရီးကို ပြန်သွားရမည် ဆိုသည့်အတွက် စိတ်မကောင်းဖြစ်သွားသည်။ သနားစိတ်လည်း ဝင်သွားမိပါသဖြင့်–

"မပြန်ပါနဲ့ နေပါဦး မမလဲ နားရင်း အေးအေးဆေးဆေး စကားပြောကြတာပေါ့"

သူ ဘာစကားမှ မပြောသော်လည်း သူ့မျက်ဝန်းလေး လက်သွားသည်။

"မဘီလေးရေ၊ မမရဲ့ ရေခဲသေတ္တာထဲက ခရက်ရှာတစ်



လုံး ယူခဲ့ပေးပါနော်"

"မမသောက်ဖို့လား ကျွန်တော် သွားယူပေးရမလား"

မဘီလေးကို မမြင်ရသေးသဖြင့် မောင်မောင်က သူ့ယူပေးရန် ဟန်ပြင်ဆဲ–

"နေ မောင်မောင် အဆောင်ရဲ့ အခန်းထဲ ယောကျ်ားလေး ဝင်ခွင့် မရှိဘူးလေ"

"ဟုတ်လား"

"အေး လိမ္မော်ရည်က မမသောက်ဖို့ မဟုတ်ပါဘူး။ မောင်မောင့်ကို ဧည့်ခံဖို့ပါ"

"ဟာ နေပါစေ မဟုတ်တာ မမကလဲ"

"အအေးတစ်ပုလင်းလောက်တော့ တိုက်ပါရစေကွာ"

"နေပါစေ မမ ကျွန်တော် တကယ်မသောက်ချင်တာပါ။ အပြင်မှာလဲ ကျွန်တော့် ညီလေးပါသေးတယ်"

"အို… ဟုတ်လား ခေါ်လေကွာ အထဲကို"

ရပါတယ် သူက ရှက်တတ်တယ်"

မဘီလေး အနားရောက်လာသဖြင့်–

"ခရက်ရှာနှစ်လုံးနဲ့ မမဖို့ စပါကလင်တစ်ပုလင်း ယူခဲ့ပါ ဖွင့်ပြီး ပိုက်လဲ တပ်ခဲ့နော်"

"ဟုတ်ကဲ့ အစ်မသင်း"

ရင်ထဲက ခုလို နေမကောင်းပုံမျိုး ခံစားနေရသည့်အခါ ချဉ်ကျိကျိအေးအေး စူးရှရှလေး သောက်လိုက်ရလျှင် မနေသာသလို ရှိသွားတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



"မသင်းအတွက် လိုအပ်တယ်"ဆိုပြီး ဆရာကိုယ်တိုင် ဝယ်ယူသယ်ဆောင်လာသော ဝမ်းဒိုးရေခဲသေတ္တာလေးထဲက အအေးသုံးမှုလင်း ရောက်လာပြီမို့ မောင်မောင့်ကို သူ့ညီလေးပါ သောက်ဖို့ သွားခေါ်ခိုင်းလိုက်ရသည်။

မောင်မောင် မနည်း ခေါ်လာရဟန် ရှိသည်။ ရှက်ရွံ့အားငယ်နေရှာသော ပုံစလေးက ရယ်စရာလည်းကောင်း၊ သနားစရာလည်း ကောင်းလှသည်။ သူတို့ အမြင်တွင် ကျွန်မသည် အလွန်ကြွယ်ဝ ချမ်းသား ကြီးကျယ် မြင့်မြတ်နေသော ဂုဏ်သရေရှိ အမျိုးသမီးတစ်ယောက်အဖြစ်နှင့် မြင်နေကြဟန် ရှိသည်။

စာပေကို မြတ်နိုးမွေ့လျော်သူတို့သည် စာရေးဆရာကို အထင်ကြီးတတ်ကြသည်။ စာပေဖတ်ရှုခြင်း၌ ဝါသနာမရှိ အချိန်မပေးနိုင်ကြသော စီးပွားရေး လုပ်ငန်းရှင်များနှင့် အရာရှိကြီးအချို့တို့သည် စာရေးသားခြင်း အတတ်ပညာကို အလုပ်ဟုပင် မမြင်ဘဲ အထင်သေးတတ်ကြ၏။

သည်ကောင်လေးနှစ်ယောက်ကဖြင့် ကျွန်မ၏အကြောင်း မသိရှာကြသည့်အတွက် အရမ်း အထင်ကြီးနေကြခြင်း ဖြစ်ပါသည်။

"အေးတုန်း သောက်လိုက်ကြပါဦး။ မောင်မောင့် ညီလေး နာမည်က ဘယ်သူလဲ"

"ရဲရင့်နိုင် အိမ်မှာက ညီထွေးလို့ပဲ ခေါ်ပါတယ်"

"နာမည်လေးက ကောင်းလိုက်တာ မမဝတ္ထုထဲမှာ မင်း



သားနာမည်ပေးလို့တောင် ရတယ်"

ကောင်လေးက ရှက်သွားသလို ခေါင်းငုံ့ထား၏။

"နာမည်ဆိုလို့ မမရေ ခုခေတ် စာရေးဆရာမတွေရဲ့ နာမည်က အပြင်မှာ ခေါ်လို့ မရတဲ့ နာမည်တွေကို သူ့ထက်ငါ အပြိုင်မှည့်နေကြတယ်နော်"

"မောင်မောင်ရယ် နာမည်ဆိုတာ ဘာကန့်သတ်ချက်မှ မရှိဘူး ဘယ်လိုပဲ မှည့်မှည့်ရတယ် တီထွင်ခြင်း၊ ဆန်းသစ်ခြင်းဆိုတာတွေဟာ ခေတ်နဲ့အတူ ခေတ်ရေစီးကြောင်းနဲ့အတူ စီးမြောလာတာပဲပေါ့"

"ဒါဖြင့် မမရဲ့ ဇာတ်ကောင်နာမည်တွေကျတော့ ဘာလို့ လူနာမည် ဆန်နေရတာလဲ"

"အဟဲ အမှန်အတိုင်း ဝန်ခံရရင်တော့ အဲဒီလို ဆန်းဆန်းပြားပြား မစဉ်းစားတတ်လို့ပါ"

ကျွန်မ၏ ဝန်ခံချက်ကို သံသယအကြည့်ဖြင့် ကြည့်ကာ ဆက်လက် ဝေဖန်ချင်ပုံ ရသေးသော်လည်း မောင်မောင် ဘာမှ ထပ်မပြောတော့ပါ။

"ကျွန်တော် အပြင်ကပဲ သွားစောင့်နေတော့မယ်နော်"

ရဲရင့်နိုင်က ခရက်ရှာပုလင်းတစ်ဝက်သာ သောက်ပြီး တထွက်သွားတော့သည်။

ဖောင်ရင်းရှပ်အင်္ကျီက အကောင်းစား ဖြစ်သော်လည်း အရောင်များ မှေးမှိန်လွင့်ပျယ်နေပြီ ဂျင်း(န်)ဘောင်းဘီကလည်း အဟောင်းတန်းမှ ဆိုင်များက ဘောင်းဘီလောက်ပင် မသားနားပါ။

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားများ ဟောင်းနွမ်းလှသော်လည်း ကောင်လေး၏ မျက်နှာလေးက ကိုယ့်မောင်ရင်းလေးလို ချစ်စရာ သနားစရာ အဆက်အသွယ်သာရှိလျှင် မောင်ဒယ်ဘွိုင်းတို့ ဗီဒီယိုမင်းသားတို့အထိ ဖြစ်နိုင်သည့် ရုပ်ရည်မျိုးလေး။

"ရဲရင့်နိုင်က မောင်မောင့်ရဲ့ ညီအရင်းလား"

"အင်း…ဟုတ်တယ်ပဲဆိုပါတော့။ ကျွန်တော့်ကို မွေးစားတဲ့ ကျွန်တော့် ကြီးကြီးအရင်းရဲ့သား"

"သြော်"

"အမေ နောက်အိမ်ထောင်နဲ့ မွေးတဲ့ ကလေးတွေထက် ဒီကောင်ကို ကျွန်တော်က ပိုချစ်တယ်။ သနားလဲ နားတယ်"

"ဘာကြောင့်လဲ"

"သူ့မှာ အဖေမရှိဘူး၊ အမေက မျက်စိကွယ်နေတယ်။ ပြီး တော့ သူ စင်ကာပူမှာ အလုပ်သွားလုပ်ဖို့ ကိစ္စလဲ ပျက်သွားလို့ စိတ်ဓာတ်ကျနေတယ်။ ခုတော့ ဘာအလုပ်မှ မရှိဘူး"

"သြော်"

ကျွန်မမှာ ကိုယ်တိုင် ကိုယ်လည်း သိပ်နေမကောင်း ဒီကောင်လေးနှစ်ယောက်အကြောင်းကိုလည်း စိတ်မဝင်စားလှသဖြင့် ကျွန်မ၏ စပါကလင်ရှည်များကိုသာ စုတ်သောက်နေမိသည်။

"မမ နေမကောင်းတာ ဆရာဝန် မပြဘူးလား"

"ပြစရာ မလိုပါဘူးကွာ ကောင်းသွားမှာပါ စိတ်ညစ်



စရာတွေ့ရင် ဒီလိုပဲ ရင်ထဲကကို မခံနိုင်တာ"

"စိတ်ညစ်စရာ"

"မမရဲ့ ကိုယ်ရေးကိုယ်တာပါ မမေးနဲ့ မောင်မောင်။ ခရက်ရှာကုန်အောင် သောက်လေ"

ကျွန်မသည် မနေ့က ဒေါ်လေး မလှတင်နှင့် တွေ့သည့်ကိစ္စကို ရည်ညွှန်းရာမှ ပြန်သတိရသွားသည်။

"ငါဟာ ရောရှာကနေ ထွက်လာပြီ ငါးနှစ်ကျော် ခြောက်နှစ်လောက် ဓာတ်မြှုပ်နေခဲ့တယ်။ ဘယ်သူနဲ့မှ မဆုံဘူး။ ငါလဲ အမေနဲ့ ရွာကို လုံးဝ မေ့ထားရုံ မက "နေကြာ"ဆိုတဲ့ ဘဝကို ငါ့ဟာငါ သတ်ပစ် လိုက်ပြီး "မဒီနွယ်"ဆိုတဲ့ အဆိုတော်ဘဝနဲ့ ကြွင် လည်ခဲ့တယ်။

ဒါပေမယ့် မနေ့ကလို ရွာက အဒေါ် တစ် ယောက်နဲ့ ပြန်တွေ့တဲ့အခါမှာ ငါ့စိတ်တွေ သိပ် လှုပ်ရှားခဲ့ရတယ်။ ဒါတောင် နေကြာဆိုတာ ဘာပြစ် မှုမှ ကျူးလွန်ခဲ့တာ မဟုတ်ဘူး။ ဖြူစင်စွာ ရွာက ထွက်လာခဲ့တာ အမေက ပွဲတွေးဘက်က လိုက်လို့ ကောင်မလေး "လွင့်"သွားရတယ်ဆိုပြီး သနား တောင် သနားကြဦးမှာ။

ဒါတောင် အခု နေကြာဆိုတဲ့ မိန်းမကို တစ်စုံ တစ်ယောက်က မတော်တဆ တွေ့ရှိသွားခဲ့တယ်။

အဲဒီလိုပဲ မဒီနွယ်"ဆိုတဲ့ မိန်းမကိုလဲ ရွာမွေ

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ လူတွေ ရှိမှာပဲ။

သက်ပြင်းမောကို ရှိုက်ထုတ်လိုက်ပြီး ကုလားထိုင်နောက်ကို လှန်၍ မှီနေလိုက်သည်။

ကျွန်မရှေ့မှာ ညိုမောင်ဆိုသော ကောင်လေး တစ်ယောက် ရှိနေသည်။ ညှော့ခန်းအပြင်တွင် ရဲရင့်နိုင်ရှိနေသည် ဆိုသော အသိတရားအားလုံး လွင့်ပျယ်လျှက် လေဟာနယ်ကြီးထဲတွင် တစ်ယောက်တည်း လွင့်မြောနေသလို ခံစားလိုက်ရသည်။

နေကြာကို တစ်စုံတစ်ယောက်က တွေ့ရှိသွားသလို…

မဒီနွယ်ကိုလည်း ရှာဖွေသူတွေ ရှိနေမှာလား…

ဒါမှမဟုတ်

ကျွန်မကို မဒီနွယ်ဆိုပြီး သိတဲ့ လူတစ်ယောက်ယောက်နဲ့ ဆုံတွေ့လေမလား…

ဆိုသော ပူပန်စိတ်သည် နလုံးသားကို လောင်ကျွမ်းမတတ် ချောက်ချားပူပန်စေခဲ့ပါလေပြီ။

ညက အိပ်ဆေး ဒိုင်ယာဇီပင်တွေ သောက်ပြီး အိပ်လိုက်သဖြင့် ဘာမှ မစဉ်းစားဖြစ်။ ယခု မောင်မောင်ရှေ့ရောက်မှ ကိုယ်အဖြစ်ကို ကိုယ်စဉ်းစားရင်းက မိန်းမသားတို့၏ မွေးရာပါ အရည်အချင်းကောင်း တစ်ခု ဖြစ်သည့်…

"ဖျတ်ထိုးဉာဏ်"

တစ်ကွက် ခေါင်းထဲ လင်းကနဲ လက်လာ၍–



"မောင်မောင် မမကို တစ်ခုကူညီ"

"ဟုတ်ကဲ့ ပြောပါ မမ၊ ကျွန်တော် ဘာပဲဖြစ်ဖြစ် လုပ်ပေးပါ့မယ်"

"လွယ်လှချည်းလားကွာ။ ပြောရမှာက ကျွန်တော် တတ်နိုင်တာဆိုရင် ဘာပဲ ဖြစ်ဖြစ် လုပ်ပေးပါ့မယ် မမ။ ဟင် ဒီလိုဖြစ်ရမှာ မဟုတ်လား"

"ဟင်အင်း မဟုတ်ဘူး မမ"

"ဘယ်လို"

"မမအတွက်ဆိုရင် ကျွန်တော် ကျွန်တော် မတတ်နိုင်တာ ဘာမှ မရှိစေရဘူး"

"မဟုတ်တာကွာ၊ ကဲ သမုဒ္ဒရာရဲ့ ဟိုဘက်ကမ်းကို ကူးစမ်းဆိုရင်ကောကွာ"

"ကူးမယ် မမ ကူးရင်း ကျွန်တော် သေသွားမယ်လေ။ အဲဒါ မမအတွက် အသက်ပေးရခြင်းမို့ ကျွန်တော် ကျေကျေနပ်နပ်"

"တော်စမ်း မောင်မောင်၊ မမ ဘာကူညီနိုင်းမှာလဲလို့ မေးပါဦးလား"

ကျွန်တော် တကယ်ပဲ စိတ်တိုးသွားမိသည်။ အရေးထဲမှာ ပေါ်တင်ကြီး ကျွန်မအတွက်ဆိုရင် အသက်ပေးမယ့်ပေါ့လေ။ ခပ်ခြာခြာ ရည်းစားစကားမျိုး အပြောခံနေရသည့်အတွက် သည်ကောင်လေးမျိုးနှင့် စကားပင် ဆက်၍ မပြောချင်တော့ပါ။

"ကျွန်တော် မှားပါတယ် မမ၊ စိတ်မဆိုးလိုက်ပါနဲ့ဗျာ။

www.burmeseclassic.com



မမကို အမြဲကြောက်နေခဲ့တတ်တဲ့ ကျွန်တော်ဟာ ဒီနေ့မှ ဘာတွေ ပြောနေမိမှန်း မသိတော့ပါဘူးဗျာ"

"ထားပါတော့"

"ကျွန်တော် မေးပါပြီ။ မမ ဘာကူညီခိုင်းမှာလဲ ဗျာ ခိုင်းပါ"

ကျွန်မ အတော်လေးကြာအောင် တွေတွေဝေဝေ စဉ်းစားနေမိချိန်မှာ မောင်မောင် ဘာမှ ထပ်မမေးရဲရှာပါ။

ကျွန်မလည်း ကိုယ့်ဘာသာ စိတ်ညစ်ညူးနေသဖြင့် သူ့ကို ပြေပြေလည်လည် မပြောဖြစ်နိုင်ပါပဲ။ စောစောဆီက ဖျတ်ထိုး ဉာဏ် ရလာသည်ကိုဖြင့် အကောင်အထည် ဖော်ပါတော့မည်။

ကျွန်မက ဆက်တီကုလားထိုင်မှ ထကာ တယ်လီဖုန်း စင်အောက်မှ စာရွက်အသေးလေးပေါ်တွင် ဘောလ်ပင်နှင့် နံပါတ် ခြောက်လုံးကို ရေးပြီး...

"မဘီလေး ဖုန်းဆက်မယ်နော်၊ ရန်ကုန်ထဲတင်"

တယ်လီဖုန်းဆက်လျှင် သူ့ကို ပြောရသည်၊ သူက စကားပြောကြာလျှင် ငွေပိုတောင်းပြီး သော့ခတ်ထားသော ပုံးထဲသို့ ထည့်ရသည်။

ယခုတော့ နေ့လည်မို့ အဆောင်သူများ ပြန်မရောက်ကြ သေး၍ သူထိုင်စောင့်နေစရာ မလို။ ကျွန်မကိုတော့ သူက ယုံကြည်ပြီးသား အနားမှာကို မရှိ သူ့ကိုလည်း ကျွန်မက မုန့်ဖိုး ပေးနေကျ။

ကျွန်မက ဂဏန်း ၆ လုံးပါရှိသော စာရွက်ကို မောင်မောင့်



အား လှမ်းပေး၍-

"အဲဒီဖုန်းကို ဆက်ပြီး မဒီနွယ်နဲ့ စကားပြောပါရစေလို့ ပြောပါ။ မဒီနွယ်လာရင် မမပြော်မယ်"

"ဟုတ်ကဲ့"

သူ့အကြည့်တွေက သံသယဝေနေပါ၍-

"မဒီနွယ်ဆိုတာ မမသူငယ်ချင်း တယ်လီဖုန်းထူးမယ့် မိန်းမက မမ အသံ ရောကြောရှည်လွန်းလို့ မပြောချင်လို့"

"ဪ...ဟုတ်ကဲ့"

မောင်မောင် သံသယ ရှင်းသွားပုံရသည်။

"ဒီမှာ မမ ပြောတာ သေသေချာချာ နားထောင်ပါနော် မောင်မောင်"

"ဟုတ်ကဲ့ စိတ်ချ မမ"

"မဒီနွယ် လာကိုင်ရင် မမ ပြောမယ်နော်"

"ဟုတ်ကဲ့"

"တကယ်လို့ မဒီနွယ် မရှိဘူးဆိုရင် ဘယ်သွားလဲ သူ့ လိပ်စာ သိပါရစေ၊ သူ့ဆီ ဘယ်သူတွေ လာမေးသေးလဲ၊ ကျွန် တော်က မဒီနွယ်ရဲ့ မောင်လေးပါလို့ ပြောပါ။ သေသေချာချာ လဲ မှတ်ပါနော် မောင်မောင်၊ အရေးကြီးလို့ပါကွယ်"

"ဟုတ်ကဲ့ မဒီနွယ်နော်"

"အင်း"

"သူ ဘယ်သွားလဲ၊ သူ့လိပ်စာမေးရမယ်၊ သူ့ဆီ ဘယ် သူတွေ လာမေးလဲ၊ ကျွန်တော်က သူ့မောင်လေး ဟုတ်ပြီ

www.burmeseclassic.com

www.burmeseclassic.com



အားလုံး လေးချက်နော်”

စာမေးပွဲခန်းထဲ ဝင်ရတော့မည့် ကျောင်းသားလေးလို သူ့လက်ကလေးတွေ ခြိုး၍ ရည်တွက်ပြီး တယ်လီဖုန်းရှိရာ အခန်းထောင့်မှ စင်လေးရှေ့သို့ သွားသည်။

“မဒီနွယ်ရှိရင် မမပြောမယ်”ဟူသော စကားက သူယုံအောင် ပြောလိုက်ခြင်းပါ။ မဒီနွယ် ဘယ်လိုလုပ် ရှိပါ့မလဲ။ မဒီနွယ်က ဒီမှာလေ”

ကျွန်မမှာလည်း တရင်းတနှီး ပြောခိုင်းစရာဆိုလို့ မောင်မောင်ပဲ ရှိသည်။

ကျွန်မက ဣန္ဒြေဆယ်၍နေဆဲမှာ မောင်မောင်က စကားကြီးလေးခွန်းကို ယဉ်ကျေးသိမ်မွေ့စွာ ပြောပြီး ဆက်တီရှိရာသို့ ပြန်လာကာ…

“မဒီနွယ်ဆိုတဲ့ စားသောက်ဆိုင်က အဆိုတော် ဒီအဆောင်က ထွက်သွားတာ ကြာလှပြီ သူ့ဆီကို ဘယ်သူမှ မလာဘူး။ ဘာမှ လာမမေးဘူးတဲ့ ရှင်က သူ့မောင်ဆိုရင် ပိုသိရမှာပေါ့တဲ့ မမရဲ့။ အမျိုးသမီးအသံက ခပ်မာမာဗျ”

ကျွန်မ မောင်မောင့်ကို ကျေးဇူးတင်ကြောင်း ပြောပြီး ပြုံး၍ ကြည့်လိုက်မိသည်။

ကျွန်မ၏ ဒုတိယဘဝတစ်လျှောက်လုံးမှာ ယခု ပြုံးသော အပြုံးလောက် ကြည်လင်ရွှန်းစိုခြင်းမျိုး မရှိခဲ့သေးပါ။

ကျွန်မ သိပ်ကို ပျော်သွားပါပြီ။

“မဒီနွယ် ဆိုတာ ကြို့ကုန်းအဆောင်မှ ပျောက်ရုံမက



ဒီလောကကြီးထဲကပါ ပျောက်ကွယ်သွားခဲ့ပြီလေ”

မဒီနွယ်က နေကြာဆိုသော တောသူမလေးကို သတ်ပစ်လိုက်ပြီး–

တက္ကသိုလ် သင်းသရဖီဆိုသော စာရေးဆရာမက မဒီနွယ်ကို ဒီလောကအတွင်းမှ အောင်မြင်စွာ နှင်ထုတ်လိုက်နိုင်ပါပြီ။

မဒီနွယ်ဆီ ဘယ်သူမှ မလာဘူးတဲ့။

ဘယ်သူမှ လာမမေးဘူးတဲ့။

အဆောင်က ထွက်သွားတာ ကြာလှပြီတဲ့။ မဒီနွယ်နှင့် [illegible]တ်သက်တာ ဘာမှ မကျန်ခဲ့။ ဘယ်သူမှလည်း ရောက်မလာပါ [illegible]ခြင်းများအတွက်…

“အို…ကျွန်မ ပျော်လိုက်တာ”

မဒီနွယ်၏ အခန်းကဏ္ဍသည် ပြီးဆုံးနိဂုံးချုပ်ကာ လိုက် [illegible]ကျ၍ ဇာတ်သိမ်းခဲ့ချေပြီတကား။

❋

လောကကြီးသည် ဘယ်နေရာမှ အတည်တကျ မရှိ။ ပုံသေ [illegible]ကျခြင်းမရှိ။ ဖြစ်ချင်သလို ဖြစ်နေတတ်သည်သာ။

ကျွန်မကဲ့သို့ ရာဇဝတ်မှု ကျူးလွန်ပြီး မပေါ်သည့်အမှု [illegible]သည်း အများကြီး ရှိလေမလားပင်။

“ရာဇဝတ်မှု”

“ဟင်အင်း ရာဇဝတ်မှု မြောက်ချင်မှ မြောက်မှာပါ”

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူကြီးက သူ့ကို ပြန်ပြီး အမှုပတ်မှာစိုးလို့ မတိုင်တာလည်း ဖြစ်နိုင်သည်။

ဒါဆိုရင်...

ဒီလူကြီး မသေတာ သေချာပြီ။

သူသာသေလျှင် ရဲကလည်း ဘယ်နေပါ့မလဲ။

သူ့အလောင်းကို တွေ့ပြီး သူ ဘယ်သူလဲ၊ သူဘယ်ကလာသလဲ စုံစမ်းပြီး မီးခိုးကြွက်လျှောက် ဆိုသလို...

စားသောက်ဆိုင်မှ ပပစန္ဒီ၊ ဟန်နီချစ်၊ နှင့်ဆီဖူးတို့မှ တစ်ဆင့် ကျွန်မ၏ အဆောင်သို့ လိုက်လာကြမည်။

ယခုတော့ မဒီနွယ်ကို ဘယ်သူမှ ခြေရာမခံ ဘယ်သူမှ လိုက်မရှာ ဘယ်သူမှ အသိအမှတ် မပြု၍...

ကျွန်မ ကျူးလွန်ခဲ့ သေမှုကြီးသည် အေးငြိမ်းစွာ ပြီးဆုံးခဲ့ပါပြီ။

ကျွန်မ ဝက်အူလှည့်နှင့် ထိုးလိုက်သောကြောင့် ဒဏ်ရာ အနည်းငယ်သာ ရရှိပြီး ပျောက်ကင်းသွားတာ ဖြစ်မည်။

ဟိုလူကြီးကိုယ်တိုင် အမှုမဖွင့်လို၍ အားလုံး ပြီးဆုံးသွားခဲ့ခြင်းပင် ဖြစ်မှာ သေချာပါပြီ။

ကျွန်မဘဝထဲမှ "မဒီနွယ်"ဆိုသော စားသောက်ဆိုင် အဆိုတော်မလေးကို ဖျောက်ဖျက်မြှုပ်နှံလိုက်ပါတော့မည်။

ထိုနေ့က ကျွန်မ၏ ပျော်ရွှင်ချမ်းမြေ့မှုများကြောင့် မောင်မောင်နှင့် ရဲရင့်နိုင်တို့ ညီအစ်ကိုနှစ်ယောက် ပြန်သွားကြသည်ကိုပင် သိပ်ပြီး လိုက်လိုက်လှဲလှဲ ပြန်လည် မနှုတ်ဆက်ဖြစ်လိုက်ပါ။



မောင်မောင်ပေးခဲ့သည့် ညိုမောင် အမည်ဖြင့် ကျွန်မကို ရည်ရွယ်၍ ရေးသားထားသော အချစ်ဝတ္ထုလေးနှစ်ပုဒ်ကိုလည်း နောက်တစ်နေ့မှ ကျွန်မ ဖတ်ဖြစ်သည်။

ခုလို တယ်လီဖုန်းဆက်ပြီး စုံစမ်းခိုင်းဖို့ အစီအစဉ်ကို ဘာလို့များ စောစောစီးစီး အကြံမရပါလိမ့်။

ဘာပဲဖြစ်ဖြစ် ခုချိန်မှာ–

ကျွန်မ၏ နှလုံးအိမ်သည် တည်ငြိမ်ရှင်းလင်းစွာ အေးမြငြိမ်းချမ်းသွားခဲ့ရပါပြီတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်းနှစ်ဆယ့်လေး

"မနေ့က ကန်ထရိုက်တစ်ဦးလာသေးတယ်။ အခန်းလေးခန်း အပြင် ငွေသားလေးသိန်းပေးမယ်တဲ့"

"ကိုယ်တော့ ဖေဖေဆောက်ခဲ့တဲ့ ပျဉ်ထောင်အိမ်လေးနဲ့ပဲ နေချင်တယ် မော်ရယ်။ အိမ်က အကောင်းကြီး ရှိသေးတယ်။ ဘယ်နေရာမှ မဆွေးသေးဘူးလေ"

"အိမ် မဆွေးပေမယ့် မော် ဆွေးတော့မယ် အစ်ကိုရဲ့။ အစ်ကိုပေးတဲ့ ပိုက်ဆံနဲ့ ဘယ်မှာ လာလောက်တော့လို့လဲ"

"ကိုယ်လဲ ဘာမှ မသုံးဘူး၊ ရသမျှ ပေးတာပဲ"

"ဟုတ်ပါတယ် အစ်ကိုလဲ သုံးရတာပေါ့ ငွေလေးသိန်းဆိုတာ နည်းလား…လို့"

"မော် နည်းနည်း ထပ်စဉ်းစားဦးလေ"

"ဘာကို စဉ်းစားရမှာလဲ"

"အုတ်ဖိနပ်တွေ ခံထားတဲ့ ဒီအိမ်အကောင်းကြီးကို ဖျက်ပစ်ရမယ်။ လောလောဆယ်နေစရာ ရှာရမယ်။ ကိုယ့်စာအုပ်အကာကလဲ မနည်းဘူးလေ။ ကန်တရိုက်ဆောက်မယ့် ခြောက်ထပ်



တိုက် မပြီးမချင်း ဖြစ်သလို နေရမယ်။ ပြီးရင်လဲ အစ်ကိုတို့ မြေညီထပ် လုံးဝ မရဘူးလေ"

"လူနေတာပဲ ဈေးရောင်းမှာမှ မဟုတ်တာ အပေါ်ထပ်လဲ ဘာဖြစ်လဲ"

"သိပ်ကျဉ်းမယ်လေ အခု အိမ်အကျယ်အဝန်းကို ထက်ဝက်ခွဲပြီး အလယ်က လှေကားထားဦးမှာဆိုတော့ နေရတာ သိပ်ကျဉ်းမှာပဲ။ နောက်ပြီး အခန်းက ဆယ့်နှစ်ခန်းဆိုတော့ လူပေါင်းစုံနဲ့ ဆက်ဆံရမှာ ကိုယ်က အိမ်ရှင်ကိုး"

"ရန်ကုန်တမြို့လုံး ခြောက်ထပ်တိုက်တွေမှ ပြည့်လို့"

"ဘာပဲဖြစ်ဖြစ် မော်ရယ် အစ်ကိုကတော့ နေလို့လဲ ရနေသေးတာမို့ ကျယ်ကျယ်ဝန်းဝန်း ပျဉ်ထောင်အိမ်လေးနဲ့ပဲ နေချင်သေးတယ်။ ခုခေတ် ကန်ထရိုက်တွေကလဲ သိပ်ပြဿနာရှုပ်တာပြီးတော့ တိုက်ဖြစ်ရုံပဲ ဆောက်တာ ခိုင်ခန့်မှုကို လုံးဝ ထည့်မတွက်ကြဘူး။

"တော်ပြီ ဦးထွန်းသစ် ရှင့်မိဘက ရှင့်နာမည်နဲ့ ထားခဲ့တဲ့ အိမ်ဆိုတော့ ရှင်လုပ်ချင်မှ ဖြစ်တာပေါ့လေ နေပါ။ တစ်သက်လုံး နေပါ။

"တသက်လုံး ဒီလိုနေမယ်တော့လဲ မဟုတ်ပါဘူးကွာ။ ကန်ထရိုက်တွေ လိမ်မှာစိုးရိမ်တာရယ်၊ တိုက်ကို ဖြစ်သလို ဆောက်ပြီး ကျဉ်းကျဉ်းကြပ်ကြပ်နေရမှာကိုပဲ…

"ဒီမှာ"

မြင့်မြင့်မော်က ခေါသနိဒါန်းပျိုးလိုက်ပြီး

"ဟုတ်ပါတယ် အိမ်ကြီးက ကျယ်ပါတယ်။ ပေ အစိတ်ပေငါးဆယ် အပြည့်ဆောက်ထားလို့ ကျယ်ပါ တယ်။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအကျယ်အဝန်းက ရှင်နဲ့ ဆိုင်လို့လား"

"ဘာ"

"ရှင် ဘာသာ ရှင် ဖွဲ့ထားတဲ့ အခန်းကျဉ်းလေးထဲက စာအုပ်ပုံတွေထဲမှာပဲ ရှင် နေတာလေ"

"မင်းကို ကြောက်လို့ မင်းအသံမကြားချင်လို့"ဆိုသော စကားတွေ ကို မြိုချထားရပါ၏။

"ဒေါ်မြင့်မြင့်မော်က လင်ယောကျ်ားနဲ့ တစ်အိမ်ထဲ နေပြီး ပြတ်စဲကွဲကွာထားခြင်း ခံနေရတာပါ"

ကိုထွန်းသစ် ငြိမ်နေ၍

"လင်မယားအဖြစ်နဲ့ အတူသွားလို့ အတူစားလို့ အတူအိပ်လို့ နေခွင့်မရတာ ဘယ်လောက်ကြာပြီလဲဟင်"

"မော်မော်"

"ဘာလဲ"

"ငါ ဗီဒီယိုဇာတ်ညွှန်းရေးလို့ ငွေရတဲ့နေ့က ငါ့အပေါင်းအသင်းတွေနဲ့ အရက်သောက်ကြ စားကြနဲ့ ပျော်မိလို့ ငွေတဝက်ကျော်ပဲ ပြန်ပါလာတဲ့ နေ့ကလေ"

"အင်း"

"မင်းပဲ အိပ်ခန်းထဲ မဝင်နဲ့ အရက်သမားနဲ့ အတူမအိပ်နိုင်ဘူး။ ဘယ်တော့မှ ဝင်မလာခဲ့နဲ့ ဆိုပြီး ငါ့ခေါင်းအုံးတွေ စောင်တွေကို အခန်းအပြင်က ကြမ်းပြင်ပေါ်ကို လွှင့်ပစ်ခဲ့တာလေ"

"အဲဒီတုန်းက ပိုက်ဆံတွေ ကုန်လာလို့ ဒေါသထွက်တာပါ"

"နောက်လဲ ပြောပါတယ်ကွာ၊ ကျုပ်အခန်းထဲ ရှင် မလာနဲ့လို့"



မြင့်မြင့်မော် ဘာမှ မတုန့်ပြန်

"ငါလဲ စိတ်ကြီးတဲ့ယောကျ်ားတစ်ယောက်ပါပဲ။ အဲဒီလိုထပ်ပြီး အပြောမခံချင်တော့ ဘာသာပဲ နေလိုက်တယ်လေ။ အဲ့ဒါ တစ်သက်လုံးနေသွားမှာ"

နာကျည်းစိတ်တွေ သိုလှောင်မြှုပ်နှံထားရတာ များလွန်းသဖြင့် သည်နေ့တော့ ကိုထွန်းသစ်၏ ရင်ပွင့်သွားပြီ။

"နေလေ တစ်သက်မကလို့ ဆယ်သက်နေနေ သောက်ရေးမစိုက်သေးဘူး"

ကိုထွန်းသစ်စိတ်ကိုသာ မထိန်းနိုင်လျှင် ဒီမိန်းမ လက်သီးစာ မိလောက်ပြီ"

"ကဲ ...ကန်ထရိုက်တိုက်ဆောက်မှာလား မဆောက်ဘူးလား"

"မဆောက်ဘူး"

"နေ...နေ... အဲဒီအိမ်ကို ဖက်သေ"

"အေး ဖါသေမှဆောက်"

"ဒါဆို ဒီအိမ်ဖိုး တဝက် အမ်းမလား ကျုန်မတို့သားအမိ ဒီအိမ်ပေါ်က အပြီးဆင်းမယ်"

"မင်းက ကွာမယ်ဆိုတဲ့ သဘောလား"

"ကျုပ်တောင်းသလောက် ငွေရမယ်ဆိုရင်တော့ ကွာပေးမယ်။ ရှင့်ကိုလဲ စိတ်ကုန်လှပါပြီ။ တကယ်ပါ တကယ့်ကိုကွာမှာ"

"ငါစိတ်ကုန်တာတော့ ကြာလှပြီ"ဆိုသော စကားကိုဖြင့် ရင်ဘတ်ထဲက ထွက်ကျမသွားအောင် မနည်းပိတ်ဆို့ထားလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ကန်ထရိုက်ကိစ္စစကား ပြောရင်း လင်မယား ကွဲဖို့ ကွာဖို့အထိ တင်းမာလာခဲ့ကြသည်။

"ကျွန်မလဲ ရှင့်ကို စိတ်ကုန်နေတာ ကြာလှပြီ။ ကဲ - ခုပဲ အပြတ်ရှင်းကြရအောင် ရှင် ကျုပ်ကို ဒီအိမ်ဖိုးငွေ ထက်ဝက် အမ်းမလားပြော…"

"ဘယ်လိုလုပ် အမ်းနိုင်မှာလဲကွာ"

"မအမ်းနိုင်လို့ မရဘူး။ ဆက်ပေါင်းနေလိုလဲ မဖြစ်တော့ဘူး"

ကိုထွန်းသစ်သည် မြင့်မြင့်မော်ကို အဆုံးစွန်သော စိတ်ကုန်ခြင်းဖြင့် ကြည့်လိုက်ပြီးမှ…

"ကဲ…မင်းပဲ တစ်အိမ်လုံး ယူ ငါ လက်မှတ်ထိုးပေးခဲ့မယ်"

"ရှင် တကယ် ကျုပ်ကိုကွာပြီး အိမ်ပေါ်က ဆင်းပေးမှာလား"

"ခုချက်ချင်းကို ကွာပေးမယ်ကွာ…ကဲ"

"သိပ်ကြိုက်တာပေါ့ တရားရုံးတော့ ပိတ်ပြီ ယ–ရ–က ရုံးကိုပဲ သွားကြမယ်…လာ…"

❋ ❋ ❋

အခန်း(နှစ်ဆယ့်ငါး)

Feel ခံစားမှု ရသ…တဲ့။

သည်အမည်၊ သည်နေရာလေးကိုဆရာလဲ ရွေးချယ်ခေါ် ယူလာတတ်ပါပေရဲ့။ လှိုင်တက္ကသိုလ်နယ်မြေရှေ့မှ အနောက် မေခလမ်းသွယ်(၃)ထဲမှာ ရှိသော စားသောက်ဆိုင်ခန့်ခန့် သန့်သန့်လေး မီးရောင်မှိန်မှိန်နှင့် တီးခတ်သံတိုးတိုးလေးက ကြားသာရုံသာ

ချိန်းဆိုထားခြင်း မရှိပါပဲနှင့် နံနက် ဆယ်နာရီလောက်မှာ ဆရာ ရောက်လာပြီး။

"မသင်း မနက်စာ မစားရသေးဘူး မဟုတ်လား၊ တစ်နေရာရာမှာ သွားစားရအောင်"ဟူ၍

ဆရာပြောလာသဖြင့် ကျွန်မ အားရွှင်လန်းစွာ လိုက်လာခဲ့ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဝှား ကက ကားပေါ်မှာကတည်းက ရှေ့ခန်းမှ ဆရာ့ပိုက်ဆံအိပ်ပြားပြားလေးကို ဆွဲယူပြီး ငါးရာတန်တစ်ထပ် ထည့်ပေးလိုက်ပြီးပြီမို့ ဒီနေ့အဖို့ တစ်သောင်းဖိုးပဲ ကုန်ကုန် ကျွန်မ ပျော်ရွှင်ကျေနပ်စွာ သုံးစွဲပါမည်။

"မသင်း ဘာစားမလဲ"

"ဆရာ စားတာ စားမယ်

ဆလာမီ၊ တို့စ်၊ ကြက်ကင် အပြင် ဤဆိုင်မှ သန့်ရှင်းသော ဝက်ကလီစာပွဲကြီးကို မှာလိုက်သည်။ ပေါင်မုန့်ကင်နှင့် အာလူးကြော်များ ကြက်ဥကြော် နှစ်လုံးကို ပါထပ်မှာပြီး ဆရာ အားရပါးရ စားနေသည်ကို ကြည့်ပြီး ကျွန်မရင် ချမ်းမြေ့လှပါသည်။

"ရော့ စားဦးလေ"

ကြက်ကင်ကို ခက်ရင်းခွန်း ဓါးတို့နှင့် ကျင်လည်စွာ လှီးဖြတ်ပြီး ကျွန်မ ပန်းကန်ထဲသို့ ထည့်ပေးနေ၍…

"ဆရာစားပါ။ ကျွန်မ မနက်က မဘီလေး ဝယ်ပေးတဲ့ မုန့်ဟင်းခါးစားထားသေးတယ်"၊

"ကိုကတော့ အိပ်ရာထဲက ဘာမှကို မစားခဲ့ရသေးတာ"

ကန်ထရိုက်တိုက် ဆောက်ဖို့ကိစ္စနှင့် ပတ်သက်၍ မိန်းမနှင့် စကားများလာခဲ့ရကြောင်းကိုဖြင့် ပြောမပြပါ။

"ဒီပွဲကို ကိုရှင်းမှာနော်"

"ရှင်းပါ…ရှင်းပါ ဆရာ့ပိုက်ဆံအိတ်ထဲက ပိုက်ဆံနဲ့ပဲ ရှင်းပါ"



ကျွန်မ၏ အပြုံးနှင့် သူ့အိတ်လေးကို ဖွင့်ကြည့်လိုက်ပြီး–

"ဟာ ဒီသေးအိတ်ထဲမှာ ငါးရာတန် အထပ်လိုက်ပါလား။ …ပါစေ မသင်းရာ ကို…"

"ဆရာ"

"ဟင်"

"ကျွန်မမှာ ကိုယ်က ကျွေးမွေးရမယ့်သူ ဘယ်သူမှ မရှိပါဘူး။ ကျွန်မရဲ့ ကျေးဇူးရှင် ဆရာ့ကိုတော့ ကျွေးခွင့်ပြုပါ"

"အဲဒီကျေးဇူးရှင်ဆိုတာကြီးကို မပြောစမ်းပါနဲ့ဆိုကွာ"

"ကဲ – မပြောဘူး၊ မပြောဘူး။ ကျွန်မ စိတ်ချမ်းသာတာကိုပဲ ကြည့်ချင်တယ်ဆို၊ စာရေးဆရာဆိုတာ စိတ်ကြည်လင်နေရမယ်ဆို"

"ဟင်း"

"မရယ်ပါနဲ့ ဆရာရာ ကျွန်မ စိတ်ချမ်းမြေ့မှုအတွက် ဒီနေ့ ဆရာ့ကို ကျွေးပါရစေ"

"ဒါဆိုလဲ ကျွေးဗျာ စားပြီဗျာ"

ဆရာရဲ့အပြုံး အပြောကို ဆရာက သံသယဝင်သွားဟန်ဖြင့် အပြောနှင့် အပြုအမူလေးများကိုကြည့်ပြီး ကျွန်မရင်မှာ ကြည်နူးချမ်းမြေ့သွားလိုက်တာ ဆရာ့ကို မြတ်နိုးစွာ အကြာကြီး ငေးမော ကြည့်နေမိ၍–

"မသင်းလဲ စားဦးလေ"

သည်တော့မှ နည်းနည်းစီ စားရင်း နံရံတလျှောက်မှ အလှမွေး ငှက်ငါးလေးများ ထားရှိရာ မှန်ရေကန်လေးဆီသို့ အကြည့်ကို ပို့ထားရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အရင်က စားသောက်ဆိုင်သို့ တစ်ခါတစ်ရံ ရောက်လေတိုင်း အတိတ်ရိုင်း၏ ချောက်လှန့်မှုကို ခံရမြဲ။

ယခုတော့ မောင်မောင်၏ ကူညီမှုဖြင့် မဒီနွယ်ဆိုသော အညတရ အဆိုရှင်လေး၏ အခန်းကဏ္ဍသည် လုံးဝ ပျောက်ဆုံးသွားခဲ့ပြီမို့ စိတ်သည် လွတ်လပ် ပေါ့ပါးစွာ ပျော်ရွှင်မှုကိုပါ ပေါင်းဖွဲ့ ခံစားခဲ့ရပြီ။

ဆရာကိုထွန်းသစ်သည်လည်း…

မှန်ကန်ထဲမှ ရွှေငါးလေးများ ကူးခတ်နေသည်ကို ငေးကြည့်နေသည့် မသင်း၏ မျက်နှာလေးကို ဘေးတိုက် ကြည့်နေရသည်။

သူ့ကြောင့် နာမည်ကျော် စာရေးဆရာမတစ်ယောက် ဖြစ်လာပြီး ငွေတွေ သိန်းချီရလာသည့်အတွက် သူ့အပေါင်းအသင်းများက သူနှင့် မသင်းကို မသင်းကွယ်ရာမှာ အမြဲနောက်ပြောင်ကြ စတတ်ကြသည်။

"နေကြစမ်းပါ မောင်ရင်တို့ရာ၊ ကျုပ်မှာ မိန်းမနဲ့ ကလေးနဲ့ ပြီးတော့ မိန်းမရှာတဲ့ငွေကို ထိုင်သုံးချင်တဲ့ ခပ်ခြာခြာယောက်ျားမျိုး ကျုပ်မဖြစ်ချင်ဘူး။ အဲဒီထက် မသင်းက ကျုပ်ကို "ညွှတ်"ခဲ့ရင် သူ့ သိပ်နစ်နာသွားမှာပေါ့"

"ညွှတ်ရုံမကဘူး ကိုင်းတောင်ကျနေပြီ။ ခင်ဗျားဆွတ်ရဲဖို့ပဲ လိုတော့တယ်"

"တော်ကြစမ်းပါဗျာ"

"မသင်းက ခင်ဗျားကို သိပ်ခိုက်နေတာနော်"

ဆိုသော စကားများကို ဥပေက္ခာပြုခဲ့သည်။



ယခုတော့ သူကိုယ်တိုင် ပြောခဲ့သလို မသင်းကို သူ လက်မထပ်ရက်တာ အမှန်ပါ။ မသင်း၏ ငွေများကို သူ မသုံးစွဲချင်တာလည်း သစ္စာစကားပါ။

သို့သော်

သူ မပြောခဲ့ဘူးသော သူ မငြင်းဆိုခဲ့ဖူးသော အရာတစ်ခုသည် သူ့ရင်ထဲမှာ ထုထည်ကြီးမားစွာ ဖြစ်ထွန်းနေခဲ့ပြီ–

ဒါသည် လက်ထပ်ချင်စိတ် မဟုတ်

ရယူပိုင်ဆိုင်ချင်စိတ် မဟုတ်

အလွန်မွန်မြတ် သန့်စင်သော

သူ့အလိုအလျှောက် ဖြစ်တည်လာသော

"ချစ်ခြင်းမေတ္တာ"

သို့ပါသော်လည်း…

ဤခံစားမှု ထုထည် မည်မျှပင် ကြီးလာပါစေ၊ သူ့ရင်ထဲမှာသာ သိမ်းထားရမည် ဟူ၍လည်း ကိုထွန်းသစ်သည် အသိဉာဏ်နှင့် ယှဉ်ပြီး မှန်ကန်စွာ တွေးမိပါ၏။

စက္ကန့်ပေါင်း မြောက်များစွာ စကားသံတွေ ဆိတ်သုဉ်းနေကြသော်လည်း နှလုံးသား၏ စကားသံကမူ တိတ်ဆိတ်ခြင်း မရှိ။

မျက်ဝန်းအကြည့်များမှ နေ၍ နှလုံးသား၏ စကားများသည် တစ်ဦးမှ တစ်ဦးသို့ ခံစားနားလည်လျှက် ရှိနေကြပါသည်။

"စည်းချက်မဲ့ ရင်ခုန်သံ"ကိုတော့ ကွန်ပျူတာထဲ ထည့်ပြီး ရုံးအပ်ထားပြီတဲ့ ကိုစောလွင်က လာပြောတယ်"

"ရုံးမှာ ကြာဦးမှာပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"ခု သိပ်မကြာတော့ပါဘူး ဆက်ရေးထားနော်"

"ဟုတ်ကဲ့"

"ခု ဘယ်လောက် ပြီးပြီးလဲ"

"ကျွန်မ၏ မျှော်လင့်ခြင်း အလင်းရောင်"ဆိုတဲ့ ဝတ္ထုက ငါးခန်းလောက်ကကို မတက်နိုင်သေးဘူးဆရာရေ၊ ခေါင်းထဲမှာ ကြပ်ပိတ်နေတာပဲ ဘာမှ ဆက်စဉ်းစားလို့ မရဘူး"

ကျွန်မ ဆရာကို ရည်ညွှန်းရေးသားနေသော "ကျွန်မ၏ မျှော်လင့်ခြင်း အလင်းရောင်"ဆိုသည့် ဝတ္ထုကို ဆက်၍ မရေးဖြစ်ခြင်းက လှည်းတန်းဈေးမှ အပြန် ဒေါ်လေးမတင်လှနှင့် တွေ့ပြီး နောက်မှာ ဖြစ်သည်။

ယခုတော့ ကျွန်မ၏ ရင်သည် ပေါ့ပါးလန်းဆန်းခဲ့ပါပြီ။ စိတ်ကူးသစ်များကို ပုံဖော်နိုင်ပါတော့မည်။

"မသင်း"

"ဆရာ"

"စာရေးဆရာဆိုတာ ခရီးလေး ဘာလေးလဲ ထွက်ရတယ်"

"ခရီးမထွက်ပဲ စာတ်လမ်းတွေ မထပ်အောင် ဖန်တီးနိုင်တဲ့ စာရေးဆရာတွေလဲ ရှိပါတယ် ဆရာရဲ့"

"ဒါလဲ ဟုတ်ပါတယ်။ ဒါပေမယ့် မသင်း ခရီးထွက်ကြည့်လိုက်လေ။ ခုနပြောတဲ့ ခေါင်းထဲမှာ ကြပ်ပိတ်နေတယ် ဆိုတာတွေ၊ ရင်ထဲမှာ မွန်းကြပ်နေတယ်ဆိုတာတွေ အားလုံး မြေ ပျောက်ရှင်းလင်းသွားလိမ့်မယ်"

ကျွန်မ ရင်ရှင်းနေပါပြီ စိတ်ကြည်လင်နေပါပြီ။ စာရေးလို့လည်း ရပါတော့မည်။ သို့ပါသော်လည်း ဆရာကို ကြည့်၍



"ကျွန်မက ဘယ်ကို ခရီးထွက်ရမှာလဲ၊ ဘယ်သူနဲ့ သွားရမှာလဲ ဆရာ"

ကိုထွန်းသစ် တွေဝေသွားသည်။

ဖြစ်နိုင်မည် ဆိုပါလျှင် တောတွေဖြတ်၊ တောင်တွေကျော်ပြီး ပင်လယ်ပြင်ခရီးကိုပင် ဆရာနှင့် ကျွန်မ နှစ်ယောက်တည်း သွားချင်ပါသည်။ ဆရာကိုယ်တိုင်ကလည်း သည်သို့ပင် ရှိချေမည်။

"မသင်းမှာ သူငယ်ချင်း အပေါင်းအသင်းတွေ မရှိဘူးလား"

"ဟင်အင်း"

"မသင်း ဘာလို့ ဘဝကို တစ်ယောက်ထဲ ရင်ဆိုင်ဖြတ်သန်းနေတာလဲ။ ကိုယ့်စိတ်မှာ သိချင်နေတာတော့ ကြာပြီ၊ မမေးအပ်ဘူးထင်လို့"

"ကျွန်မ ပြောဖူးပါတယ်။ ကျွန်မဘဝအကြောင်းကို ပထမဆုံး ပြောပြမယ့်သူဟာ ဆရာပါပဲ"

"ဟုတ်တယ်လေ ခုပြောနိုင်ပြီလား"

"ပြောလို့ ရပါပြီ၊ ကျွန်မစိတ်တွေလဲ ရှင်းသွားပါပြီ။ ဒါပေမယ့် ဒီနေ့တော့ မပြောပါရစေနဲ့ဦး ဆရာ"

"ကောင်းပြီလေ မသင်း ပြောနိုင်တဲ့ အချိန်ကျမှ ပြောပါ"

ကျွန်မ နှုတ်ခမ်းစေ့၍ ပြုံးရင်း ခေါင်းညိတ်ပြလိုက်သည်။

"ဘာယူဦးမလဲ"

"အအေးသောက်ချင်တယ် ဆရာ"

ကိုထွန်းသစ်က ဝိတ်တာကောင်လေးကို ခေါ်ပြီး ကျွန်မဖို့ စပရိုက်တစ်ဗူး သူ့ဖို့သစ်သီးစုံပါသော ဒိုမီနိုတစ်ခွက်မှာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤဆိုင်မှာက ပုလင်းနှင့် အအေးမရ သံဗူးများသာ ထား ရှိသည်။ ဆရာက ကျွန်မ ကြိုက်သော စပါကလင်၊ ကွင့်ချ်၊ ဇပရိုက် စသည်များကို သိရှိနှင့်ပြီးသားမို့ တခါတည်း မှာယူလိုက် သည်။ ဖန်ခွက်ထဲသို့တိုင် ဆရာကိုယ်တိုင် ထည့်ပေးပါ၏။

ကျွန်မဘဝမှာ ကျွန်မ၏ အကြိုက် ယခုလို အလိုက်တသိ အရေးတယူ လုပ်ပေးခဲ့သူ မရှိသေးဘူးပါ။ ဆရာသည် "ကျွန်မ၏ အလင်းရောင်"ဆိုသည်နှင့် ထိုက်တန်စွာ အရာခပ်သိမ်းကို လမ်းပြနိုင်သူသာတည်း။

"ဆရာ"

"အင်း"

"နောက်နှစ်ပုဒ် ရေးပြီးရင် စာချုပ်စေ့သွားပြီနော်"

"ဟုတ်တယ် ဒီတခါ စာမူခလဲ တိုးပေးရမယ် ကြိုတင်ငွေ လဲ ပိုယူမယ်လို့ ကိုစောလွင်ကို ပြောပြီးသား မသင်းရဲ့ စောင် ရေတွေ တက်နေဆဲပဲလေ"

"ဆရာ"

"အင်း"

"ဒီတခါငွေတွေရရင် ကျွန်မ ဘာလုပ်ရမလဲ"

"ဟောဗျာ မသင်း ကြိုက်တာလုပ်လေ"

"ကျွန်မ ဘာကြိုက်ရမှန်းမှ မသိတာ ဆရာရယ်။ အရင် တခါက ဆရာပဲ အခန်းဝယ်ဆိုလို့ တိုက်ခန်းဝယ်လိုက်တယ် လေ"

"အဲဒီမှာလဲ မသင်း မနေလို့ နှစ်ချုပ်နဲ့ ငှားထားလိုက် ရတယ်"



"ကျွန်မ တစ်ယောက်ထဲ ဘယ်လိုလုပ်နေမလဲ အဆောင် မှာက နေသားကျနေပြီ"

"တကယ့်တစ်ကိုယ်တော်မလေးပဲ"

ဆရာ့အပြုံးက လင်းလက်လွန်းလှသည်။

"အဲဒီလိုနေတာ မကြိုက်ဘူးလား၊ တစ်ယောက်ရှာလိုက်ရ မလား"

"ရှာချင်တဲ့ စိတ်ရှိနေလို့လား"

"လူယောကျ်ားပဲ ဖြစ်ဖြစ်၊ လူမိန်းမပဲ ဖြစ်ဖြစ် အဖော်ဆို တာတော့ အမြဲလိုအပ်နေမှာပဲ။ ဒါသဘာဝတရားပဲလေ မဟုတ် ဘူးလား ဆရာ"

ဆရာ့မျက်နှာကြီး တင်းတည်သွားသည်ကို ကြည့်ကောင်း ကောင်းနှင့် ကြည့်နေလိုက်သည်။ ကျွန်မ၏ မာယာများသည် ချက်ကောင်းကို ထိမှန်သွားပြီ။

"ဟို…ညိုမောင်ဆိုတဲ့ ပဲခူးကကောင်လေး လာသေးလား"

"လာတယ်ဆရာ"

"အဲဒီကောင်လေးက ခင်ဗျားကို တအားကြွေနေတာနော်"

"အဟား…ဟား…ဟား"

ကျွန်မ တကယ်ကို ရယ်ချင်စိတ်နှင့် ရယ်မိသည်။

"ဝန်တိုခြင်း"သည် အချစ်ဆိုသော ထုထည်ထဲမှာ ရာခိုင် နှုန်း အချိုးကျ ပျော်ဝင်ပေါင်းစည်းနေတတ်သောအရာလေ။

ဆရာပြောသလိုပင် ညိုမောင်အမည်ခံ မောင်မောင်သည် ကျွန်မကို အထင်ကြီးစွာ လေးစားရိုကျိုးစွာ ချစ်မြတ်နိုးနေရှာ ပါကြောင်း ကျွန်မ သိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပါသော်လည်း "ဝန်တိုခြင်း"အဆင့်အထိ မောင်မောင် တက်မလာသေးပါ။ ချစ်ခြင်းမေတ္တာ၏ သဘောတရားကိုပင် တိကျရေရာစွာ နားမလည်ရှာသေးသည့် အပြစ်မဲ့ ကောင်လေး တစ်ယောက်ပါ။

"ဆရာ"

"အင်း"

"ကျွန်မ ဘယ်ကို ခရီးထွက်ရမှာလဲ ဆရာ စီစဉ်ပေးလေ"

"ကို စီစဉ်ပေးတဲ့ လူတွေနဲ့ သွားလို့ဖြစ်မှာလား"

"ဆရာက မလိုက်ဘူးလား"

"လိုက်ချင်တာပေါ့ဗျာ"

"ခေါ်ချင်တာပေါ့ရှင်"

နှစ်ယောက်လုံး ပြိုင်တူ ရယ်လိုက်ပြီးမှ အသံတွေကို ပြန်လည် ထိန်းချုပ်လိုက်ရသည်။

တခြားစားပွဲမှာလည်း စုံတွဲတစ်တွဲ ရှိသည်။ ယောကျ်ား ချည်း ငါးယောက်လည်း စားသောက်နေကြသည်။ သို့သော် လည်း အားလုံး တိုးတိုးတိတ်တိတ်။

"မသင်း ဘာမှာဦးမလဲ"

"ဝပြီး ဆရာလိုတာ ထပ်မှာပါဦး"

"မသင်းက နည်းနည်းပဲစားတာ ကိုယ်က ခုလို ယူရွတ် ပီယန်ဒစ်ရှ်တွေ မစားရတာ ကြာပြီလေ၊ ကျေးဇူးပဲ မသင်းရာ တအားဝသွားပြီ"

ဆရာသည် အဆင့်မြင့်စွာ ဆင်းသက်လာခဲ့သူမို့ ဥရောပ အစားအစာမျိုးကို စားနေကျ ဖြစ်မည်။ ကျွန်မကဖြင့် ထမင်း



နဲ့ ဟင်းပဲ မက်မောသည်။ တခြားအစားအစာတွေနှင့် တင်း မတိမ်ချင်၊ ဒါကလဲ အမြဲလို ထမင်းစားနေရပြီး ဆန်းဆန်းပြားပြား မစားဘူးတာလဲ ပါမှာပေါ့လေ။

ဤစားသောက်ဆိုင်မှာ ကျွန်မတို့နှစ်နာရီနီးပါး စကားတွေ ပြော အချိန်တွေဖြုန်းကြပြီးမှ ဆိုင်ထဲက ပြန်ထွက်လာခဲ့ကြသည်။

ဖီးလ် Feel ဆိုသော အဆင့်မြင့် စားသောက်ဆိုင်လေး ထဲမှာ လေအေးပေးစက်တပ်ထားပြီး အလင်းအားနည်းလွန်း ၍ အပြင်မှာ ဘာဖြစ်နေသည်ကို မသိနိုင်ကြပဲ ငွေရှင်း၍ ထွက် လာကြပြီးမှ-

"ဟာ မိုးတွေ ရွာနေတယ်"

"သိပ်တော့ မသည်းပါဘူး။ မသင်း ဒီက ခဏစောင့်လေ ကို တက္ကစီသွားခေါ်လာခဲ့မယ်"

"ရပါတယ် ဆရာရယ် အချိန်မဟုတ်ပဲနဲ့ ရွာတဲ့မိုးပဲ ခဏနေ တိတ်သွားမှာပါ။ လာပါ ဒီလိုပဲ အတူလျှောက်ပြီး ကားရှာကြတာ ပေါ့"

ကားမစီးနိုင်သူတို့၏ အကျင့်အတိုင်း ကျွန်မ၏ စလင်း ဘတ်အိတ်(ခ်)ထဲမှာ ပါရှိသော ခေါက်ထီးလေးကို ဖွင့်လိုက်ပြီး ဆရာ့ကို ကမ်းပေးလိုက်သည်။

"မသင်းဆောင်းပါ"

"ဆရာကလဲ အရိပ်ခိုလဲ တူတူ၊ မိုးစိုလဲ တူတူပေါ့ရှင်"

သူက ကျွန်မ၏ လက်ခုံကို အုပ်ကိုင်ဖြစ်ညှစ်၍ ကြည် နူးစွာ ပြုံးလိုက်ပြီး ထီးကို ယူ၍ ဆောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ထီးကိုင်ထားသော ဆရာ့လက်ကို ကျွန်မက တွဲဆက်၍ ကြွယ်လျှက် အနောက် မေခလမ်းသွယ်(၃)ထဲမှ နှစ်ယောက်သား ထွက်လာခဲ့ကြသည်။

ကျွန်မတို့နှစ်ယောက် သည်တခါလောက် ရင်းရင်းနှီးနှီး ထိထိတွေ့တွေ့ နီးနီးကပ်ကပ် မနေဘူးကြပါ၍ နှစ်ဦးလုံး၏ ရင်မှာ သိမ့်သိမ့်ခါနေကြသည်။

ကျွန်မတို့၏ ဝန်းကျင်မှာ မိုးစက် မိုးပွင့်တို့သည် ကျွန်မတို့နှင့် အတူ ကြည်နူးမြူးရွှင်စွာ မိုးပေါ်မှ ခုန်ချနေကြသည်။

မကြာမီ ပြည်လမ်းမပေါ်သို့ ရောက်ပြီးလျှင် အငှားကား တစ်စီးကို တား၍ ဆရာက ရှေ့ခန်း ကျွန်မက နောက်ခန်းမှ ခွဲခွာ၍ ထိုင်ကြရတော့မည်မို့...

ဤလမ်းကလေးကို သည့်ထက် ပို၍ ရှည်ဝေးအောင် ကျွန်မတို့ နှစ်ယောက်လုံး ဆွဲဆန့်လိုက်ချင်ကြပါသည်။

❂ ❂ ❂

## အခန်းနှစ်ဆယ့်ခြောက်

ပင်လယ်ပြင်မှာ x ရေလှိုင်း x ဖွေးဖွေးလေးများနဲ့အတူ
ရှိတာ x x အုန်းစိမ်းရည် x x
ပင်လယ်လေကို ရှူရှိုက် x လွတ်လပ်တဲ့ x
ဘဝ x အရသာ x မြည်းစမ်း x ကြည့်စို့လေ x x
ပျော်ပျော်ရွှင်ရွှင် x x လှုပ်ရှားပြေးလွှား x
ကစားရင်းနဲ့ x x ရေလှိုင်း x x စီးငြိမ့်လို့နေ x
နေဝင်ချိန်ကို x ရှုစား x x အေးမြတဲ့ x အလှဆည်းဆာ
မောပန်း x အနွမ်းလည်းပြေ x x
ကမ်းသာယာ x ကမ်းခြေကို x လှမ်းလာပါ x x
ကမ်းသာယာ x x ကမ်းခြေဟာ x ကဗျာ x တစ်ပုဒ်လေ x
မြို့ပြမှာ x မွန်းကြပ်တာတွေ x x ထားခဲ့ပါ x
စိတ်ကူးယဉ်ဖို့ x အကောင်းဆုံး x ကမ်းခြေ x x
စိတ်ကူးယဉ်ဖို့ x x x

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်…ကြည့်စမ်း သင်းသင်းအသံက ကောင်းလှချည်လား စာရေးဆရာမ မလုပ်နဲ့ အဆိုတော်လုပ်ပြီး အခွေထုတ်ပေါက်မှာ သေချာတယ်"

"မမခိုင်ကလဲ မဟုတ်တာ"

"တကယ်ဟုတ်တယ်။ မမခိုင် အသာလေး အိပ်ပြီး နားထောင်နေတာ ကောင်းလိုက်တဲ့အသံကွာ"

ဒီကမ်းသာယာကို လာမယ်ဆိုကတည်းက ခိုင်သင်းကြည်သရုပ်ဆောင်ပြီးဆိုတဲ့ သီချင်းကို မှတ်လာတာ တီဗီမှာ ကြော်ငြာသီချင်း နောက်ခံသီဆိုသူတွေရဲ့ နာမည် ဖော်ပြခွင့် မရတာတော့ မကောင်းဝါဘူး၊ အနုပညာရှင်ရဲ့ အမည်တော့ စာတမ်းထိုးပေးသင့်တာပေါ့"

"ခိုင်သင်းကြည်ပဲ ဆိုနေသလိုလို ဖြစ်အောင်လို့ ထင်ပါရဲ့ နေစမ်းပါဦး သင်းသင်းက ဘာလို့ ဒီလောက် အသံကောင်းနေရတာလဲ"

"ဟာ မမခိုင်ကလဲ"

ဒေါ်စန္ဒာခိုင်က ဘန်ဂလို၏ ဝန်ရံတာမှ ထွက်ပြီး လက်ယပ်ခေါ်လိုက်သဖြင့် ကားဝိုင်းပြင်နေသော ဆရာ ရောက်လာသည်နှင့်…

"ဆရာကိုထွန်းသစ်ရေ ဆရာ့တပည့်ကို စီးရီးထုတ်ဖို့ စီစဉ်တော့"

"ဗျာ"

"အသံက မဆိုးရှားကောင်းတာဝါလား"



"ဟင်"

"ရုပ်ရှင်မင်းသမီးတွေ သီချင်းဆိုကြ၊ အခွေထုတ်ကြတာပဲ ရှိတယ်။ ဘယ် စာရေးဆရာမမှ သီချင်းခွေ မထွက်ဖူးသေးဘူး။ သင်းသင်းကို ဒီက 'ပြန်ရင် လုပ်ပေးလိုက်တော့ သေချာပေါက် "ပေါက်"ရစေမယ်"

"ဟာ အပိုင်ပါပဲလား မခိုင်ရာ"

"မယုံရင် ဆို ခိုင်းကြည့် တကယ့်ကို အံ့သြသွားစေရမယ် ကိုထွန်းသစ်"

"ဟုတ်လားဗျာ မသင်း"

"အလကားပါ ဆရာ,ရာ ဒီလောက်ကြီးလဲ မဟုတ်ပါဘူး"

"ဘယ်နဲ့ အလကားရမှာလဲ ကဲ…ခုနက ကြော်ငြာသီချင်းလေးပဲ ဆိုပြလိုက်စမ်းပါ"

"ဟာ မမခိုင်ကလဲ မလုပ်ပါနဲ့"

ကျွန်မ ရှက်နေသည်ကို သိသော ဆရာက…

"ကဲပါ ခုချက်ချင်းတော့ မဆိုပါနဲ့ ညကျမှ ဆိုပြ ဟုတ်ပြီလား"

"ဘာမြူးစစ်ခ်မှ မပါပဲနဲ့ ဆိုရင် ကြောင်နေမှာပေါ့"

"မြူးစစ်ခ် လိုတယ်လား၊ ဒါဆိုရင် သင်းသင်း အရင်က အဆိုတော် လုပ်ဖူးရမယ်။ အနည်းဆုံး ကျောင်းကပွဲတွေမှာ ဖြစ်ဖြစ် ဆိုဖူးရမယ် ဟုတ်တယ် မဟုတ်လား မမခိုင် ပြောတာ"

ကျွန်မ၏ မဆင်မခြင် စကားတစ်ခွန်းကြောင့် ဒေါ်စန္ဒာခိုင်

www.burmeseclassic.com

www.burmeseclassic.com



အပိုင်ပြောနေပြီ၊ အတီးပါမှ ဆိုသင့်သည် ဆိုခြင်းမှာ သာမန်အရပ်သူအတွက် မသက်ဆိုင်သော စကားလေ...

ကျွန်မ မျက်နှာပျက်သွားမှာ သေချာသည်။ ဒေါ်စန္ဒာခိုင်က ဘာမှ မရိပ်မိလိုက်သော်လည်း ကျွန်မကို အမြဲဂရုစိုက်နေသော ဆရာကဖြင့် ကျွန်မ၏ ခံစားမှုမျက်နှာကို အကဲခတ်နေပါပြီ။

ထားပါတော့...

"မဒီနွယ်ရဲ့ ဘဝကို ဆရာ သိသွားလဲ သိပစေ၊ အားလုံး အမှန်အတိုင်း ပြောမယ်လို့တောင် ငါ ရည်ရွယ်ထားတာပဲ"

ဒါပေမယ့် ခုလို အပျော်ခရီးမှာတော့ မပြောသေးပါဘူး၊ ရန်ကုန်ပြန်ရောက်မှပဲ ပြောတော့မယ်။ ဒီကိစ္စက ဖုံးကွယ်ထားလဲ ဖြစ်တယ် ဖွင့်ပြောလဲ ဆရာက အပြစ်တင်မှာမှ မဟုတ်တာ။

"ဘာများလဲလို့ မခိုင်ရာ မသင်းက မင်းသမီးမှ မဟုတ်တာ စာရေးဆရာမဆိုတာ လိုင်းမကြောင်ကောင်းဘူးဗျ"

"ဆရာတို့ ကား ဘာဖြစ်လို့လဲဟင်"

"ဘာမှမဖြစ်ပါဘူး လမ်းကြမ်းမောင်းလာရလို့ နည်းနည်းပါးပါး စစ်ဆေးတာပါ"

"ဆရာက ကားလဲ ပြင်တတ်တယ်လား"

"ဩော်... သင်းသင်းရယ် ကိုထွန်းသစ်က တသက်လုံး ကားစီးလာတဲ့လူပဲ ကားလဲမောင်းတတ် ကားလဲ နိူက်တတ်တာပေါ့"

"ကဲ မသင်းလိုအပ်တာ မခိုင်ကို ပြောနော်။ နေမဝင်ခင် ပင်လယ်ရေချိုးဖို့လဲ အဆင်သင့် လုပ်ထားကြဦး"



ကျွန်မတို့ ဤ "**ကမ်းသာယာအပမ်းဖြေစခန်း**"သို့ ရောက်ကြသည်မှာ နာရီပိုင်းလောက်ပဲ ရှိပါသေးသည်။

ကျွန်မတို့ ဒီနေ့မနက် ငါးနာရီက ရန်ကုန်မှ ထွက်လာခဲ့ကြသည်။

စကြော့တံတားကြီး တည်ဆောက်ဆဲမို့ ညောင်တုန်းမှ ဇက်နှင့် ကူးကြရသည်။ ကံကောင်းစွာ ကျွန်မတို့ ရောက်ပြီး သိပ်မကြာခင်မှာပင် ကားကူးခွင့် ရရှိခဲ့သဖြင့်–

ရန်ကုန်နှင့် ၁၆၇ မိုင်မျှ ကွာဝေးသော ကားလမ်းခရီးမှာ လမ်းကောင်းများ ရှိသော်လည်း လမ်းကြမ်းလမ်းဆိုးများ ရှိနေဆဲ ပြုပြင်နေဆဲမို့၊ နေ့လည် နှစ်နာရီကျော်ကျော်မှာ ရောက်ရှိကြခြင်း ဖြစ်သည်။

အကယ်၍သာ...

စကြော့တံတားလည်း ပြီးမည် "ဓနဖြူ"အထိသာမက ကမ်းသာယာအထိပါ လမ်းများအားလုံး ကောင်းမည်ဆိုလျှင် သည့်ထက် ပို၍ အစောကြီး ရောက်ရှိနိုင်ပါမည်။

မမစန္ဒာခိုင်နှင့် သူ၏ ခင်ပွန်း ဦးမိုးမြင့်ဟိန်းတို့ ပိုင်သော နောက်ယက်ဗန်ရုပ်ရုပ် (Supper Roof) ကားလေးနှင့် အားလုံး ပေါင်း ငါးယောက် ခရီးထွက်လာခဲ့ကြခြင်း ဖြစ်သည်။

မမစန္ဒာခိုင်၏ မောင်တော်သော "မောင်ခန့်ထူး"က ကားကို တောက်လျှောက် မောင်းလာခြင်း ဖြစ်၏။

ရှေ့ခန်းမှာ ဆရာက ထိုင်သည်။

နောက်မှာ ဦးမိုးမြင့်ဟိန်းနှင့် ကျွန်မတို့အကြားမှာ မမစန္ဒာခိုင်က ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ပိုင်ကားနှင့် လာကြသော်လည်း ဆရာကို အလွန်ချစ်ခင်လေးစားစွာ ရှိကြကြောင်း တွေ့ရှိရသဖြင့် ကျွန်မ လိုက်လာခဲ့ရကတည်းမှာ မျက်နှာမငယ်ပါ။ တစ်လမ်းလုံး ကား ကက်ဆက်ဖွင့်ပြီး ရယ်ကြမောကြ သီချင်းတွေ လိုက်ဆိုကြ စကားစုံ ပြောကြနှင့် အားလုံး စည်စည်ဝေဝေ ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောဖြင့် ရောက်ရှိလာခဲ့ကြခြင်း ဖြစ်သည်။

"ရော့ သင်းသင်းအတွက် ရွှင်းမင်းကော့စကျူး-မ် Swimming Costume"

မိုးပြာရောင်နှင့် အဖြူလိုင်းလေးများ ပါသော ရေကူးဝတ်စုံအသစ်ကို ထုတ်ပေးသည်။ မမစန္ဒာခိုင်က ဝတ်နေကျ ထင်သည်။ အသစ်စက်စက် ဟုတ်ပုံမရ။

"ဟာ ကျွန်မ ရေကူးဝတ်စုံ မဝတ်ရဲပါဘူး။ ပြီးတော့ အသစ်ကြီး အားနာစရာ"

"အဲဒါ မသင်းရဲ့ ဆရာက ဝယ်နိုင်းလို့ ဝယ်ခဲ့ရတာ သူ ပိုက်ဆံပေးတာ"

"ဟာ"

"ဝတ်လိုက် မသင်း ပြီးတော့ ထဘီအပေါ်က ထပ်ဝတ်ပြီး ရေထဲဆင်းလေ ဒီတိုင်း လျှောက်မသွားရဲရင် ပြောတာ"

"ကျွန်မ ထဘီနဲ့ပဲ ချိုးပါရစေ"

"မဖြစ်ဘူး လှိုင်းပုတ်ရင် ထဘီနဲ့ မဖြစ်ဘူး"

မမစန္ဒာခိုင်ရော ကျွန်မပါ ရေကူးဝတ်စုံကိုယ်စီဖြင့် ပြိုင်တူဝင်တော့မယ့် မော်ဒယ်ဂဲလ်တွေလို ဖြစ်နေ၍ နှစ်ယောက်သား ရယ်မိကြသည်။



"သင်းသင်းက ရေကူးတတ်တယ်ဆိုပေမယ့် ပင်လယ်လှိုင်းကြားမှာတော့ ရေကူးဖို့သိပ်ခက်တာ လှိုင်းတွေက တစ်လုံးပြီး တစ်လုံး ရိုက်တော့တာလေ"

"ကျွန်မ ပြုံးလိုက်မိသည်။

ပင်လယ်ကမ်းခြေမှ တံငါရွာတွင် နေထိုင်ခဲ့ရသော ကျွန်မအကြောင်းကို မသိကြလေခြင်း။

ကျွန်မတို့နှစ်ယောက်ပင်လယ်ထဲသို့ အရင်ဆင်းကြပြီး လှိုင်းတွန်းတင်လိုက်သဖြင့် ကမ်းခြေဘက် ရောက်လိုက် လှိုင်းအကျမှာ ပင်လယ်ထဲသို့ ပြန်လျှောသွားလိုက်ဖြင့်-

လှိုင်းနှင့် သဲနှင့် ပင်လယ်ဆားငံရေနှင့် ကျွန်မတို့နှစ်ယောက်လုံးတွေးလျှူးလိမ့်နေကြသည်။

ဆရာတို့ သုံးယောက်လည်း ကျွန်မတို့ နှစ်ယောက်နှင့် မလှမ်းမကမ်းမှာ ရှိနေကြ၏။

ကိုမိုးမြင့်ဟိန်းမှာလည်း ကျွန်မ ရှိနေ၍ သူ့ဇနီးနားသို့ မလာရရှာ။

ခဏအကြာတွင် ကျွန်မတို့နှစ်ယောက် တက်နှင့်ကြသည်။ ခြေထောက်မှ သဲထုထည်ကြီးကို ဘနဂလိုရှေ့ ခြေပြင်ပေါ်မှ ရေဘုံဘိုင်နှင့် ဆေးရသည် တစ်ကိုယ်လုံးမှ သဲများကိုဖြင့် ရေချိုးခန်းမှ ရေပန်းနှင့် ဆေးပြီး ဘာတ်(သ်)တပ်(ပ်) Bath Tub ထဲမှာ ဝင်စိမ်ပြီးမှ သန့်စင်ရပါမည်။

"သင်းသင်းရေ သနပ်ခါးတုံးရော ကျောက်ပြင်လေးပါတယ်နော်။ မမခိုင်သွေးပေးရမလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ မမခိုင်ကလဲ မဟုတ်တာ"

ကျွန်မက မမစန္ဒာခိုင်၏ ရှင်မတောင် သနပ်ခါးစစ်စစ် အတုံးကျစ်ကျစ်ကလေးကို အားရပါးရ သွေးပြီး မျက်နှာတပြင်လုံး သနပ်ခါးတွေ ဖွေးနေအောင် လိမ်းလိုက်သည်။ ခြေလက်များပါ လိမ်းပြီး မမစန္ဒာခိုင်ဖို့လည်း တကျောက်ပြင် သွေးထားပေးသည်။

၁၉၉၅ ခု၊ မတ်လ ၂၄ ရက်နေ့တွင် ဖွင့်လှစ်သော "ကမ်းသာယာ" အပမ်းဖြေစခန်းတွင် ဘန်ဂလိုပေါင်း ၂၄ လုံး ရှိသည်။ ကျွန်မတို့က ဘန်ဂလိုတစ်လုံးတည်း ယူပြီး အလယ်ခန်းကို ချန်လှပ်ခါ သည်ဘက်မှာ ကျွန်မနှင့် မမစန္ဒာခိုင်။

ဟိုဘက်တစ်ခန်းကျော်တွင် Exlia Bed ခေါ် ခုတင်အပိုတစ်လုံး ထိုးပြီး သူတို့ယောကျ်ားသုံးယောက် တည်းခိုကြ၏။

ကျွန်မ အပြင်သို့ ထွက်ကြည့်လိုက်ရာ ဆရာသည် ကင်မရာတစ်လုံးနှင့် ပင်လယ်ပြင်၏ နေဝင်ချိန်ကို မိမိရရ ရိုက်ကူးနေသည်။

ဆရာရှိရာသို့ သဲသောင်ပြင်ကို နင်းပြီး လျှောက်လာမိသည်။

ကျွန်မတို့၏ မြစ်ဝကျွန်းပေါ်မှ ပင်လယ်ကမ်းခြေသည် ယခုလို သဲချည်းမဟုတ် နွံတွေက ညိုမည်းစေးပြစ်နေ၍ နွံနစ်တတ်သည်။

အနုပညာရပ်ပေါင်းစုံကို စိတ်ဝင်စားသော ဆရာသည် သူ ဓာတ်ပုံကောင်းရရန် အာရုံစိုက်နေ၍ ကျွန်မ နောက်မှ ရပ်နေသည်ကိုပင် သူ မသိ။ ဓာတ်ပုံသုံးကွက်လောက် ရိုက်ပြီး ထိုင်နေရာမှ ထလိုက်တော့မှ...



"ဟာ...မသင်းရောက်နေတယ်"

ဆရာက ကျွန်မနှင့် ယှဉ်ရပ်ပြီး အနောက်ဘက်သို့ လက်ညှိုးညွှန်ကာ –

"ပင်လယ်ထဲ သာမက ရေစပ်သောင်ပြင်မှော်မှာပါ နေလုံးကြီးရဲ့ အရိပ်ထင်နေတာ သိပ်လှတာပဲနော်"

"ဟုတ်တယ် ဆရာ နေလုံးကြီးက လိမ္မော်ရောင်၊ ကောင်းကင်နဲ့ ပင်လယ်က အပြာရောင် သစ်ပင်တွေက အစိမ်းရောင် သောင်ပြင်က ပုလဲရောင်နဲ့ ဆိုတော့ သိပ်လှတာပဲ ပျော်စရာကြီးနော် ဆရာ"

"မသင်း တကယ်ပျော်သလား"

"တကယ်ပျော်တယ်၊ ပျော်တယ် ဆိုတာထက်တောင် ပိုပြီး ပျော်သေးတယ်"

"အဟား လှလိုက်တဲ့ စကားလုံးကွာ"

"ဆရာ အဲဒါ ဆည်းဆာပေါ့နော်"

"ဟုတ်တယ် ဆည်းဆာဆိုတာ နှစ်ချိန် ရှိတယ်"

"ဟင် ဘယ်အချိန်တွေလဲ ဆည်းဆာဆိုတာ ညနေကို ခေါ်တာ မဟုတ်ဘူးလား"

"ဘယ်လိုလုပ်ပြီးများ မြန်မာစာနဲ့ ဘွဲ့ရလာတာလဲကွာ၊ ဆည်းဆာဆိုတာ နေတပိုင်းကဝင် နေတပိုင်းက ထွက်နေတဲ့ အချိန်ကို ခေါ်တာ မနက်ဆို နေတဝက်ထွက်ချိန် ညနေဆို

www.burmeseclassic.com

www.burmeseclassic.com



နေတာဝက်ဝင်ချိန်၊ အဲဒီနှစ်ချိန်လုံးဟာ ဆည်းဆာတွေချည်းပဲ။'

ကျွန်မက ဆရာ့ကို ပြုံးပြီး ကြည့်နေမိသည်။ ကျွန်မ မြန်မာစာနဲ့ ဘွဲ့ရနိုင်ဖို့အတွက် တိတ်တိတ် ကြိုးစားနေပြီဖြစ်ကြောင်း ဆရာ မကြာခင် သိရတော့မှာပါ။ စာရေးဆရာမ တစ်ယောက်အတွက် ဘဝအတွေ့အကြုံသာမက ပညာအရည်အချင်းပါ ရှိသင့်သည့် အတွက်ကြောင့်ပါ။

"မသင်း"

"ရှင်"

"အဲဒီအကျီ လုံချည် အပျော့လေးတွေ တဖျပ်ဖျပ်ခါနေတာရယ် သနပ်ခါးတွေ ဖွေးနေတာရယ်ဟာ ကိုမျက်စိထဲမှာ သိပ်လှနေတယ်။ အဲဒီနေရာမှာ ငြိမ်ငြိမ်ရပ်နေနော်"

စိန်မိုက်ကယ်သားပွင့်ရိုက်လေး အထက်အောက် ဆင်တူ ဝတ်ထားသဖြင့် လေမှာ တဖျပ်ဖျပ် လွင့်နေ၏။

ဆရာက နောက်ဆုပ်ပြီး အသေအချာ ချိန်ရွယ်၍ ဓာတ်ပုံရိုက်နေသည်။ ထိုဓာတ်ပုံများထဲမှ ကျွန်မ၏ အပြုံးသည် တောက်ပရွှန်းလက်နေမှာ သေချာပါသည်။

ဆရာက ကင်မရာကို လွယ်လျက် စင်းန် (Scene) ရှာသလို ကမ်းခြေမှာလျှောက်နေသည့် ဘေးက ကျွန်မပါ ယှဉ်တွဲလိုက်ပါလာသည်။

ဆရာ၏ အိတ်ဆောင်ကက်ဆက်လေးထဲမှ တေးသံကိုးတိုးလေး ပေါ်ထွက်နေသည်။

x နေမင်းရဲ့အလင်းရောင်သည်လဲ x မနေ့ကနဲ့ မတူ



x x မနေ့ကလို x မပူတော့ပြီ

အားသစ် x အင်သစ်တွေ x ဆောင်ကြဉ်းပေးခဲ့လို့ x x

ငါသည် x အချစ်အတွက် x တဖန်မွေးဖွားခဲ့ပြီ x x

မျှော်လင့်ခြင်းတွေ x ရင်မှာ x ပြန်ရှင်သန်လာ x x

မာန်မာနတွေ x ရင်မှာ x ပြန်နိုင်မာလာ x x

သီချင်းမဆုံးမီ ဆရာက ရွှန်းဝေစွာ ပြုံး၍ ကျွန်မကို ကြည့်ကာ–

"မသင်း ငပလီတို့ မောင်းမကန်တို့ ရောက်ဖူးလား"

"ဘယ်ရောက်ဖူးမှာလဲ ဆရာရယ်"

"ပုသိမ်နားက ချောင်းသာရော ရန်ကုန်နဲ့ နီးတယ်လေ၊ ရောက်ဖူးလား"

"ဟင့်အင်း"

"ဒီကမ်းသာယာက လှတော့ လှပါတယ်။ ဒါပေမယ့် အပမ်းဖြေဖို့ ကမ်းခြေက ချိုင်ထဲမှာမို့ အတော်လေးကျဉ်းတယ်။ တစ်မိုင်ကျော်ကျော်ပဲ ရှိတယ်။ နောက် ကျောက်ဆောင်လဲ မရှိတော့ အမြင်တော့ ရှင်းပါရဲ့။ ဒါပေမယ့် ကမ်းခြေအလှ မပြည့်စုံသလို"

"ချိုင်ဆိုတာ ဟိုဘက် ဒီဘက် အင်္ဂလိပ်စာလုံး ယူ (U)ပုံမျိုးလို ဖြစ်နေတာကို ပြောတာလားဟင်"

"ဟုတ်တယ် အစက ဒီနေရာကို "သာခွေးချိုင်" လို့ ခေါ်တာ နောက်တော့ အမည်ပြောင်းလိုက်ပြီး အခုလို အပန်းဖြေစခန်းဖွင့်တော့ "ကမ်းသာချိုင်" လို့ ခေါ်ကြတာ။

www.burmeseclassic.com

www.burmeseclassic.com



"အပြင်က ဆိုင်းဘုတ်မှာကျတော့ "ရွှေကမ်းသာယာ"လို့ ရေးထားတယ်နော်"

"ဟုတ်တယ်အရင်က အစိုးရပိုင်တုန်းက ကမ်းသာယာပဲ အခု ရှန်ကုန်က SNကုမ္ပဏီကို ငှားလိုက်တော့ သူက အမည် ပြည့်လိုက်တာလေ"

"အပြင်က ဆိုင်းဘုတ်မှာ ရွှေကမ်းသာယာ Hotel and Resort လို့ ရေးထားတယ်နော်"

"ဟုတ်တယ် ဟိုတယ်ကတော့ မသင်း သိပြီးသား ရှိရော့တ် Resortဆိုတာက အပမ်းဖြေ နားနေရာ သီးသန့်နေရာ လေးကို ခေါ်တာ"

"ဪ"

"ဘဲအင်းကျွန်းသို့ အသွားအပြန် စက်လှေခ ၃၅၀၀ တဲ့ ဆရာ ဟိုးက မြင်နေရတဲ့ ကျွန်းလေးဖြစ်မယ် နက်ဖန်ကျ သွားရအောင်နော် ဆရာ"

"လှိုင်းလေ အခြေအနေ ကြည့်သေးတာပေါ့"

"ဆရာက ကြောက်လို့လား"

"စိုးရိမ်တာ"

"ဘာကို စိုးရိမ်တာလဲ"မှ

"မသင်းအတွက် စိုးရိမ်တာပေါ့ ပင်လယ်ပြင်ကြီးထဲမှာ လှိုင်းလေမိလို့ မတော်တဆ စက်လှေမှောက်ပြီး..."

"ဆရာရယ်"

"တော်ပါကွာ စေးကွာမယ့် စကားတွေ မပြောကြကြေး.. ..."



ဆရာက ကျွန်မလက်ကို ဆွဲပြီး သောင်ပြင်မှာ ပြေးသဖြင့် ကျွန်မလည်း တခစ်ခစ်ရယ်ရင်း အတူလိုက်ပြေးနေမိသည်။

အတော်လေး ဝေးလာတော့ –

"မောပြီ ဆရာရယ် ထိုင်ကြစို့"

"အုန်း၏ ပင်စည်ကြီးများကို ဖြတ်ပြီး ထိုင်ခုံအဖြစ် ချထားသည့် အပေါ်မှာ မျက်နှာချင်းဆိုင် ထိုင်ဖြစ်ကြသည်။

ရင်ခုန်နှုန်း မြန်ပြီး ချွေးစေးများ ပျံလာသဖြင့် ဆရာကို ပင် စကားမပြောနိုင်၍...

"သိပ်မောသွားလားဟင်"

"ဟုတ်တယ် ဆရာ။ ခဏလေးပါ ခဏနေရင် ကောင်း သွားမှာပါ"

လက်ကာ၍ ပြောလိုက်သော ကျွန်မ၏ အသံများက ပြာပြီး မောဟိုက်သံပါလွှမ်းနေ၍–

"မသင်း နေမကောင်းဘူးလားဟင်"

ဆရာကိုထွန်းသစ်က ထိုင်ရာမှ ထလာပြီး မေးလာသဖြင့် ဆရာ့ရင်ခွင်မှာ ခေါင်းမှီထားလိုက်ရသည်။

ရင်ခုန်နှုန်းက အဆမတန်မြန်၍ နှလုံးသားသည် ကြောက် ခမန်းလိလို ခုန်လှုပ်နေပြီး မျက်စိများပင် ပြာချင်လာသည်။

"ဟာ...မသင်း လက်လေးတွေလဲ အေးစက်လို့ပါလား။ မူးလားဟင် ဘာဖြစ်လဲ ကို ဆရာဝန်တစ်ယောက် သွားရှာ လိုက်မယ်လေ၊ အခန်းပြန်မလားဟင် ကို ပွေ့သွားရမလား"

"ရတယ်... ရတယ်... ခဏလေး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ လက်ကာပြရင်း လက်နှစ်ဘက်လုံး သိုင်း၍ ဆရာ့ ခါးကို အားကိုးတကြီး ဖက်ထားရင်းက နွမ်းနယ်နုံးခွေလွန်းသော ခံစားမှုက ယခုပင် အသက်ဓိဝိန် ကြွေကျသွားတော့မလောက် ပါပင်။

ဆရာသည် ကျွန်မနဖူးပြင်မှ ချွေးစို့နေသည်ကို သုတ်လိုက် ကျောပြင်ကို သပ်လိုက်နှင့် စိုးရိမ်တကြီး ရှိလွန်းနေရှာသည်။

ကျွန်မ ကြောက်လိုက်တာ...

ရေအေးအေးတစ်ခွက် သောက်ပြီး အိပ်ရာထဲမှာ လဲလျောင်းနေချင်သော်လည်း ဤပုံစံအနေအထား ပျက်သွားရုံနှင့် အသက်ဝါ ပျောက်သွားတော့မလို ခံစားနေရပါ၍ ဆရာ့ရင်ခွင်မှာ မှီ၍ မှိန်းနေလိုက်ရခြင်းပါ။

စက္ကန့်ပေါင်းများစွာ ဖြတ်သန်းကုန်ဆုံးသွားသည်နှင့် အမျှ ကျွန်မ၏ နှလုံးခုန်နှုန်းလည်း အနည်းငယ် ငြိမ်သက်ရာမှ ရင်ခုန်နှုန်းက ဖြည်းဖြည်းချင်း လျော့နေးလာပါပြီ။

အနန်းပင်စည်ပေါ်တွင် ထိုင်ရာမှ လျှောချလိုက်ပြီး သဲပြင်ပေါ်မှာ အားရပါးရ ထိုင်ချချင်သည်ကို ဆရာက ဖေးဖေးမမ တွဲယူ ထိုင်စေပြီး သဲပြင်ပေါ်မှာပင် သူ့ကို မှီထားစေပါ၏။

"မသင်း ညီမလေး သက်သာလားဟင်"

အကြင်နာတရားများစွာနှင့် မေးလာသော မေးခွန်းကြောင့်–

"သက်...သာ...ပါပြီ"

"နားနေ ကိုကို မှီထားနော်"



အေးစက်နေသော ကျွန်မ၏ လက်များကို ဆုပ်နယ်ပြီး မှုလိုက်သလို အနေအထားပြောင်းလိုက်ပြီး ကျွန်မ၏ မျက်နှာကို စိုးရိမ်တကြီး ကြည့်နေရှာသည်။

ဆရာ၏ မျက်ဝန်းထဲမှာ ဘာရမ္မက်ဆန္ဒမှ မပါ။ အကြင်နာ သက်သက်ဖြင့် အစ်ကိုကြီးတစ်ယောက်မှ ညီမလေးတစ်ယောက်သို့ စိုးရိမ်သော အကြည့်မျိုးပါ။

"သက်သာလာပါပြီ စိတ်မပူနဲ့တော့နော်"

"ဟုတ်ရဲ့လားကွယ်၊ နှုတ်ခမ်းတွေ ဖြူပြီး လက်သည်းတွေတောင် ပြာသွားတာ၊ ခုမှ သွေးရောင်တွေ ပြန်လွှမ်းလာတာ ဒီလိုပဲ ဖြစ်တတ်သလားဟင်"

"ဒါ ပထမဆုံးပဲ"

"ကို သိပြီ ဒီကို မလာခင် ဝတ္ထုတစ်ပုဒ်ပြီးအောင် ရေးမယ်ဆိုပြီး နေ့ရော ညပါ မအိပ်မနေ ရေးခဲ့ပြီးတာနဲ့ ထွက်လာကြတာ"

"ညကလဲ တစ်ညလုံးနီးပါး အိပ်မရဘူး"

"ဟုတ်မယ် ကိုတောင် မနက် သုံးနာရီမထိုးခင်ထဲက နိုးပြီး ပြန်အိပ်မရတာ အဲဒီလိုညက အိပ်ပျက် ဒီနေ့ တစ်နေ့လုံး လမ်းချောရော လမ်းကြမ်းပါ ကားစီးလာတော့လဲ ပင်ပမ်း"

"ရေဆင်းကူးတယ်လေ"

"ဟုတ်တယ် ရေကူးရတာထက် လှိုင်းစီးရတာက လှိုင်းပုတ်လိုက် လိမ့်သွားလိုက် ပြန်လျှောကျလိုက်နဲ့ တအား မောတာ"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးက ကိုယ့်အပြစ် သင်းရဲ့ လက်ကလေးကို ဆွဲပြီး ပျော်လွန်းလို့ကို တအားပြေးမိတာ အဲဒီလို ပြေးမိလို့"

"ကျွန်မလဲ ပျော်လွန်းလို့ ပြေးတာပါ"

"သင်းရယ်"

ဆရာက ပုံမှန်နီးပါး ဖြစ်လာသော ကျွန်မ၏ မျက်နှာကို စိုးရိမ်တကြီး ကြည့်နေရှာသည်။

အနောက်ဘက်ဆီမှာ နေဝန်းနီသည် ပင်လယ်ပြင်ထဲသို့ လုံးလုံးလျားလျား ဝင်ရောက်သွားချေပြီ။ ပင်လယ်ရေပြင်သည် ပိုမို၍ ပြာမှိုင်းလာ၏။

"ကျွန်မတို့နှစ်ဦး"၏ ရှေ့မျက်နှာစာတွင် ကမ်းခြေမရှိ၊ အကွယ်အကာက မရှိ၊ အဆုံးမရှိ၊ အနားသပ်မရှိ၊

တပြင်တပြန့်ကြီး မြင်နေရသော သမုဒ္ဒရာပင်လယ်ပြင်ကြီးကဲ့သို့ပင် ကျယ်ပြန့် နက်ရှိုင်းလွန်းလှစွာသော..

"ချစ်ခြင်းတရားများ"က ကျွန်မတို့ချစ်သူနှစ်ဦး၏ နှလုံးသားများထဲမှာ ပြည့်သိပ်လျှက်...

❧ ❧ ❧

## အခန်း နှစ်ဆယ့်နှစ်

"ရေနဂါးစားသောက်ဆိုင်"

ဆက်ဆံရေးကောင်းမွန်ရုံမက စေတနာပါ ကောင်းလှသဖြင့် ကမ်းသာယာ အပမ်းဖြေစခန်းသို့ ရောက်လာသူတိုင်း ဈေးသင့်သော နေ့ရာ ဈေးလည်းသက်သာသည်။

ရေနဂါးဟု ခေါ်သော်လည်း အင်္ဂလိပ်လို ဆိုလျှင် Sea Horse ဟု အမည်ပေးထား၍ ရေမြင်း ဖြစ်ရပါမည်။ တိရစ္ဆာန်ရုံတွင် ရှိသော ရေမြင်းက ဝက်အကြီးကြီးလောက် ရှိပြီး အဆီတွေ အိဖြိုးနေသော အကောင်ကြီး ဖြစ်သည်။

ယခု ကျွန်မတို့ မြင်ရသော ရေနဂါးသည် ပန်းချီထဲတွင် မြင်ရသော နဂါးပုံစံနှင့် မှန်ရေကန်လေးထဲတွင် ထောင်ရက်ကလေး ကူးခတ်နေကြသည်။

ငါးအပါအဝင် ရေသတ္တဝါတိုင်း ရေထဲတွင် အလျားလိုက် နေလေ့ရှိကြသော်လည်း ဤရေနဂါးက ထောင်လိုက်အတိုင်း ကူးခတ်နေသည်။ အရွယ်က ကျွန်မ၏ လက်သန်းတခြမ်းစာလောက်သာ ရှိပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာက သိပ်စိတ်ဝင်စားစွာ မေးမြန်းနေသဖြင့် သဘောကောင်းသော ထိုဆိုင်က ရေနဂါး အသေအခြောက်ကလေးတစ်ကောင်ကို ဗူးလေးနှင့် ထည့်၍ လက်ဆောင်ပေးလိုက်သည်။

အမျိုးသားများက ဘီယာ ကျွန်မနှင့် မမစန္ဒာခိုင်က အအေးသောက်ပြီး အရသာရှိသော ဟင်းလျာများ ပင်လယ်စာများမှာယူစားသောက်ကြသည်။ ဆရာက ကျွန်မအတွက် စိုးရိမ်စွာ...

"ဒီရွာမှာ ဆေးခန်း ဘယ်နေရာမှာရှိလဲ ဆရာဝန်နဲ့ ပြချင်လို့"

"ဟာ...ဒီရွာမှာ ဘာမှ မရှိဘူး ဆရာ၊ တရွာလုံးမှ အိမ်ခြေ ၅၀ ပဲ ရှိပြီး လူဦးရေက ၂၂၇ ယောက်သာ ရှိတဲ့ ရွာငယ်လေးပါ"

"ဟင် ဒီလိုဆို ကျန်းမာရေးအတွက် ဘယ်လိုလုပ်ကြမလဲ"

"ကျွန်မတို့ ကမ်းသာယာရွာက သံတွဲနဲ့ ငပလီမြို့ကြားမှာ ရှိပါတယ်။ ရောဂါဖြစ်ရင် အဲဒီမြို့နှစ်မြို့ရဲ့ ဆေးရုံဆေးခန်းတွေ သွားပြရပါတယ်"

"အို... အဝေးကြီးပါလား"

"ဟုတ်ကဲ့၊ သံတွဲကို မိုင်ငါးဆယ်လောက် သွားရပြီး ငပလီမြို့နဲ့တော့ ၁၂ မိုင်ပဲ ဝေးပါတယ်။ ခရီးသည်တင်ကားတွေတော့ မပြတ်သွားလာနေကြပါတယ်။ လမ်းတလျှောက်မှာ ရွာတွေ၊ လယ်တွေ၊ မြေပဲစိုက်ခင်းတွေ ရှိလို့ လူတော့ မပြတ်ပါဘူး"

"ခုလို လွတ်လပ် အေးငြိမ်းတဲ့ နေရာမှာ အပမ်းဖြေလို့တော့ ကောင်းပါတယ်။ ဒါပေမယ့် မသင်း နေမကောင်း ထပ်ဖြစ်ရင်တော့ မလွယ်ဘူး"



"ကျွန်မ နေကောင်းပါပြီ ဆရာ ပင်ပင်ပမ်းပမ်း လှိုင်းမစီးမပြေးရင် အားလုံး အိုကေပါပဲ"

"သင်းသင်း ရေထဲမဆင်းနဲ့တော့ ဒီည လသာမယ်။ သောင်ပြင်မှာ စာရေးဆရာတွေ ထိုင်ပြီး တွေးကြပေတော့ နိုင်တို့တော့ မောမောနဲ့ အိပ်ပြီ"

ကျွန်မတို့နှစ်ယောက်ကို ချစ်သူနှစ်ဦးအဖြစ် ကျန်သုံးယောက်က သတ်မှတ်ထားကြပြီးမို့ အထူးရှက်ရွံ့ ပုန်းလျှိုးနေစရာ မလိုတော့ပါ။

ထိုနေ့ညဦးက မမစန္ဒာခိုင် ပြောသည့်အတိုင်း ဆရာက ရေစပ်မှာ ပလပ်စတစ်ဖျာတစ်ချပ် ခင်းပြီး ကျွန်မကို ထိုင်စောင့်နေရှာသည်။

ဖျာပေါ်မှာ အအေးဗူးများ ,အာလူးကြော်နှင့် နိုင်ငံခြားမှလာသော စားစရာ Snacks ထုပ်များ ရှိနေသည်။ မမစန္ဒာခိုင် ယူလာသော စားသောက်ဖွယ်ရာများပါ။ သူတို့ဧနီးမောင်နှံက လသာသာနှင့် သောင်ပြင်တလျှောက် လမ်းလျှောက်နေ ကြသည်။ အဖော်မဲ့ မောင်ခန့်ထူးကတော့ ဘယ်ရောက်နေမှန်း မသိ။

ကျွန်မ ဘန်ဂလိုမှ ထွက်လာသည်နှင့် ဆရာက ဆည်းကြို၍ ဖျာလေးပေါ်မှာ ထိုင်စေသည်။

လေတိုက်ပုံက မကြမ်းတမ်း

လမင်း၏ အလင်းရောင်က အရာခပ်သိမ်းကို ကြည်လင်အေးမြစွာ လင်းထိန်နေ၍

လရောင်အောက်မှ ပြေးနေသော လှိုင်းညွန့်တို့သည် ငွေ

www.burmeseclassic.com

www.burmeseclassic.com



ညှော်များ သွန်းလောင်းထားသလို ဖွေးဆွတ်နေ၏။

"နေကောင်းရဲ့လားဟင်"

"လုံးဝ ကောင်းသွားပါပြီ ဆရာ"

"ညနေက စိတ်ပူလိုက်ရတာကွယ်"

"အင်း... ဒီလို တစ်ခါမှ မဖြစ်ဘူးပါဘူး ပင်ပမ်းတာတွေ ဆက်သွားလို့ ဖြစ်မှာပါ"

"ဒါပေမယ့် ရန်ကုန်ရောက်ရင်တော့ ကားဒီးရက်(က်) (Cardiac) ပါရဂူနဲ့ ပြမှ ဖြစ်မယ်"

"ရှင်"

ဆရာ့စကားကို ကျွန်မ နားမလည်မှန်းသိ၍-

"နှလုံးရောဂါ ပါရဂူနဲ့ ပြမှ"

"ကျွန်မမှာ နှလုံးရောဂါ ရှိနေလို့လား"

"အင်း ပြတဲ့ဆိုင်း(Sign)တွေက နှလုံးကြောင့်လို့ ထင်မိလို့ပါ။ နှလုံးရောဂါဆိုရင် ဘာမှကို ကြောက်စရာ မရှိဘူး။ ခု သိပ်အောင်မြင်နေပြီ။ ဆေးမှန်မှန်စားပြီး အနေ့အထိုင် အစား အသောက် ဆင်ခြင်ဖို့ပဲ လိုတယ်"

"တကယ်လို့ နှလုံးကို အစားထိုး ကုသရမယ်ဆိုရင်ရော"

"ကိုယ့်နှလုံးသားကို ထုတ်ပေးနိုင်တယ်"

နီးနီးကပ်ကပ်ထိုင်ရာက ဆရာက ကျွန်မကို သေသေချာချာ ကြည့်၍...

"ကိုကို အမှန်အတိုင်း ပြောပြနိုင်မလားဟင်"

"ဘာကိုလဲ ဆရာ"

"သင်းမြလှိုင်ဆိုတာ ဘယ်သူလဲဟင်"



"အို"

ညနေက ဧည့်ကြိုဌာန ရီဆက် (ပ) ရှင် (Reception)မှာ မှတ်ပုံတင်တွေ ပေးရင်းက ကိုယ်ကြည့်မိတာ၊ ကိုယ့်နှလုံးသားထဲမှာ စွဲနေတဲ့ ဟောဒီမျက်နှာလေးဟာ မှတ်ပုံတင်ထဲက သင်းမြလှိုင်ရဲ့ မျက်နှာနဲ့ တခြားစီပဲ၊ တစ်ယောက်စီပဲ"

"အို"

ကျွန်မ အကြီးအကျယ် တုန်လှုပ်သွားသည်။ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ပြည့်အိုင်လာသည်ကို လ၏အရောင်ဖြင့် ဆရာ အနီးကပ် တွေ့မြင်သွား၍...

သင်းမြလှိုင်ဆိုတာ ဘယ်သူပဲ ဖြစ်ဖြစ် ကိုယ့်အတွက် အရေးမကြီးဘူး၊ မသိရလဲ ဖြစ်တယ်၊ ကိုချစ်နေတာ ကိုသိပ်ချစ်နေတာ ဟောဒီမျက်နှာနဲ့ မိန်းကလေးကိုပါကွယ်"

"ဆရာရယ်"

"ခုချိန်မှာ ရင်ပမ်းရမယ့် ကိစ္စတွေ မတွေးနဲ့ မပြောပါနဲ့နော် ကိုယ် သိချင်တာတစ်ခုထဲ ရှိပါတယ်။ အဲဒါပဲ မေးချင်တယ်"

"မေးပါ ဆရာ"

"မသင်းဟာ လွတ်လပ်တဲ့သူ ဟုတ်ရဲ့လား"

"ရှင်"

"မသင်းကို တစ်စုံတစ်ယောက်က ပိုင်ဆိုင်ထားတာများ ရှိနှင့်နေသလားလို့ပါကွယ်"

"ဆရာ"

"အင်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ဘယ်သူမှ မပိုင်ဆိုင်ဘူးတဲ့ အသန့်စင်ဆုံး မိန်းကလေးတစ်ယောက်ပါဆိုတာကိုတော့ ကျမ်းသစ္စာ ကျိန်ဆိုပြီး ကျွန်မ ပြောရဲပါတယ်"

"ဒါဆို တော်ပြီ ပြီးပြီ ကိုယ်သိချင်တာ အဲဒါ တစ်ခုထဲပါပဲ မသင်း"

"မပြီးသေးဘူး ကျွန်မ ဆက်ပြီး ပြောစရာ ရှိသေးတယ် ဆရာ"

"ဟင်"

"ကျွန်မ တစ်ဘဝလုံး ကျွန်မ တစ်သက်လုံး ဘယ်သူ့ဆို ဘယ်သူ့ကိုမှ မချစ်ခဲ့ဘူးသေးဘူးဆိုတာလဲ ဆက်ပြီး ယုံပေးပါရှင်"

"ယုံပြီဗျာ ယုံလိုက်ပြီဗျာ"

လှိုင်းရိုက်သံနှင့် ကျွန်မတို့၏ ရယ်မောသံများက ရောထွေး၏။

"ကဲ ဒါဖြင့် ထပ်မေးမယ်။ ဘယ်သူ့ကိုမှ မချစ်ဖူးခဲ့တဲ့ ကောင်မလေး ခုရော ချစ်တတ်ပြီလားဟင်"

"တတ်လိုက်တာမှ ပါရဂူဘွဲ့တောင် ယူလို့ ရနေပြီ"

"အဲဟား ပြောပုံလေးက ချစ်စရာကောင်းလိုက်တာကွာ ပြောစမ်းပါဦး ဘယ်သူ့ကိုများ ဒီလောက်ချစ်တတ်နေပြီလဲဆိုတာ"

"ကျွန်မရဲ့ အလင်းရောင်ကြီးကို"

"ဘာ"

"ဟောဒီလူကြီးဟာ ကျွန်မဘဝရဲ့ ထာဝရအလင်းရောင်ကြီးရှင့်"



"ဟာ ကွာ ကြည့်စမ်း"

ရွှန်းမြသည့် လရောင်အောက်က သဲသောင်ပြင်ပေါ်မှာ လူသူများ ရှင်းနေ၏။ လေနှင့် လှိုင်းတို့၏ သက်မဲ့အသံများကို နာခံရင်း လွတ်လပ်အေးငြိမ်းခြင်း၏ ရသကို ခံစားနေကြသော ချစ်သူနှစ်ဦး။

ဆရာက ကျွန်မမျက်နှာကို စူးစူးနစ်နစ် ကြည့်ရင်းက

"ယုံမလားတော့ မသိဘူး။ ကိုယ်အမှန်ပြောမှာ"

"ပြောကြည့်လေ"

"ကိုယ် ဒီအသက်အရွယ်ရောက်တဲ့အထိ ဒီလိုနဲ့ ဒီလောက်အထိ ခံစားပြီး ဘယ်သူ့ကိုမှ မချစ်ခဲ့ဘူးသေးဘူး"

"မယုံဘူး"

"ဒါ ကိုရဲ့ သစ္စာစကားပါ"

"ဟုတ်ပါ့မလား ကိုက လူပျိုကြီးမှ မဟုတ်တာ"

"ဟုတ်တယ် တကယ့်ကိုပါ မြင့်မြင့်မော်ကို ကို တခါမှ ဒီလို မချစ်ဖူးဘူး"

"မြင့်မြင့်မော်ဆိုတာ ဘယ်သူလဲ"

ကို့ဇနီးလေ"

"ဆရာရဲ့ယ်"

"ကို့ဇနီးက ကိုယ့်ကို သိပ်ချစ်တယ် ထင်ပြီး လက်ထပ်ခဲ့တာ၊ ကို သူ့ကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး"

မျက်နှာချင်းဆိုင်နေရာမှ ကျွန်မ မျက်နှာလွှဲလိုက်မိသည်။

"ဒီလိုအချိန်မှာ အိမ်ထောင်ရှိ ယောကျ်ားတိုင်း ဒီစကားမျိုး ပြောကြမှာပဲဆိုတာ ကို သိပါတယ်။ ဒါပေမယ့် ကို မသင်းကို

www.burmeseclassic.com

www.burmeseclassic.com



ချစ်နေတာ ကြာပြီ။ အခုမှ ဘာလို့ ပြတ်သားရဲလဲ သိလား"

"ဟာင်အင်း"

ကိုပါဟာ မလွတ်လပ်သူဘဝနဲ့ သင်းကို ဘယ်တော့မှ "ချစ်" စကားမပြောဘူး၊ မပြောရက်ဘူး။ ခုတော့ ကွာရှင်းဖို့ သူက စပြီး ပြောလာတာ ကိုနဲ့ ကို့ဇနီးနဲ့ ရပ်ကွက်ရုံးမှာ ကွာရှင်းဖို့ သွားပြောပြီးခဲ့ပြီ။ ဒါလဲ တရားဝင်ပါတယ်။ ဒါပေမယ့် တရားရုံးမှာ ထပ်ပြီး အတည်ပြုရမယ်။ ပြီးတော့ တရားရုံးမှာ အိမ်ဂရမ်ကို သူ့နာမည်နဲ့ လွှဲပေးရမယ်။ ကိုယ် ပိုင်ဆိုင်သမျှ သူ့ကို ပေးလိုက်တော့မယ်။ ကိုလူချည်းသက်သက် မသင်းဘဝထဲ ဝင်လာပါရစေနော်"

"ဆရာ ဆရာရယ်"

အားကိုးတကြီးစိတ်နှင့် ကျွန်မ၏ အင်အားရှိသမျှ ဆရာ့ကို တအားဖက်ထားလိုက်မိသည်။

ဤလက်များကိုလည်း ဘယ်သို့သော အင်အားနှင့်မှ ဖြေလွှတ်ဖယ်ထုတ်နိုင်မည် မဟုတ်ဟူ၍လည်း ယုံကြည်စွာဖြင့်...

"မှောင်အတိ ကျနေတဲ့ ကျွန်မဘဝကို အလင်းရောင်ပေးခဲ့တဲ့ ဆရာ၊ ကျွန်မရဲ့ အောင်မြင်မှုတွေ မတိမ်းစောင်းစေရအောင် ဦးဆောင်လမ်းညွှန်ပေးခဲ့တဲ့ ကျွန်မရဲ့ ကျေးဇူးရှင်၊ ကျွန်မရဲ့ အလင်းရောင်၊ အို...ကျွန်မ သိပ်ချစ်ရပါတဲ့ ကျွန်မရဲ့ အချစ်ဦး အချစ်ဆုံးရယ်"

"ဟာ ဟေ့ ဘယ်နဲ့ မျက်ရည်တွေ ကျလာရတာလဲကွာ"

"ဝမ်းသာလွန်းလို့ပါ"



"တိတ်တော့နော် တော်ကြာ ရင်တွေ ပြန်ခုန်လာဦးမယ်"

"ဆရာနဲ့ ကျွန်မနဲ့ တကယ်ပဲ ဘဝနှစ်ခုပေါင်းဆုံခွင့်ရတော့မယ်တဲ့လားရှင်"

"အသေအချာပါပဲ။ ဒီအကြောင်းတွေ အားလုံးလဲ ကိုယ့်သူငယ်ချင်း မိုးမြင့်ဟိန်းတို့ သိကြတယ်။ ဒါကြောင့် "ပရီဟန်းနီးမွန်း" ဆိုပြီး သူတို့ကိုယ်တိုင် ခေါ်ကြလာတာ"

"သူတို့က ဇနီးနဲ့ ကွာရှင်းမယ် ဆိုတာရော သိလား"

"အားလုံး သိတယ်။ ကွာရှင်းဖို့ ကိုက တောင်းဆိုတာ မဟုတ်ဘူးနော်။ သူက တောင်းဆိုလာတာပါ။ မယုံရင် ဇနီးကို မေးကြည့်၊ ကဲပါကွာ ဒါတွေ မေ့ထားကြရအောင်"

"ကောင်းပါပြီ"

"ကို့အကြောင်းလဲ မမေးနဲ့ ပြန်ရောက်ပြီးတာနဲ့ ကို လုပ်စရာရှိတာ လုပ်မယ်။ မသင်းရဲ့အကြောင်းလဲ မပြောနဲ့ ကိုချစ်တာ အဲဒီမျက်နှာလေးရယ် ကိုယ်အထင်ကြီးတာ အနုပညာဖန်တီးတတ်တဲ့ အရည်အချင်းတွေရယ်ကိုပဲ။ မသင်းလဲ အားလုံးကို မေ့ထား ဘာမှ မပြောနဲ့နော်"

"ဟုတ်ကဲ့ပါရှင့်"

"ခုချိန်က စပြီး ကိုတို့နှစ်ယောက် တစ်ဘဝဖြစ်သွားပြီလို့ သတ်မှတ်လိုက်ကြစို့နော် ချစ်"

"ဆရာ"

"အင်"

"ခုနလို ပြန်ခေါ်စမ်းပါ"

"ဘယ်လို ဩော်... သိပြီ ချစ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကျွန်မ မသင်း မဟုတ်ဘူးလေ"

"ပဟေဠိမလေး"

"အဖြေ မသိချင်ဘူးလား"

"ဟင်အင်း မသင်းဟာ အဲ…ချစ်ဟာ လွတ်လပ်သူဆိုတာကို သိခွင့်ရပြီးပြီ ထပ်ပြီး ဘာမှ မသိချင်ဘူး၊ အတိတ်ကို တူးဖော်လို့ ကိုချစ်ရင် ပင်ပမ်းမှာ စိုးရိမ်တယ်၊ ကဲကွာ ဒါတွေ မပြောကြရအောင်။

"အိုကေနော် အိုကေ"

ပင်လယ်လေ၏ သဘာဝအရ ညင်သာရာမှ ကြမ်းတမ်းလာပြန်သည်။ အထုပ်ပေါ်လေးများ လွင့်စင်ကုန်၏။ ဆရာက တင်းတင်းကြပ်ကြပ် ဖက်ထားရင်း…

"လေတွေ တအားတိုက်တယ် ကိုယ့်အချစ်ပါ လွင့်သွားမှာ စိုးလို့ပါ"

"ဆရာရယ်"

"ချစ်သူဖြစ်သွားပြီဗျ ဆရာလို့ မခေါ်နဲ့တော့"

"ဟင်အင်း… ဆရာဟာ ကျွန်မ တစ်ဘဝလုံးကို အမြဲတမ်း ဦးဆောင်နေရမယ့်သူမို့ အဲဒီအခေါ်အတိုင်းပဲ တစ်သက်လုံး ခေါ်မယ်"

"ကိုကတော့ နာမည်မှန် မသိသေးသမျှ ချစ်လို့ပဲ ခေါ်မယ်"

"နောင်လဲ ဒီလိုပဲ ခေါ်ရမယ်"

"ကောင်းပါပြီ အချစ်ရယ်၊ ကောင်းပါပြီဗျာ"

ဆရာ"



"ဟင်"

"ရေလကုန်ရင် ငှားထားတဲ့ အခန်းက လစေ့ပြီ။ ထပ်မငှားတော့ပဲ အဲဒီအခန်းလေးမှာပဲ ချစ်တို့ နေကြရအောင်ပါနော်"

"သိပ်ကောင်းတာပေါ့၊ ချစ်စာရေးဖို့ အလင်းရောင်ရတဲ့ အခန်းကို ရွေးငှားထားတာပဲ"

"ဒီတခါ စာချုပ်စေ့လို့ ပိုက်ဆံရရင် ကားတစ်စီး ဝယ်ရအောင်နော် ဆရာက မောင်းတတ်တော့ ခုလို မြန်မာပြည်အနှံ့ လျှောက်လည်ကြမယ်လေ"

"ချစ်"

"ရှင်"

"ကိုနဲ့ ချစ် လက်ထပ်ပြီးရင် ကိုတို့ ဘာသာထုတ်ကြမယ်၊ ငွေကြိုမယူတော့ဘူး ထုတ်ဝေသူရဲ့ အမြတ်က စာရေးဆရာရတဲ့ အတိုင်း ဒါမှ မဟုတ် ဒီထက် ပိုပြီးရတာ။ ကို ထုတ်ဝေသူလုပ်ပြီး ကိုယ့်မိန်းမ စာအုပ် ကိုယ်တိုင်ထုတ်မယ်"

"မြရာပင်မဂ္ဂဇင်းတိုက်ကလဲ ထွက်လိုက်တော့ ချစ် နားမှာပဲ နေ၊ ချစ်ရဲ့စာအုပ်တွေထုတ်၊ ပြီးရင် လျှောက်လည်ကြ အို… ချစ်တို့ ရဲ့ အနာဂတ်ဟာ လှပလိုက်တာကွယ် တကယ်ရော ဖြစ်လာပါ့မလားဟင်"

"ချစ်ဘက်ကလား"

"ကျွန်မဆိုတဲ့ မိန်းမက အားလုံးပေါင်းမှ တစ်ယောက် ထဲမို့ ဘာအပြောင်းအလွဲမှ ဖြစ်စရာ မလိုပါဘူး ဆရာ့ဘက်ကသာ"

"အခုထဲက လမ်းက ရှင်းနေပြီလေ။ သူက တဝက်တောင်းတယ် ကိုယ်က အပြည့်ပေးမှာ။ သူ့ဘက်က ဒီလိုပြတ်သွားလာ

www.burmeseclassic.com

www.burmeseclassic.com



လို့ ကိုချစ်ကို ဖွင့်ပြောပြီး လက်ထပ်ဖို့ ခွင့်တောင်းတာ သူနဲ့ မပြတ်မသားဆိုရင် ကို့ဘဝထဲ ချစ်ကို မသွင်းရက်ပါဘူးလေ”

“ဆရာရယ်”

“တကယ်ပါ ကိုယ် သိပ်မြတ်နိုးရတဲ့ မိန်းမဟာ ဘယ်သော အခါမှ “အငယ်”မဖြစ်စေရဘူး။ တရားဝင်တစ်ယောက်တည်း ဆိုတဲ့ နေရာမှာပဲ ရှိစေရမယ် ချစ် စိတ်ချ”

“ဆရာ”

“ချစ်”

“ဘယ်လို မိန်းမမျိုးမှ မချစ်နိုင်တဲ့ ချစ်ခြင်းတရားတွေနဲ့ ကျွန်မလေ ဆရာကို ချစ်လိုက်တာရှင်”

လပြည့်ည၏ လရောင်သည် ဝန်းကျင်တစ်ခုလုံးကို သာမက ကျွန်မတို့ ချစ်သူနှစ်ဦး၏ ရင်တွင်းသို့ပါ ဝင်ရောက်၍ သာ နေပါ၏။

ထိုညသည် ကျွန်မဘဝ၏ ပထမဆုံးသော ရင်တွင်းမှာ လသာသော ညလေးတစ်ညပါ။

အခန်း နှစ်ဆယ့်ရှစ်

ရန်ကုန် ပြန်ရောက်ပြီးသည်နှင့် နှလုံးရောဂါပါရဂူနှင့် ပြီး ရောဂါပေါင်းစုံကို စမ်းသပ်စစ်ဆေးပြီးသည့်အခါ... ကြီးကျယ်သော နှလုံးရောဂါ ရှိနေပြီ။ လိုအပ်လျှင် ခွဲစိတ်ရမည်။

ညွှန်ကြားသော ဆေးများ ပုံမှန်သောက်ပါ၊ ပင်လယ်ကမ်း ကြောလို ဖြစ်လာလျှင် ဒီဆေးကို လျှာအောက်မှာ ထားပြီး ပါ။

ပုံမှန်လာပြပါ။ ပုံမှန်ဆေးသောက်ပါ။ အသက်အန္တရာယ် စိုးရိမ်စရာ မရှိပါ။

ဟူ၍ ဆရာ၏ မေးခွန်းများကို နှလုံးရောဂါပါရဂူကြီးက ... ညီစွာ ရှင်းပြပါသည်။ ရောဂါရှင် ကျွန်မက သိပ်မဖြေသော် ... ည်း ဆရာက မျက်နှာပျက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆေးပုံမှန်စားပြီး အီစီဂျီနဲ့ အာရ်ထရာစောင်းတွေ ပြ
ကြည့်တာပေါ့။ ခွဲရရင်တောင် ကြောက်စရာမရှိပါဘူး။ အ
မြန်မာပြည်မှာ နှလုံးခွဲတာ ရာနှုန်းပြည့်နီးပါး အောင်မြင်နေပါပြီ"

"ဟုတ်ကဲ့ပါ ဆရာ"

"သိပ်အိပ်ပျက်မခံနဲ့ လူပင်ပမ်း၊ စိတ်ပင်ပမ်းမခံပါနဲ့
လက်ဖက်ရည် ကော်ဖီ လုံးဝ မသောက်ပါနဲ့ သွေးလဲ တိုး
လို့ အင်တွေ အဆီတွေ အဆိမ့်ရေတွ မစားပါနဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

"စိတ်မပူပါနဲ့ ကိုထွန်းသစ် ကျွန်တော့်ဆီသာ ပုံမှ
လာပြပါ"

ဆရာနှင့် ခင်သော ဆရာဝန်ကြီးက အသေအချာ ရှင်းပြ
ပြီး စိုးရိမ်ကြီးနေသော ဆရာ့ကိုပါ နှစ်သိမ့်လိုက်ပါသေးသည်။

"တော်ပြီကွာ စာတွေ တအားမရေးနဲ့တော့ ချစ်ရဲ့
စာတွေက ခံစားမှုကို အားပြုတဲ့ အဖွဲ့အနွဲ့တွေဆိုတော့ ဖန်တီး
ရသူက အရင်ဆုံး နင့်နင့်နဲနဲ ခံစားရတာ"

"ဟား...ဟား... ရှက်လို့ မပြောတာ တစ်ခါတလေ
ရေးရင်း မျက်ရည်ကျလို့ ခေါင်းတွေကို ကိုက်လို့ သိလာ
စာရေးရင်း မျက်ရည်သုတ်ရ နှပ်သုတ်ရနဲ့ ဆရာရဲ့"

ကျွန်မ၏ ရယ်ရယ်မောမော ပေါ့ပေါ့ပါးပါး စကားက
ဆရာက လိုက်၍ မရယ်။ ကျွန်မမှာ နှလုံးရောဂါရှိသည်
ဆိုရုံနှင့် သည်လောက်လည်း စိတ်ပူစရာ မလိုပါ။ လူ့နှလုံးသ
သည်မှာ အတော့်ကို ခံနိုင်ရည် ရှိပြီး နှလုံးကလည်း သိပ်အာ
ကောင်းမည့် တခြား အဆုတ်အသည်း စတာတွေကလည်



...င်းမည်ဆိုလျှင် လူ့နှလုံးသည် အနှစ်နှစ်ရာအထိ အလုပ်
...နိုင်သည်ဟု ဆေးပညာ ဆောင်းပါးတစ်စောင်မှာ ကျွန်မ
...ဖူးပါသည်။

"ချွဲလို့ နွဲ့လို့ ကောင်းတဲ့ ရောဂါတော့ ရပြီ။ အလုပ်
...ချင်ရင် ရင်တုန်လို့။ အပျင်းတစ်ပြီး အိပ်ရာက မထချင်ရင်လဲ
...လို့ဆိုပြီး ဆရာကို ညာခိုင်းမှာနော်"

"ချစ် စာကို နားနားနေနေပဲ ရေး အိမ်အလုပ်တွေ ကိုယ်
... လုပ်မယ်"

"ကောင်းလိုက်တာ နှလုံးရောဂါမကဘူး။ သုံးလုံးရောဂါ
...ထိ ဖြစ်ချင်လိုက်တာ"

"မနောက်နဲ့ကွာ"

"ကျွန်မ ပျော်နေတယ် ဆရာရဲ့"

"အဆောင်မှာ တစ်ယောက်တည်း ထားရမှာ စိတ်မချ
...ဘူး"

"သူ့အိမ်ငှားက သုံးလဆက်နေပါရစေဆို"

"ဟုတ်တယ်။ လက်ထပ်လိုက်ပြီး တခြားအခန်းတစ်ခု
...နေလိုက်ရင် ကောင်းမယ်"

"ဆရာ့ကိစ္စက ပြီးလို့လား"

"ပြီးပြီ ရုံးပိတ်ရက်တွေ ဆက်နေလို့ ပြီးတော့ ချစ်ရဲ့
...ဂါပြဖို့က ပိုအရေးကြီးလို့ သူက ကျေနပ်တယ်။ အိမ်ဂရမ်
... သူ့နာမည်လွှဲပေးဖို့ ရှေ့နေနဲ့တောင် စကားပြောပြီးပြီ၊
...ယ်အားလုံး ထားခဲ့ပြီး ဆင်းလာမှာကို သူကလဲ သိပ်ကျေနပ်
...ရပါတယ်။ ကဲပါ ဒါတွေ ဘာမှ မတွေးနဲ့ ကိုယ် အားလုံး

www.burmeseclassic.com

www.burmeseclassic.com



စီစဉ်မယ်။ ချစ်သာ ဆေးမှန်မှန်သောက်နော်။ သောက်ရမယ့် ဆေးနဲ့ အချိန်တွေ ရေးပေးလိုက်မယ်"

"အင်းပါ"

"မပေါ့နဲ့ကွာ တစ်ယောက်ထဲ ထားရမှာ စိတ်မချလိုက်တာ မဖြစ်ပါဘူး ချစ်ကို ဂရုစိုက်ပြီး ရောဂါပျောက်အောင် ဆေးကုဖို့တွေ လိုအပ်နေပြီ"

"ကို အမြန်ဆုံး စီစဉ်မယ်"

"ချစ်ရဲ့ ရောဂါပျောက်တဲ့အထိ ကို ဂရုစိုက်ပြီး ပြုစုမယ် သိလား"

ဆေးခန်းပြသည့်နေ့က ညည်းညူတတ်သော အဘွားကြီးတစ်ယောက်လို စိုးရိမ်ပူပန်လွန်းစွာဖြင့် စကားတွေ တတွတ်တွတ် ပြောဆိုမှာကြားနေသော ဆရာ...။

ကျွန်မကိုယ်တိုင် ကျွန်မသိပါသည်။ အိပ်ပျက်လွန်းမှု ရင်ထဲက နေမကောင်းတာပါ။ ယခု ကမ်းသာယာမှ ပြန်လာပြီးကတည်းက ရင်သည် တည်ငြိမ်စွာဖြင့် ကြည်လင်ငြိမ်းအေးနေပါ၏။

ကျွန်မ၏ တောက်လျှောက်အမှားက ညမှာ သိပ်အိပ်ပျက်ခံပြီး ကော်ဖီခါးခါးကို တစ်နေ့တည်း လေးငါးခွက်အထိ သောက်မိခြင်းပါပင်။

ယခု ရှောင်ပါတော့မည်။

ဆရာဝန်ကြီး၏ စကားကို နားထောင်ပြီး ဆေးမှန်မှန် သောက်ခြင်းဖြင့် ရောဂါမပျောက်တောင်မှ သက်သာအောင် ကျွန်မ ဆောင်ရွက်ပါတော့မည်။



ကျွန်မတို့ နှစ်ယောက်၏ ဘဝ စကြတော့မည်လေ။

နှလုံးရောဂါဆိုသည်မှာ အေအိုင်ဒီအက်စ်လို ကင်ဆာရောဂါလို လွယ်လွယ်နှင့် သေနိုင်သော ရောဂါမျိုး မဟုတ်ပါ။

ကျွန်မ၏ ထာဝရ အလင်းရောင်ကြီးက ကျွန်မကိုယ်ခန္ဓာမှ ရောဂါအပေါင်းကို ဖယ်ရှားပေးနိုင်မည့် တစ်ဦးတည်းသော သမားတော်ကြီးပင် ဖြစ်ပါ၏။

❋

"ဟယ်လို ဘယ်သူပါလဲရှင်"

"မမလား"

"ဘယ်သူလဲ ခုဆက်တာ"

"ကျွန်တော် မောင်မောင်ပါ မမ"

"ဪ...အေး ဘယ်က ဆက်တာလဲ"

"ပဲခူးကပါပဲ မမ ခရီးသွားတယ်ဆို"

"ဟုတ်တယ် ဘယ်သူပြောလဲ"

"အဆောင်ကို ဆက်ကြည့်တာ"

"ဪ"

"မမကို ပြောစရာ ရှိလို့"

"ပြော"

"လာမယ့် စနေနေ့ အိမ်မှာ ဘုန်းကြီးဆွမ်းကျွေးမလို့"

"ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီးငါးပါးပါပဲ။ ဘယ်သူ့မှ မဖိတ်ပါဘူး"

"ဪ"

"အဲဒါ မမများ လာနိုင်မလားလို့"

"ဆောရီးကွာ မမကို ခွင့်လွှတ်"

"မမ မလာနိုင်ဘူးလားဟင်"

"လာနိုင်မယ် မထင်ဘူးကွယ်"

"လာနိုင်ရင်တော့ ကောင်းမှာပဲ မမရာ၊ အမေနဲ့လဲ တွေ့ရအောင်။ အဲလေ အမေက မျက်စိမမြင်ပါဘူး။ ကျွန်တော်ပြောလွန်းလို့ ဆွမ်းကျွေးဖိတ်ကြည့်လေ အမေနဲ့ပါ ဆုံရတာပေါ့လို့ ပြောလို့ပါ။ လာခဲ့ပါလား မမရာ"

ပဲခူးနဲ့ ရန်ကုန်များ ဆွမ်းကျွေး ဖိတ်ရတယ်လို့ ခက်လိုက်တဲ့ကောင်လေး။

"မမ"

"အင်း"

"ဒါဆို မလာနိုင်ဘူးပေါ့နော်"

"မမ ကိုယ်ပိုင်ကားကြီး ဝယ်စီးနိုင်တဲ့အခါကျတော့မှ ကိုယ်တိုင် မောင်းပြီး လာခဲ့မယ် သိလား"

"ခုလဲမမက သူဌေးပါဗျာ။ ကျွန်တော်နဲ့ ရှမ်းကန် အတူသွားတုန်းကလို ကိုစိုးကားမျိုး ငှားခဲ့ပါလား"

"မမ ဘယ်မှ မသွားဘူး၊ ဘယ်သူနဲ့မှ မဆုံချင်ဘူးဆိုတာ မောင်မောင် အသိနော်"

"သိတယ်လေ၊ အိမ်မှာ ဘယ်ဧည့်သည်မှ မရှိဘူး ဧည့်သည်ကို ဖိတ်ပြီး ကျွေးနိုင်လောက်အောင်လဲ ပိုက်ဆံ မရှိ



ပါဘူးဗျာ။ ကျွန်တော်က မမအကြောင်း ပြောလွန်းလို့ အမေကလဲ မင်းအစ်မပါ ဖိတ်ကြည့်ပါလားဆိုလို့ ပြောကြည့်တာပါ၊ မလာနိုင်ဘူးဆိုတော့လဲ မတတ်နိုင်ဘူးပေါ့လေ"

"အေးကွာ မလာနိုင်တာ မမတောင်းပန်ပါတယ်။ ဒါဖိလား ဟင် ဖုန်းချလိုက်တော့မယ်နော်"

"ဟာ...နေဦးမမ ကျွန်တော့်စာတွေ ရလားဟင်"

"ရပါတယ် ခရီးက ပြန်လာမှ မမ မအားဘူးကွယ် ဒါပဲနော်"

"ကောင်းပါပြီဗျာ"

ပဲခူးနဲ့ ရန်ကုန် ထမင်းစားဖိတ်သတဲ့။ ဘယ်လောက်များ အလိုက်မသိတဲ့ ကောင်လေးလဲကွယ်။ ဒီလောက်ခင်ရုံနဲ့ တမြို့နဲ့ တမြို့သွားဖို့ဆိုတာ ဘယ်သူမှ မလိုက်လျောနိုင်တဲ့ ကိစ္စမျိုးပါ။

"ကျွန်မ ဘယ်နည်းနှင့်မှ မသွားနိုင်ပါ"

ဟူ၍ ဆုံးဖြတ်လိုက်သော်လည်း...

www.burmeseclassic.com

www.burmeseclassic.com

## အခန်းနှစ်ဆယ့်ကိုး

ဆရာ ဘယ်လိုစီစဉ်လိုက်သည် မသိ၊ ကျွန်မတို့ ဝယ်ထား
သော ကျောက်မြောင်းအခန်းမှ အိမ်ငှားများ ဆင်းသွားကြပြီ
ယနေ့ ကျွန်မတို့၏ အခန်းလေးကို သွားရှင်းကြမည်
ဆေးသုတ်ကုလား ငှားမည်။ အခန်းဖွဲ့မည်။ လက်ဆေးဘေ
တပ်မည်၊ ကမုတ်အိမ်သာပြောင်းမည် စသော အစီအစဉ်မျာ
ရှိသဖြင့် ဆရာ့ဆယ်နာရီမှာ လာခေါ်မည်ဟု မနေ့က ချိန်းခ
ထားပြီးသား။

"အစ်မသင်း ညှိသည်"

"မဘိလေးအသံကြောင့် နာရီကြည့်လိုက်ချိန်မှာ ကိုးနာ
ပင် မထိုးတတ်သေး။ ဘာများ အကြောင်းထူးလို့ အစောကြ
ရောက်လာတာပါလိမ့်။ အို ဆရာကို အဖြစ်သည်းနေတာပ

"အစ်မသင်း ညှိသည်က အစ်မသင်း အခန်းထဲ လာ
မလားတဲ့"

"ဟဲ့... ဘယ်ဖြစ်မလဲ အဲဒီကပဲ စောင့် လာခဲ့မယ်
ဆရာ့ကို ပြောလိုက် ဘိလေး"



"ညှိသည်က ဆရာ ဦးထွန်းသစ် မဟုတ်ဘူး အစ်မသင်း
အမျိုးသမီး တစ်ယောက်"

"ဟင်... ဘယ်သူတဲ့လဲ ဘယ်ကတဲ့လဲ"

အတိတ်ရိုင်းရှိသော ကျွန်မက လန့်ဖျပ်စွာ မေးနေ
အသက်သုံးဆယ်ကျော်ရွယ် မိန်းမတစ်ယောက်နှင့် ဆယ်နှစ်
ခန့်ရွယ် မိန်းကလေးတစ်ဦးတို့က မဘိလေးနောက်သို့ လိုက်
လာပြီး...

"တက္ကသိုလ် သင်းသရဖီဆိုတာ မဟုတ်လား"

"ရှင်"

"စာရင်းရှင်းစရာရှိလို့ အထဲဝင်ခဲ့မယ်"

"အို"

"ငါက ထွန်းသစ်ဆိုတဲ့ စာရေးဆရာ အယ်ဒီတာရဲ့
မိန်းမ - အဲဒါက သူ့သမီး"

ကျွန်မ ခြေတစ်လှမ်း နောက်ဆုတ်လိုက်မိသည်။

အမျိုးသမီးက ကလေးလက်ကို ဆွဲလျှက် ဆက်တီကုလား
ထိုင်ပေါ်သို့ ဆောင့်၍ ထိုင်ချလိုက်ပြီး...

"လာထိုင်စမ်းပါအုန်း ပြောစရာ ရှိလို့ပါ"

ကျွန်မသည် နာခံစွာပင် သူ့ရှေ့မှ တစ်ယောက်ထိုင်
ကုလားထိုင်ပေါ်သို့ ဖြည်းညှင်းစွာ ထိုင်လိုက်ရသည်။

"ရုပ်ကလေးလဲရှိ၊ ဝင်ငွေလဲ ကောင်း၊ နာမည်လဲ ကျော်
နေရက်သားနဲ့များ မယားငယ် ဘာလို့ ဖြစ်ချင်ရတာလဲ"

"အို...ရှင် ဘာတွေ လာပြောနေတာလဲ"

"ကမ်းသာယာဟိုတယ်ရဲ့ နှစ်ယောက်အိပ်ခန်းကြီးကရော
တော် ခိမ်ကျရဲ့လား ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး မဟုတ်မဘူး၊ မဖြစ်ဘူး၊ ကျွန်မတို့ ဘာမှ မဖြစ်ခဲ့ကြပါဘူးရှင်"

"ဟင်...ဘာမှသာ မဖြစ်တယ်။ ကျုပ်ယောကျ်ားက ညည်းကို ယူဖို့ ကျုပ်ကို ကွာတော့မှာ ဆိုပါလား"

ကျွန်မ အရှင်လတ်လတ် လောင်ကျွမ်းပြီး မီးခိုးအဖြစ်နှင့် လွင့်ပျယ်သွားလိုက်ချင်ပါပြီ။

"ပထမတုန်းက သူ့ကို ငါ စိတ်ကုန်လွန်းလို့ တကယ်ကွာမလို့ ရ–ယ–က ရုံးတောင် ရောက်ပြီးပြီ။ ဒါပေမယ့် မယားငယ် ရှိနေမှန်းလဲ သိလိုက်ရော ငါစိတ်ပြောင်းသွားပြီ...ဟော့ ဒီမှာ ကြည့်လိုက်စမ်း"

လန့်ဖျန့်ယောင်ယမ်းပြီး သူ့ကို ကြည့်မိချိန်မှာ သူက သူ့မျက်နှာကို သူ့ လက်ညှိုးနှင့် ထိုးပြီး–

"ထွန်းသစ်ဆိုတဲ့ကောင်ကို ငါ ဘယ်တော့မှ တရားရုံးမှာ တရားဝင် ကွာမပေးဘူး။ ယူရဲတဲ့ ကောင်မ ယူကြစမ်း မယားငယ်မဆိုပြီး ငါလိုက်သောက်ရှက်ခွဲပြမယ်"

"ဘုရား...ဘုရား"

"ညည်းက ပိုအရှက်ခွဲလို့ လွယ်တာပေါ့အေ၊ ညည်း စာရေးစားလို့ မရအောင်ကို ငါ လုပ်ပြမယ်"

"တော်ပါတော့... တော်ပါတော့ရှင်"

"ဘာလို့ တော်ရမှာလဲ ငါ့ယောကျ်ားကို ခိုးပေါင်းတဲ့ မိန်းမ ငါ ဝအောင် ပြောမယ်။ ပါးရိုက်မသွားရင်တောင် ညည်းက ကျေးဇူးတင်အုန်း"

ကျွန်မက ထိုင်ရာမှ ဝုန်းဆို ထပြီး သူ့ကို လက်ညှိုးထိုးကာ–



"ရှင် ခုထွက်သွား၊ ရှင့်ယောကျ်ားနဲ့ ကျွန်မနဲ့ ဘာမှ မဖြစ်ဘူး၊ ဘာမှ မကျူးလွန်ဘူး"

"ညည်းတို့ ငါးယောက် သွားကြတာလေ၊ လူပျိုက တစ်နေရာရာ အိပ်မှာပေါ့ စန္ဒာခိုင်တို့က လင်မယားပဲ တစ်ခန်းပေါ့။ ဒီတော့ ညည်းနဲ့ ငါ့ယောကျ်ားက အတူမအိပ်လို့..."

"ဒီမှာကျွန်မ လုံးဝ သည်းမခံနိုင်တော့ဘူးနော်"

"အောင်မာ သည်းမခံနိုင်လို့ နင်က ငါ ဘာလုပ်ချင်လို့လဲ၊ ထိကြည့်စမ်း သတ္တိရှိရင်"

ဤမိန်းမသည် သူ့ရဲပူးနေသော သူ့ရဲမကြီးကဲ့သို့ ကြောက်စရာကောင်းလှသည်။

"မေမေ ဖေဖေ မယားငယ်ကို ပါးရိုက်လိုက်ပါလား"

ရိုင်းစိုင်းလိုက်တဲ့ ကလေး...,

"ဒီမှာ"

ဒေါ်မြင့်မြင့်မော်က ရှေ့သို့ တိုးလာပြီး...

"အခု ငါလာတာ ငါ့ယောကျ်ားကို ဘယ်တော့မှ ကွာမပေးဘူး၊ သေတဲ့အထိ လုံးဝ ကွာမပေးဘူး ဆိုတာ လာပြောတာ"

နောက်သို့ ဆုတ်စရာ မရှိတော့ပါ။ ပြတင်းပေါက်ထိုကိုယ်က ထိနေပြီ။

"ညည်း သိထားဖို့က ငါ သူ့အိမ်ပေါ်က ဘယ်တော့မှ မဆင်းဘူး၊ သူဆင်းလဲ ငါ ဂရုမစိုက်ဘူး။ အေး ဒါပေမယ့် သူ့ကို ဘယ်တော့မှ တရားဝင် ကွာမပေးတဲ့အတွက် ငါ [illegible] တသက်လုံး ထွန်းသစ်ရဲ့ မယားကြီးပဲ နင်ယူရဲရင် [illegible] မယားငယ်က လွဲလို့ ဘာမှ ဖြစ်မလာဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သွား… ရှင်ထွက်သွား"

"ငို…သေအောင်ငိုစမ်း… တစ်သက်လုံး ငိုနေရမယ့် မယားငယ်မ"

ဉာဏ်မိန်းမယုတ်သည် အသံကုန် ဟစ်အော်ပြီး ကြမ်းတမ်းစွာ နင်းလျှောက်လျှက် အဆောင်ပေါ်မှ ဆင်းသက်သွားတော့သည်။

ကျွန်မ၏ အခန်းတံခါးကို ပြေးပိတ်လိုက်ချိန်မှာ ဟိုဘက်အဆောင်ဆီမှ မျက်နှာပေါင်းများစွာ ချောင်းကြည့်နေကြသည်ကို မြင်ဖြစ်အောင် မြင်လိုက်ရသည်။

"အို… ဘုရား… ဘုရား"

"မျက်လုံးတွေ ပြာပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာသဖြင့် ပိတ်ထားသော တံခါးကို လှမ်းဆွဲလိုက်သော်လည်း ဘာကိုမှ မဖမ်းဆုပ်မိပဲ တွယ်ရာမဲ့စွာဖြင့် ကြမ်းပြင်ပေါ်သို့ တဖြည်းဖြည်း ပုံကျသွားခဲ့ပါလေပြီ"

"ဆရာရယ်"

ကြမ်းပေါ်မှာပင် လှဲချရင်း ကြေကွဲဝမ်းနည်းလွန်းစွာ ကျွန်မ ငိုကြွေးမိပါသည်။

လှပပြည့်စုံစွာ မွမ်းမံတည်ဆောက်နေဆဲ ကျွန်မနှင့် ဆရာတို့၏ အနာဂတ်ရွာမှ အချစ်အိမ်လေးသည်…

တစ်စစီ တစ်မှုန့်စီဖြစ်အောင် ပေါက်ကွဲလွင့်စင် ပြန့်ကျဲခဲ့ချေပြီတကား။

## အခန်းသုံးဆယ်

ဟိုးအဝေးဆုံး နေရာတစ်ခုသို့ ထွက်ပြေးချင်လှသော ကျွန်မအတွက် ကိုစိုးကားက အဆင်သင့် ရောက်လာသည်။ အဆောင်မှာလည်း နေချင်စိတ် မရှိ၍ ထွက်လာခဲ့ခြင်း ဖြစ်သည်။

သွားစရာ တစ်နေရာရာကို ရှာတော့လည်း ဘယ်မှမရှိ၊ ဘယ်သူနှင့်မှလည်း မသိ၊ ကျွန်မကိုယ်တိုင် ကိုယ့်ဘဝကို ပိတ်ဆို့ကာရံထားသည့်အတွက် ထွက်ပေါက် ပိတ်နေချိန်မှာ–

"မောင်မောင်"

ဆိုသော ကောင်လေးကို သတိရလာသည်။

သူ ဖိတ်ထားသော ဆွမ်းကျွေးက တိုက်တိုက်ဆိုင်ဆိုင် သည်နေ့ ဖြစ်နေပါ၍–

"ကျွန်မ ပဲခူးသွားမလို့ ကိုစိုး ဖြစ်မလား"

"ဖြစ်ပါတယ် လမ်းမှာ ဆီဝင်ထည့်သွားရုံပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် ရန်ကုန်–မန္တလေး လမ်းမကြီးပေါ်သို့ ရောက်ရှိလာတော့သည်။

အမှန်တော့ မသွားသင့်ပါ။ ညင်းပြီးသား ကိစ္စလေး။ စိတ်ရှုးပေါက်စွာ ထွက်လာခဲ့ခြင်းပါပင်။

သူ့ကို စာရေးနေကျ လိပ်စာကို ပြောလိုက်သည့်အခါ ကိုစိုးက အလွယ်တကူပင် ရှာတွေ့ပါ၏။

အမိုးရှည်အောက်မှာ တာယာအဟောင်းများ ကားလေချိန်ကိရိယာများ တွေ့ရသည်နှင့် မောင်မောင်၏ အိမ် သေချာပြီ။

ကားဆိုက်လာသည်ဟု ထင်မှတ်နေဆဲမှာ ကားထဲမှ ကျွန်မ ထွက်လာသဖြင့် သူသည် ခပ်ကြာကြာ ကြောင်ကြည့်နေပြီးမှ”

“ဟာ...မမ”

“ဆွမ်းကျွေးဖိတ်လို့ လာတာလေ”

“ဟာဗျာ မလာဘူးဆိုလို့ မလာဘူးထင်နေတာလေ လာပါ မမ အထဲဝင်ပါ အိမ်ကတော့ ရှုပ်ပွေညစ်ပတ်နေတာပဲ မမရယ်”

“ရပါတယ်”

“လာ... မမ လာ... အိမ်ထဲသွားရအောင်”

သူ့နောက်က လိုက်လာဆဲ ကားထွက်သံ ကြား၍ မောင်မောင်က–

“ကားပြန်လွှတ်လိုက်တာလား”

“မဟုတ်ဘူး ထမင်းသွားစားခိုင်းတာ”



“အမေ... အမေရေ... မမ တကယ် လာတယ်ဗျာ”

“ဟယ် ဟုတ်လား သား၊ ခေါ်ခဲ့ ခေါ်ခဲ့ ဟဲ့ သားလေး ရဲရင့်နိုင် အိပ်မနေနဲ့ ထ ဟိုမှာ ညီ့သည်လာတယ်တဲ့”

အကျီချွတ်နှင့် ကျွန်မဆီ လာတုန်းက ဝတ်လာသော ဘောင်းဘီနှင့် ခါးပန်းကို ခေါင်းအုံး၍ အိပ်နေသော ရဲရင့်နိုင်က အိပ်ရေးမဝသော မျက်နှာမှုန်တေတေနှင့် ထပြီး အိမ်ခန်းထဲ ဝင်သွားတော့သည်။

ညီ့သည်ဆိုသည်မှာ မော်မောင် သိပ်လေးစားသော “ကျွန်မ” ဖြစ်ကြောင်း သူနှင့် ဆုံဘူးပြီးသူ ဖြစ်ကြောင်း သိ တော်မိပုံ မရပဲနှင့် အထဲသို့ ဝင်သွားခြင်း ဖြစ်၏။

“အမေ ဒါ ကျွန်တော့် မမ”

“အမျိုးသမီးကြီးက လက်ဝှေ့ယမ်းလာသဖြင့် ကျွန်မ သူ့ လက်ကို ကိုင်ကာ

“ဒေါ်ဒေါ် နေကောင်းတယ်နော်”

“လူကတော့ နေကောင်းပါတယ်၊ မျက်စိပျက်သွားတော့ ရှုတာ မကောင်းဘူးပေါ့ကွယ် ဝင်ပေါ့”

“ထိုင် မမ”

မောင်မောင် ခင်းပေးသော သင်ဖြူးဖျာအဟောင်းလေး မှာ ကျွန်မတို့ နှစ်ယောက် လက်တွဲရင်း ထိုင်ဖြစ်ကြသည်။

“ဟဲ့ သားကြီး မင်း မမ ထမင်းစားမယ် ထင်တယ်”

“မစားတော့ပါဘူး ဒေါ်ဒေါ် ကျွန်မ စားခဲ့ပြီးပါပြီ”

“တာတာ ဝမ်းသာလိုက်တာ သားကြီးကတော့လေ ဆရာမ

www.burmeseclassic.com

www.burmeseclassic.com



ဆီက စာများ ရောက်ရင် ခုန်ပေါက် လူးလိမ့်နေရှာတာ။ ဆရာမကို သူသိပ်လေးစားချစ်ခင်တာ”

“ဟုတ်ကဲ့ ကျွန်မလဲ သူ့ကို မောင်လေးတစ်ယောက်လို ခင်ပါတယ်”

“အေးကွယ် သူက စာရေးစာဖတ် အားကြီး ဝါသနာပါတာ ဖြစ်နိုင်ရင် ကူညီပါနော်။ ခုအလုပ်က သိပ်ပင်ပမ်းတာ”

“အမေက လုပ်တော့မယ် စာရေးဆရာဆိုတာ သူများ လုပ်ကျွေးလို့မှ မရတာ”

“သားရဲ့ စာမူတွေ မဂ္ဂဇင်းတိုက်က ပယ်တယ်ဆို ဒီဆရာမ ပြောပေးရင် ရမလားလို့ပါ”

မောင်မောင်က ကျွန်မ ရောက်လာသည့်အတွက် ဘာလုပ်ရမှန်း မသိအောင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရှာသည်။

“သားကြီး”

“အမေ”

“မင်းညီလေးကို နှိုးပြီး လက်ဖက်နဲ့ မုန့်နဲ့ အဝယ်ခိုင်းလိုက်ပါလား”

“ရပါတယ် အမေ ဒီကောင်က နှိုးရင် ကြည်တာမဟုတ်ဘူး ခဏနေမှ ကျွန်တော် ကိုယ်တိုင် ဝယ်ပါ့မယ်”

မျက်မမြင် အမျိုးသမီးကြီးသည် အသက်ငါးဆယ်ပင် ပြည့်ပုံ မရသေးပါ။ သူပြောဆိုဆက်ဆံပုံနှင့် သူ၏ အမူအရာများက အထက်တန်းကျလှသည်။

စိတ်နှလုံးမချမ်းမြေ့လှသော ကျွန်မသည်ပင် သူနှင့် စကား



ပြောရတာ အဆင်ပြေနေ၏။ ခဏအတွင်းမှာပင် ရင်းရင်းနှီးနှီး ဖြစ်သွားကြတော့သည်။

“မမ ခဏလေးနော် ကျွန်တော် လက်ဖက်ရည် သွားဝယ်လိုက်ဦးမယ်”

“လက်ဖက်ရည် မမနဲ့ မတည့်ဘူး အအေးပုလင်း ဝယ်ခဲ့ပါ မုန့်တစ်ခုခုနဲ့ပေါ့။ ဒီက ပိုက်ဆံယူသွားပါ”

နှလုံးသားသည် အစားမရှိလျှင်လည်း ရင်ထဲ နေမကောင်း တတ်၍ မုန့်ပါမှ ရသည်။ မနက်စာထမင်း ကျွန်မ မစားရသေးပါ။

ဆွမ်းကျွေးအိမ် ဆိုသော်လည်း ဘာမှ ပိုပိုလျှံလျှံ ရှိပုံမပေါ် မောင်မောင် ထွက်သွားပြီးနောက် ကျွန်မက–

“ဒေါ်ဒေါ် မျက်စိက ဘယ်တုန်းက ကွယ်တာလဲ ဘာဖြစ်သွားလို့လဲ”

“ဆရာမ အချိန်ရလို့လား ကားစောင့်နေသလား”

“မစောင့်ပါဘူး ဒေါ်ဒေါ် အချိန်ရပါတယ်”

“ဒါဖြင့် ဒီမျက်စိ ကွယ်ရတဲ့အကြောင်း ပြောပြပါရစေ။ ဒေါ်ဒေါ့်အဖြစ်က ဝတ္ထုတစ်ပုဒ်တောင် ရေးလို့ရတဲ့ ဖြစ်ရပ်ဆန်းပါကွယ်”

“ကျွန်မ စိတ်ဝင်စားလှပြီ ပြောပြပါလား ဒေါ်ဒေါ်”

“အင်း ပြောချင်နေတာပါ။ အဖြစ်ကတော့ တကယ်ဆိုးပါ တယ် ဆရာမရယ် ဒီလိုပါကွယ်-----------------

------------------------------------

------------------------------------

www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးနိုင်နှင့် ဒေါ်စိုးစိုးဦးတို့မှာ စီးပွားရေး ပြေလည်သော မိသားစု ဖြစ်ကြသည်။ ဒေါ်စိုးစိုးဦး၏ ညီမသည် ခင်ပွန်း ဆုံးပြီးနောက် အိမ်ထောင်ပြုသဖြင့် အလွန်လိမ္မာရေးခြားရှိသော သားလေး မောင်မောင်ကို ဒေါ်စိုးစိုးဦးက သားအရင်းအဖြစ် ယူမွေးစားလိုက်သည်။

ခင်ပွန်း ဦးစိုးနိုင်ကလည်း အလွန်အားကိုးရသော မောင်မောင့်ကို ချစ်ရှာပါသည်။

ဦးစိုးနိုင်က မော်လမြိုင် ဘားအံ မြဝတီတို့နှင့် ဆက်ပြီး နယ်စပ် ကုန်သွယ်ရေး လုပ်ငန်းအထိ တိုးချဲ့လုပ်ကိုင်နေသူ ဖြစ်သည်။

သို့သော် နောက်ဆုံးအခေါက်မှာ အရှုံးပေါ်သဖြင့် နောက်ထပ် အမြတ်ရရန် သေချာသော လုပ်ငန်းကို လုပ်ဖို့အတွက် ရန်ကုန်သို့ ထွက်သွားပြီး စီစဉ်ဆောင်ရွက်နေဆဲ။

---

---

"အဲဒီအချိန်မှာပဲ ဒေါ်ဒေါ်ကိုလဲ မျက်စိခွဲဖို့ ရန်ကုန်ကို ခေါ်လိုက်တယ်။ ဒေါ်ဒေါ်ရဲ့ မျက်စိတဘက်က လုံးဝ ကွယ်နေတာ ကြာပြီ ကုလို့လဲ မရတော့ဘူး။ အကောင်းတစ်ဘက်နဲ့ နေရာက အဲဒီအကောင်းမှာ ရေတိမ်ဖြစ်လာလို့ အမြန်ခွဲလိုက်ရတာ။



သူက ရန်ကုန်မှာ သူ့အလုပ်ကိစ္စ သာမက သားလေး နိုင်ငံခြားထွက်ဖို့ကိစ္စပါ လုပ်နေရရှာတာ။

"ဟုတ်တယ် သားငယ်လေး ရဲရင့်နိုင်က ဆယ်တန်းအောင် ပြီး ကျောင်းမတက်ရသေးဘူးလေ။ အဲဒါကို သူ့အဖေ အဆက် အသွယ်နဲ့ စင်ကာပူမှာ အလုပ်သွားလုပ်ဖို့ ဝပ်(က်)ပါမစ် အစစ်ရတယ်၊ တကယ်လဲ ဟိုမှာ အလုပ်ရမှာမို့ သားလေးက သိပ်တက်ကြွနေရှာတာ၊ သူက ကျကျနန သိပ်နေချင်ရှာတာ၊ အဝတ်လှလှ စမတ်ကျကျပေါ့ကွယ် အဲဒီလို နေချင်တဲ့ကောင်"

"သူ့အဖေကလဲ သူ့သားလေးကို နိုင်ငံခြားပို့တော့မယ် ဆဲဆဲ ငွေလေးသိန်းပေးဖို့လဲ ကတိပေးထားပြီးသား။

"အဲ မောင်မောင်ကတော့ ဆယ်တန်းတောင် မအောင်ရှာ ဘူးလေ။ ပြီးတော့ သူက စာပေပဲ ဝါသနာပါတော့ နိုင်ငံခြား ပို့ဖို့ အစီအစဉ် မရှိပါဘူး"

သမီးလေးက ဒီတုန်း ရှစ်တန်းပဲ ရှိသေးတာ သူ့အဖေက သူ့သားနဲ့ သမီးကို ငုံထားမတတ် ချစ်ရှာတာ။ သားသမီး အတွက်လဲ ရည်မှန်းချက် သိပ်ကြီးပါတယ်။

သူသိပ်အလုပ်များနေပေမယ့် ဒေါ်ဒေါ် မျက်စိခွဲပြီး ဆေး ရုံက ဆင်းတာကို လိုက်ပို့လိုက်သေးတယ်။ သူ့မှာ ကားပိုင် ရှိတယ်လေ။ အိမ်ကိုတော့ သူဆုံးပြီးမှ ရောင်းရတာ ခုဒီခြံပြောင်း လာပြီး မောင်မောင် ရှာကျွေးတာနဲ့ စားနေရတာ"

"သားလေး ရဲရင့်နိုင်ကတော့ ဘဝကို အရှုံးပေးလိုက် သလိုပဲ ဘာမှကို သုံးမရတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အင်း သူ့အဖေ ဘာလို့ဆုံးလဲဆိုတာ... အသတ်ခံရတာ"

"ဝက်အူလှည့်နဲ့ အထိုးခံရတာ"

❋

"ဒေါ်ဒေါ် မျက်စိခွဲပြီးလို့ အိမ်ရောက်တဲ့ ဆယ်ရက်မြောက်တဲ့ နေ့မှာ ည သန်းခေါင်ကျော်ပြီး နှစ်နာရီလောက် ရှိမယ် မိုးသဲသဲထဲမှာ ဒဏ်ရာကြီးနဲ့ သူပြန်ရောက်လာတယ်"

"ငါ အမှန်အတိုင်း ဝန်ခံပါမယ်။ ငါ့ကို ခွင့်မလွှတ်ပါနဲ့ကွယ်" ဆိုပြီး သူပြန်ပြောပြတာက...

ရန်ကုန်က အပေါင်းအသင်းစုံတော့ အရက်ကြိုက်သူလည်း ရှိ မိန်းမလိုက်စားသူလည်း ရှိရာမှာ–

တစ်ညဦးမှာ "စိတ်ဖြေရာ" စားသောက်ဆိုင်ကို သွားရင်း အဆိုတော် ကောင်မလေးနှစ်ယောက် ကားပေါ် ပါလာတယ်။ မိတ်ဆွေ မြင့်ဟန်က နေရာရှိလို့ တစ်ယောက်ကို ခေါ်ထုတ်သွားတယ်။

ကောင်မလေးတစ်ယောက်က ကားထဲမှာ ကျန်ရစ်ခဲ့တယ်။ မိုးကလဲ ရွာ ဘယ်ကို ခေါ်သွားရမှန်းလဲ မသိ၊ ကောင်မလေးကိုလဲ ကြေးစားထင်ပြီး ကားထဲမှာပဲ ကျူးလွန်ဖို့ ကြိုးစားရာမှာ မိန်းမကောင်းလေး ဖြစ်နေတဲ့အတွက် ရုန်းရင်းဆန်ခတ်ဖြစ်ပြီး သူ့ဝမ်းဗိုက်ကို ဝက်အူလှည့်နှင့် ထိုးပြီး ထွက်ပြေးသွားတော့တယ်။



ဒဏ်ရာက ဝမ်းတွင်းကို ဖောက်သွားခြင်း မဟုတ်ပဲ အဆီသားနေရာက အသားကိုသာ ထုတ်ခြင်းခတ် ပေါက်သွားခြင်းဖြစ်လို့ ဝက်အူလှည့်ကို နှုတ် အဝတ်နှင့် စည်းပြီးကာ ဆက်ပြေးလာရာက–

"ဒီကောင်မလေး ရဲကို သွားတိုင်ရင်တော့ ငါအရှက်ကွဲရုံမက အပြစ်ပါရတော့မယ်။ ငါ့အိမ်ပဲ ငါပြန်မှ"

ဆိုပြီး မင်္ဂလာဒုံမှာ နေတဲ့ သူ့ညီဝမ်းကွဲတစ်ယောက်ကို ခေါ်ပြီး ကားမောင်းခိုင်းခဲ့တယ်။ နောက်ဆုံးတော့ အိမ်ရောက်လာတာပေါ့။ ညတွင်းချင်းပဲ ဆရာဝန်ခေါ်ပြီး မနက်လင်းတာနဲ့ ဆေးရုံတင်တာပဲ ဒါပေမယ့် ဆေးရုံမှာ ဘာမှတောင် မကုလိုက်ရပါဘူး၊ ဝက်အူလှည့်ရဲ့ သံချေးတွေကြောင့် မေးခိုင်ပိုးလဲ ဝင်တယ် ထင်ပါရဲ့ နောက်နေ့မှာပဲ ဆုံးသွားခဲ့တယ်။

မသေခင် သူမှာသွားတာက သူပြောတဲ့အတိုင်း မီးမှောင်နေတဲ့ ချွန်တဲ့အရာတစ်ခုနဲ့ ထိုးမိပြီး မတော်တဆ သေတယ်လို့ ပြောပါ။

အပြစ်မှန်ကို ပြောလို့ ဟိုကောင်မလေးကို ဖမ်းမိရင် သူ့ကို မတရားကျင့်ဖို့ ကြံစည်ပါတယ်လို့ ထွက်မှာပဲ၊ ဒါကြောင့် ငါ့သားလေးတွေ မျက်နှာထောက်ပါ၊ ငါ့သိက္ခာကို ကာကွယ်ပေးပါဆိုပြီး အတန်တန်မှာခဲ့လို့ ဒေါ်ဒေါ်တို့လဲ အမှုမဖွင့်ခဲ့ပါဘူး။ သရေကြော်ငြာတောင် သတင်းစာထဲ မထည့်ဖြစ်တော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကိုစိုးနိုင် အသတ်ခံရပြီးတဲ့ နောက်ဆက်တွဲ ဒုက္ခတွေကတော့ ပထမဆုံး ဒေါ်ဒေါ်ပေါ့လေ”

မြင့်မိုရ်တောင်ကြီး ပြိုသလို ခံစားလိုက်ရပြီး ကိုယ့်မျက်စိ ကိုယ် မယုံပြီး ဒေါ်ဒေါ် အားရပါးရ ငိုမိတယ်လေ ဆရာဝန်ချိန်းတဲ့ ရက်လဲ အသုဘကိစ္စနဲ့မို့ မသွားနိုင်ခဲ့ဘူး။ နောက် သိပ်ကိုက်လို့ သွားပြတော့ ဘာမှ လုပ်လို့မရတော့ဘူး မျက်လုံးကို ဖောက်ထုတ်ပစ်လိုက်ရပြီး ကျောက်မျက်လုံး ထည့်ထားရတာ ခုတော့ စုံလုံးကန်းပေါ့။

“စင်ကာပူ သွားခါနီးဆဲဆဲ သားလေးလဲ မသွားရတော့ စိတ်ဓာတ်ကျပြီး ဘာမှ မလုပ်ချင် မကိုင်ချင်နဲ့ သုံးမရတဲ့အဖြစ်ပါ”

ဖူးဖူးမှတ်ထားခဲ့ရတဲ့ သမီးလေးလဲ ခုတော့ ကျောင်းမနေနိုင်တော့ပဲ သူများဆီမှာ စက်ချုပ်နေရရှာတယ်။

သားကြီး မောင်မောင်လဲ ပိုက်ဆံရှာရတာ သိပ်ပင်ပမ်းရှာတယ်။

ကျေးဇူးရှင် ခင်ပွန်းကိုစိုးနိုင် အသက်လေးဆယ့်ရှစ်နှစ် အရွယ် အရွယ်ကောင်းမှာ ဆုံးသွားတော့–

ဒေါ်ဒေါ်တို့ မိသားစု လေးယောက် မြင်တဲ့အတိုင်း ဒုက္ခတွေ ရောက်လိုက်ကြတာ ဘဝတွေ ဆုံးလိုက်ရတာ အဲဒီ... အဲဒီမိန်းကလေးကြောင့် အဲဒီမိန်းကလေး ရက်ရက်စက်စက် လုပ်သွားလို့ပါကွယ်။

❋



ကျွန်မသည် ငုတ်တုတ်ထိုင်နေရာက အသက်ဝိဉာဏ်မဲ့ သွားသူတစ်ယောက်လို တောင့်တောင့်ကြောင်ကြောင်ကြီး မျက်လုံးအပြူးသားနှင့် ရှိနေဆဲမှာ...

“ဟော သားကြီး ပြန်လာပြီ၊ အမေ မင်းအဖေအကြောင်း အစုံပြောပြနေတာ သားအခန်းထဲက အမေ သိမ်းထားတဲ့ လူသတ်မရဲ့ အိပ်သွားယူပေးစမ်းပါ”

“အမေကလဲဗျာ”

“သွားယူပေးစမ်းပါကွာ။ အမေတိုင်တည်စရာ အားကိုးစရာ ဆရာမလေး လာတုန်း ပြစမ်းပါရစေ”

မောင်မောင် အခန်းကျဉ်းလေးထဲ ဝင်ပြီး ခဏအကြာမှာ ဖုန်များတက်နေသော ကျွန်မ၏ စလင်းဘက်ခ် အညိုရောင်ကြီးကို ထုတ်ယူလာသည်။

“ဒေါ်ဒေါ် မျက်စိကွယ်ရတာ”

“မောင်မောင် အလုပ်ကြမ်းလုပ်ရတာ”

“ရဲရင့်နိုင် ဘဝပျက်ရတာ”

“သမီးလေး ထွေးထွေး သူတစ်ပါးဆီမှာ အလုပ်ဆင်းနေရတာ”

“အားလုံး... အားလုံး သူ့အဖေကို သတ်သွားတဲ့ လူသတ်မကြောင့် ဆရာမရဲ့”

“ရော့ မမ အဲဒီကောင်မ ကျန်ခဲ့တဲ့ အိတ် ကျွန်တော် မသေခင် အဲဒီမိန်းမကို တွေ့ချင်တယ်၊ တွေ့ပါရစေလို့လဲ ဆုတောင်းထားတယ်၊ အဲဒီမိန်းမကို ကျွန်တော့်လက်နဲ့ ပြန်သတ်ပစ်

www.burmeseclassic.com

www.burmeseclassic.com



ချင်လောက်အောင် မုန်းတည်းနာကျည်းလိုက်တာဗျာ”

ကျွန်မသည် မောင်မောင် လှမ်းပေးသော အိတ်ကြီးကို တုန်တုန်ဆတ်ဆတ်တုန်နေသော လက်နှစ်ဘက်နှင့် လှမ်းယူရင်း မောင်မောင်၏ စကားများကို ကြားနာပြီးချိန်မှာ…

ဘယ်လိုပင် တင်းထားသော်လည်း မရတော့ပါ။

ခေါင်းထဲမှာ ခြာခြာလည်ကာ မျက်စိတွေ ပြာပြီး ကျွန်မ ခွေလျက် လဲကျသွားချိန်မှာ–

“မမ…မမ”

“ဟာ… မမ ဘာဖြစ်သွားတာလဲ”

မောင်မောင်၏ အလန့်တကြား အော်သံအဆုံးမှာ ကျွန်မ လေးတကြီး၏ အပြင်ဘက်သို့ ရောက်ရှိသွားသလို…

ဘာကိုမှ မမြင်

ဘာကိုမှ မကြား

ဘာကိုမှ မသိတော့ပါ။

✿ ✿ ✿

## “စာရေးဆရာမတစ်ယောက်၏ နောက်ဆုံးစာမျက်နှာ”

အပ်ဖျားလေးတစ်ထောက်စာလောက်ပင် အလင်းရောင် မရှိပါ။

အမှောင်သည် သိပ်သည်း နက်ရှိုင်းစွာ ဝန်းကျင်အားလုံးကို ပိတ်ဆို့ဖုံးအုပ်နေသည်။

ဤအမှောင်ကမ္ဘာကြီး၏ အလယ်မှာ ကျွန်မတစ်ယောက်တည်း တွယ်ရာမဲ့စွာ လွင့်မြောနေသလို ခံစားရသည်။

နှလုံးသားသည် ရင်ကို ဖောက်ထွက်တော့မလို အရှိန်ပြင်းလွန်းစွာ ခုန်နေပြီး…

အလွန်ခက်ခဲစွာ အသက်ရှူနေရသည်၊ မွန်းကြပ်ခြင်းဝေဒနာကို ပြင်းထန်ခါးသီးစွာ ခံစားနေရပါလျက်…

အမှောင်ထဲမှာ အရာဝတ္ထုတစ်ခုကို ကျွန်မ ခက်ခဲပင်ပန်းစွာ ရှာဖွေစမ်းကြည့်နေမိသည်။

တွေ့ပါပြီ…

ဤစာရွက်ထပ်ကြီးကို စမ်းသပ် တွေ့ရှိလိုက်သည်နှင့်–

ကျွန်မ သက်ပြင်းမောကြီးကို ချလိုက်နိုင်ပါပြီ…

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ပဲခူးမှာ မူးလဲပြီး မောင်မောင် ကိုယ်တိုင် ပွေ့ယူ၍ ကိုစိုးကားနှင့် ပြန်လာကာ ဆေးခန်းသို့ ရောက်ပြီး နောက်မှာ –

ကျွန်မ အားလုံးနှင့် အဆက်ဖြတ်ပစ်လိုက်ပါသည်။

အဆောင်ကို ပြန်အပ်ကာ အဝတ်အစားလောက်သာ ယူပြီး တည်းခိုသူ မရှိသလောက် နည်းသော သာမန်ဟိုတယ်လေး တစ်ခု၏ အခန်းတစ်ခန်းကို ကျွန်မငှားနေလိုက်ပါသည်။ သူတို့နှစ်ဦးထံမှ သိထားခဲ့ရသော ခံစားချက်များနှင့်အတူ ဤမှာတမ်းနှင့် ဤစာတန်းရှည်ကြီးကို အပြီးသတ် ရေးနိုင်ရန် အတွက်ပါ။

ကျွန်မ၏ နောက်ဆုံးအချိန်ကာလများကို ချစ်သူနှစ်ဦး၏ ရှေ့မှာ ကုန်ဆုံးချင်သည့် အတွက် ကျွန်မ ဖြစ်ချင်သော ဆန္ဒများကို ရေးသားသွားပါမည်။ ဤအတိုင်း ဖြစ်ပါရစေဟူ၍လည်း ကျွန်မ ဆုတောင်းထားပါသည်။

ဖြစ်လည်း ဖြစ်ပါလိမ့်မည်။

❖



အက်ကွဲနေသော နှလုံးမှ ယိုစီးကျလာသော သွေးများဖြင့် – ဤမှာတမ်းနှင့် ဤစာတမ်းရှည်ကို ကျွန်မ ရေးသားခဲ့ခြင်း ဖြစ်သည်။

ကျွန်မ၏ ချစ်သူနှစ်ဦး ဖတ်ရှုရန်အတွက်ပါ။

သူတို့၏ ခံစားချက်များနှင့် ကျွန်မ၏ ရင်တွင်းဆန္ဒများကို ပေါင်းဖွဲ့၍ ရေးသားတင်ပြအပ်ပါသည်။

ကျွန်မ၏ တစ်ဘဝတာအတွင်းမှာ တစ်ကြိမ်တည်းသာ ချစ်မိပြီး တစ်ယောက်တည်းကိုသာ မြတ်နိုးအားကိုးခဲ့ပါကြောင်း ကျွန်မ သစ္စာဆိုရဲပါသည်။

ယခုအချိန်မှာ ကျွန်မ ချစ်လှစွာသော ထိုယောကျာ်းမြတ်သည် ကျွန်မနှင့် အနီးဆုံးနေရာမှသည် အဝေးဆုံးနေရာသို့ လွင့်စင်ရောက်ရှိသွားခဲ့ပါပြီ။

ဤမျှ တင်းမာလှသော မိန်းမသည်လည်း ဘယ်သော အခါမှ နေရာဖယ်ပေးမှာ မဟုတ်ပါ။

သည့်အတွက် ဆရာ့ဘဝအတွင်းသို့ ကျွန်မ ဝင်ရောက်စရာ နေရာ မရှိပါ။

မြန်မာပြည်မှာ မြန်မာလို မနေမိသော ကျွန်မဘဝကိုလည်း နာကျည်းမိပါသည်။ မိဘမရှိလျှင်လည်း ဆွေမျိုးညီကို မောင်နှမ သို့မဟုတ် မိတ်ဆွေအပေါင်းအသင်းများနှင့် စုစုစည်းစည်း နေသင့်ပါလျက် နိုင်ငံခြားမှာလို တစ်ယောက်တည်း နေထိုင်မိသည့် အတွက် မဖြစ်သင့်သော အမှားများကို ကျူးလွန်ခဲ့ရခြင်းကြောင့် ကျွန်မ နောင်တရခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက်

ကျွန်မဘဝ၏ အလင်းရောင်သည် လုံးဝ ကွယ်ပျောက်သွားပြီဖြစ်၍ ကျွန်မ ဘဝမှောင်အတိကျခဲ့ပါပြီ။

ဤအမှောင်တိုက်ကြီးအတွင်းမှ ရုန်းထွက်နိုင်သော အင်အားလည်း မရှိတော့ပါ၍

ကျွန်မ မှာတမ်းနှစ်စောင် ရေးထားပါသည်။

ပထမမှာတမ်းမှာ—

ကျွန်မ ရေးသားထုတ်ဝေပြီးသော ဝတ္ထုတိုများ လုံးချင်းဝတ္ထုများနှင့် ရေးသားပြီး မထုတ်ဝေရသေးသော ဝတ္ထုများအားလုံးကို **"စာမူ မူပိုင်ခွင့်"** အဖြစ် **"ဆရာကိုထွန်းသစ်"**အား လွှဲအပ်ခဲ့ပါသည်။ ရရှိလာမည့် အကျိုးအမြတ်အားလုံးသည် ဆရာကိုထွန်းသစ် တစ်ဦးတည်းသာ ပိုင်ဆိုင်စေရပါမည်။

ဆရာချစ်မြတ်နိုးခဲ့ဖူးသော မိန်းမသားတစ်ယောက်၏ နောက်ဆုံးဆန္ဒကိုလက်ခံပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

ကျွန်မ၏ အနုပညာဖြင့် ဆရာ့အား... ကန့်ကွက်တော့ခဲ့ပါသည်။



**ဒုတိယမှာတမ်းမှာ –**

ကျွန်မဘဝကိုက ဖြူစင်စွာ ချစ်ခင်ခဲ့ရမှုသော **မောင်လေးမောင်မောင်** သည်။

ဤစာတမ်းရှည်ကြီးကို ဖတ်ရှုပြီးချိန်မှာ သူလေးစားအထင်ကြီးစွာ ချစ်မြတ်နိုးခဲ့ပါသော စာရေးဆရာမတစ်ယောက်အနေနဲ့ပဲ ဖြစ်ဖြစ်

သူ့လက်နှင့် သတ်ပစ်ချင်လောက်အောင်

နာကျည်းမုန်းတီးစွာ ရွံရှာစက်ဆုပ်လှပါသော **"လူ**သတ်မ"တစ်ယောက်အနေနဲ့ပဲ ဖြစ်ဖြစ်

မောင်မောင် ကြိုက်သလို သတ်မှတ်ဆုံးဖြတ်ပါ။

သို့ပါသော်လည်း

ကျွန်မပိုင်ဆိုင်သမျှ လက်ဝတ်ရတနာအားလုံးနှင့် **ကျန်ရှိ**မည့် ငွေကြေးအားလုံးအပြင် အိမ်ခန်းတစ်ခန်း၏ **စာချုပ်တို့**ပါ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

မောင်မောင်တို့ မိသားစုနှင့် ထပ်တူထပ်မျှ **ခံစားခွင့်**ရပါကြောင်း တင်ပြရင်း ကျွန်မ ပေးအပ်နိုင်သမျှ **ပေးအပ်ခဲ့သည်**တို့ လက်ခံကြပါရန် ရိုကျိုးဝပ်တွားစွာ **တောင်းပန်ခဲ့ပါသည်**။

www.burmeseclassic.com

www.burmeseclassic.com



ဖနီးက ကွာရှင်းခွင့် မပေး၍ ဆရာကိုယ်တိုင် ကျွန်မကို လာမတွေ့ရက်ရုံမက ကျွန်မကလည်း ပုန်းလျှိုးနေ၍ မတွေ့ရတာ ကြာပြီဖြစ်သော ဆရာသည် ယခုမှ ကျွန်မနှင့် တွေ့ခွင့်ရပြီး အလွန် စိုးရိမ်သော အကြည့်၊ အလွန်ယူကြုံးမရသော မျက်နှာဖြင့် ကျွန်မကို ကြည့်ကာ…

"ဒီဆေးတွေကို ဘာလို့ ပုံမှန် မသောက်တာလဲဟင်… ဆေးတွေအားလုံး ဒီအတိုင်းပါပဲလား မသင်းရယ်"

"ရောဂါ… ရောဂါ မပျောက်ချင်တော့လို့ပါ ဆရာ"

ခုတင်ဘေးမှ ရပ်နေသော ဆရာ၏ လက်ကို ကျွန်မ လှမ်းဆွဲ၍ ရှိသမျှ အင်အားလေးနှင့် ဆုပ်ထားလိုက်ပြီးမှ သည်ဘက်သို့ လှည့်ကာ–

"မောင်မောင် ဘာလို့ ငိုနေရတာလဲကွယ်၊ မမရဲ့ စာတမ်းရှည်ကို ဖတ်ပြီးရင် အဲဒီမျက်ရည်တွေ **တိတ်သွားမှာပါ**"

"မမရယ်"

"ပဲခူးက ပြန်လာပြီး ဒီစာတွေကို မနည်း အားခဲပြီး ရေးရတာပါ။ အဲဒီနှစ်ယောက်အတွက် အသက်ကို မြှုချပြီး ရေးထားရတာပါ"

ဆုပ်ညှစ်ထားခြင်း ခံလိုက်ရသလို ကျွန်မရင်တွေ တင်းကြပ်လာသည်။

"ဆ…ရာ"



"ချစ်ရယ်"

"ချစ်ကို ပွေ့ထားပါ ချစ်မျက်စိတွေ ပြာလာပြီ"

"အို… ဆရာမ… ဆရာမ"

ကျွန်မ ငှားထားသော သူနာပြုဆရာမကို ဆရာက လှမ်းခေါ်နေ၍…

"နေ…နေ မခေါ်နဲ့ မခေါ်လိုက်ပါနဲ့ ကျွန်မကိုယ်တိုင် ဖန်တီးထားခဲ့တာမို့ ကျွန်မ ကျေကျေနပ်နပ်ကြီး…"

"အို"

"ကျွန်မလေ ဘယ်သူ့ကိုမှ နာကျင်အောင် နစ်နာအောင် မလုပ်ခဲ့ဖူးပါဘူး။ ဒါပေမယ့်… ဒါပေမယ့်လေ…"

"ကို နားလည်ပြီးသားပါကွယ်"

"အိမ်တောင်စုနှစ်စု ကျွန်မအတွက် ကျွန်မကြောင့် သိပ်ပြီး နစ်နာခဲ့ကြရတယ်၊ ဒါကြောင့် ကျွန်မဟာ ဒီလောကမှာ ဆက်မနေသင့်တော့တဲ့ မိန်းမပါ ဆရာ"

"ဒီလိုလဲ မဟုတ်ပါဘူးကွယ်"

ကျွန်မ၏ နဖူးပြင်ပေါ်သို့ ဆရာ့ မျက်ဝန်းမှ မျက်ရည်နွေးလေး တစ်စက် ကြွေကျလာသည်။

မောင်မောင်၏ ရှိုက်သံကိုလည်း ကြားရ၏။

"ကျွန်မက သိပ်ချစ်ရသော ဆရာကိုထွန်းသစ်နှင့် ကျွန်မကို သိပ်ချစ်ရှာသော မောင်လေး မောင်မောင်တို့

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းနှစ်စုံ၏ အကြည့်အောက်မှာ…

ကျွန်မ၏ မျက်ဝန်း ထာဝရ ပိတ်သွားရမည့် အဖြစ်ကို ကျွန်မ ခံကျုနပ်နေပါသည်။

"ဆ…ရာ"

"ချစ်ရယ်…ကို ရှိတယ် ကိုပွေ့ထားတယ်လေ။ ဆေးရုံ သွားကြရအောင်နော်"

ကျွန်မ ခေါင်းယမ်းပြလိုက်ပြီး

"ကျွန်မတို့နှစ်ယောက်ရဲ့ အဖြစ်က…

စကားမပြောပါနဲ့ကွယ် ချစ် သိပ်မောနေပြီကိုယ် မကြား ရက်တော့ဘူး"

"ဆရာ"

"ဟင်"

"ကျွန်မ…ကျွန်မ ဘာမှ မမြင်ရတော့ဘူး"

ဘာမှ မမြင်နိုင်တော့သော ကျွန်မ၏ မျက်ဝန်းအစုံမှ မျက်ရည်များ သွယ်ကျလာသည်။

ဆရာ၏ ပွေ့ပိုက်မှုက ပို၍ တင်းကြပ်လာ၏။

ကျွန်မ၏ နှလုံးသားသည် နောက်ဆုံး ဝေဒနာကို နာကျင် ပြင်းထန်စွာ ခံစားရင်းက အားတင်းပြီး–

"ဆ…ရာ"

"မောင်…မောင်"

"မှာခဲ့…မှာခဲ့တဲ့အတိုင်း…လက်…ခံကြပါ…နော်…"



"ဆရာ ကျွန်မ ကျွန်မလေ… ဆရာ့ကို…

**"သိပ်ချစ်တာပဲ"**

ဆိုသော စကားလုံးလေးများသည် ကျွန်မ၏ နှုတ်မှ ထွက်မလာနိုင်တော့ပါ…

ငြိမ်သက်သွားသော ကျွန်မ၏ နှလုံးသားပေါ်မှာ "ကမ္ဘည်း" လေး အဖြစ်နှင့်သာ တင်ရှိကျန်ရစ်လျက်ပါ။

ဟူသော အသိသည် ကျွန်မ၏ တမလွန်ဘဝသို့ တိုင်အောင်…

❀ ❀ ❀

ပြီးပါပြီ

❀ ❀ ❀

ကလျာ (ဝိဇ္ဇာ–သိပ္ပံ)

(၁၉၉၉ ခု၊ မေလ ၃၁ ရက်)

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက် | ● ၆၇၇/၉၉ (၇) |
| မျက်နှာဖုံးခွင့်ပြုချက် | ● ၅၁၅/၉၉ (၈) |
| မျက်နှာဖုံးပန်းချီ | ● ဦးစိန်ကြီး |
| ဝတ္ထုသရုပ်ဖော်ပန်းချီ | ● ပန်းချီမောင်ကျော်ညွန့်အဖွဲ့ |
| အုပ်ရေ | ● ၅၀၀ |
| တန်ဖိုး | ● ၂၀၀ ကျပ် |
| ကွန်ပျူတာစာစီ | ● ZAW |
| မျက်နှာဖုံးကာလာခွဲ | ● Sunn Scangraphics |
| ထုတ်ဝေသူ | ● ဦးတင်အုန်း<br>မိုးမင်းစာပေ<br>အမှတ် ၉၃/ရိပ်သာလမ်း<br>လေးထောင့်ကန်၊<br>သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | ● ဒေါ်ခင်ခင်ဝင်း<br>ကလျာပုံနှိပ်တိုက် (၀၂၆၇၀)<br>၁၅၂/ ကျွန်းရွှေမြိုင်လမ်း၊<br>သုဝဏ္ဏ၊ ရန်ကုန်မြို့။ |


www.burmeseclassic.com